www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၂၅၇၀၈၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၄၂၀၈၀၈

ပုံနှိပ်ခြင်း — တတိယအကြိမ်

ထုတ်ဝေသူ

ဦးစန်းမွန်အောင်

(ငါတို့စာပေ)

75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

အဖုံးနှင့်အတွင်း ပုံနှိပ်သူ

ဒေါ်မေသက်နိုင်(ပြည့်စုံပုံနှိပ်တိုက်)

အုပ်ရေ

၅၀၀

တန်ဖိုး — ၁၅၀၀ ကျပ်

## အခန်း(၁)

နေမင်းမောင်ဖြစ်နေပုံကိုကြည့်၍ ကျော်နန္ဒရယ်ချင်သွားမိ၏။ စိတ်ပျက်သလိုလည်း ဖြစ်သွားသည်။ ပြမိတာတော့ များပြီထင်တယ်ဟူ၍လည်း တွေးလိုက်မိ၏။

နေမင်းမောင်သည် ရုပ်မြင်သံကြားစက်၏ ဖန်သားပြင်ကိုစူးစိုက်ကြည့်နေသည်။ တစ်ချက် တစ်ချက် မျက်လုံးက ပြူးကျယ်လာသည်။ တစ်ခါတစ်ခါ မေးစင်းလျက်ကြည့်သည်။ ပြီးတော့ အားမလိုအားမရဖြစ်ဟန်နှင့် ကိုယ်ကြီးက ရှေ့ကိုငိုက်ငိုက်သွား၏။

ဗီဒီယိုခွေတစ်ခွေကို ကြည့်နေကြခြင်းဖြစ်၏။ မိန်းကလေးတစ်ယောက် အဝတ်အစားအမျိုးမျိုးဖြင့် ကိုယ်ဟန်အနေအထား ပြနေပုံကို ရိုက်ကူးထားခြင်းဖြစ်သည်။

အရုပ်က တော်တော်မြင့်သည်။ မိန်းကလေးထဲမှာ ရှားရှားပါးပါးဖြစ်သော အရိပ်အမောင်းမျိုး။ ငါးပေခြောက်လက်မ

www.burmeseclassic.com

www.burmeseclassic.com



ထက်ကျော်လိမ့်မည်။ အရပ်မြင့်ပြီး ကသန်ကလားဖြစ်နေတာမျိုးမဟုတ်။ အရပ်အမောင်းနှင့် လိုက်ဖက်သော ကိုယ်လုံးကိုယ်ပေါက်ရှိသည်။ ပိုးသားဆန်သော ထဘီကို ဝတ်ထားသဖြင့် ကိုယ်လုံးအလှက ပိုပြီး ပေါ်လွင်သည်။

အသားအရောက ညိုညက်ညက်ဟု ထင်ရသည်။ မီးဒီယို ထဲမှာမို့ အရောင်ကတော့ မှန်မှာမဟုတ်။ အပြင်မှာဆိုလျှင် စိမ်းဖန့်ဖန့်ကလေးဖြစ်နိုင်သည်ဟု ခန့်မှန်းရ၏။ ဒီလိုအသားအရောင်မျိုးကလည်း ရှားတာပဲဟု နေမင်းမောင် တွေးနေသည်။

ဗီဒီယိုထဲက မိန်းကလေးသည် တကယ့်ဝါရင့်လှယဉ်ကျေးမယ်များ၊ ကာယအလှမယ်များလိုပင် ကျွမ်းကျင်စွာ လှုပ်ရှားပြနေသည်။ သူ့မျက်နှာမှာ ထင်းထင်းကြီးလှနေတာမျိုးမဟုတ်၊ တစ်စုံတစ်ခုကို လျှို့ဝှက်ထားပုံရသည့် နက်ရှိုင်းသောအလှမျိုး။ ဒါမျိုးက ဆွဲဆောင်မှုအလွန်ရှိသည်။ သူ့အပြုံးမှာ တစ်ဖက်သားကို ထေ့သလိုလို လှောင်သလိုလို အနေရခက်စေသည်။ တစ်ချက်တစ်ချက် ဗီဒီယိုကင်မရာဘက် တည့်တည့်စိုက်ကြည့်လိုက်သောအခါ တကယ်အပြင်မှာ စူးစိုက်အကြည့်ခံရသလိုပင် နေမင်းမောင်ရင့်ထဲမှာ အေးခနဲ၊ စိမ့်ခနဲဖြစ်သွားရ၏။

'ဒီဗီဒီယိုတိပ်ခွေက ငါတို့ကျောင်းမှာ ကာယအလှမယ်ရွေးပွဲလုပ်ထားတုန်းက ရိုက်ထားတာပဲကွ'

ကျော်နန္ဒက ပြောသည်။ နေမင်းမောင်က ဖန်သားပြင်မှ အကြည့်မလွှဲဘဲ…

'သူ့နာမည်က ဘယ်သူတဲ့လဲ' ဟု မေးလိုက်သည်။

'ခင်ရင်တင်…တဲ့ကွ'



'ခင်ရင်တင်၊ ဟာ… နာမည်နဲ့ လူနဲ့ တကယ်လိုက်ဖက်တာပဲကွ၊ နာမည်ကြားလိုက်တာနဲ့ ရင်တောင် ခုန်ချင်လာတယ်'

ကျော်နန္ဒက 'ကျွတ်' ဆို စုတ်သပ်ပြီး ခေါင်းခါသည်။ နေမင်းမောင်က သတိမပြုမိဘဲ ထပ်မေးသည်။

'ဒါနဲ့ အဲဒီပြိုင်ပွဲတုန်းက သူပဲ ပထမဆုရတယ် မဟုတ်လား'

'အင်း… ဟုတ်တယ်' ကျော်နန္ဒ မဖြေချင်ဖြေချင် ဖြေ၏။ နေမင်းမောင် အားတက်သရော ဆက်ပြောသည်။

'ဒီအတိုင်းပဲ ဖြစ်ရမယ်လေ၊ ငါတောင် ဗီဒီယိုအခွေထဲ ကြည့်ရရုံနဲ့ ရင်ဖိုချင်သေးတာ၊ အဲဒီပြိုင်ပွဲတုန်းက ရှေ့ဆုံးတန်းက ထိုင်ကြည့်ရတဲ့ အကဲဖြတ်ဒိုင်လူကြီးတွေဆိုရင် စိတ်ထဲ ကျိတ်ပြီး…'

နေမင်းမောင်က စကားမဆက်ဘဲ နှုတ်ခမ်းကိုကိုက်၍ ကြိတ်မနိုင်ခဲမရဟန်ပန် လုပ်နေသည်။

'ဘာဖြစ်သလဲ' ဟု ကျော်နန္ဒ စကားထောက်ပေးမှ…

'ဩော်… ငါတို့ဒမီးလေးသာ ဖြစ်လိုက်ပါတော့လို့ မချင့်မရဲ ဖြစ်ကြမှာပဲလို့ ပြောမလို့ပါ၊ ဘာပဲဖြစ်ဖြစ် မင်းကို ငါ သိပ်ကျေးဇူးတင်တယ်ကွာ'

'ဘာဖြစ်လို့လဲ'

'ငါ့ကို ဒီဗီဒီယိုခွေ ပြလို့လေကွာ၊ ငါတော့ သိပ်စိတ်ဝင်စားသွားပြီ'

'ဟာ… မဟုတ်သေးဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ကျော်နန္ဒက အဝေးထိန်းကိရိယာဖြင့် ဗီဒီယိုစက်ကို ပိတ်လိုက်သည်။

'ဟာ… ဘယ်လိုဖြစ်တာလဲ'

'ဒီမှာဟောကောင်… မင်းကို ဒီအခွေပြရတဲ့အကြောင်းက သူ့ကို မင်း စိတ်ဝင်စားစေချင်လို့ မဟုတ်ဘူး'

နေမင်းမောင် တစ်ချက်တွေသွားသည်။ ပြီးမှ…

'ဘာလဲ… ဒါ မင်းကောင်မလေးလား၊ ဒါဆိုရင်တော့…'

'မဟုတ်သေးဘူးလေကွာ၊ ငါနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး၊ မင်းကို ဒီအခွေပြရတဲ့အကြောင်းရင်းက သူ့ကို ဝေးဝေးရှောင်နိုင်ဖို့ ကြိုတင်သတိပေးချင်လို့'

'မင်းစကားက ဘယ်လိုလဲကွ'

'ငါ ရှင်းပြမယ်၊ မင်းက အခုမှ နယ်ကပြောင်းလာတာဆိုတော့ အချဉ်မိမှာ စိုးလို့'

'ဘာအချဉ်မိမှာလဲ၊ ဒီမှာ… ငါ ရန်ကုန်သားပါကွ၊ အဖေက အလုပ်ပြောင်းလို့ နယ်မှာ နှစ်နှစ်၊ သုံးနှစ်လောက်သွားနေခဲ့ရတာပါ၊ ဆယ်တန်းမအောင်ခင်ကတည်းက တက္ကသိုလ်ကျောင်းထဲ သွားလည်ခဲ့ဖူးပါတယ်ကွ'

'ဒီ နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ အပြောင်းအလဲတွေက အများကြီးနော်၊ ဟိုတစ်နေ့ကတောင် မင်း ဘတ်စ်ကားစီးတာ ကားခတစ်ကျပ်တည်းထုတ်ပေးမိလို့ စပယ်ယာက ဟောက်လိုက်သေးတယ် မဟုတ်လား'

'ဒါတွေက အသေးအဖွဲပါကွာ၊ တိုက်ကြီးတာကြီးတွေ



များလာတယ်၊ လမ်းတွေ ကျယ်လာတယ်၊ ကားတွေ ရှုပ်လာတယ်၊ မြို့က ပိုပြီး သပ်ရပ်သန့်ရှင်းလာတယ်'

'ကဲ… ငါ အခုဝတ်စားထားပုံကို ကြည့်၊ တောပုံပေါက်နေလို့လား'

နေမင်းမောင်က သူဝတ်ထားသည့် တီရှပ်နှင့် ဂျင်းဘောင်းဘီတို့ကို ငုံ့ကြည့်ရင်း ပြန်မေးသည်။

'ဒါကိုပြောတာ မဟုတ်ဘူး'

'ဒါဖြင့် ခုနမင်းသတိပေးချင်တယ်ဆိုတာ ဘာလဲပြော'

ကျော်နန္ဒက ခေါင်းဆတ်လိုက်ပြီးမှ မပြောသေးဘဲ အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်၊ တစ်လိပ်ယူမီးညှိမည်အပြု…

'အရေးထဲမှာကွာ'

ဆိုပြီး နေမင်းမောင်က စီးကရက်ကို ပါးစပ်မှဆွဲဖြုတ်လိုက်၏။ ကျော်နန္ဒက အနည်းငယ်ပြုံးလိုက်ပြီး…

'ဒီလိုကွာ၊ ခင်ရင်တင်က လှတယ်၊ ဆွဲဆောင်မှုရှိတယ်ဆိုတာ ဗီဒီယိုအခွေထဲမှာ မင်းမြင်ပြီးပြီနော်'

ဟု ကျော်နန္ဒက ဆက်ပြောသဖြင့် နေမင်းမောင် မျက်ခုံးပင့်လိုက်သည်။

'သူနဲ့ တစ်ခါလောက် စကားပြောမိရင် နောက်ထပ် မပြောဘဲ မနေနိုင်ဘူး'

'အေး… ဒါ ဖြစ်နိုင်တယ်၊ သူနဲ့ တစ်ခါမှ စကားမပြောဖူးသေးတဲ့ငါတောင် စကားပြောကြည့်ဖူးချင်နေတဲ့ဆန္ဒ ဖြစ်လာသေးတာပဲ'

'ဟာ… မဖြစ်ဘူးကွ၊ သူက သိပ်ကြောက်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်၊ ယောက်ျားလေးတွေကို ကစားစရာလို သဘောထားတတ်တယ်'

ကျော်နန္ဒပုံစံက ဖယောင်းတိုင်မီးကို လှမ်းကိုင်ခါနီး ကလေးငယ်တစ်ယောက်ကို အလန့်တကြားသတိပေးလိုက်ပုံမျိုး ဖြစ်နေ၏။ နေမင်းမောင် ဂရုမထားဘဲ…

'ကစားစရာအရုပ်ကလေးနဲ့တူတဲ့ လူတွေကိုတော့ ကစားလို့ ရချင်ရမှာပေါ့ကွာ၊ ငါက အရုပ်ကလေးတစ်ရုပ် မဟုတ်ဘူး၊ နေမင်းမောင်ကွ နေမင်းမောင်'

ရင်ကို ကော့၍ လက်မနှင့် ကိုယ့်ကိုယ်ကိုယ် ညွှန်ရင်း ပြောသည်။

'ကိုယ့်ကိုယ်ကိုလည်း သိပ်အထင်မကြီးနဲ့နော်၊ မင်းလို အပြောကြီးဟဲ့ကောင်မျိုးတွေပဲ သူ့ရှေ့မှာ သွားရည်တများများနဲ့ နွားကြီးတွေလို သွားဖြီးနေကြတာ'

'ဟုတ်ပြီ… ဟေ့ကောင် မှန်မှန်ပြော၊ သူနဲ့ပတ်သက်ပြီး မင်းလည်း ခံခဲ့ရဖူးတယ် မဟုတ်လား'

ကျော်နန္ဒ တွန့်ဆုနဲ့ဖြစ်သွား၏။

အတန်ကြာမှ ရှက်ပြုံးဖြင့်…

'အေး… ဟုတ်တယ်ကွ'

'ဘယ်လိုဖြစ်တာလဲ ပြောပြစမ်းပါ'

'အလကားပါကွာ'

'မဟုတ်သေးဘူးလေကွာ၊ မင်းဖြစ်ပုံပြောပြမှ ငါ့အနေနဲ့ သူ့ကို ဘာကြောင့် ရှောင်သင့်တယ်ဆိုတာ သိရမှာပေါ့'

ကျော်နန္ဒက ခဏဆိုင်းနေပြီးမှ…



'အေးကွာ… ငါပြောပြမယ်' ဟု စကားစပြီး…

'ငါခံလိုက်ရတယ်ဆိုတာက သူ့ကို စိတ်ဝင်စားလို့တော့ မဟုတ်ဘူး၊ ဓာတ်ပုံကိစ္စနဲ့ ဖြစ်တာ၊ ငါက ဓာတ်ပုံရိုက်တာ ဝါသနာပါတယ် မဟုတ်လား၊ တစ်ခါတော့ ဓာတ်ပုံပြိုင်ပွဲတစ်ခု ဝင်ချင်တာနဲ့ ခင်ရင်တင်ကို ဓာတ်ပုံရိုက်ပါရစေလို့ ကမ်းလှမ်းလိုက်တယ်'

နေမင်းမောင်က ပြုံးလိုက်၏။

'ဘာပြုံးတာလဲ မင်းက'

'သြော်… ဓာတ်ပုံရိုက်ဖို့ကို တခြားကောင်မလေးတွေကို မသုံးဘဲ ခင်ရင်တင်ကိုမှ ကမ်းလှမ်းတယ်ဆိုတော့ မင်းလည်း နည်းနည်းတော့ ဘက်လိုက်တတ်သားပဲလို့ တွေးမိလို့ပါကွာ'

ကျော်နန္ဒ မျက်စောင်းတစ်ချက်ခဲပြီး…

'မင်းကလည်း ငါပြောတာ နားထောင်စမ်းပါ၊ ဖြတ်မပြောနဲ့၊ အဲ… အဲဒီလို ကမ်းလှမ်းတော့ သူက ကြည်ကြည်သာသာပဲ လက်ခံတယ်ကွ၊ ဒါနဲ့ ပန်းခြံတစ်ခုမှာ ချိန်းလိုက်တာပေါ့ကွာ၊ တကယ်ရိုက်တဲ့အခါကျတော့ သူက ဓာတ်ပုံအရိုက်ခံတဲ့ ဟန်အမူအရာမျိုး မလုပ်တတ်ပါဘူးဆိုပြီး လိုင်စင်ဓာတ်ပုံအရိုက်ခံသလို တောင့်တောင့်ကြီး လုပ်နေပါရောကွာ'

'ဟာ… ဗီဒီယိုခွေထဲမှာ ကိုယ်ဟန်ပြတော့လည်း ဟုတ်လို့ပဲ'

'ခုဟာက သူ တကယ်မလုပ်တတ်လို့မှ မဟုတ်ဘဲ၊ သက်သက် ငါ့ကို ပညာပြတာကိုး'

www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့ ဘာဖြစ်သလဲကွာ'

'သူက ဓာတ်ပုံအရိုက်ခံတဲ့အိုက်တင် မလုပ်တတ်ဘူးတဲ့၊ ငါက နမူနာလုပ်ပြရင်တော့ သူလိုက်လုပ်ပေးပါ့မယ်လို့ ပြောတယ်၊ ငါကလည်း ပြိုင်ပွဲဝင်ဖို့ ဓာတ်ပုံကောင်းကောင်းရဖို့ စိတ်စောနေတော့ ကိုယ်ဟန်ပြတဲ့ပုံစံအမျိုးမျိုး လုပ်ပြမိတယ်ကွာ'

နေမင်းမောင် ရယ်ချင်စိတ်ကို အောင့်အည်းပြီး နားထောင်နေရသည်။

'ပြီးလည်း ပြီးရော သူက တခစ်ခစ်ရယ်ပြီး ရှက်စရာကြီးပဲနော်၊ ဒါမျိုးတော့ ကျွန်မ မလုပ်ပါရစေနဲ့ဆိုပြီး ထွက်သွားရောဟေ့'

နေမင်းမောင်မှာ အစောကြီးကတည်းက ရယ်ချင်နေနှင့်ပြီဖြစ်၍ စကားဆုံးခါနီးမှာပင် ရယ်သံထွက်သွားသည်။

'ဟား…ဟား…မင်း ငပေါကြီးဖြစ်ပြီးကျန်ခဲ့တာပေါ့'

'အေးပေါ့ကွာ၊ ဒါတင်မကသေးဘူး၊ သူ့သူငယ်ချင်းတစ်ယောက်က ငါ ဟန်အမူအရာအမျိုးမျိုးလုပ်ပြနေတဲ့ပုံကို တစ်နေရာကနေချောင်းပြီး ဓာတ်ပုံရိုက်ယူထားတယ်လေ၊ အဲဒီပုံတွေကို တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းအဖုံးမှာ သုံးဖို့အတွက်ဆိုပြီး မဂ္ဂဇင်းကော်မတီဆီ ပို့လိုက်သေးတယ်၊ သက်သက် ငါ့ကို အရှက်ခွဲတာကွ'

နေမင်းမောင်သည် အရယ်သန်သူတစ်ယောက် မဟုတ်သော်လည်း ကျော်နန္ဒအဖြစ်ကို မြင်ယောင်ကြည့်ရင်း အရယ်မရပ်နိုင်ဘဲ ဖြစ်နေ၏။ ကျော်နန္ဒက··



'အေး··· မင်း ဟားထားဦးပေါ့'ဆိုသော ပုံစံဖြင့် ခေါင်းတညိတ်ညိတ်လုပ်ရင်း ကြည့်နေသည်။ အတန်ကြာမှ နေမင်းမောင် စကားပြောနိုင်သည်။

'သြော်··· ဟုတ်ပြီ၊ ဒါကြောင့် မင်းက သူ့ကိုကြည့်လို့မရဘဲ အပြစ်မြင်နေတာကိုး၊ ငါ့ကို သူနဲ့ ဝေးဝေးရှောင်နိုင်းတာ ဒါကြောင့်ကိုး'

'ဒါ တစ်ခုတည်းမဟုတ်ဘူး ဟေ့ကောင်၊ တခြားကိစ္စတွေ ရှိသေးတယ်'

နေမင်းမောင်က ထရပ်လိုက်သည်။ ကျော်နန္ဒ ပခုံးကို ပုတ်၍···

'ဒီမှာ သူငယ်ချင်း၊ မင်းလုပ်ပုံက စုံထောက်ဇာတ်ကားတွေထဲကလို ဖြစ်နေပြီ၊ ဘိန်းဖြူဂိုဏ်းခေါင်းဆောင်အမျိုးသမီးအကြောင်း ဗီဒီယိုတိပ်ခွေတွေ၊ ဆလိုက်တွေထိုးပြီး စုံထောက်လုပ်တဲ့ မင်းသားကိုပြသလိုပဲ၊ ငါကလည်း အဲဒီလိုဇာတ်ကားထဲက မင်းသားလိုပဲ ကျုပ်က အဲဒီအန္တရာယ်များတဲ့လမ်းကိုမှ သွားချင်နေတာနဲ့ အတော်ပဲလို့ ပြောရမှာပေါ့'

ကျော်နန္ဒ ထရပ်ပြီး···

'ဟာ··· ဟေ့ကောင် မင်းကလည်း သတိပေးမိကာမှ ပိုတောင် စိတ်ဝင်စားနေပြန်ပြီ'

'အေး··· ဟုတ်တယ်၊ အစကတည်းက မင်း ဘာမှ မပြောခဲ့ရင် အမှတ်တမဲ့နေချင်နေဖြစ်မှာ၊ ခုတော့ မင်းက စိတ်ဝင်စားဘဲ မနေနိုင်အောင် အစဖော်ပေးသလို ဖြစ်သွားပြီကွာ'

ကျော်နန္ဒ ခေါင်းကုတ်လိုက်သည်။ နေမင်းမောင်က

www.burmeseclassic.com

www.burmeseclassic.com



ဗီဒီယိုစက်ထဲမှ တိပ်ခွေကို ခလုတ်နှိပ်၍ ထုတ်ယူလိုက်၏။

'ငါ့ကို ဒီအခွေပေးလိုက်ကွာ၊ အိမ်ရောက်ရင် ထပ်ကြည့်ချင်သေးတယ်၊ နှစ်ထပ်ရှိတော့ မှတ်မိတာပေါ့ကွာ၊ မဟုတ်ဘူးလား'

တိပ်ခွေကို ကျော်နန္ဒမျက်နှာနား ထောင်ပြပြီး ထွက်သွား၏။ ကျော်နန္ဒမှာ ဟူးခနဲ သက်ပြင်းချပြီး ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ဘယ်နခါပြန်ကြည့်ကြည့် ရိုးသွားသည်ဟူ၍ မရှိ။

အဆိုပါဗီဒီယိုတိပ်ခွေကို အစအဆုံး သုံးခါကြည့်ပြီးပြီ။ ကိုယ်ကြိုက်သည့် အပိုင်းကလေးတွေကို ဖြတ်ဖြတ်ပြီးကြည့်တာ၊ အကောင်းဆုံးဟန်ပန်အနေအထားကို ရပ်သေဖြစ်အောင်လုပ်ပြီးကြည့်တာ သဘောကျသည်။ လှုပ်ရှားမှုလေးတွေကို အနှေးပြကွက်လုပ်ပြီးကြည့်တာတွေကတော့ အရေအတွက်ကို မှတ်တောင် မမှတ်နိုင်တော့။

ထူးဆန်းတာတော့ အမှန်ပဲ။ ရုပ်မြင်သံကြား သတင်းမှာ မယ်ရွေးပွဲတွေ ကြည့်ဖူးသည်။ ဘယ်လိုမျှ ထူးထူးခြားခြား မခံစားခဲ့ရ။ သူ့ကျမှ ဘယ်လိုဖြစ်လေသလဲ မသိ။ ဗီဒီယိုထဲမှာ တစ်ခါကြည့်လိုက်ရရုံနှင့် တန်းခနဲ စွဲသွားခဲ့သည်။

သူ့အကြိုက်ဆုံးပြကွက်ကတော့ ခင်ရင်တင်က ကင်မရာဆီ တည့်တည့်ကြီး ကြည့်လျှောက်လာပုံဖြစ်၏။ မျက်နှာထားတင်းတင်းဖြင့် လျှောက်လာပြီး အနားရောက်မှ ရုတ်တရက် မျက်လုံးကလေးမှေး၊ နှုတ်ခမ်းကလေးစူ၍ ပြုံးယောင်ယောင်လုပ်ပြီး ချာခနဲ လှည့်ထွက်သွားသည်။



ထိုပြကွက်ကို အကြိမ်ပေါင်းများစွာ ထပ်ကာထပ်ကာ ကြည့်မိ၏။ ကြည့်သည့်အခါတိုင်းလည်း ရင်ထဲက ဖိုခနဲ၊ အေးခနဲ ဖြစ်သွားရ၏။ ဒါတောင် ခုဟာက ဗီဒီယိုထဲက ပုံရိပ်သာ ရှိသေးသည်။ အပြင်က တကယ့်လူစစ်စစ်၏ အပြုံးကိုသာ မျက်နှာချင်းဆိုင်လိုက်ရလျှင်…

ကိုယ့်စိတ်ကူးနှင့်ကိုယ်ရှိနေတုန်း ဘေးက ခေါင်းတစ်လုံး ရိပ်ခနဲမြင်သဖြင့် လန့်သွားသည်။ လှည့်ကြည့်ပော့ အဖေကို တွေ့လိုက်ရ၏။ အဖေက မျက်မှန်ကိုပင့်တင်ရင်း ကိုယ့်ကို ရှေ့ငိုက်ပြီး တီဗွီကို စူးစိုက်ကြည့်နေ၏။ ပြီးမှ နေမင်းမောင်သူ့ကို မော့ကြည့်နေမှန်းသိသွားပြီး အနည်းငယ်ရှက်သွားသည်။ မျက်နှာထားပြင်လိုက်ပြီး…

'ဘာအခွေလဲကွ'

'တက္ကသိုလ်ကာယအလှမယ်ရွေးပွဲကို ရိုက်ထားတဲ့ အခွေပါ၊ သူက ပထမဆုရသွားတယ်လေ၊ တော်တော်လှတယ်နော်'

ဟု ပြောပြီး တီဗွီဘက် မျက်နှာပြန်မူလိုက်၏။

'အေးကွ… မဆိုးဘူး၊ တော်တော် အထရက်ရှင် ရှိတယ်'

ထိုစဉ်တွင် အမေ အိမ်ရှေ့ခန်းကို ထွက်လာသည်။

'မောင်'

ဟု လှမ်းခေါ်သည်။ အဖေက မကြားသေးဘဲ နှာခေါင်းရိုးပေါ် လျှောကျသွားသော မျက်မှန်ကို နေသားကျအောင် နေရာပြန်ချပြီး တီဗွီကို စူးစိုက်ကြည့်နေသည်။ အမေကပါ

www.burmeseclassic.com

www.burmeseclassic.com



တီဗွီဆီ လိုက်ကြည့်ပြီး မျက်နှာထားပြောင်းသွားလေ၏။ လေသံ ဆတ်ဆတ်ဖြင့်…

'ကိုစန်းလှိုင်'

အဖေ တုန်ခနဲဖြစ်သွားပြီး လှည့်ကြည့်သည်။ ရှက်ကိုး ရှက်ကန်းဖြင့် သွားဖြဲပြသည်။

'ဘာစိတ်ဝင်စားစရာပါလို့ ဒီလောက်ပြုံးပြုံးကြည့်နေရ တာလဲ'

'ဪ… မင်းငယ်ငယ်တုန်းကနဲ့ တူလို့ပါကွာ'

ဟု မျက်နှာချိုသွေးလိုက်၏။ တကယ်တော့ ဘာမျှ မဆိုင်။ အမေက ပုပုပျပ်ပျပ်။ ထို့ကြောင့်…

'လုပ်မနေစမ်းပါနဲ့၊ ရှင့်အကြောင်း မသိရင်ခက်မယ်၊ ကဲ… ထမင်းစားခန်းထဲ ခဏလိုက်ခဲ့စမ်းပါ'

ဟု ပြောပြီး ရှေ့ကထွက်သွားနှင့်သည်။ နေမင်းမောင် က…

'ဖေဖေ့ကို ဘာတွေကျိတ်ကျွေးမလို့လဲ မသိဘူး'

ဟု သိသိကြီးနှင့် ကလိလိုက်၏။ အဖေက ရှုံ့မဲ့ပြီး…

'ဝေးပါသေးရဲ့ကွာ၊ ငါ့ကို တစ်ခုခုခိုင်းမလို့ဖြစ်မှာပါ'

အဖေထွက်သွားပြီးနောက် နေမင်းမောင် တီဗွီဘက် ပြန်ကြည့်လိုက်၏။ သူ အစွဲမက်ဆုံးနေရာ ရောက်နေပြီ။

ခင်ရင်တင်သည် ကင်မရာကို မျက်နှာမူပြီး လျှောက် လာသည်။

ပြီးတော့ နှုတ်ခမ်းလေး ရှူ၊ မျက်လုံးလေး မှေး…

နေမင်းမောင်က အဝေးထိန်းခလုတ်ကိုနှိပ်၍ ရုပ်သေ



အနေအထားဖြစ်အောင် လုပ်လိုက်သည်။ ခင်ရင်တင်သည် သူ့ကို စိုက်ကြည့်နေသကဲ့သို့။

စီးကရက်တစ်လိပ် မီးညှိဖွာရင်း တစိမ့်စိမ့်ကြည့်နေမိ ၏။ စိတ်ထဲမှာ…

'မင်းအသံကို မကြားဖူးသေးတော့ ဒီနေ့ည အသံတိတ် အိပ်မက်ကိုပဲ မက်ရတော့မှာပေါ့ ခင်ရင်တင်ရယ်'

* * *

'မင်းကလည်းကွာ၊ ငါက ဘာရှုပ်ရမှာလဲ'

'ဒီမှာ ခုနလေးပဲ ကျွန်မသူငယ်ချင်းတစ်ယောက်က ဖုန်းဆက်ပြီး သတင်းပေးတယ်၊ နေ့လယ်က ရှင်နဲ့ကောင်မလေး တစ်ယောက်နဲ့ မစ္စတာဂစ်တာဆိုတဲ့ဆိုင်မှာ စားသောက်နေကြ တယ်တဲ့၊ ကဲ… ဘာငြင်းဦးမလဲ'

'မငြင်းပါဘူး'

'ဘာ… မငြင်းဘူး၊ ဒါဆို… ဝန်ခံတယ်ပေါ့'

'ဟာ… ဘာကို ဝန်ခံရမှာလဲ'

'ရှင်… ခြေရှုပ်နေတဲ့ကိစ္စကိုလေ'

'မဟုတ်တာကွာ'

'ဒါဆို… စားသောက်ဆိုင်မှာ နှစ်ယောက်တည်း ဆိုတာကရော'

'နှစ်ယောက်တည်း မဟုတ်ပါဘူး၊ သူတို့က မိန်းက လေးတွေချည်း သုံးယောက်'

'ဪ… သုံးယောက်တောင်၊ ရှင်က ရှင့်ကိုယ်ရှင်

www.burmeseclassic.com



ဂျိမ်းစဘွန်းများ အောက်မေ့နေလား၊ သိပ်ဟန်ကျနေတာပေါ့လေ’

‘စကားလည်း ဆုံးအောင် နားထောင်စမ်းပါကွာ၊ အဲဒါ ငါ့ရုံးက စာရေးမလေးတွေပါ၊ သူတို့ထဲက တစ်ယောက်က ရာထူးတိုးလို့ နေ့လယ်စာလိုက်ကျွေးတာ’

‘ရာထူးတိုးတယ်ဆိုတာကလည်း ရှင်ပဲ မ,စလိုက်တာ မဟုတ်လား’

‘ဟ… ကိုယ့်လက်အောက်ငယ်သားကို ရာထူးတိုးချိန်မှာ တိုးအောင် ထောက်ခံပေးရမှာက အထက်အရာရှိရဲ့ ဝတ္တရားပဲကွ’

‘ရာထူးတိုးပေးတာကလည်း မိန်းကလေးမှရွေးပြီး တိုးပေးရသလား’

‘ဟာ… ခက်နေပါပြီ၊ သူ့ မတိုးပေးလည်း တခြားနှစ်ယောက်က မိန်းကလေးတွေပဲ၊ ယောကျာ်းလေးမှ ရာထူးတိုးပေးရမယ်ဆိုရင် ခက်ကုန်မှာပေါ့’

‘ရှင်က ဝတ္တရားအပြင် စေတနာလေးလည်း အဆစ်ပါမှာ သေချာတယ်’

‘ဒုက္ခပဲ… နေဦး၊ အဲဒီကောင်မလေးက မင်းအတွက်ဆိုပြီး လက်ဆောင်ပေးလိုက်သေးတယ်’

အဖေက လက်ဆွဲအိတ်ထဲမှ စက္ကူအိတ်တစ်ခုကိုထုတ်ပြီး ပေးလိုက်ဟန်တူသည်။ အမေ စက္ကူအိတ်ဖောက်နေသံ ကြားရ၏။

‘ဟယ်… ဇင်းမယ်လုံချည်ပါလား၊ ဒီအဆင်မျိုး



တစ်ခါမှ မတွေ့ဖူးသေးဘူး’

‘ကောင်မလေးက သိတတ်ပါတယ်ကွ၊ ငါက အတင်းငြင်းသေးတယ်၊ ငါ့အလစ်မှာ အိတ်ထဲလာထည့်သွားတာကွ၊ ကားပေါ်ရောက်မှ တွေ့တာ’

အမေသည် ဇင်းမယ်လုံချည်ကို ကိုယ်မှာ ကပ်ကြည့်နေပုံရသည်။ အသံ ခဏမျှဆိုင်းသွားသည်။ ပြီးမှ…

‘ဒီမယ်… မောင်နဲ့ အိမ်ကို ပါပါလာတတ်တဲ့ ကောင်လေး ရှိပါရော၊ စီမံလက်ထောက်သုံးဆိုလား၊ ဘာလား၊ ဟိုတစ်ပတ်ကတောင် ရွှေအိမ်တော်က ခေါက်ဆွဲတွေ ဝယ်လာသေးတယ်လေ၊ အဲဒီကောင်လေးလည်း သနားပါတယ်၊ ကလေးကလည်း နှစ်ယောက်ဆိုတော့ ခမျာမှာ ပင်ပန်းရှာတယ်၊ လုပ်သက်ကလည်း တော်တော်ရပြီဆို၊ ရာထူးလေးဘာလေး တိုးရင်တော့ အသက်ရှူချောင်တာပေါ့ မမရယ်လို့ ညည်းသွားရှာတယ်၊ ကြည့် လုပ်ပေးလိုက်ပါဦး’

အဖေ့ပြန်ပြောသံ မကြားရ။ ခေါင်းညိတ်လိုက်တာဖြစ်ဖို့ သေချာသည်။ နေမင်းမောင်သည် တိပ်ခွေကို စက်ထဲမှထုတ်ရင်း ပြုံးလိုက်မိ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့အမေက ဒီလိုပဲ။

အဖေက နားအေးပါးအေးနေတတ်သည်။ သဘော ကောင်းသည်။ လူတစ်ဖက်သားကို ကူညီတတ်သည်။ တစ်စုံ တစ်ခု ကျေးဇူးတုံ့ပြန်မှု ရကောင်းစေဟု သဘောမထား။ ဘယ် သူမဆို စေတနာအရင်းခံနှင့် ကူညီလိုက်တာပဲဖြစ်၏။ အမေက တော့ အဖေ့လုပ်ပိုင်ခွင့်အပေါ် မှီပြီး အကျိုးဖြစ်အောင် လုပ်ချင် သည့်စိတ်ကလေးရှိသည်။

အဖေက ရုံးမှာ အထက်အရာရှိဆိုပြီး အပေါ်စီးကနေ မနေတတ်။ လက်အောက်ငယ်သားတွေနှင့် ရောရောနှောနှော ရင်းရင်းနှီးနှီးနေသည်။

ထို့ကြောင့် အဖေ့ကို ရုံးသူရုံးသားတွေက ချစ်ခင်ကြ သည်။ စာရေးမလေးတွေကလည်း ကိန်းကြီးခန်းကြီးမနိုင်သော အဖေ့ကို ယုံယုံကြည်ကြည် ဆက်ဆံကြ၏။ ဒါကို အမေက ပြဿနာရှာတတ်ခြင်းဖြစ်၏။

တကယ်တော့ အဖေသည် အမေ့ကို ငယ်ကြောက်ဖြစ် ၏။ ဘာကြောင့် ကြောက်တာလဲတော့ ရေရေရာရာမသိ။

တစ်ခုတော့ ရှိ၏။ အမေငယ်ငယ်က တော်တော်လှ သတဲ့။ လှခြင်းနှင့် ကြောက်ခြင်းသည် အဆက်အသွယ် ရှိ- မရှိ မသေချာ။ လှလို့ကြောက်ခဲ့တာဆိုလျှင်လည်း အခု အသက် ကြီးလို့ အမေ့ကိုယ်ခန္ဓာ ဝလုံးလုံးဖြစ်လာတော့ အကြောက်လျော့ သွားဖို့ကောင်းသည်။

ဒီလိုမဟုတ်။ စိတ်အထင်တော့ အခုကြီးမှာမှ ပိုတောင် ကြောက်ရသလိုပဲ။ အကယ်၍ အမေက မလှဘဲ အရုပ်ဆိုးခဲ့



လျှင်ရော… အင်း… ကြောက်တာတော့ ကြောက်မှာပဲဟု ထင်၏။

ဒါဆို နေမင်းမောင်ကရော… အဖေ့တူသားတစ် ယောက် ဟုတ်၊ မဟုတ် ရှေ့ဆက် စောင့်ကြည့်ကြသေးတာပေါ့ လေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

ကျောင်းထဲသို့ အစောကြီး ရောက်နှင့်နေသည်။ တကယ်တော့ အစောကြီးပဲ ရောက်ရောက်၊ နောက်ကျပြီးပဲ ရောက်ရောက် သိပ်ထူးခြားလှတာတော့ မဟုတ်။ ကျော်နန္ဒ မရောက်မချင်း ဘာမျှဆက်လုပ်ရှားလို့ မရ။

သို့တိုင်အောင် သူက စိတ်စောနေသည်။ အိပ်မက်ဆုံးလို့ လန့်နိုးတော့ မနက်ငါးနာရီဖြစ်၏။ ပြန်အိပ်လို့မရတော့။ အိပ်ရာထဲမှာ လိမ့်ပိန့်ပြီး နေကြည့်သေးသည်။ မရ။ ထို့ကြောင့် စောစောစီးစီးပင် ကျောင်းသို့ထွက်လာခဲ့ခြင်းဖြစ်၏။ အမေက တောင် ငါ့သားလေးက ပညာရေးအတွက်ဆို ဝီရိယကောင်းတယ်ဟု ချီးကျူးလိုက်သေးသည်။

ကျောင်းရောက်တော့ ဆိုင်တွေတောင် စဖွင့်ခါစပဲ ရှိသေးသည်။ စောစောလမ်းလျှောက်ကြသည့် အဆောင်ကျောင်း



သား၊ ကျောင်းသူတွေလောက်သာ ရှိကြသေးသည်။ ကျော်နန္ဒ မှာထားသည့်အတိုင်း မန္တလေးဆောင်နှင့် တောင်ငူဆောင်ထောင့်ရှိ စားသောက်ဆိုင်တန်းက လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်နေလိုက်၏။

သူသည် အဖေနယ်ပြောင်းရာသို့ လိုက်သွားခဲ့ရသဖြင့် နယ်ကောလိပ်မှာ ကျောင်းတက်ခဲ့ရသည်။ ရန်ကုန်တက္ကသိုလ်မှာတော့ ဒီနှစ်မှ ပြန်တက်ရမည်ဖြစ်၏။ သို့ရာတွင် တက္ကသိုလ်သည် သူနှင့် စိမ်းစိမ်းကားကားတော့ မဟုတ်။ ဆယ်တန်းမအောင်ခင်ကတည်းက ကျောင်းထဲလာလည်ဖူးသည်။ နယ်မှာနေတုန်း ကလည်း ရန်ကုန်လာသည့်အခါ ကျော်နန္ဒရှိရာ ရန်ကုန်တက္ကသိုလ်ထဲ ရောက်လေ့ရှိသည်။

ထို့ကြောင့် ရန်ကုန်တက္ကသိုလ်သည် သူ့အတွက် ရင်းရင်းနှီးနှီးပင် ရှိနေ၏။ ပြီးတော့ တက္ကသိုလ်ကျောင်းသားဆိုတော့ စိတ်ဓာတ်ကလည်း ဘယ်နေရာ၊ ဘယ်တက္ကသိုလ်ရောက်ရောက် မပြောင်းမလဲ တည်မြဲတတ်သည့် သဘောက သူ့ကို အထောက်အကူပြုပေးသည်။

ညက မက်ခဲ့သော အိပ်မက်ကလည်း သူ့စိတ်ကို ဂနာမငြိမ်အောင် စေ့ဆော်ခဲ့သည်။ အိပ်မက်ထဲမှာ ခင်ရင်တင်ကို တွေ့ဆုံခဲ့ရ၏။ ခင်ရင်တင်က ဗီဒီယိုတိပ်ခွေထဲကလိုပင် သူ့ကို ရှုံ့မိုက်ကြည့်ပြီးလျှောက်လာသည်။ သူက 'စောင့်နေတာကြာပြီ' ဟု ပြောလိုက်သည်။ ခင်ရင်တင်က ပြန်ပြောသည်။ နှုတ်မှ အသံထွက်ပြောခြင်းမဟုတ်။ ဆွဲအနားမကြား သင်တန်းကျောင်းက လူတွေလို လက်ဟန်သင်္ကေတများလုပ်ပြ၍ ပြန်ပြောခြင်း

www.burmeseclassic.com



ဖြစ်၏။ ထိုသင်္ကေတများ၏အဓိပ္ပာယ်ကို သူကလည်း အလိုလို နားလည်နေသည်။ ခင်ရင်တင်က 'နက်ဖြန် ဆက်ဆက်လာခဲ့ပါ' ဟု ဆိုလေသည်။

သူ လန့်နိုးလာပြီးသည့်နောက်တွင် ခင်ရင်တင်ကို တွေ့မြင်လိုစိတ်သာမက အသံကိုကြားချင်သောဆန္ဒသည် တားမနိုင်ဆီးမရအောင် ဖြစ်ပေါ်လာလေသည်။

ဘာပဲဖြစ်ဖြစ် ခုလိုအစောကြီးလာစောင့်နေလို့လည်း ဘာမျှ ပိုပြီးမထူးတာကို သူသိသည်။ ကျော်နန္ဒရောက်လာပြီးမှသာ ဆက်လှုပ်ရှားလို့ရမည်။ သို့တိုင်အောင် သူက ကြိုတင်မလာဘဲ မနေနိုင်။

ဒါမျိုးက ဖြစ်တတ်သည်။ နီလာလက်စွပ်ကြီးတစ်ကွင်းကို အမေဝယ်ခဲ့စဉ်ကလည်း ဒီလိုပဲ။ ပွဲစားလုပ်သူက တော်တော်အရည်ကောင်းသည့် နီလာလက်စွပ်တစ်ကွင်းရှိသည်၊ ဈေးလည်း တော်သည်၊ မနက်ကိုးနာရီလောက် လာပြမည်ဟု ချိန်းထားသည်။

ကိုးနာရီထက်စောပြီး မလာမှာ ကျိန်းသေသိပါလျက် အမေသည် မနက်ခုနစ်နာရီလောက်ကတည်းက ဧည့်ခန်းထဲထွက်လိုက်၊ အပေါက်ဝဘက်ကြည့်လိုက် တမျှော်မျှော်ရှိနေသည်။ ဒါ လူ့သဘာဝပဲ ဖြစ်၏။

ခုလည်း ကျော်နန္ဒက ချိန်းထားသည်။ နီလာလက်စွပ်တစ်ကွင်းကို ပြဖို့တော့မဟုတ်။ ခင်ရင်တင်ကို ပြဖို့သာဖြစ်၏။ ဖြစ်ကောင်းဖြစ်နိုင်တယ်မဟုတ်လား။ ဒီထက်တောင် ပိုနိုင်သေးသည်။ သူစိတ်စောမိတာ မဆန်းလှပါ။



ကျော်နန္ဒက ချိန်းထားသည့်အချိန်ထက် နာရီဝက်လောက်နောက်ကျပြီးမှ ရောက်လာသည်။ နေမင်းမောင်က အပြစ်တင်ဖို့ ဟန်ပြင်လိုက်စဉ်…

'ဘာမှ စားမလာရသေးဘူးကွ' ဆိုပြီး ပေါက်စီတစ်လုံးကောက်ကိုင်သည်။ ပြီးတော့…

'ခင်ရင်တင်ကို မပြခင် မင်းကို ထပ်ပြီးသတိပေးစရာလေးတွေ ရှိတယ်ကွ'

ဟု ပြောသည်။ လူချင်းတောင် တကယ်မတွေ့ရသေး။ သူ့အကြောင်းစကားစလိုက်တာနဲ့ ရင်က ခုန်ချင်လာပြီ။

* * *

'မင်းပြောတာကို ငါ ကောင်းကောင်းမရှင်းဘူးကွ၊ ခင်ရင်တင်က လူတော်တော်များများနဲ့ တွဲတတ်တယ်လို့လည်း ပြောတယ်၊ အတွဲမရှိသေးဘူးလို့လည်း ပြောတယ်၊ ဘယ်လိုလဲကွ'

'ဒီလိုလေကွာ၊ သူ့ကိုကြိုက်နေတဲ့လူတွေက အများကြီး၊ သူက ဘယ်သူ့ကိုမှ ချစ်သူအဖြစ် လက်ခံသေးတာမဟုတ်ဘူး၊ ဒီတော့ အတွဲမရှိသေးဘူးလို့ ပြောလို့ရတယ်၊ ဒါပေမဲ့ သူစိတ်လိုလက်ရရှိတဲ့အခါ တစ်ယောက်ယောက်နဲ့ တွဲသွားတွဲလာတော့ ရှိတတ်တယ်'

'ဘယ်သူနဲ့ တွဲတာလဲ'

'ဘယ်သူရယ်တော့ မဟုတ်ဘူးကွ၊ သူက အဖော်တစ်ယောက်ယောက်လိုချင်နေတဲ့အခါ သူ့ကိုမျှော်လင့်နေတဲ့လူတွေ

www.burmeseclassic.com

www.burmeseclassic.com



ထဲက မျက်စိကျတဲ့လူတစ်ယောက်ယောက်နဲ့ တွဲလိုက်တာပဲ'

နေမင်းမောင်က သူ့ကိုယ်သူ ယောင်ယမ်းငုံ့ကြည့်မိသည်။ မိမိကရော... ခင်ရင်တင် မျက်စိကျနိုင်သောသူ ဖြစ်နိုင်ပါ့မလား။ နယ်မှာ နှစ်နှစ်လောက်သွားနေခဲ့သဖြင့် 'နယ်ရုပ်များပေါက်နေမလား'။ သူငယ်ချင်းတွေကတော့ ငါတို့ထဲမှာ မင်းကအသားနားဆုံးပဲဟု ပြောဖူးတာ သတိရပြီး အားတက်သွား၏။

ကျော်နန္ဒက စကားဆက်သည်။

'ဒါပေမဲ့ အဲဒီလူတစ်ယောက်ကို နေ့တိုင်းတွဲတာမျိုးလည်း မဟုတ်ပြန်ဘူး၊ နောက်တစ်ရက်ကျတော့ နောက်တစ်ယောက်ကို တွဲချင်တွဲတာ'

'မျက်နှာများချင်တဲ့ သဘောလား'

'ပြောရခက်တယ်ကွ၊ သူ တွဲတယ်ဆိုတာက မမြင်ကွယ်ရာမှာ မဟုတ်ဘူး၊ စားသောက်ဆိုင်ထိုင်ရုံ၊ အင်းလျားဘက် လမ်းအတူတူလျှောက်ရုံ၊ မိုလ်ချုပ်ဈေးမှာ ဈေးဝယ်ဖို့အဖော်လိုက်ရုံလောက်ပဲ'

'ဗိုလ်ချုပ်ဈေးရောက်တော့ ဆောင်ကျော်တန်ရေမွှေးပုလင်း ဝယ်ခိုင်းရောလား'

'ဟာ... သူက အဲဒီလို ချူစားတတ်တာမျိုးမဟုတ်ဘူးကွ၊ သူကိုယ်တိုင်က ပိုက်ဆံရှိပြီးသားပဲ၊ တစ်ခါတလေစားသောက်ကြတဲ့အခါ သူကပဲ ခရက်ဒစ်ကတ်ထုတ်ပြီး ကျသမျှ ရှင်းသွားတာမျိုး ရှိတယ်တဲ့'

'အင်း... စိတ်ဝင်စားစရာပဲ'

'ဒါပေမဲ့ သူက သိပ်လျှင်တယ်နော်၊ သူ ဘယ်သူ့ကိုမှ



အသားထိခွင့်မပေးဘူး၊ ထိဖို့ကိုင်ဖို့ ကြိုးစားရင်လည်း နာပြီသာ မှတ်'

'ပါးပိတ်ချလိုက်ရောလား'

'ပါးရိုးတာထက် နာတဲ့နည်းမျိုးနဲ့ တုံ့ပြန်တတ်တယ်ကွ၊ အဲဒီလိုကိစ္စမျိုးမှာ သူက အင်မတန်ကျွမ်းကျင်တယ်၊ နောက်သူ့သတင်းတွေကြားရတဲ့အခါ မင်း ပိုသိလာမှာပဲ'

နေမင်းမောင်က ကျော်နန္ဒကို အကဲခတ်ကြည့်နေသည်။

ကျော်နန္ဒသည် ခင်ရင်တင်နှင့် မပတ်သက်မိစေဖို့ သတိပေးစကားပြောနေခြင်းဖြစ်သည်ဟု ဆိုထားသည်။ သို့ရာတွင် ခု သူပြောနေသည့်ဟန်ပန်က ခင်ရင်တင်ကို ရှုတ်ချနေတာနှင့်မတူ။

'ဖန်ဒိမ်းက လူဆိုးတွေကို ဘယ်လိုအပြတ်ချပစ်လိုက်တာကွ'

ဟု အားပါးတရဖောက်သည်ချနေသည့် အမူအရာမျိုးဖြစ်နေ၏။

'အေးကွာ... မင်းပြောတာနဲ့ ပိုတောင် စိတ်ဝင်စားလာပြီ'

နေမင်းမောင်က ပြောလိုက်သည်။ ကျော်နန္ဒ ကျွတ်ခနဲစုတ်သပ်ပြီး...

'မင်းကလည်း သရဲကားပြသလိုဖြစ်နေပြီ၊ ကြောက်စရာကောင်းပါတယ်ဆိုလေ ကြည့်ချင်လေပဲကိုးကွ'

'ငါကလည်း နေမင်းမောင်လေကွာ၊ အားပုလင်းနှင်းမောင်လို လူမျိုးပေါ့၊ တော်ရုံတန်ရုံ အမှုအသေးအမွှားလောက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် တိုင်ချင်တာမဟုတ်ဘူး၊ မြိုင်ရာဇာတာတော်ကို မြိုင်မဟာ မမြလေးတို့လို ထိတ်ထိတ်ကြဲ နက်နဲတဲ့ အမှုမျိုးကိုမှ တိုင်ချင်တာ၊ ဒီတော့ အိုင်ဆေး အိုင်ပီကျော်နန္ဒ ငါ သူ့ကို မြင်ဖူးချင်တယ်ကွ'

'အင်း… ဆားပုလင်းနှင်းမောင်ရဲ့ ဘဝတစ်သက်တာမှာ ပထမဆုံးအကြိမ် မှားတဲ့အခါလည်း မှားပေမပေါ့ဆိုတာမျိုး ကြားရတော့မှာပေါ့ကွာ'

ပြောပြီး ကျော်နန္ဒ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်၏။ နေမင်းမောင် မခိုးမခန့်ရယ်နေသည်။

* * *

ခင်ရင်တင်တို့အတန်းနှင့် မလှမ်းမကမ်းစကြံမှာ ရပ်လိုက်ကြသည်။ အတန်းရှေ့တည့်တည့်မှာတော့ လူသုံးယောက်တို့သည် အုတ်တိုင်တစ်တိုင်ကို တစ်ယောက်နှန်းဖြင့် မှီရပ်နေကြ၏။

'ဟိုမှာ တွေ့လား၊ ခင်ရင်တင် အတန်းပြီးချိန်ကို လာစောင့်နေကြတဲ့ကောင်တွေ'

ကျော်နန္ဒက ညွှန်ပြရင်း ပြောသည်။

'ဟိုဘက်က မျက်မှန်နဲ့ ကုပ်ချောင်းချောင်းကောင်က ဆေးတက္ကသိုလ်က၊ ဆံပင်ရှည်ရှည်နဲ့ စတိုင်အောင်းဘိနဲ့ကောင်က စက်မှုတက္ကသိုလ်က၊ ဒီဘက်က ခေါင်းတုံးဆံတော့ကွဲနဲ့ကောင်ကတော့ အိုင်ဒီအက်စ်က ခွင့်ပြန်လာတာ'

သူတို့သုံးယောက်သည် တစ်ယောက်ကိုတစ်ယောက်



မကြည့်မိအောင် သတိထားနေကြပုံရ၏။

'ဒီကောင်တွေဟာ အကယ်ဒမီပေးပွဲမှာ ရင်တထိတ်ထိတ်နဲ့ စောင့်နေကြတဲ့လူတွေလိုပဲ၊ အကယ်ဒမီပေးပွဲဆိုတာက ဘာမှကြိုပြောထားတာမဟုတ်ဘူးလေ၊ အခမ်းအနားကျမှ ဘယ်သူ ရပါတယ်ဆိုပြီး ကြေညာတော့ ရတဲ့လူက ဝမ်းသာလွန်းလို့ ငိုလားရယ်လားဖြစ်လိုဖြစ်၊ တစ်ပေးခ်ရတဲ့စာရင်းထဲပါပြီး မရတဲ့လူကျတော့လည်း ရှက်ပဲ ရှက်ရမလား၊ ဒေါသပဲ ဖြစ်ရမလား၊ ထိုင်ပဲ ငိုရမလားဆိုတာမျိုးပေါ့'

ကျော်နန္ဒ ဥပမာပေးပုံကို နေမင်းမောင်သဘောကျပြီးပြုံးလိုက်မိ၏။ ဟုတ်မှာပါ။ ခင်ရင်တင်က အကယ်ဒမီရွေးစင်ရုပ်တစ်ရုပ်လိုပါပဲ။ လိုချင်သူက များပြီး ကံထူးသူတစ်ယောက်သာ ရနိုင်တာမျိုးမဟုတ်လား။

'ဒီကောင်တွေလည်း ဒီလိုပဲ၊ ခင်ရင်တင်က ဒီနေ့ဘယ်သူနဲ့တွဲမယ်ဆိုတာ ကြိုတင်ပြောမထားတတ်ဘူး၊ ဘယ်သူ့ကိုမှလည်း အချိန်းအချက်လုပ်မထားဘူး၊ သူ့အတန်းထဲကထွက်လာတဲ့အခါ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်မယ်၊ ပြီးတော့ သူ မျက်စိကျတဲ့လူတစ်ယောက်ရှေ့မှာ သွားရပ်ပြီး ဆာလိုက်တာ၊ တစ်ခုခုစားရရင် ကောင်းမယ်လို့ပြောလိမ့်မယ်၊ အဲဒါဆိုရင် ဒီနေ့အဖို့ အဲဒီကောင်ဟာ မဟာကံထူးရှင်ပဲ၊ ခင်ရင်တင်နဲ့ တစ်နေ့တာ တွဲခွင့်ရသွားပြီ၊ အဲ…ကျန်တဲ့ကောင်တွေကတော့ ဒီည အိပ်ဆေး သောက်အိပ်ရမယ့် အဖြစ်မျိုး ရောက်ကုန်ရော'

နေမင်းမောင်က ဟိုကောင်တွေဆီ မျက်စိကစားကြည့်လိုက်၏။ တစ်ယောက်က လက်ပတ်နာရီကို တကြည့်ကြည့်

www.burmeseclassic.com

လုပ်နေသည်။ တစ်ယောက်က ခင်ရင်တင် ကိုယ်ယောင်ဖျောက်ပြီး ထွက်သွားမှာစိုးသည့်ပုံဖြင့် အတန်းရှိရာသို့ မမှိတ်မသုန် စူးစိုက်ကြည့်နေသည်။ တစ်ယောက်ကတော့ ပါးစပ်က တလှုပ်လှုပ်ဖြစ်နေ၏။ ကံကောင်းအောင် ဂါထာတွေ၊ ဘာတွေပဲ ရွတ်နေသလား၊ ခင်ရင်တင်နှင့်တွေ့သည့်အခါ ပြောရမည့်စကားတွေ မေ့မသွားအောင် ပြန်နွှေးနေသလား မသိ။

'ဘယ်သူနဲ့မှ မတွေ့ချင်တဲ့အခါကျရင်ရော'

နေမင်းမောင်က မေးလိုက်သည်။

'အဲဒီလိုနေ့မျိုးကျတော့ မျက်နှာသုန်သုန်မှုန်မှုန်နဲ့ ထွက်လာပြီး စာတွေကလည်း များလိုက်တာ၊ မှတ်ရတာ ခေါင်းတောင်ကိုက်လာတယ်လို့ အားလုံးကြားလောက်အောင် ညည်းပြလိမ့်မယ်၊ အဲဒီအခါကျတော့ အဖိုးတန်ဆုကြီးတွေ ပေးပါမယ်လို့ ကြေညာပြီးမှ ကံစမ်းမဲဖွင့်ပွဲအစီအစဉ် ဖျက်သိမ်းတယ်လို့ အညာခံရတဲ့လူတွေလို ရင်ထဲက ဟာခနဲဖြစ်ပြီး မျှော်လင့်ချက်ကင်းမဲ့စွာ တပ်ခေါက်ပြန်ကြရတာပေါ့'

'ဟောကောင်… ဟိုကောင်တွေ လှုပ်လှုပ်ရွရွဖြစ်နေကြပြီကွ၊ လာတော့မယ် ထင်တယ်'

'အေး… ဟုတ်တယ်၊ မင်း လက်တွေ့မြင်ရရင် ငါပြောတာတွေ ဘယ်လောက်မှန်တယ်ဆိုတာ သိရလိမ့်မယ်'

ဟိုကောင်တွေ လှုပ်လှုပ်ရွရွဖြစ်လာပြီဟု နေမင်းမောင် ပြောခဲ့သည်။ သူကိုယ်တိုင်ကရော ရင်ထဲမှာ လှုပ်လှုပ်ရွရွ ဖြစ်လာလေ၏။

ခင်ရင်တင်သည် အတန်းထဲမှ ထွက်လာ၏။ မျက်လုံး



ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ မျက်နှာက သုန်သုန်မှုန်မှုန် မဟုတ်သဖြင့် အလားအလာကောင်းနေသည်။

သူက ဆေးကျောင်းသား၏ရှေ့တည့်တည့်မှာ သွားရပ်သည်။ ထိုပုဂ္ဂိုလ်၏မျက်နှာမှာ ရောင်ပြန်ပြားတစ်ချပ်လို ဝင်းခနဲ လက်သွားသည်။ ခင်ရင်တင်က စမေးသည်။

'ကျောင်းမတက်ဘူးလား'

'ဟို… ဟိုလေ ခင်နဲ့တွေ့ချင်တာနဲ့ တမင်တကာ အတန်းမတက်ဘဲ လာစောင့်နေတာ'

ခင်ရင်တင်အတွက် အရာရာကို စွန့်လွှတ်နိုင်သည့် လေသံဖြင့် ပြောလိုက်ခြင်းဖြစ်၏။ ဒါ သူ့အမှားပဲ။ ခင်ရင်တင်က မနှစ်မြို့ဟန်ဖြစ်သွားပြီး…

'ဟင်း… ဆေးကျောင်းသားလုပ်နေပြီး ကျောင်းပြေးနေရင် ဘယ်တော့မှ ဆရာဝန်ဖြစ်မှာ မဟုတ်တော့ဘူး'

ထိုပုဂ္ဂိုလ်၏မျက်နှာမှာ ပင်နင်စလင်ရှော့မိသွားသလို မည်းခနဲ ဖြစ်သွား၏။

ခင်ရင်တင်က ဆက်လျှောက်လာခဲ့သည်။ စက်မှုတက္ကသိုလ်ကဆိုသော ပုဂ္ဂိုလ်သည် ရှေ့ကားနှင့် ဈေးမတည့်လျှင် အဆင်သင့်ဝင်ရပ်နိုင်အောင် စောင့်နေသော တက္ကစီဒါရိုင်ဘာ တစ်ယောက်လို ငံ့လင့်နေ၏။ ခင်ရင်တင် သူ့ရှေ့ကို ရောက်လာသည်။

'နေကောင်းလား'

သူက နှုတ်ဆက်လိုက်၏။ ခင်ရင်တင် တုံ့နေရပ်ပြီး လှည့်ကြည့်သည်။ သူက မျက်နှာကို ဆာခါရင်ခဲသကြားခဲ

www.burmeseclassic.com



တစ်ခုလိုဖြစ်အောင် ထားလိုက်သည်။ သို့တိုင်အောင် ခင်ရင်တင်က လက်ညှိုးထိုးလိုက်ပြီး…

'မျက်နှာက အဆီတွေ ပြန်နေပါလား'

'ဗျာ…'

ကယောင်ကတမ်းနှင့် မျက်နှာကို လက်ဖြင့်ပွတ်ပြီး လက်ကို ပြန်စစ်ဆေးကြည့်လိုက်မိ၏။

'နောက်တစ်ခါလာရင် မျက်နှာသစ်ခဲ့နော်'

ခင်ရင်တင်က ပြောပြီး ဆက်လျှောက်လာခဲ့၏။

နောက်တစ်ယောက်သည် သူ့ရှေ့သို့ ခင်ရင်တင် ရောက် သည်နှင့် သတိအနေအထားပုံစံနီးပါး ဖြစ်သွားသည်။ ခင်ရင် တင်က စောင်းငဲ့ကြည့်ပြီး…

'ဘာလုပ်နေလဲ'

'လေ့ကျင့်နေတယ်၊ အဲ… မဟုတ်ပါဘူး၊ ဟို…'

ပါးစပ်က အယောင်ယောင်အမှားမှားတွေ ရွတ်ဆို နေ၏။

ခင်ရင်တင်က ပြုံးပြီး…

'ဒါဆိုလည်း ဆက်ပြီးလေ့ကျင့်လိုက်ဦးနော်'

ခင်ရင်တင် ဆက်လျှောက်သည်။ နေမင်းမောင်တို့ ရှေ့အရောက်တွင် မျက်လုံးတစ်ချက်ဝှေ့ကြည့်လိုက်၏။ စက္ကန့် ဝက်မျှ မျက်လုံးချင်းဆုံသည်။ နေမင်းမောင်သည် နေပူထဲကလာ ပြီး အဲယားကွန်းအခန်းထဲ ရုတ်တရက်ဝင်လိုက်ရသလို စိမ့်ခနဲ အေးခနဲ ဖြစ်သွား၏။

ခင်ရင်တင်က ရှေ့ဆက်ထွက်သွားသည်။ လေးငါး



လှမ်း လှမ်းပြီးမှ တုံ့ခနဲရပ်သည်။ ပြန်လှည့်ကြည့်၏။ ထို့နောက် နေမင်းမောင်ဆီသို့ တည့်တည့်ကြီးလျှောက်လာလေသည်။ မျက်နှာချင်းဆိုင်မှာ ရပ်ပြီး…

'ဆာလိုက်တာ၊ တစ်ခုခုစားရရင် ကောင်းမယ်'

နေမင်းမောင် မပြောနဲ့၊ ကျော်နန္ဒတောင် ပါးစပ် အဟောင်းသားနှင့် မျက်လုံးကြီးပြူးကြောင်ပြီး ကြည့်နေမိ၏။ ခင်ရင်တင် ပြုံးလိုက်ပြီး…

'ဟိတ်… ယူ့ကို ပြောနေတာ'

လက်ညှိုးကလေးကို ကော့ကော့ကလေးလုပ်၍ နေမင်း မောင်၏ မျက်နှာများသို့ ဝှေ့ဝဲညွှန်ပြလိုက်၏။ နေမင်းမောင် သတိလည်လာသည်။ ခင်ရင်တင် နှုတ်ခမ်းကလေးစူ၊ မျက်လုံး ကလေး မေးပြီး 'ဘယ့်နှယ့်လဲ'ဆိုသော ဟန်ကို လုပ်ပြ၏။ နေမင်းမောင် လှုပ်ရှားလာသည်။

'ဩော်… ဟုတ်… ခင်ရင်တင်ကို ကျွန်တော် တစ်ခုခု လိုက်ကျွေးပါရစေ'

'ဝှိုင်း…နော့(တ်)' (Why not)

ခင်ရင်တင်က သွားစို့ဆိုသောပုံစံဖြင့် ခေါင်းကိုငဲ့ပြီး ဆက်လိုက်သည်။ နေမင်းမောင်သည် အိပ်မက်ထဲမှာ လမ်း လျှောက်နေသလို ခင်ရင်တင်နောက်သို့ လိုက်ပါသွားသည်။ သူ လျှောက်သွားပုံမှာ အမေခေါ်သည့်အခါ အဖေ ဝေါက်ခနဲ ထပြီး လိုက်ပါသွားပုံနှင့် တထေရာတည်း။

ကျော်နန္ဒသည် တအံ့တသြကြည့်ရင်း ကျန်ခဲ့သည်။

မလှမ်းမကမ်းအရှေ့မှာ ခင်ရင်တင်က ဖျတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ပြီး…

'ပွတ်ဒီဘိုင်… ဖိုတိုဂရပ်ဖာ'

ဟု လှမ်းနှုတ်ဆက်သွား၏။ ကျော်နန္ဒသည် စကြံ အုတ်ခုံကို လက်ဝါးနှင့် ဖြန်းခနဲရိုက်လိုက်မိသည်။ စောစောက ကျန်ရစ်ခဲ့သည့် ပုဂ္ဂိုလ်တွေဆီ လှမ်းကြည့်လိုက်တော့…

တစ်ယောက်က အိတ်ထဲက ဆေးဖြူပြားလေးတစ်ပြား ထုတ်ပြီး ပါးစပ်ထဲ ပစ်ထည့်လိုက်သည်။

တစ်ယောက်က ဂျူဆေးဘူးကို နှာခေါင်းဝမှာ တေ့ထား၏။

တစ်ယောက်ကတော့ မျက်နှာကို လက်ကိုင်ပဝါနှင့် သုတ်လိုက်၊ လက်ကိုင်ပဝါကိုကြည့်လိုက်၊ ပါးကို ပွတ်ကြည့်လိုက်နှင့် အလုပ်ရှုပ်နေသည်။

* * *

အိပ်မက်မဟုတ်ဘူးဆိုတာကိုတော့ သိနေ၏။ အိပ်မက်သာဆိုလျှင် ခင်ရင်တင်က ခုလိုအသံထွက်ပြီး စကားပြောမှာ မဟုတ်။ လက်ဟန်ခြေဟန်သင်္ကေတနှင့်သာ ပြီးလိမ့်မည်။ ပြီးတော့ အိပ်မက်ကလည်း မနေ့ညကပဲ လတ်လတ်ဆတ်ဆတ်ကြီး မက်ထားခဲ့တာ။

အိပ်မက်ထဲမှာ ခင်ရင်တင်က 'နက်ဖြန် သက်ဆက်လာခဲ့ပါ' ဟု ဆိုခဲ့သည်။ ခုကျတော့ အိပ်မက်အတိုင်း တကယ်ပင် လာဆုံတွေ့ရ၏။ မနေ့ညက အိပ်မက်သည် ကြိုတင်နိမိတ်ပြခြင်းလို ဖြစ်နေ၏။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက



အိပ်မက်ပေးတာဖြစ်နိုင်၏။ ဒါမှမဟုတ် ခင်ရင်တင်ကိုယ်တိုင်က အိပ်မက်ပေးခဲ့တာများလား။

ဒါဆိုရင်တော့ ခင်ရင်တင်သည် သာမန်ရိုးရိုးလူ မဟုတ်။ ဥစ္စာစောင့်လူဝင်စား ဖြစ်နိုင်သည်။ အဲဒီအခါ အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ရင် သိုက်ကပြန်ခေါ်မယ်ဆိုတာမျိုး ဖြစ်လာရင် ခက်ရချေရဲ့ဟု ကယောင်ကတမ်းတွေ စဉ်းစားနေတုန်း…

'ယူ ဘယ်ဆိုင်မှာ စားနေကျလဲ'

ခင်ရင်တင်က မေးလိုက်သည်။ သူ မဖြေတတ်။ အခုနှစ်ပိုင်းတွေအတွင်း စားသောက်ဆိုင်က ဘယ်လိုဘယ်ပုံ ပြောင်းလဲသွားပြီလဲ မသိ။ သူ့အနေဖြင့် မနက်က ထိုင်ခဲ့သည့် စားသောက်ဆိုင်တန်းကိုသာ ပိုင်ပိုင်နိုင်နိုင် သိသေးသည်။

ထို့ကြောင့်…

'ခင်ရင့်တင် ကြိုက်တဲ့နေရာသာ သွားပါ'

ဟု ပြန်ပြောလိုက်ရ၏။

'တို့က ဆီဒိုးနားမှာ စားချင်တယ်ဆိုရင်ရော'

ဟိုက်… သောက်ခွပဲဟု စိတ်ထဲက အလန့်တကြား ရေရွတ်မိ၏။

ကျော်နန္ဒ သတိပေးခဲ့တာ ဒီ မှန်နေပြီ။ ဒီလောက်မြန်မြန်ဆန်ဆန်ကြီး ပညာပေးလိမ့်မယ်တော့ မထင်ခဲ့။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က အရှိအတိုင်း ခင်းပြလိုက်တာကောင်းမည်။ ထို့ကြောင့်…

'ကျွန်တော့်မှာ အေတီအမ်ကတ် ဆောင်ပေးနိုင်တဲ့ အခွင့်မျိုး မရှိဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ဆောရီးပဲ'ဆိုသော ခင်ရင်တင်ဆီက စကားကို စောင့်မျှော်နေစဉ်…

'ခုလို ပွင့်ပွင့်လင်းလင်းပြောပြတာကို ကျေးဇူးတင်ပါတယ်၊ တချို့လူတွေလို ဟန်ကိုယ့်ဖို့လုပ်ပြီး ခေါ်သွားပြီးမှ ငွေ ရှင်းနိုင်လို့ မျက်စိပျက်မျက်နှာပျက် ဖြစ်နေရတာထက်စာရင် တော်သေးတာပေါ့၊ ကဲပါလေ… စာကြည့်တိုက်သက်သာ စားသောက်ဆိုင်ကိုပဲ သွားကြတာပေါ့'

တက္ကသိုလ်များဗဟိုစာကြည့်တိုက် အဆောက်အအုံ သစ်ကြီး၏နောက်ဘက်သို့ လျှောက်လာခဲ့ကြသည်။ လမ်းမှာ ဘေးက ဖြတ်လျှောက်သွားသော ကျောင်းသားကျောင်းသူများက သူတို့နှစ်ယောက်ကို အကဲခတ်သွားကြသည်။ တချို့ ကျောင်းသားတွေက လောင်သလိုလို ကြည့်ကြ၏။ သို့ရာတွင် သူတို့မျက်လုံးတွေထဲမှာ နေမင်းမောင်ကို အားကျသည့်အရိပ် အယောင်တွေ တစ်စိတ်တစ်ပိုင်း ရှိနေ၏။ ကျောင်းသူတွေကတော့ သူတို့ကို ဖြတ်ကျော်သွားပြီးသည်နှင့် တစ်စုံတစ်ခု ဝေဖန် ငြင်းခုံကြလေတော့သည်။

စားသောက်ဆိုင်မှာ ထိုင်ကြပြီးနောက် နေမင်းမောင်က မေးသည်။

'ဘာစားမလဲ'

'ခုချိန်မှာ တို့ဘာစားချင်နေတယ်လို့ ထင်သလဲဟင်'

နောက်တစ်ခါ လာပြန်ချေသေးဆိုတာမျိုးပဲ။ သူနှင့် စကားပြောလျှင် သတိထားမှဆိုသော အသိကို ရလိုက်၏။

'ဘာစားချင်နေတယ်ဆိုတာထက် ဘာစားသင့်တယ်



ဆိုတာကို ပြောပါရစေ'

'ဆိုစမ်းပါဦး'

ပြောပြီး ခင်ရင်တင်က မျက်နှာပေါ်မှ ချွေးစများကို စက္ကူလက်ကိုင်ပဝါလေးနှင့် တို့နေသည်။ နေမင်းမောင်က…

'ရာသီဥတုက အိုက်စပ်စပ်ဖြစ်နေတော့ သိပ်ပူတဲ့ အစား အစာတွေ မစားသင့်ဘူး၊ ပေါင်မုန့်ထောပတ်သုတ်နဲ့ အချိုရည် ဆိုရင် သင့်တော်မယ်ထင်တယ်'

'ယူပေးတဲ့အကြံဉာဏ်က မဆိုးပါဘူး'

စားပွဲထိုးလေးတစ်ယောက် အနားမှာ လာရပ်သည်။

'ပေါင်မုန့်ထောပတ်သုတ် နှစ်ချပ်၊ သကြားမထည့်နဲ့၊ ပြီးတော့ ကွင်းလိမ္မော်ရည် နှစ်ခွက်'

နေမင်းမောင်က မှာလိုက်၏။ စားပွဲထိုးကလေး ခေါင်း ညိတ်ပြီး ထွက်သွားသည်။ ခင်ရင်တင်က…

'ပေါင်မုန့်ထောပတ်သုတ်ကို သကြားမထည့်ခိုင်းတာ ရယ်၊ ကွင်းလိမ္မော်ရည် မှာတာရယ် ဘာကြောင့်လဲ'

'ခင်ရင်တင်တို့လိုလူမျိုးက ကိုယ်အလေးချိန်မတက် အောင် ထိန်းတဲ့အနေနဲ့ အချိုလျှော့စားတတ်ကြတယ်လေ၊ ပြီး တော့ ကွင်းဖျော်ရည်က သဘာဝလိမ္မော်သီးက ထုတ်ထားတာ ဆိုတော့ ဗိုက်တာမင်စီ အပြည့်ပါတယ် မဟုတ်လား'

ခင်ရင်တင်က ပြုံးလိုက်ပြီး…

'ယူက မဆိုးပါဘူး၊ တို့တွေ့ဖူးတဲ့အထဲမှာတော့ အိုင်ကျူ တော်တော်မြင့်တာပဲ'

နေမင်းမောင်သည် စားပွဲခုံကို ယောင်၍ ဖိကိုင်ထိန်း

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်မိ၏။ သူကိုယ်ကြီး လေထဲ ရှတ်တရက် မြောက်တက်သွားသည်ဟု ထင်မိသောကြောင့်ဖြစ်၏။ အမှန်မှာ သူ့ခါးက ဆန့်ခနဲမတ်သွားခြင်းသာဖြစ်၏။ သူ မြောက်နေစဉ်မှာပင် ခင်ရင်တင်က တစ်ချက်စူးစိုက်ကြည့်ပြီး ရှတ်တရက်မေးလိုက်သည်။

'ယူ… အညာက ပြောင်းလာတာ မကြာသေးဘူး မဟုတ်လား'

'ဗျာ…'

သူ့ကိုယ်သူ မလုံမလဲကြည့်၏။

'ဘယ်လိုလုပ် သိတာလဲ'

ဟု အံ့သြသံစွက်ပြီး မေးလိုက်သည်။

ပြုံးလိုက်ပြီး…

'ယူ့ ပင်ကိုအသားက ဖြူတယ်လေ၊ ဒါကြောင့် အင်္ကျီဖုံးခဲ့တဲ့နေရာမှာ ဖြူပြီး နေရောင်နဲ့ တိုက်ရိုက်ထိခဲ့တဲ့နေရာက ညိုနေတယ်'

'ပင်လယ်ကမ်းစပ်မှာ နေပူဆာလှုံခဲ့တာရော မဖြစ်နိုင်ဘူးလား'

'မဖြစ်နိုင်ဘူး၊ ပင်လယ်ကမ်းစပ်မှာ အင်္ကျီလက်ရှည်ဝတ်ပြီး နေပူဆာလှုံပါ့မလား၊ ယူ့လက်တွေမှာ လက်ဖမိုးနဲ့ လက်ချောင်းတွေကညိုပြီး လက်ဖျံပိုင်းက ဖြူနေတယ်၊ ဒါကြောင့် အင်္ကျီလက်ရှည်ဝတ်ခဲ့တယ်ဆိုတာ သိသာတယ်၊ ပြီးတော့ ယူ့မျက်နှာက အသားအရောင်ကလည်း ပင်ကိုရှိသင့်တာထက် နည်းနည်းလေးအညိုဘက်သန်းနေတယ်၊ ယူ့ပုံစံက နေပူ



စပ်ခါးထဲမှာ အလုပ်လုပ်ရမယ့်လူမျိုးမဟုတ်ဘူး၊ နေရောင် မထိမဖြစ်လို့သာကိုး၊ အဲဒီလိုနေရာမျိုးက အညာအရပ်ဒေသပဲ ရှိတယ် မဟုတ်လား'

'တော်ပါပေရဲ့ဗျာ၊ ဆားပုလင်းနှင်းမေဆိုတာ မှတ်တယ်'

'မဟုတ်ဘူးရှင့်၊ စီအိုင်ဒီက ကြည်မာခင်ဆိုတာ တို့ရဲ့ကြီးတော်ပဲ'

နှစ်ယောက်ပြိုင်တူ ရယ်လိုက်ကြသည်။ ထိုအခိုက်အတန့်ကစ၍ ရင်းနှီးကျွမ်းဝင်မှုသည် စတင်အကျိုးသက်ရောက်သည်ဟု ယူဆရသည်။

'ကဲပါ… ယူ့အကြောင်း အကဲခတ်မိသလောက် ဆက်ပြောနေရရင် ဝမ်းတွင်းစုန်းလို့ ယိုးစွပ်နေပါဦးမယ်'

စားပွဲထိုးကလေးက မုန့်နှင့်အအေးဖန်ခွက်များ လာချပေးသည်။ နေမင်းမောင်က မုန့်ပန်းကန်ကို ခင်ရင်တင်ဘက် တိုးပေးလိုက်ပြီး…

'စားလိုက်ပါဦး၊ ခင်မင်သိကျွမ်းရတဲ့ အထိမ်းအမှတ်ပေါ့'

ခင်ရင်တင်က မုန့်တစ်ခုယူ၍ မြှောက်ပြပြီး…

'ဂလက်တူ ဆီးယူ'

နေမင်းမောင်ကလည်း မုန့်တစ်ခုကို ကောက်ယူလိုက်၏။ ခင်ရင်တင်က အရက်ဝိုင်းတွေမှာလို ဖန်ခွက်ချင်းထိပြီး ကောင်းချီးပေးသလို နေမင်းမောင်လက်ထဲက မုန့်ကို သူ့မုန့်နှင့် လှမ်းထိလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်သည် လျှပ်လိုက်ပစ္စည်းမဟုတ်။ သို့တိုင်အောင် ပေါင်မုန့်ချင်းထိသည့်အခါ အသားချင်းထိလိုက်ရသလို ရှိန်းခနဲဖိန်းခနဲ ဖြစ်သွား၏။

* * *

ကျော်နန္ဒသည် စကားတစ်ခွန်းပြောလိုက်၊ ခေါင်းခါလိုက် လုပ်နေ၏။

'ငါကွာ… ဒီကောင် ဒုက္ခရောက်မှာစိုးလို့ ကြိုတင်ပြီး သတိပေးထားကာမှ လက်တို့လိုက်သလို ဖြစ်သွားတယ်၊ အရေးထဲ ခင်ရင်တင်က ဒီကောင့်ကို မျက်စိကျပြီး လာနှုတ်ဆက်လိုက်တော့ လင်းတက ကောက်ကောက်ပါအောင် လိုက်သွားတော့တာပဲ'

သူ့ပုံစံမှာ သေသေချာချာစောင့်ကြည့်နေသည့်ကြားက မင်းသမီးလေးပျောက်သွားသဖြင့် ဗျာများနေသော အထိန်းတော်ကြီးလိုဖြစ်နေ၏။

'တို့ဆေးတွေ ဘာတွေရှိတယ်ဆိုတာ ယုံရမလို ဖြစ်နေပြီကွ၊ ဒါတောင် ဟိုက လက်ဖျားနဲ့တောင် တို့သေးတာ မဟုတ်ဘူး၊ မင်းတို့ မြင်စေချင်တယ်၊ ဒီကောင်ဖြစ်နေပုံကို မျက်လုံးကြီးကြောင်ပြီး ခင်ရင်တင်ကို ငေးကြည့်နေတာ၊ အဲဒီအချိန်မှာ ခင်ရင်တင်က ရှင့်လက်က နာရီ ချွတ်ပေးစမ်းပါဆိုရင်တောင် နာခံမယ့်ပုံမျိုးပဲကွ'

'မင်းဆွဲကြိုးပါ အဆစ်ပါမသွားတာ ကံကောင်းလို့လို့ ဆိုရမှာပေါ့'



ဖိုးဇော်က ဝင်ပြောသည်။ ကိုရဲကလည်း…

'မင်းကလည်း မင်းပဲ၊ ဘာမှမပြောဘဲ ထားလိုက်ရင်ပြီးရော၊ အခုတော့ မင်းလုပ်ပုံက ကြောင်လွန်းတယ်၊ ဗီဒီယိုအခွေတွေ ဘာတွေ ပြပြီးတော့မှ သတိပေးစကားပြောတယ်ဆိုတော့ ကလေးတစ်ယောက်ကို ရေခဲမုန့်ဆိုင်အထိ တကူးတကနဲ့ ခေါ်သွားပြီးမှ သေသေချာချာ လက်ညှိုးထိုးပြပြီး အဲဒီရေခဲမုန့်နဲ့ မတည့်ဘူး၊ ချောင်းဆိုးလိမ့်မယ်လို့ ပြောသလိုဖြစ်နေပြီ'

'အေးကွ၊ လူဆိုတာက မကြည့်ပါနဲ့ဆိုရင် ပိုပြီးကြည့်ချင်တယ်၊ မလုပ်ပါနဲ့ဆိုရင် ပိုပြီး စမ်းကြည့်ချင်တာ သဘာဝပဲကွ'

ကျော်နန္ဒက ခေါင်းကုတ်ပြီး…

'ငါကလည်း စိုးရိမ်လို့ပါကွ၊ ဒီကောင်က ရုပ်ဖြောင့်တယ် မဟုတ်လား၊ မတော်တဆ ခင်ရင်တင်နဲ့ဆုံမိရင် ဟိုကအမိဖမ်းလိုက်မှာစိုးလို့ ကြိုပြီးသတိပေးမိတာပါကွာ'

'မင်းသတိပေးလိုက်လို့ အခုတော့ ပိုပြီးမြန်မြန်ဆန်ဆန်ငြိသွားပြီပေါ့ကွာ'

'ဘာပဲဖြစ်ဖြစ် ဒီကောင့်ကိုတော့ ရအောင် ထိန်းရမှာပဲ'

'ဒီကောင့်အကြောင်းလည်း မင်းသိသားပဲ၊ သူလုပ်ချင်တာဆိုရင် ဘယ်တုန်းက တားလို့ရဖူးလို့လဲ၊ ဆယ်တန်းတုန်းကတည်းက ပေါင်းလာတဲ့သူငယ်ချင်းတွေပဲကွာ'

ထိုစဉ် သူတို့ဆီသို့ နေမင်းမောင်လျှောက်လာနေတာ တွေ့ရ၏။ ကျော်နန္ဒက ဟိုနှစ်ကောင်ကို လက်ကုတ်ပြီးပြသည်။

နေမင်းမောင်လျှောက်လာနေပုံမှာ ကမင်တကာ စတိုင်ထုတ်လာမှန်း သိသာ၏။ မြောက်ကြွမြောက်ကြွဖြစ်နေ၏။

www.burmeseclassic.com



'ဟောကောင်… ဖနောင့်သံရှုးလာလို့လား'

ကိုရဲက စပြီး နှိပ်ကွပ်သည်။ ဖိုးဇော်ကလည်း…

'ဒီနားမှာ ချေးခြောက်တွေ ဘာတွေရှိရင် ဖုံးဖိထားကွ၊ တော်ကြာ ဒီကောင် ကောက်စားနေဦးမယ်'

နေမင်းမောင်က သူတို့ပြောတာကိုဂရုမစိုက်။ ကျော်နန္ဒ ပခုံးကို ပုတ်ပြီး…

'ဒီမှာ ကျော်နန္ဒ မင်းပြောတော့ ခင်ရင်တင်နဲ့ တစ်ခါ စကားပြောဖူးရင် နောက်တစ်ခါ မပြောဘဲ မနေနိုင်ဘူးဆို၊ မင်းစကားမှားနေပြီ'

'ဘာ မှားတာလဲ၊ တစ်ခါတည်းနဲ့ ယေန်လာခဲ့ပြီမဟုတ် လား'

'မဟုတ်ဘူး၊ သူနဲ့ တစ်ခါစကားပြောဖူးတာနဲ့ တစ် သက်လုံး စွဲလမ်းသွားရောလို့ မင်းပြောသင့်တာ'

'သွားပါပြီကွာ၊ အရှုးကို ဘီယာတိုက်မိသလိုဖြစ်နေပြီ၊ ပုလင်းမြင်တိုင်း လက်ညှိုးထိုးနေတော့မှာပဲ'

နေမင်းမောင်က ပြုံးပြီးခေါင်းတညိတ်ညိတ်လုပ်ရင်း ပြန်ပြောသည်။

'အေး…ဟုတ်တယ်၊ သူက ဘီယာပုလင်းဆိုရင် ငါက ဖန်ခွက်၊ သူက စီးကရက်ဆိုရင် ငါက မီးခြစ်ကလေး၊ ပြီး တော့…'

'သူက အိမ်သာဆိုရင် မင်းက ချေးကုံးစက္ကူ'

ကျော်နန္ဒက ခပ်ချဉ်ချဉ်ရှိသဖြင့် သိပ်ထည့်လိုက်၏။ နေမင်းမောင်က နာပုံမပေါ်။



'မင်း တော်တော်ခက်သေးတယ် ကျော်နန္ဒ'

'မင်းက ခက်နေတာ၊ ခင်ရင်တင်က တခြားကောင် တွေနဲ့ တွဲရတာ ငြီးငွေ့နေတဲ့အချိန်မှာ မင်းကိုတွေ့လိုက်တော့ အသစ်အဆန်းသဘောမျိုး အပျင်းပြေ တွဲလိုက်တာကွ၊ လက် ဖက်ရည်ဆိုင်အသစ်ဖွင့်လို့ ဘယ်လိုနေလဲ မြည်းစမ်းကြည့်တဲ့ သဘောပဲ'

'မင်းပြောသလောက် မဟုတ်ပါဘူးကွာ၊ ဖြစ်နိုင်တာ က တခြားကောင်တွေက သူနဲ့ဉာဏ်ရည်ချင်းမယှဉ်နိုင်လို့ ခါခါ ထုတ်ခံနေရတာပါ၊ ငါက အဲဒါမျိုးမဟုတ်ဘူး၊ သူက ငါ့ကို အိုင်ကျူအဆင့်မြင့်တယ်လို့တောင် ပြောလိုက်သေးတယ်'

ကျော်နန္ဒက ရှုံ့မဲ့လိုက်ပြီး…

'မြှောက်ပေးတိုင်း အကောင်းမှတ်မနေနဲ့၊ အဲဒါ မင်းကို ဖြားယောင်းသိမ်းသွင်းနေတာ၊ ဒီမှာ ဟေ့ကောင်… လူတစ် ယောက်ဟာ မြေကြီးပေါ်မှာ ခိုင်ခိုင်မာမာရပ်နေတဲ့အခါထက် မြှောက်ပေးလို့ အောက်ခြေလွတ်သွားတဲ့အခါ ရိုက်လှဲချဖို့ ပို လွယ်တယ်ကွ၊ မှတ်ထား'

နေမင်းမောင်က မခိုးမခန့်ရယ်လိုက်သည်။ ပြီးတော့-

'ငါကလည်း ကျရင်တောင်မှ သူ့ရင်ခွင်ထဲပဲ လှဲချမယ့် ကောင်မျိုးကွ'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ခင်ရင်တင့်အကြောင်းကို အသေးစိတ်ပြန်စဉ်းစားသုံးသပ်ကြည့်သည်။ ရုပ်ရည်ကစပြီး ဆန်းစစ်ကြည့်၏။ သူ လှတယ်ဆိုတာကတော့ ပြောဖို့ပင် မလို။ ဘယ်လိုလှသလဲဆိုတာသာ ခွဲခြမ်းစိတ်ဖြာကြည့်ရမည်။

မိန်းကလေးတွေအဖို့ လှတယ်ဆိုတာ ဘာမှမဆန်း။ အတော်များများက လှကြတာချည်းပဲဖြစ်၏။ သိပ်မလှရင်တောင် လှလာအောင်၊ လှရင်လည်း ပိုလှလာအောင် ပြုပြင်မွမ်းမံနိုင်သည့် နည်းလမ်းတွေက စုံလှသည်။

အရေးကြီးတာက လှခြင်းနှင့် စွဲမက်စရာကောင်းခြင်းတို့ မတူသည့်အကြောင်းပင်ဖြစ်၏။ မယ်စကြာဝဠာတစ်ယောက်သည် ကမ္ဘာပေါ်မှာ အလှဆုံးဖြစ်ကောင်းဖြစ်မည်။ စွဲမက်စရာအကောင်းဆုံးကတော့ ဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။

ရုပ်ရှင်မင်းသမီးတွေကို ကြည့်လျှင် သိသာနိုင်၏။ ရုပ်ရှင်မင်းသမီး အတော်များများမှာ အလှဆုံးစာရင်းဝင်တွေ



မဟုတ်ကြ။ သို့ရာတွင် သူတို့မှာ စွဲမက်နှစ်သက်စရာကောင်းသော အချက်တွေ ရှိနေကြသည်။ မျက်လုံးကြောင့်၊ နှုတ်ခမ်းကြောင့်၊ အပြုံးကြောင့် စသည်ဖြင့်။ တချို့ကျတော့လည်း ဘာမှထူးထူးခြားခြား ပြောလောက်စရာ အလှအပမျိုး မရှိသော်လည်း လူအများ၏သဘောကျနှစ်သက်ခြင်းကို ခံရသည်။ ဒါကို 'စန်း' ဟု တချို့က ဆိုကြ၏။

တကယ်တော့ 'စန်း'ဆိုသည်မှာ မိန်းကလေးတစ်ယောက်အတွက် ရတောင့်ရခဲသောအရာဖြစ်၏။ ပါရမီကြောင့် ကုသိုလ်ကံကြောင့်သာ ဖြစ်ပေါ်လာသောအရာလည်း ဖြစ်၏။ လျှို့ဝှက်နက်နဲသောအရာတစ်ခုလည်း ဖြစ်၏။

ဒါဆိုရင် ခင်ရင်တင်ကရော…

သူ့အဖို့တော့ အလှဆိုသောအရာ၊ 'စန်း'ဆိုသောအရာသည် ရပိုင်ခွင့်တစ်ခုလို မွေးကတည်းက တွဲလျက်ပါလာခဲ့ဟန်တူလေသည်။

သူ့အရပ်အမောင်းက မိန်းကလေးတွေထဲမှာ ရှားပါးသော အရပ်မျိုးဖြစ်၏။ နေမင်းမောင်အရပ်က ငါးပေရှစ်လက်မရှိသည်။ နှစ်ယောက်ယှဉ်လျှောက်ရင် မသိမသာမှန်းကြည့်တော့ မတိမ်းမယိမ်းရှိကြောင်း တွေ့ရသည်။ ခင်ရင်တင် ဒေါက်မြင့်ဖိနပ်က နေမင်းမောင်ဖိနပ်ထက် လက်မအနည်းငယ်ပိုထူတာကိုနုတ်လျှင် ခင်ရင်တင်သည် အနည်းဆုံး ငါးပေငါးလက်မရှိရမည်။

ထို့ကြောင့် တော်ရုံတန်ရုံယောကျ်ားလေးတွေဆို သူက မျက်လုံးအနည်းငယ်စိုက်ပြီး အပေါ်စီးက ကြည့်ခွင့်ရနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရပ်ချင်းမယှဉ်သာလို့ သူ့နား မကပ်ရဲသူတွေ ရှိနေလို့သာ တော်တော့သည်။ ဒီလိုသာမဟုတ်လျှင် လှေလှာရေးခရီးထွက်ကြရာမှ ဆရာမသွားရာနောက် တကောက်ကောက်လိုက်နေကြသော ကျောင်းသားငယ်လေးတွေလို ဖြစ်နေတော့မှာသေချာသည်။

တချို့မိန်းကလေးတွေဆို အရပ်မြင့်သော်လည်း ကိုယ်လုံးက ပြားချပ်ချပ်ဖြစ်နေသောကြောင့် ကလန်ကလားနှင့် ကြည့်ရဆိုးသည်။ တချို့ကျတော့လည်း အရပ်မြင့်ရတဲ့အထဲ ကိုယ်လုံးက တုတ်တုတ်ခိုင်ခိုင်ကြ  သိုတော့ အမေဖုံတောထဲက မိန်းမရိုင်းကြီးတွေလို ဖြစ်နေတတ်၏။

သူ့ကျတော့ ဒီလိုမဟုတ်။ အရပ်အမောင်းနှင့်လိုက်ဖက်သော ကိုယ်လုံးကိုယ်ထည်ရှိသည်။ ဒီလိုဖြစ်အောင်လည်း ဧနစ်တကျ လေ့ကျင့်ထားပုံရသည်။ ခပ်လှမ်းလှမ်းမှ ရုတ်တရက်ကြည့်လျှင် အရပ်မြင့်လွန်းလှချေရဲ့ဟု မထင်ရ၊ အနားရောက်မှထင်တာထက် နှစ်လက်မ၊ သုံးလက်မ ပိုစာနေကြောင်း တွေ့ရသည်။

သူက အဝတ်အစားကိုလည်း သူနှင့်လိုက်အောင် ရွေးတတ်သည်။ ကိုယ်လုံးအလှကိုပေါ်လွင်စေသည့် ချပ်ချပ်ရပ်ရပ်ရှိသော အင်္ကျီနှင့် အသားခပ်ပျော့ပျော့ထဘီကို ဝတ်ထားခဲ့၏။ ထူးခြားချက်ကတော့ သူသည် ကိုယ်လုံးအလှပေါ်အောင် ဝတ်ဆင်ခြင်းသာဖြစ်၏။ အသားပေါ်အောင် ဝတ်ခြင်းမဟုတ်၊ သူ့အင်္ကျီက ရင်စေ့ဖြစ်သည်။ လည်ပင်း၏အောက် လုံးဝမမြင်ရအောင် စေ့ထားသည်။ ဒါကိုက ပညာသားပါခြင်းဖြစ်၏။



သူ့ခန္ဓာကိုယ်အချိုးအစားမှာ လှပြီးသားဖြစ်၏။ ဘာမှ ဖွင့်လှစ်ပြနေစရာ မလို။ လုံခြုံစွာဝတ်ထားသော အဝတ်အစားများအောက်မှာ နှစ်သက်စွဲမက်စရာ အသားစိုင်များရှိနေကြောင်း ကျိန်းသေသိနေသည်။ သို့ရာတွင် တတ်နိုင်သမျှ မြင်ခွင့်မရအောင် ဖုံးကွယ်ထားသည်။ သိသိကြီးနှင့် မမြင်ရသောအခါ စိတ်ဝင်စားမှုအရှိန်ကို ပိုတက်စေလေသည်။

သူလမ်းလျှောက်သည့်အခါ သူများတွေလို မျဉ်းဖြိုင်နှစ်ကြောင်းပေါ်မှာ ခြေနှစ်ချောင်းကိုချပြီး လျှောက်သလိုမျိုးမဟုတ်။ ခြေနှစ်ဖက်စလုံးကို မျဉ်းဖြောင့်တစ်ကြောင်းတည်းပေါ်ကျအောင် လျှောက်ခြင်းဖြစ်၏။ နဂိုကတည်းက ဒီလိုပဲလျှောက်သလား၊ တမင်လေ့ကျင့်ထားသလားတော့ မသိ။

ပြီးတော့ ခြေလှမ်းသည့်အခါ ဒူးကို သိပ်မကွေးဘဲ တစ်ဖြောင့်တည်း ထားတတ်သည်။ ရုပ်ရှင်ထဲမှာ နာဇီဂျာမန်စစ်သားတွေ စစ်ရေးပြချီတက်တာ တွေ့ဖူးသည်။ ခြေထောက်ကို တစ်ဖြောင့်တည်းထားပြီး လွှဲလွှဲလျှောက်ကြသည်။ ကြည့်ရတာ မာန်ပါပြီး တော်တော်ကြောက်စရာကောင်းမယ့်လူတွေဟုထင်စရာဖြစ်၏။

ရင်တင်လျှောက်ပုံက သူတို့လို ဆတ်တောက်တောက် တင်းတင်းမာမာကြီးမဟုတ်။ ညင်ညင်သာသာကလေးလှမ်းခြင်းသာဖြစ်၏။ ခြေတစ်လှမ်း လှမ်းလိုက်သည့်အခါတိုင်းပိုးသားလို၊ ဖဲသားလို ထဘီက ရှိုခနဲ ရှိုခနဲမြည်သွားသည်ဟုထင်ရသည်။ သူလမ်းလျှောက်တာ တစ်ခုတည်းကို ကြည့်ချင်

www.burmeseclassic.com

www.burmeseclassic.com



လို့ တမင်သက်သက်ကို လာစောင့်သူတွေတောင် ရှိသည်ဟု သိရ၏။

သူ့အသားသည် ဖြူလည်း မဖြူ၊ ညိုလည်း မညို၊ အသားဝါဟူ၍လည်း တိတိကျကျဆိုလို့ မရ။ အဝေးက ကြည့်လျှင် ညိုသယောင်ယောင် ထင်ရသော်လည်း အနီးကပ်ကြည့်သောအခါ ညိုတာမဟုတ်။ အရိပ်ထဲမှာ ရှိနေသည့်အခါ စိမ်းဖန့်ဖန့်ဖြစ်ပြီး အလင်းရောင်အောက်မှာကျတော့ ဝါညက်ညက်ဖြစ်နေပြန်၏။

သူ့အသားအရေက အင်မတန်နူးညံ့လိမ့်မည်ဆိုတာကတော့ ကိုင်မကြည့်ဘဲ သိနေ၏။ ပိုးဖဲကတ္တီပါတို့မည်သည် ကိုင်မကြည့်သော်လည်း မြင်ရုံနှင့် နူးညံ့မှန်းသိသာသကဲ့သို့။

သူ့မျက်နှာက သွယ်သည်ဟု ထင်ရသော်လည်း တိကျပြတ်သားသော မေးရိုးများ ရှိနေသည်။ ထို့ကြောင့် စိတ်ခက်ကြွံနိုင်ကြောင်း သိသာ၏။

ဆံပင်ကို ခါးလယ်လောက်မှာ တိတိရိရိဖြတ်ထားသည်။ အဖျားပိုင်းမှာပင် တူထပ်သန်စွမ်းနေတာ တွေ့ရသောကြောင့် မဖြတ်ဘဲထားလျှင် နောက်တစ်ပြန်လောက် ရှည်နိုင်သေးသည်ဟု ခန့်မှန်းရသည်။

မျက်ခုံးက မထူမပါး။ သူ့အရပ်အမောင်းနှင့်စာလျှင် နှာတံက မပေါ်လွင်လှသယောင် ထင်ရ၏။ နှုတ်ခမ်းက ပါးပါးလျားလျား။ ဒီအတိုင်းကြည့်လျှင် သာမန်နှုတ်ခမ်းမျိုးသာဖြစ်၏။ စကားပြောဖို့ လှုပ်ရှားလိုက်ပြီဆိုတာနဲ့ လိပ်ပြာလေးတစ်ကောင်လို အသက်ဝင်လာတော့သည်။



သူ့မျက်လုံးက အညိုရောင်။ အဖိုးတန်ကျောက်မျက်ရတနာတစ်ခုသည် သူ့အရှယ်နှင့်မမျှသော အလင်းရောင်တွေကို စုပ်ယူထားနိုင်စွမ်းရှိသည်ဟု ကြားဖူး၏။ ခုလည်း ဒီအတိုင်းပဲ။ ထို့အတူ သူက စူးစူးစိုက်စိုက်ကြည့်လိုက်သောအခါမှာလည်း တစ်ဖက်သား၏ခန္ဓာကိုယ်ကို ထွင်းဖောက်သွားနိုင်လောက်အောင် စွမ်းအားအပြည့်ရှိသည်ဟု ယူဆရ၏။ သူများတကာက ကိုယ့်အကြည့်ကို စူးစေချင်လျှင် မျက်လုံးကို ပြူးပြရသည်။ သူ့ကျတော့ မျက်လုံးကို မှေးလိုက်ကာမှ ပိုပြီး စူးရှတောက်ပြောင်လာတတ်သည်။ စွမ်းအင်တွေကို ညှစ်ထုတ်လိုက်သည့်သဘောလား မသိ။

အထူးသဖြင့်တော့ ထိုမျက်လုံးကို မှေးပြီး နှုတ်ခမ်းကလေးကို စူ၍ 'ဘယ့်နှယ်လဲ' ဆိုသောဟန်ပန်ကို လုပ်ပြလိုက်သည့်အခါတွင် ဟစ်တလာလိုလူမျိုးတောင် စစ်ဆန့်ကျင်ရေးသမားဖြစ်သွားအောင် ဆွဲဆောင်နိုင်မည့်အစွမ်းရှိလိမ့်မည်ဟု မျှော်လင့်ရ၏။

တစ်ခါလောက်တွေ့ဆုံဖူးရုံနှင့် ခင်ရင်တင်နှင့် ပတ်သက်ပြီး ဒီလောက်တောင် အသေးစိတ် မှတ်မိသိရှိနေခြင်းအတွက် နေမင်းမောင် သူ့ကိုယ်သူ အံ့ဩရ၏။ အပြစ်တော့ မတင်မိ။ ခင်ရင်တင်၏ လက်ချောင်းများပေါ်က မွေးညင်းကလေးတွေက ဘယ်ဘက်ကိုယိုင်လဲနေသလား၊ ညာဘက်ကိုယိုင်လဲနေသလားဆိုတာ သတိပြုမှတ်သားခြင်း မပြုခဲ့သည့်အတွက်တောင်မှ မချင့်မရဲဖြစ်ရသေး၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက် ငယ်သံပါအောင် အော်ငိုလိုက်ပုံနှင့် တူသော မော်တော်ကားစက်သံကို ကြားရသောအခါ ဦးစန်းလှိုင် ပြန်လာပြီဖြစ်ကြောင်း သိလိုက်ရ၏။

ဦးစန်းလှိုင်စီးနေသောကားမှာ ရုံးက ပေးထားသည့် မာဒေါ်ဘီခြောက်ရာ လေးဘီးကားကလေးဖြစ်၏။ အင်ဂျင်က တော်တော်ကျနေပြီဖြစ်သောကြောင့် အိမ်ဝင်းထဲအဝင် ကုန်းတက်ကလေးကိုပင် အကော်ကြိုးစားရုန်းကန်တက်ရရှာသည်။ စက်သံကလည်း ဘယ်လောက်ဆူညံသလဲဆိုလျှင် ကုန်းကို စတက်ပြီဆိုတာနဲ့ အိမ်ထဲက တီဗွီများ အစက်အပြောက်အစင်းကြောင်းတွေ ထင်လာတတ်သည်။ ကားစက်သံတုန်ခါမှုက ရုပ်သံလွှင့်လှိုင်းတွေကို အနှောင့်အယှက်ပေးတတ်သောကြောင့်ဖြစ်၏။

ထို့ကြောင့် ဦးစန်းလှိုင် ပြန်လာပြီဖြစ်ကြောင်း တီဗွီကြည့်ရင်းကတောင် သိနိုင်သေးသည်။ နိုင်ငံခြားမှာလို ခြံဝမှာ ကားရပ်လျှင် အလိုအလျောက် အချက်ပေးခေါင်းလောင်းမြည်တာမျိုး ဗွီဒီယိုကင်မရာမှတစ်ဆင့် စောင့်ကြည့်ရတာမျိုးတောင် လုပ်နေစရာမလို။

ဒေါ်တင်မိမိကဆိုလျှင် ထိုလေးဘီးကားကလေးကို စီးမိသည့်အခါတိုင်း 'ရှင့်ကားစက်သံကလည်း မယားငယ်သံကျနေတာပဲ' ဟု မှတ်ချက်ပေးလေ့ရှိ၏။

ဦးစန်းလှိုင်ကတော့ ဒီကားကလေးကိုပင် မက်မက်မောမော စီးလေ့ရှိ၏။ ရုံးကားဆိုတော့ ပြင်ဆင်စရိတ်လည်းမကုန်။ ဓာတ်ဆီဖိုးလည်းမကုန်။ ဆီစားကလည်း အလွန်သက်သာ



သည်။ သေးသေးကွေးကွေးဆိုတော့ မောင်းရတာလည်း လွယ်သည်။ သိပ်မြန်မြန်မောင်းလို့တော့ မရသောကြောင့် အန္တရာယ်လည်းကင်းသည်။ အထူးသဖြင့် ဒေါ်တင်မိမိက ဒီကားကို စတိုင်ပွဲတယ်ဆိုပြီး သိပ်စီးချင်စိတ်မရှိသဖြင့် ဟိုလိုက်ပို့၊ ဒီလိုက်ပို့လုပ်ရ သက်သာသွားခြင်းသည် အဓိကကောင်းကွက်ဖြစ်၏။

ဒီနေ့ည ဦးစန်းလှိုင် အိမ်ပြန်နောက်ကျသည်။ နည်းနည်းလည်း ထွေလာ၏။ သူ့ကို ကြံဖန်အပြစ်ပြောမည်ဆိုလျှင် ဒီတစ်ခုတော့ ရှိ၏။ သူက ဘီယာကြိုက်တတ်သည်။ အခါအားလျော်စွာ ဘီယာဆိုင်ထိုင်တတ်သည်။ ဒေါ်တင်မိမိကို ကြောက်သဖြင့် နေ့တိုင်းတော့ မသောက်ဖြစ်။ များသောအားဖြင့် ကျေးဇူးသိတတ်သူတွေက ကျွေးမွေးဧည့်ခံသောအခါမျိုးမှာမှ ဝအောင်သောက်ရလေ့ရှိ၏။

သူ အိမ်ထဲဝင်လာသောအခါ ဒေါ်တင်မိမိက လက်ဆွဲအိတ်ကို ပြေး၍ ကူဆွဲလိမ့်မည်ထင်လျှင် မှားလိမ့်မည်။ စောစောတုန်းက အိမ်ရှေ့ခန်းမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်လိုက်၊ အပေါက်ဝမျှော်ကြည့်လိုက်လုပ်ခဲ့သော်လည်း ကားသံကြားသောအခါ အိမ်အပေါ်ထပ် အသာပြန်တက်သွား၏။ လှေကားတစ်ဝက်လောက်မှာ စောင့်နေပြီး ခုမှဆင်းလာဟန် ပြုသည်။

'မူးလာပြီ မဟုတ်လား'

လှေကားသုံးထစ်လောက်အလိုမှာ လှမ်းပြောသည်။ ဒါမှ အပေါ်စီးက ကြည့်လို့ရမှာကိုး။

'နည်းနည်းပါးပါးပါကွာ၊ ဘီယာ နှစ်လုံး သုံးလုံး သောက်လာခဲ့တာပါ'

www.burmeseclassic.com

www.burmeseclassic.com



ဦးစန်းလှိုင်က ပြန်ဖြေသည်။ စကားနည်းနည်းလေး ရုံသာရှိ ယိုင်နဲ့ခြင်းမရှိ။ ခြေလှမ်းမှန်မှန်လျှောက်နိုင်သည်။ ဒေါ်တင်မိမိက လှေကားပေါ်မှဆင်းပြီး လျှောက်လာသည်။

'သိပ်ဖိမ်ကျခဲ့တာပေါ့လေ'

'မင်းကလည်းကွာ၊ ကိုယ့်ပိုက်ဆံကုန်တာမှမဟုတ်ဘဲ၊ သူတို့က ပြုစုပါရစေဆိုပြီး ခေါ်လို့ လိုက်သွားတာပဲဟာ၊ မင်းဆီကိုတောင် အပြန်နောက်ကျမယ်လို့ ဖုန်းဆက်သေးတာပဲ'

'အဲဒီပိုင်းအတွက် သူတို့ ဘယ်လောက်ရှင်းလိုက်ရသလဲ'

ဦးစန်းလှိုင်က ဆံပင်ကိုပွတ်ရင်း...

'အတိအကျတော့ မသိဘူး၊ ရှစ်ထောင်၊ ကိုးထောင် လောက်တော့ ရှိမှာပေါ့'

'ကြည့်စမ်း... ဒါ နည်းတဲ့ငွေလား'

'ဟ...ဒါ ကိုယ်ပေးရတာမှမဟုတ်တာ၊ မင်းကလည်း ကြားထဲက ဝင်နှမြောနေပြန်ပြီ'

ဒေါ်တင်မိမိက ဒီလောက်တောင် အကင်းမပါးရ ကောင်းလားဆိုသော လေသံဖြင့်...

'ကိုယ်မပေးရသလို အဲဒီပိုက်ဆံ ကိုယ်လည်းမရခဲ့ဘူး မဟုတ်လား'

'ဟေ... ဘယ်လို၊ မင်းပြောတာ မရှင်းဘူး'

ဒေါ်တင်မိမိ အံကြိတ်ရင်း...

'ရှင်တော်တော် နုံသေးတယ်၊ သူတို့က ကျွေးမွေးပါရစေ၊ ပြုစုပါရစေပြောတဲ့အခါ ကျန်းမာရေးအရ အရက်ဖြတ်



ထားတယ်၊ ဘာညာပြောရမှာပေါ့'

'ဘာဆိုင်လို့ပြောရမှာလဲကွ၊ ဟုတ်မှမဟုတ်တာဘဲ'

'ဒီလောက်မှ ဦးနှောက်က မသွားဘူးလား၊ အဲဒီလို ပြောပြီးတော့မှ အိမ်မှာ တရားခွေလေးဘာလေး ပြန်နားထောင်ဦးမယ်လို့ ပြော၊ တစ်ဆက်တည်းမှာပဲ အိမ်က ကက်ဆက်ကလည်းဗျာ အရေးထဲပျက်နေသေးတယ်၊ ဘယ်မှာပြင်ရင်ကောင်းမလဲဆိုတာမျိုးတွေ ပြောရမှာပေါ့၊ ဒါဆို သူတို့ သဘောမပေါက်ဘဲ ဘယ်နေမလဲ၊ တစ်သောင်းကျော်ကျော်လောက်ဆို ကက်ဆက်ကောင်းကောင်းတစ်လုံး ရတာပဲ'

'ဟာ... မင်းပြောသလို စကားလမ်းကြောင်းတာမျိုး ငါ မပြောတတ်ဘူး'

'မပြောတတ်တော့ အခု ဘာမှမရဘူးပေါ့၊ သူတို့အဖို့ကတော့ ပိုက်ဆံကုန်မှာက ကုန်မှာပဲ၊ ရှင်သာ အခေါ်အပြောတတ်ရင် ကျုပ်တို့ ပစ္စည်းတစ်ခု အဖတ်တင်တာပေါ့၊ ခုတော့ စားသောက်ဆိုင်မှာ အလဟဿသွားဖြုန်းပစ်တယ်'

'ဟာကွာ၊ ငါနဲ့ မဖြစ်ပါဘူး'

'ရှင်နဲ့ ကျုပ်နဲ့ နေရာချင်းသာ လဲလိုက်ချင်တယ်'

'ဘယ်ဖြစ်မလဲကွ၊ မင်းမှ ဘီယာမသောက်တတ်တာ'

ဦးစန်းလှိုင်က နည်းနည်းပေါ့သွားရန် အရွှန်းအပြက်ဖောက်ကြည့်သည် မရ။

'ဘာဆိုင်လို့လဲ၊ ဟင်း... တကယ့်ကို မတတ်သာလို့ စားသောက်ဆိုင်လိုက်သွားရရင်လည်း ပြန်ခါနီးတော့ အခုလို အစားကောင်းလေးစားရတော့ မိန်းမကို သတိရတယ်ဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မိန်းမက ကြက်ကောင်ပံခရုဆီကို သိပ်ကြိုက်တာဆိုတာ မျိုးလောက်တော့ ပြောသင့်တာပေါ့'

'ဟာကွာ… ရှက်စရာကြီး'

ဦးစန်းလှိုင်က ရှောင်ထွက်မည့်အကြံနှင့် ပြောရင်းဆိုရင်း ခြေတစ်လှမ်း လှမ်းသည်။ ဒေါ်တင်မိမိကလည်း ဘေးကို နည်းနည်းရွှေ့ပြီး ကာလိုက်၏။

'ဒီမှာ ရှင်ကလည်း အဲဒီစားသောက်ဆိုင်တွေကို သွားချင်ချင် ဖြစ်နေတာမဟုတ်လား'

ဒုတိယထိုးစစ်က နည်းနည်းပိုပြင်းမလားမသိဘူးဟု တွေးရင်း…

'မဟုတ်ပါဘူးကွာ'

'ဘာမဟုတ်ရမှာလဲ၊ ဘီယာလေးသောက်လိုက်၊ အစားကောင်းလေး စားလိုက်၊ ကာရာအိုကေ နားထောင်လိုက်၊ အဆိုတော်ကောင်မလေးတွေကို ပန်းကုံးစွပ်လိုက် သိပ်ကျေနပ်သာယာခဲ့မှာပေါ့'

'ဟာ… မင်းကလည်း'

'မဟုတ်ဘူးလား၊ ရှင့်အကြောင်း မသိရင် ခက်မယ်၊ အခုတောင် မျက်နှာကြီးက နီရဲနေတုန်းပဲ၊ ဒီမှာ ခုတလော ရှင့်ခြေလှမ်းတွေ မမှန်ဘူး၊ ရုတ်ရုတ် ရုတ်ရုတ်လုပ်မယ်တော့ မကြံနဲ့၊ ကျုပ်အကြောင်း သိတယ်မဟုတ်လား'

ဒူးကလေးညွှတ်ပြီး ပန်းကုံးအစွပ်ခံတဲ့ ကောင်မလေးရဲ့ မျက်နှာလေးနဲ့တော့ ကွာပါ့ကွာဟု စိတ်ထဲက တွေးသော်လည်း



မှတ်ကတော့ 'အေးပါကွာ၊ သိပါတယ်'ဟု လေသံပျော့ပျော့နှင့် ပြောလိုက်၏။

'ဒါဆို… ဒီနေ့ကစပြီး ရှင့်အချိုးကို ပြင်၊ ဒါပဲ'

ဒေါ်တင်မိမိက ပြောပြီး လှေကားပေါ်ပြန်တက်သွားသည်။ ဦးစန်းလှိုင် သက်ပြင်းတစ်ချက်ဟူးခနဲ မှုတ်ထုတ်လိုက်စဉ် အိမ်ရှေ့သံပန်းတံခါးဖွင့်သံ ကြားရသည်။ ကြော်ငြာသီချင်းတစ်ပုဒ်အလိုက်အတိုင်း လေချွန်လာသည့်အသံကို ကြားရသည်။ နေမင်းမောင် ပြန်လာခြင်းဖြစ်၏။

ဦးစန်းလှိုင်က သူ့ရှေ့မှ ဖြတ်လျှောက်သွားသော နေမင်းမောင်ကို လှမ်းခေါ်လိုက်၏။

'ဟေ့ကောင်… မင်း ဘယ်သွား…လဲ'

နေမင်းမောင် လူလည်း ရပ်၊ လေချွန်လည်း ရပ်ပြီး…

'ကျော်နန္ဒတို့အိမ် ခဏသွားတာပါ ဖေဖေ'

'အိမ်လည်ရအောင် ခု ဘယ်အချိန်ရှိပြီလဲ'

နေမင်းမောင်က လက်ပတ်နာရီကို ကြည့်လိုက်ပြီး…

'အစောကြီးရှိပါသေးတယ်၊ ခုမှ ရှစ်နာရီခွဲပဲ ရှိသေးတယ်'

ဦးစန်းလှိုင် ဘာဆက်ပြောရမှန်း မသိ။ ခါတိုင်းလည်း နေမင်းမောင် သူငယ်ချင်းတွေဆီသွားလျှင် ဒီအချိန်မှ ပြန်လာနေကျ။ တချို့နေ့တွေဆို ဒီထက်နောက်ကျတတ်သေးသည်။ တကယ်တော့ ဒေါ်တင်မိမိကို မနိုင်သဖြင့် နိုင်တဲ့ဘက် ကြည့်ဟောက်ဖို့ ကြံခြင်းဖြစ်၏။ ဒါမှ ဒီအိမ်မှာ အိမ်ထောင်ဦးစီးဆိုတဲ့ပါဝါကလေး တဲတဲလောက်ကျန်မည်ဖြစ်၏။ ဒါတော့ ဘာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ် ဆက်ဟောက်ရပေလိမ့်မည်။ ထို့ကြောင့်…

'ဒီမှာ ဟောကောင်… ခုတလော မင်း နည်းနည်း ခြေများချင်တယ်၊ မင်းအချိုးကို ပြင်စမ်း'

'ကျွန်တော်ဘာလုပ်လို့လဲ ဖေဖေရ'

'လုပ်လုပ် မလုပ်လုပ်ကွာ၊ မင်းအချိုးကိုပြင် ဒါပဲ'

ဟုပြောပြီး ဆောင့်ဆောင့်နှင့် ထွက်သွားသည်။

နေမင်းမောင် အံ့ဩသွား၏။ အဖေသည် လူတစ်ဖက်သားကို နိုင်ထက်စီးနင်း လုပ်တတ်သူမဟုတ်။ ခုလို ဗလာချိုကြီးဟောက်တာမျိုးလည်း မရှိ။ ဘီယာများ အမူးလွန်သွားလို့လား၊ မဖြစ်နိုင်။ အဖေက အလွန်အကျွံသောက်တတ်သူမဟုတ်။ ခဏတွေနေပြီးမှ ဖြစ်နိုင်ခြေကို သဘောပေါက်သွားသည်။ အဖေသည် မရှိမဲ့ရှိမဲ့ အာဏာလေးကို ထုတ်သုံးသွားရှာပါကလားဟု သိပြီး ပြုံးလိုက်မိ၏။

'အစ်ကိုလေး'

နောက်က ခပ်တိုးတိုးခေါ်သံ ကြားရ၏။ လှည့်ကြည့်တော့ အိမ်ဖော်မလေး ရပ်နေသည်။

'ဘာလဲ'

'ထမင်းစားတော့မလား'

သူစားပြီးပြီ။ ကျော်နန္ဒတို့အိမ်က စားလာခဲ့ပြီ။ ရုတ်တရက် စိတ်ကူးတစ်ခုပေါ်လာသည်။ ကောင်မလေးကို နောက်ချင်သော စိတ်ကူးပေါ်လာခြင်းဖြစ်၏။ အမေက အဖေ့ကို ဟောက်၊ အဖေက သားကို ဟောက်ဆိုတော့ သူကလည်း…

'ဒီမှာ… ဒီနေ့ကစပြီး နင့်အချိုးပြင်စမ်း' ဟု လေသံ



မာမာနှင့် ဟောက်လိုက်၏။ ကောင်မလေး မျက်လုံးပြူးသွားပြီး…

'ရှင်… ကျွန်မ ဘာလုပ်လို့လဲ'

'ဘာမှ မလုပ်၊ အဲ… လုပ်လုပ် မလုပ်လုပ် နင့်အချိုးကို ပြင်၊ ဒါပဲ' ဟုပြောပြီး ထွက်လာခဲ့သည်။

အိမ်ဖော်ကောင်မလေးကတော့ နေမင်းမောင်လို ရေရေရာရာတွေးတတ်သူမဟုတ်။ သူ့ကို မဟောက်စဖူးဟောက်သွားသဖြင့် အစ်ကိုလေးတစ်ယောက် ဘယ်သူနဲ့များ ရန်ဖြစ်လာလို့လဲမသိဘူးဟူ၍ ထင်မြင်မိရှာ၏။

တုံ့ပြန်မှုချင်းတူတာ တစ်ခုတော့ရှိ၏။ သူကလည်း သူနိုင်ရာကို ထပ်ကိုင်ခြင်းပင်ဖြစ်၏။ သူသည် မီးဖိုခန်းထဲဝင်သွားပြီး ဆေးလက်စ ဒန်အိုးတစ်လုံးကို ဝှမ်းခနဲဆောင့်ချလိုက်လေသည်။

➢

www.burmeseclassic.com



## အခန်း (၄)

လွှတ်သွားသည့်ငါးက တကယ်ကိုကြီးသည်။ ထို့အတူ ငါးကို သုတ်သွားသော တံငါသည်ကလည်း ကြီးသည်။

နေမင်းမောင် နည်းနည်းလေး နောက်ကျသွား၏။ ကျောင်းထဲကိုတော့ ပုံမှန်အချိန်အတိုင်းရောက်သည်။ အတန်းတက်သည်။ ခင်ရင်တင်တို့ အတန်းချိန်စာရင်း သူ့ဆီမှာ ရှိသည်။ ခင်ရင်တင်က ကျောင်းပြေးလေ့မရှိ။ ထို့ကြောင့် နောက်ဆုံးအချိန်မတိုင်ခင် ကြိုပြီး သွားစောင့်လျှင် အဆင်ပြေသည်။

'စိတ်ရှုပ်ရတဲ့အထဲ လာရိမနေစမ်းပါနဲ့ကွာ၊ ကိုယ်ခန္ဓာကြီးတိုင်း ဦးနှောက်ကြီးတာ မဟုတ်ပါဘူး၊ ဆင်ကြီးတွေ ဘယ်လိုလုပ်မလဲ၊ လူထက်အဆပေါင်းများစွာ ကြီးပေမယ့် လူ့ရဲ့ ဦးနှောက်ကို မီလို့လား'

'အေးပါ၊ ဟုတ်ပါတယ်၊ ဒါပေမဲ့ ခန္ဓာကိုယ်သေးတိုင်းလည်း ဦးနှောက်ကောင်းတာမဟုတ်ဘူးနော်၊ တီကောင်တွေ၊ ဖြုတ်တွေ ဘယ်လိုလုပ်မလဲ'

နေမင်းမောင်က ကျော်နန္ဒကို မျက်စောင်းထိုးကြည့်လိုက်၏။ ကျော်နန္ဒက ရယ်သည်။ နာရီကိုကြည့်သည်။ နေမင်းမောင်၏ ပခုံးကိုပုတ်၍...

'ကဲ... စိတ်ရှုပ်နေလို့ မပြီးဘူးသူငယ်ချင်း၊ နောက်ဆုံးအတန်းချိန် မီသေးတယ်၊ ကျောင်းသားလုပ်နေပြီး ကျောင်းတော့ တက်ဦးမှ၊ ကျောင်းချိန်ဖျက်ပြီး ခင်ရင်တင်ကို သွားသွားစောင့်နေလို့ စာမေးပွဲကျတဲ့ထဲမှာ မင်းမပါစေချင်ဘူး'

နေမင်းမောင် ငိုင်တိုင်တိုင်လုပ်နေသဖြင့် ကျော်နန္ဒ အတင်းဆွဲခေါ်ရသည်။ နေမင်းမောင်သည် ဟိုနှစ်ယောက်မရှိတော့ပြီမှန်း သိပါလျက် နောက်ကို တစ်ချက်လှည့်ကြည့်မိသေးသည်။

* * *

'လူတွေက ကိုယ်တို့နှစ်ယောက်ကို သိပ်လိုက်ဖက်ညီတဲ့အတွဲလို့ ထင်ကြမှာပဲနော်'

ခင်ရင်တင်က မသိမသာ မျက်မှောင်ကုတ်သွားသည်။

'ဘာရယ်... အတွဲ... ဟုတ်လား'

ဟု ပြန်မေးလိုက်၏။ အာနီးကြီးက မျက်ခုံးကိုချီ၍ ခပ်မိန့်မိန့်ပြုံးရင်း...

'ဟုတ်တယ်လေ' ဆိုသည့်သဘော လုပ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



(သူ့နာမည်ကို မိတ်ဆက်ပေးဖူးသည်။ မေ့နေသဖြင့် ခင်ရင်တင်က အာနိုးကြီးဟူ၍ပင် မှတ်ထားခဲ့ခြင်းဖြစ်၏။)

ဒီနေ့ အတန်းထဲက ထွက်လာပြီးနောက် စောင့်ဆိုင်းနေသူတွေကို ဖေ့ကြည့်လိုက်သောအခါ ကျေနပ်လောက်စရာ တစ်ယောက်မှမတွေ့ရ။ အားလုံး ပိန်ညှောင်ညှောင်၊ ကုပ်ချောင်းချောင်းတွေချည်း ဖြစ်နေ၏။ မနေ့က တွေ့လိုက်ရသော အညာက ပြန်လာခါစဆိုတဲ့လူဆိုလည်း တော်သေး။ သူကလည်း ဒီနေ့ ရောက်မလာခဲ့။

ပိန်ညှောင်ညှောင်တွေကြားထဲမှာ ထောင်ထောင်မောင်းမောင်း၊ တောင့်တောင့်တင်းတင်းရပ်နေသော အာနိုးကြီးကို တွေ့လိုက်ရသဖြင့် စိတ်ကူးတစ်မျိုးပေါ်ပြီး ခေါ်လာခဲ့ခြင်း ဖြစ်၏။ ဒါကို အာနိုးကြီးက သူ့ကိုယ်သူ ဟုတ်လှပြီဆိုပြီး မြှောက်နေဟန်တူ၏။ ခင်ရင်တင်က စိတ်ကိုထိန်းပြီး...

'ဘာဖြစ်လို့ ဒီလို ပြောတာလဲ' ဟု မေးလိုက်၏။

'ဩော်... ခင်ကလည်း ကာယအလှမယ်ပြိုင်ပွဲမှာ ပထမရထားတယ်လေ၊ ကိုယ်ကလည်း ကိုယ့်ဌာနက မောင်ပြိုင်ပွဲမှာ နှစ်သိမ့်ဆုရထားတယ်မဟုတ်လား'

ခင်ရင်တင် ခစ်ခနဲ ရယ်မိမလိုတောင် ဖြစ်သွား၏။ ချောင်းဟန့်သလိုလုပ်ပြီး ရောချလိုက်ရ၏။ မောင်ပြိုင်ပွဲမှာ သူ နှစ်သိမ့်ဆုရခဲ့တယ်ဆိုတာတော့ မှန်သည်။

ဖြစ်ပုံက တက္ကသိုလ်လက်ရွေးစင် မောင်ရွေးဖို့ ဌာနတွင် ပြိုင်ပွဲအရင်လုပ်ရသည်။ သူ့တို့ဌာနမှာ အားလုံး လေးယောက်သာ ပြိုင်သည်။ ပထမ၊ ဒုတိယ၊ တတိယအဆင့်မှာ



သူမပါ။ ထို့ကြောင့် တစ်ယောက်တည်းကျန်သော သူ့ကို နှစ်သိမ့်ဆု ပေးခဲ့ခြင်းဖြစ်၏။

သူကတော့ သူ့ကိုသူ အတော်ကြည့်ကောင်းသည်ဟု ထင်နေပုံရ၏။ စပို့ရှပ်အင်္ကျီ ခပ်ကျပ်ကျပ်ကို ဝတ်တတ်သည်။ ဒါမှ အင်္ကျီနှင့်ကိုယ်လုံး တစ်သားတည်းဖြစ်ပြီး ကိုယ်ကာယအလှ ပိုပေါ်မည်ဟု ယူဆထားဟန် တူသည်။ ကြွက်သားအဖုအထစ်တွေပေါ်အောင် ကိုယ်ခန္ဓာကို အမြဲလိုညှစ်ပြီး တောင့်ထားသဖြင့် သူ့အသံကပါ အစ်တစ်တစ်ဖြစ်နေ၏။ လက်တွေကိုလည်း အမြဲတမ်း ခပ်ကားကားလုပ်ထားသဖြင့် သေနတ်ချိုင်းယှဉ်ပစ်ခါနီး ကောင်းဘွိုင်တစ်ယောက်လို ဖြစ်နေ၏။

သူကတော့ သူ့ကိုယ်သူ ကြည့်လို့ကောင်းသည်ဟု ထင်နေသည်။ ခင်ရင်တင်ကတော့ သူ့ကို သမိန်ပေါသွပ် ကာတွန်းထဲက အာတာလွှတ်မြို့စားကြီးနှင့် တူသည်ဟု ထင်မိလေ၏။

ခင်ရင်တင်သည် သူ့ကို ဘယ်လောက်ထိ မြှောက်မလဲ သိရအောင် တစ်ချက်ပင့်ပေးလိုက်ပြန်သည်။

'ဟုတ်တာပေါ့၊ ဟုတ်တာပေါ့၊ သူနဲ့တို့နဲ့ လေ့ကျင့်ခန်းယူပုံ နည်းစနစ်ချင်း ဖလှယ်ကြရင် ကောင်းမယ်ထင်တယ်'

အာနိုးကြီးမှာ ကိုယ်အလေးချိန် ပေါင်နှစ်ရာကျော်လောက်ရှိသောကြောင့်သာ လေထဲ မြှောက်တက်မသွားခြင်း ဖြစ်၏။

'ကောင်းသားပဲ၊ ခင်မေးချင်တာ မေးလေ၊ ကိုယ်က မလျှို့တတ်ပါဘူး၊ နည်းစနစ်ပိုင်းနဲ့ ပတ်သက်လို့ ခင့်အတွက် အကျိုးရှိမယ်ဆိုရင် မကွယ်မဝှက် ပြောပြမှာပါ၊ လိုအပ်ရင်

www.burmeseclassic.com

www.burmeseclassic.com



ခင် လေ့ကျင့်ခန်းလုပ်တဲ့အခါ ကိုယ်တိုင်လာပြီး နည်းစနစ်မျိုး လုပ်ပေးနိုင်ပါတယ်'

ခင်ရင်တင်က တစ်ဖက်ကိုလှည့်ပြီး မသိမသာ ပြုံးသည်။ ဘေးမှာ သူငယ်ချင်းတစ်ယောက်ယောက်သာပါလျှင် အသာနေဆိုသည့်သဘော မျက်စိမှိတ်ပြလိုက်မိပေလိမ့်မည်။

'တို့သိချင်တာလေးတွေ မေးပါရစေ၊ အပန်းမကြီးဘူး ဆိုရင်တော့ ပြောပေးနော်' တောင်းပန်သည့် လေသံ။

'ဟာ... မေးပါ၊ မေးပါ၊ အားမနာပါနဲ့'

'အင်း... သူက လေ့ကျင့်ခန်းကို မနက်ပိုင်းလုပ်တတ်လား၊ ညနေပိုင်းလုပ်တတ်လား'

'မနက်ရော၊ ညနေရောပဲ၊ မနက်ပိုင်းမှာ ဟဲဗီးလုပ်ပြီး ညနေပိုင်းကျတော့ အကြောလျှော့တဲ့ လေ့ကျင့်ခန်းလောက်ပဲ လုပ်တယ်လေ'

'မနက်ပိုင်းမှာ တော်တော်ပြင်းပြင်းထန်ထန် ကစားသလား'

'လုပ်ရတာပေါ့ခင်ရယ်၊ ကိုယ့်ကိုယ်ကိုယ် ညှာနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ အဆီ လုံးဝမရှိဘဲ မာဆယ်တွေတက်လာဖို့ သိပ်အရေးကြီးတယ်၊ ဒါမှ ကြည့်လို့လှမှာပေါ့'

ဆိုပြီး လက်သီးကိုဆုပ်၍ အတွင်းဘက်ကို လိမ်ပြီး လက်မောင်းသားကို ညှစ်ထုတ်လိုက်သည်။ ကြွက်သားတစ်မြှောင်းက တင်းခနဲတက်လာသည်။

'ဟုတ်တယ်နော်၊ ဒါကြောင့် ကြည့်ကောင်းတာ ထင်ပါရဲ့'



အာနီးကြီးက ကျေနပ်ပြုံး ပြုံးသည်။ ခင်ရင်တင်က ဆက်မေး၏။

'ဒါနဲ့ တစ်နေ့ကို ဗယ်လီ ဘယ်နှကြိမ်လောက် ဆွဲသလဲ'

'အနည်းဆုံး မနက်ငါးဆယ်၊ ညနေငါးဆယ်ပေါ့'

'ဒိုက်ထိုးတာကျတော့ရော ဆက်တိုက်ဆို ဘယ်နှကြိမ်လောက် ထိုးနိုင်သလဲ'

'ဒါက မိုင်နာပါ၊ အက်လိစ် ဟန်ဒရက်လောက်ကတော့ အေးအေးဆေးဆေးရပါတယ်'

'ဟုတ်ပါ့မလား၊ အကြိမ်တစ်ရာ မနားတမ်းဒိုက်ထိုးဖို့ဆိုတာ လွယ်တာမဟုတ်ဘူး'

ခင်ရင်တင်က မယုံသလိုမျိုးလုပ်ပြီး ပြောလိုက်၏။ အာနီးက...

'နည်းစနစ်မှန်ရင် မခဲယဉ်းပါဘူး'

ဟု မခံချင်သည့်လေသံစွက်၍ ပြန်ဖြေ၏။ ခင်ရင်တင်က တစ်ဆင့်ပြန်လျှော့ချပေးလိုက်သည်။

'အင်း... ဟုတ်မယ်၊ ဟုတ်မယ်၊ တို့လည်း လက်မောင်းလှအောင် ဒိုက်ထိုးနေရှိပါတယ်၊ ဒါပေမဲ့ နည်းစနစ်ပိုင်းမှာ နည်းနည်းများ လိုသေးလားမသိဘူး'

'ကိုယ်တစ်ရက်လောက် အိမ်ကိုလာပြီး ပြပေးမယ်လေ'

စကားပြောရင်း လျှောက်လာကြရာ အင်းလျားကန် နယ်နိမိတ်အတွင်း ရောက်လာသည်။ ခင်ရင်တင်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



တမင် တကာ ဒီဘက်ကို မျှားခေါ်လာခြင်းဖြစ်၏။ အစီအစဉ်စဖို့ အချိန်တော်ပြီဟု ဆုံးဖြတ်လိုက်ပြီး…

'တို့က သိပ်စိတ်မြန်တာသိလား၊ ပညာတစ်ခုကို လိုချင်ပြီဆိုရင် ချက်ချင်းသင်လိုက်ရမှ ကျေနပ်တာ၊ အဲဒါ အခုနမူနာလုပ်ပြပါလားဟင်'

အာနိုးကြီး တွန့်ခနဲဖြစ်သွား၏။ နောက်နေတာလားဆိုပြီး ခင်ရင်တင်ကို တစ်ချက်ကြည့်သည်။ ခင်ရင်တင်က တကယ်အတည်ပေါက်မျက်နှာနှင့် လုပ်ပြလေဆိုသော သဘောမေးငေါ့ပြလိုက်၏။ အာနိုးက ရှက်သလိုရွံ့သလိုနှင့် ဟိုသည်ကြည့်သည်။

'ဒီနားက လူရှင်းပါတယ်'

အာနိုးသည် ချီတုံချတုံဖြစ်ပုံရ၏။

'ကိုယ့်အချင်းချင်းတွေပဲ၊ ဘာများစဉ်းစားနေတာလဲ'

ခင်ရင်တင်လေသံမှာ စိတ်မရှည်သလိုဖြစ်လာ၏။

'အင်း… အင်းလေ၊ ခင် ကြည့်ချင်တယ်ဆိုရင်လည်း…'

အာနိုးကြီးက ဟိုသည်တစ်ချက်အကဲခတ်ပြီးမှ မြေပြင်ပေါ် အလျားလိုက်မှောက်ချပြီး ဒိုက်ထိုးပြသည်။ နှုတ်ကလည်း…

'ဒိုက်ထိုးတဲ့နေရာမှာ အသက်ရှူပုံမှန်ဖို့ အရေးကြီးတယ်၊ ပြီးတော့ ကိုယ်အလေးချိန်က လက်ကောက်ဝတ်တစ်ခုတည်းပေါ်မှာ စုပြုံကျနေတာမျိုး မဖြစ်သင့်ဘူး၊ လက်ချောင်းတွေရယ်၊ လက်ဖဝါးရယ်၊ လက်ကောက်ဝတ်ရယ်၊ တံတောင်



ဆစ်ရယ်၊ လက်မောင်းရယ်၊ ပခုံးရယ်ကို မျှပြီး အားထည့်ထားရမယ်၊ အထူးသဖြင့် လက်ချောင်းလေးတွေက စပရင်လို အလိုက်သင့် ရှိနေရမယ်'

သူသည် တကယ်ပင် အကြိမ်တစ်ရာ ဒိုက်ထိုးနိုင်စွမ်းရှိလိမ့်မယ်ထင်၏။ သို့ရာတွင် အကြိမ်သုံးဆယ်လောက် နမူနာလုပ်ပြပြီးနောက် ထရပ်လိုက်သည်။

'အဲဒီလို စနစ်တကျလုပ်မယ်ဆိုရင် ဟင်…'

သူ့ဘေးမှာ ခင်ရင်တင်မရှိတော့။ သူ့တစ်ယောက်တည်း ကျန်ခဲ့တာဆို တော်သေးသည်။ ခုတော့ ကျောင်းသားလေးငါးဆယ်လောက်က သူ့ကို ဝိုင်းကြည့်နေကြတာ တွေ့လိုက်ရ၏။ မျက်နှာတွေက ပြုံးစိစိ၊ သူ့ဝိတ်ကြီးကိုဖြုံလို့သာ ဝိုင်းမဟားကြခြင်းဖြစ်၏။ သူ ထူပူသွားပြီး…

'ဘာလဲ… ဘာဝိုင်းကြည့်နေတာလဲ၊ လူကို အရူးမှတ်နေလို့လား'

ဟု ဟောက်လိုက်ရာ လူအုပ်ရှဲသွားသည်။

'သွားကြလေ၊ ဘာကြောင်နေကြတာလဲ'

ထပ်ဟောက်ပြီး ခြေတစ်လှမ်းတိုးလိုက်မှ တွန့်ခနဲဆုတ်ပြီး ထွက်သွားကြ၏။ ခင်ရင်တင်ကတော့ ဘယ်အချိန်ကထဲက ထွက်သွားမှန်း မသိ။

* * *

www.burmeseclassic.com

www.burmeseclassic.com



'မတတ်နိုင်ဘူးဟာ၊ သူကပဲ ငါ့ကို လေ့ကျင့်နည်း စနစ်မှန်အောင် အိမ်လာပြပေးဦးမယ်၊ ဘာညာ လေကျယ်နေတာနဲ့ အမြင်ကတ်ပြီး နည်းနည်းပညာပေးလိုက်ရတာပဲ'

ခင်ရင်တင်က ပြောပြီး ကမ္ဘာလာသီးဖျော်ရည်တစ်ငုံ ငုံလိုက်သည်။ အေးသီတာက…

'အဲဒီကောင်ကြီး တော်တော်ထိသွားတယ်၊ ကျောင်းမှာလည်း ဝိတ်ပေါ်ကြီးဆိုပြီး နာမည်တွင်သွားတယ်လေ၊ တစ်ပတ်လောက်တော့ ကျောင်းထဲ လာရဲမှာမဟုတ်တော့ဘူး'

ခင်ရင်တင်က ပြုံးလိုက်သည်။ နွယ်နီက…

'ခင်ရင်တင်ကလည်းကွယ် လူတစ်ဖက်သားကို သိပ်ဒုက္ခမပေးပါနဲ့၊ သူ့ခမျာ သနားပါတယ်'

'ခင်ရင်တင်ကို နည်းနည်းလေးမှ ကျောလို့မရဘူးဆိုတာတော့ သိအောင်ပြရမှာပဲ'

'ဒါမျိုးဆိုတာ ဝဋ်လည်တတ်တယ်၊ ပြီးတော့ ကိုယ်က မိန်းကလေးမဟုတ်လား၊ မိန်းကလေးဖြစ်နေတာကိုက တစ်ပန်းရှုံးပြီးသားပဲ'

'ငါကတော့ အရှုံးမခံနိုင်ဘူး၊ ဒါကြောင့် ဘယ်သူ့အချစ်ကိုမှ လက်မခံသေးဘဲ နေခဲ့တာပေါ့၊ ပြီးတော့ ဘယ်သူ့ကိုမှ ကြာရှည်မတွဲဘူး၊ သိပ်ရင်းနှီးလာရင် အခွင့်အရေးကို လိုချင်လာတယ်မဟုတ်လား၊ ဒီတော့ အခုအချိန်ထိ ငါ့အသားကိုတောင် အထိမခံဘဲနေခဲ့တာ နင်တို့အသိပဲလေ'

'သတိတော့ ထားပေါ့ ခင်ရယ်'

ဟု အေးသီတာက ပြောသည်။ ခင်ရင်တင်က…



'နင်တို့ကို ငါတစ်ခုမေးမယ်၊ ယောကျ်ားလေးတွေနဲ့ လူမြင်သူမြင် ထင်ထင်ရှားရှားတွဲတယ်၊ မမြင်ကွယ်ရာနေရာမျိုး မသွားဘူး၊ ကိုယ့်ကိုလက်ဖျားနဲ့တောင် အထိမခံဘူး၊ အဲဒီလို မိန်းကလေးမျိုးနဲ့ ယောကျ်ားလေးတစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲတွဲတယ်၊ ဒါပေမဲ့ ဆိတ်ကွယ်ရာမှာ အပွေ့အဖက် အနမ်းအရှုပ်ခံပြီး ကိုယ့်ကိုယ့်ကိုယ်ပုံအပ်ထားတဲ့ မိန်းကလေးမျိုး ဘယ်ဟာကပိုပြီး အန္တရာယ်ကြီးတယ်လို့ ထင်သလဲ'

နွယ်နီက…

'နှစ်မျိုးစလုံး အန္တရာယ်ကြီးတာပဲ၊ ယောကျ်ားလေးတွေဆိုတာ အခွင့်အရေးကို အမြဲချောင်းနေတဲ့ သတ္တဝါတွေ၊ ခွေးတွေတောင် အရောဝင်မိရင် ခြေထောက်ကို လျှာကလေးနဲ့ဖြစ်ဖြစ် လျက်လာတတ်သေးတာပဲ'

အေးသီတာကလည်း…

'ဘယ်လိုပဲဖြစ်ဖြစ် တို့မိန်းကလေးတွေဟာ တစ်နေ့နေ့မှာတော့ ယောကျ်ားလေးတစ်ယောက်ယောက်အပေါ် ကိုယ့်ကိုယ်ကိုယ် ပုံအပ်ကြရမှာပဲ မဟုတ်လား'

ခင်ရင်တင် သက်ပြင်းချသည်။ ပြီးတော့…

'အေးလေ… အဲဒီလို ကိုယ့်ကိုယ်ကိုယ် ပုံအပ်လိုက်ချင်လောက်အောင် အရည်အချင်းရှိတဲ့ ယောကျ်ားတစ်ယောက်တလေတော့ ရှိကောင်းရှိပါရဲ့လို့ မျှော်လင့်ရတာပဲ'

➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဒီနေ့လည်း ကံဆိုးပြန်ပြီဆိုပြီး နေမင်းမောင် စိတ်ဓာတ်ကျသွားသည်။ ခင်ရင်တင်၏ အတန်းလွှတ်ချိန်မီအောင် သူ့အတန်း တစ်ချိန်ဖျက်ရမည်ဖြစ်၏။ ဒီတစ်ချိန်တက်ပြီးလျှင် လစ်မည်ဟု စိတ်ကူးထားသည်။

ဖြစ်ချင်တော့ ဆရာက လေကြောမပြတ်ဘဲ ဖြစ်နေ၏။ နောက်တစ်ချိန်သင်မည့်ဆရာမ အတန်းရှေ့လာရပ်မှ ဆောရီးဟု တောင်းပန်ပြီး နှုတ်ဆက်ထွက်ခွာသွား၏။

နေမင်းမောင် ဆရာမ,မဝင်ခင် လစ်ထွက်ဖို့ ကြံသည်။ စကတည်းက နေရာယူမှားခဲ့သည်။ အပေါက်ဝနှင့် နီးနီးနားနား မနေဘဲ အတွင်းဘက်မှာ ထိုင်မိ၏။ သူထရပ်ပြီး ထွက်မည့်ဟန်ပြင်စဉ်မှာ ဆရာမ ဝင်လာသည်။ ထို့ကြောင့် လုံချည်ပြင်ဝတ်သလိုလုပ်ပြီး ပြန်ထိုင်လိုက်ရ၏။



ထိုအတန်းတစ်ချိန်လုံး ဆရာမ ဘာတွေသင်သွားမှန်းတောင် မသိလိုက်။ 'စာမေးပွဲနီးတော့မှ မျက်နှာငယ်လေးတွေနဲ့ မလာနဲ့'ဟု ကြိမ်းသွားတာပဲ မှတ်မိလိုက်သည်။

အတန်းပြီးလို့ ခင်ရင်တင်တို့အခန်းဘက် ပြေးသွားတော့ ခင်ရင်တင်နှင့်တူတာဆိုလို့ နည်းနည်းသားနားတာတောင် မရှိတော့။ မည်းမည်းခြောက်ခြောက် မျက်မှန်အထူကြီးနှင့် ကောင်မလေးတစ်ယောက် အခန်းထဲမှာ စာထိုင်ဖတ်နေတာပဲ တွေ့ရ၏။

နေမင်းမောင် စိတ်ညစ်သွား၏။

ကျော်နန္ဒကတော့ ...

'သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေက မင်းကို အန္တရာယ်နဲ့လွဲအောင် ကယ်တင်လိုက်တာပဲကွ'

ဟု ပြောသေးသည်။ ပြီးတော့ ...

'ကဲ... လာကွာ၊ အဆောင်က ကောင်တွေဆီ သွားလည်ရအောင်၊ လက်ဖက်ရည်ကြေး ချက်စ်ထိုးမယ်လို့ ချိန်းထားတယ်ကွ'

'ဟာ... ငါမလိုက်ချင်ဘူး'

'လာပါကွာ၊ ငါတို့နှစ်ယောက်ပေါင်းထိုးရင် ဒီကောင်တွေကို အသာလေးနိုင်ပါတယ်'

'မင်းဟာမင်းသွားကွာ၊ ငါ အိမ်ပြန်တော့မယ်'

'ဒါဆိုလည်း အဆောင်ကိုလိုက်ခဲ့၊ ရေချိုးပြီးမှ ပြန်'

'ဘာ... ဘာဖြစ်လို့'

'မင်း... ငါးကြီးတစ်ကောင် လွတ်သွားတယ်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ထားအ ငါးရေရှင် ရေချိုးပြီး ပြန်ရမှာပေါ့'

ကျော်နန္ဒကို တစ်ခွန်းဆဲပြီး ထွက်လာခဲ့၏။ ကျော်နန္ဒက…

'လွှတ်သွားတဲ့ငါးကြီးက နည်းတာကြီးမဟုတ်ဘူးနော်၊ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီး'

ဟု လှမ်းအော်လိုက်သေးသည်။

စိတ်လေလေနှင့် လျှောက်လာခဲ့ပြီးမှ ဗိုက်ထဲတာ ဟာလာတာ သတိပြုမိ၏။ လက်ဖက်ရည်နှင့်မုန့် စားသောက်မည်ဟု စိတ်ကူးသည်။ ခင်ရင်တင်နှင့် ထိုင်ခဲ့သောဆိုင်မှာ အလွမ်းပြေသွားထိုင်မည်ဆိုသော ခပ်ကြောင်ကြောင်စိတ်ကူး ပါ၊ မပါတော့ မသိ။ စာကြည့်တိုက်သက်သာဆိုင်ဆီသို့ အလိုလို လျှောက်လာမိသည်။

ကျော်နန္ဒအလိုအရဆိုလျှင်တော့ အကုသိုလ်မကုန်သေး လို့ဟု ဆိုရမည်။ နေမင်းမောင်ကတော့ နဖူးစာပဲဟု အဓိပ္ပာယ် ကောက်သည်။ အကြောင်းမှာ စားပွဲတစ်လုံးတွင် တစ်ယောက် တည်းထိုင်ပြီး စာဖတ်နေသော ခင်ရင်တင်ကို တွေ့လိုက်ရသော ကြောင့်ပင် ဖြစ်သည်။

ခြေလှမ်း တုံ့ခနဲဖြစ်သွား၏။ ခင်ရင်တင်က ဖိတ်ခေါ် ခြင်းမရှိဘဲ သွားလို့ဖြစ်ပါ့မလား။ ဆတ်ဆတ်ထိမခံသော စိတ် မျိုးရှိကြောင်း သတင်းတွေအရ သိခဲ့ရ၏။ သို့တိုင်အောင် ခုလို မြင်နေရပြီးမှ ရှောင်ထွက်သွားဖို့ဆိုတာ သူ့အဖို့ မလွယ်လှ။ ထို့ကြောင့် ခင်ရင်တင် ထိုင်ရာ နေရာဆီသို့ ခြေလှမ်းနှေးနှေး ဖြင့် လျှောက်သွားမိ၏။



ခင်ရင်တင်သည် ဒီနေ့ ဘယ်သူနှင့်မျှ စကားပြောချင် စိတ်မရှိသောကြောင့် တစ်ယောက်တည်း လာထိုင်နေခြင်းဖြစ် ၏။ ဘေးမှာ လူတစ်ယောက် ရိပ်ခနဲလာရပ်လိုက်တာ တွေ့ရ တော့…

'ဘာမှ မမှာတော့ပါဘူးကွယ်'

ဟု စားပွဲထိုးလေးတစ်ယောက်ကို ပြောသလို ပြောပြီး ချွတ်ပစ်လိုက်မည်ဟု စိတ်ကူးမိသေးသည်။ မော့ကြည့်လိုက် တော့ နေမင်းမောင်ဖြစ်နေ၏။ သူ့ပုံစံမှာ ဟင်းချက်နေသော မိခင်တစ်ယောက်ကို ဆာလောင်မွတ်သိပ်သောမျက်လုံးများဖြင့် ကြည့်နေသည့် ကလေးငယ်တစ်ယောက်လို ဖြစ်နေ၏။ ခင်ရင် တင်သည် သနားသလို ဖြစ်သွား၏။ ထို့ကြောင့် နှုတ်ဆက်ပြုံး ပြုံးပြလိုက်သည်။

'ကျွန်တော် တစ်ခုခုကျွေးပါရစေ'

ဟု နေမင်းမောင်က ခွင့်ပန်သည်။

ခင်ရင်တင်က…

'အရင်ရောက်တဲ့လူက အိမ်ရှင်လေ၊ တို့က ဧည့်ဝတ် ပြုရမှာပေါ့၊ ထိုင်ပါ'

နေမင်းမောင် ဝမ်းသာသွားသည်။ ကုလားထိုင်ကိုဆွဲ ယူပြီး ဝင်ထိုင်သည်။ ခင်ရင်တင်က မေး၏။

'ဘာစားမလဲ'

'ခုချိန်မှာ ကျွန်တော် ဘာစားချင်နေလိမ့်မယ်လို့ ထင် သလဲ'

ဟု ပထမဆုံးအကြိမ်တွေ့စဉ်က ခင်ရင်တင် ပညာစမ်း

www.burmeseclassic.com

www.burmeseclassic.com

ခဲ့သလို ပြန်ချေမည်ဟု စိတ်ကူးမိသေ ာည်။ သို့ရာတွင် နုတ်ကမူ…

'ဘာပဲဖြစ်ဖြစ် ရပါတယ်'

ခင်ရင်တင်က နေမင်းမောင် စိတ်ကူးလိုက်ပုံကို ရိပ်မိသွားသလား မသိ၊ ပြုံးလိုက်ပြီး…

'ယူ့ကိုကြည့်ရတာ တစ်ခုခု စိတ်အိုက်လာသလိုပဲ၊ ဒါကြောင့် လန်းဆန်းသွားအောင် လက်ဖက်ရည်ကျကျလေးတစ်ခွက် သောက်လိုက်ရင် ကောင်းမယ်၊ ပြီးတော့ ဒီဆိုင်မှာ ဝီစာမုန့် ကောင်းကောင်းရတယ်၊ ဘယ့်နှယ်လဲ'

နေမင်းမောင် လက်ဖျားများ ခါမိမလိုပင် ဖြစ်သွား၏။

'ကျွန်တော် စိတ်ကူးထဲမှာ စားသောက်ချင်နေတာကို ဘယ်လိုလုပ် ကွက်တိသိသလဲဟင်၊ ခင်ရင်တင်လို့ နာမည်မမှည့်ဘဲ ဒေါ်စံရှားလို့ မှည့်ဖို့တောင် ကောင်းနေပြီ'

'မလုပ်ပါနဲ့ရှင်၊ တို့ပုံစံနဲ့ ဆေးတံကြီးခဲနေရရင် လူရယ်စရာဖြစ်နေပါ့မယ်'

နေမင်းမောင်က ရယ်လိုက်သည်။ ထင်ထားတာထက် ရင်းနှီးမှု ပိုမိုမြန်ဆန်သွားသဖြင့်လည်း ကိုယ့်ကိုယ်ကိုယ် အံ့သြ အထင်ကြီးမိလေ၏။

ခင်ရင်တင်က စားပွဲထိုးကို စားစရာများ မှာလိုက်သည်။ ပြီးတော့မှ…

'ဒါနဲ့ ယူ့နာမည် နေမင်းမောင်ဆိုတဲ့အကြောင်း တို့ကို ပြောပြပြီး မိတ်မဆက်ရသေးဘူးနော်'

ဒီတစ်ခါတော့ တကယ်ပင် လက်ဖျားခါလိုက်သည်။



'ကျွန်တော်ဖြင့် ကြောက်တောင် ကြောက်လာပြီ၊ ကျွန်တော့်ရင်ဘတ်မှာ မှဲ့တစ်လုံးရှိတယ်ဆိုတာတောင် သိနေပြီလား မသိဘူး'

ခင်ရင်တင်က ခပ်သဲ့သဲ့ရယ်ပြီး…

'ဒီလောက်လည်း အထင်မကြီးပါနဲ့လေ၊ တို့က ခေါင်းဆွဲမဟုတ်ပါဘူး၊ ယူ့နာမည်ကို သိသွားတာက အဲဒီစာအုပ်ပေါ်မှာ ရေးထားတာ တွေ့လို့ပါ'

စားပွဲပေါ်မှာ ချထားသော နေမင်းမောင်၏ မှတ်စုစာအုပ်ကို ညွှန်ပြသည်။

'ဒါတောင် သူငယ်ချင်းဆီက ငှားလာတဲ့စာအုပ်ဆိုရင်တော့ တလွဲဖြစ်သွားမှာပဲဆိုပြီး စိတ်တထင့်ထင့်နဲ့ ပြောရတာ'

နေမင်းမောင်က…

'သိပ်မျက်စိလျင်တာပဲ' ဟု ပြောပြီး ရယ်သည်။ စားပွဲထိုးကလေးက လက်ဖက်ရည်နှင့်မုန့် လာချပေးသည်။

'သိပ်ဆာလာတယ် မဟုတ်လား၊ စားလိုက်ပါဦး'

ခင်ရင်တင်က ပြောသည်။ 'ခင့်ကို မြင်လိုက်ရတဲ့အတွက် ဆာတောင် မဆာတော့ပါဘူး' ဟု ပြောချင်သော်လည်း ဒီလောက်ထိ အတင့်မရဲသင့်သေးဟု ဆုံးဖြတ်ပြီး လက်ဖက်ရည်နှင့် မုန့်ကို စားသောက်လိုက်၏။ စားသောက်ပြီးတော့လည်း ဆေးလိပ်သောက်ချင်လာပြန်၏။ ထိုအခိုက်မှာပင် ခင်ရင်တင်က ခပ်လှမ်းလှမ်းမှာ ရပ်နေသော စားပွဲထိုးကလေးကို လှမ်းခေါ်ပြီး…

'လန်ဒန်စီးကရက် တစ်ပွဲလောက်ပေးပါ'

www.burmeseclassic.com

www.burmeseclassic.com



ဟု မှာလိုက်၏။

နေမင်းမောင် မျက်လုံးပြူးသွားသည်။ ဒီလောက် အကောင်းပါးနေတာကတော့ လွန်လွန်းနေပြီ။ ဒီနေရာက ထပြီး ထွက်ပြေးချင်စိတ်တောင် ပေါက်လာ၏။ ခင်ရင်တင်ကတော့…

‘ယောက်ျားလေးတွေဟာ တစ်ခုခုစားသောက်ပြီးရင် ခံတွင်းချဉ်လာတတ်တယ်လို့ ကြားဖူးလို့’

ဟု သိပ်မထူးခြားဟန် ခပ်အေးအေးပင် ပြော၏။

နေမင်းမောင် စိတ်ချောက်ချားသွားတာ ပြေပျောက်စေရန် စကားစရှာလိုက်ရ၏။

‘မနေ့က ခင်ရင်တင်တို့အတန်းဘက်ကို ကျွန်တော် လာသေးတယ်၊ နည်းနည်းနောက်ကျသွားလို့’

နည်းနည်းနောက်ကျသွားလို့ဆိုသော အသံက နည်းနည်းတိမ်သွား၏။ ခင်ရင်တင်က…

‘ဟုတ်လား၊ ကလပ်စ်ပြီးတော့ ကော်ရစ်ဒါဘက် ကြည့် မိသေးတယ်၊ ပျင်းပျင်းရှိတာနဲ့ အင်းလျားဘက် ထွက်သွားတာ’

သူ့ကို ရှာသေးသည်။ ရှိလျှင် သူနှင့်အတူတူ သွားကောင်းသွားနိုင်သည်ဆိုသော အဓိပ္ပာယ်ရှိသည့် စကားကြောင့် နေမင်းမောင် အားတက်သွားသည်။

‘နောက်ကို ပျင်းတဲ့အခါတိုင်း ကျွန်တော့်ကို သတိရပါ’

‘ကောင်းပါပြီရှင်’

‘အခုရော ပျင်းနေသေးလား’



‘ဘာလို့ပျင်းရမှာလဲ၊ ယူနဲ့စကားပြောရတာကို တို့ သဘောကျပါတယ်’

‘ကျွန်တော်ကလည်း ခင်ရင်တင်နဲ့ စကားပြောရတာကို ကျေနပ်ဝမ်းသာမိပါတယ်’

ခင်ရင်တင်ကို တစ်ချက်အကဲခတ်ပြီးမှ…

‘ဒီအခွင့်အရေးမျိုး နေ့တိုင်းရရင် ကောင်းမှာပဲနော်’

ခင်ရင်တင်က ပြုံးလိုက်၏။

‘တို့ရဲ့ ကိုယ်ပိုင်အချိန်တွေကို မသိမ်းပိုက်ချင်ပါနဲ့လေ၊ တို့ အခါအားလျော်စွာ ဆုံကြတာပေါ့၊ ဟုတ်လား’

‘ကျွန်တော်က ကိုယ့်ဆန္ဒကိုပြောတာပါ၊ အင်းလေ… ဆန္ဒနဲ့ အခြေအနေဆိုတာ အမြဲတမ်းတော့ လိုက်လျောညီထွေ ဘယ်ဖြစ်ပါ့မလဲ၊ တစ်ခါတလေတော့လည်း ရတာလေးနဲ့ တင်းတိမ်ရောင့်ရဲရတာတွေ ရှိတာပေါ့’

သတ္တုပုန်းကန်ပြားလေးထဲက စီးကရက်တစ်လိပ်ယူပြီး မီးညှိဖွာရှိုက်လိုက်သည်။ စီးကရက်မီးခိုးတွေ ခင်ရင်တင်ဘက် မရောက်အောင် တစ်ဖက်သို့လှည့်ပြီး မှုတ်ထုတ်သည်။

‘ကဲပါလေ၊ ရတဲ့အချိန်လေးအတွင်းမှာ ဗဟုသုတဖြစ်စရာလေးတွေ ပြောကြတာပေါ့၊ ဒါနဲ့ ယူ အညာမှာ ဘယ်လောက်ကြာခဲ့လဲ’

‘နှစ်နှစ်လောက်ပါပဲ’

‘အညာမှာ သိပ်ပူတာပဲလား’

‘အညာလေနဲ့ပြောရရင်တော့ လွတ်ပူတာပေါ့ဗျား၊ အဲ… အေးပြီဆိုရင်လည်း အရိုးကွဲမတတ်ပဲ၊ ရာသီဥတု

www.burmeseclassic.com



ပြင်းထန်တယ်ဆိုပါတော့၊ ဒါပေမဲ့ သာယာတာတော့ အမှန်ပဲ၊ ပူပြင်း ခြောက်သွေ့တဲ့ လွင်တီးခေါင်ကြီးထဲမှာ ထနောင်းပင်၊ မန်ကျည်း ပင်စိမ်းစိမ်းကလေးတွေ ပေါက်နေတာကို ကြည့်ရတာ သိပ် ကြည်နူးဖို့ကောင်းတယ်'

ပြောပြီး ခင်ရင်တင် စိတ်ဝင်စားမှုရှိရဲ့လားလို့ အကဲခတ်ရသေးသည်။ နားထောင်နေကြောင်း တွေ့ရမှ...

'အညာမှာ ရာသီဥတုက ခက်ထန်ကြမ်းတမ်းပေမယ့် လူတွေကတော့ သဘောကောင်းကြပါတယ်'

'ဖြစ်နိုင်တယ်၊ ဖြစ်နိုင်တယ်၊ ယူတောင် အညာမှာ နှစ်နှစ်လောက်နေဖူးရုံနဲ့ တော်တော်သဘောကောင်းတာပဲ'

'ကျွန်တော် နဂိုကတည်းက သဘောကောင်းတာပါ'

'ဟုတ်မှာပါလေ'

ခင်ရင်တင်က ပြုံး၍ပြောပြီး...

'အညာမှာ ဘာတွေပေါသလဲ' ဟု ဆက်မေးသည်။

'ကျွန်တော်ရောက်ခဲ့တဲ့နေရာမှာတော့ အမဲသားနဲ့ သနပ်ခါးပဲ ပေါတယ်'

'သနပ်ခါး...ဟုတ်လား'

ခင်ရင်တင် စိတ်ဝင်စားသွားပုံရသည်။

'ဟုတ်တယ်၊ တော်တော်ပေါတယ်၊ အဖေလုပ်ခဲ့တဲ့ ရုံးနားမှာတင် သနပ်ခါးခြံတွေ ရှိတယ်'

'ဟုတ်လား၊ ယူတို့ ရန်ကုန်ပြောင်းတော့ သယ်မလာဘူးလား'

'သယ်လာတာပေါ့၊ မေမေက သနပ်ခါးသိပ်ကြိုက်



တာလေ၊ လက်မောင်းလုံးလောက်ရှိတဲ့ သနပ်ခါးတုံးတွေချည်းပဲ ထင်းရှူးသေတ္တာနဲ့ နှစ်လုံးလောက်ပါလာတယ်'

'ဟယ်... သိပ်မွှေးမှာပဲနော်၊ ယူ့အမေက ကံကောင်းတာပဲ'

တကယ်ပင် အားတက်သရောပြော၏။ နေမင်းမောင်က မေးလိုက်သည်။

'ခင်ရင်တင်က သနပ်ခါးကြိုက်တတ်လို့လား'

'သနပ်ခါးမကြိုက်တဲ့ မိန်းကလေးရယ်လို့ ဘယ်ရှိပါ့မလဲ၊ အိမ်မှာဆိုရင် သနပ်ခါးပဲလိမ်းတာပဲဟာ၊ ဒါပေမဲ့ ရန်ကုန်မှာ သနပ်ခါးတုံးဝယ်ရတာ စိတ်မချရဘူး၊ အတုတွေက အရမ်းများတာပဲ၊ သနပ်ခါးခဲကျတော့လည်း မလိမ်းချင်ဘူး'

ဒါ အကွက်ပဲဟု နေမင်းမောင် ချက်ခနဲတွေးသည်။

မိန်းကလေးတစ်ယောက်မှာ သူကြိုက်နှစ်သက်တာ တစ်ခုခုတော့ ရှိစမြဲ။ ဒါ... သူတို့ရဲ့ပျော့ကွက်၊ သို့တည်းမဟုတ် သူတို့နှင့် ရင်းနှီးခင်မင်နိုင်သည့် အခွင့်အရေး၏လမ်းစ။ ထို့ကြောင့်...

'နက်ဖြန်ကျရင် အိမ်က သနပ်ခါးတုံးတွေ ယူလာပေးမယ်လေ၊ အညာပြန်လက်ဆောင်ပေါ့'

'ကျေးဇူးတော့ တင်ပါတယ်၊ ဒါပေမဲ့ တို့က သနပ်ခါးသွေးရမှာ ပျင်းတာ၊ ခက်တာက တို့အကျင့်ကလည်း တစ်မျိုးပဲ၊ လက်သွေးသနပ်ခါးအစစ်မှ လိမ်းချင်တာ'

ပြောပြီး နေမင်းမောင်ကို စောင်းငဲ့ကြည့်လိုက်၏။ နေမင်းမောင်၏ တုံ့ပြန်မှုကလည်း မြန်သည်။ ဒီလိုနေရာမျိုးမှ

www.burmeseclassic.com



တဲ့နေးနေလျှင် ဆုံးရှုံးတတ်သည်။ ထို့ကြောင့် ချက်ချင်း...

'ကျွန်တော်ကိုယ်တိုင် သွေးပြီးယူလာတဲ့ သနပ်ခါးဆိုရင်ရော လိမ်းမှာလား'

'ဝမ်းမြောက်ဂုဏ်ယူစွာ လိမ်းမှာပေါ့ရှင်'

ခင်ရင်တင်က ပြုံး၍ပြောသည်။ နေမင်းမောင်သည် ဆရာမက ခေါက်ဆွဲသုပ် သွားဝယ်ခိုင်းခြင်းခံရသော ကျောင်းသားငယ်လေးတစ်ယောက်လို အပျော်ကြီးပျော်သွားလေ၏။

* * *

ခင်ရင်တင်သို့ မိန်းကလေးမျိုးက တော်ရုံတန်ရုံ တွေ့ရာလူကို ခိုင်းတတ်တာမျိုးမဟုတ်။ လက်ရွေးစင် ဒေါင်ဒေါင်မြည်ကာကိုမှ သုံးချင်သူမျိုးဖြစ်၏။ သူ့အတွက်ဆိုရင် ဘာပဲလုပ်ရ လုပ်ရဆိုသူတွေ တစ်ပုံတစ်ပင်ရှိသည်။ ဒီကြားထဲကမှ ကိုယ့်ကိုရွေးပြီးခိုင်းတော့ ကံထူးလို့ပဲလို့ဟု နေမင်းမောင် ယူဆသည်။

ပြီးတော့... ခင်ရင်တင်ကသာ လိုချင်သည်ဆိုလျှင် သောင်းနှင့်ချီပေးရသော ပြင်သစ်ရေမွှေးပုလင်းကိုတောင် ချက်ချင်း ပြေးဝယ်ပေးမည့်သူတွေ ရှိနေသည်။ ဒီကြားထဲက နေမင်းမောင်ကိုယ်တိုင် သွေးပေးသည့်သနပ်ခါးကိုမှ လိမ်းချင်ပါတယ်ဆိုတာ အထူးအခွင့်အရေးတစ်ရပ် ပေးလိုက်ခြင်းပဲ ဖြစ်၏။

တစ်ခုတော့ ရှိသည်။ အစတုန်းက ဝမ်းသာအားရ ကတိပေးခဲ့ပြီး တကယ်တမ်း သနပ်ခါးသွေးကြည့်သောအခါ လွယ်တဲ့အလုပ်မဟုတ်ကြောင်း သိရလေသည်။



ပို့ပြီး သန့်ရှင်းစေရန် ရေသန့်ဘူးထဲက ရေကို အသုံးပြုသည်။ ရေများသွားပြန်လည်း မကောင်း။ သွေးလိုက်ထည့်လိုက်လုပ်ရင်း ပုလင်းထဲကြည့်သောအခါ သနပ်ခါးအနှစ်တွေ အနည်ထိုင်ပြီး အပေါ်မှာ အရည်ကြည်တွေ တက်နေသည်။ ပြန်စစ်ချရပြန်သည်။

ခရင်မ်လို ခပ်ပျစ်ပျစ်ကလေးမှ ကောင်းမည်။ ဒီလိုကျပြန်တော့ ပုလင်းထဲ လက်တစ်လုံးစာလောက်ရဖို့ တော်တော်ကြိုးစားသွေးရသည်။ အစက ဟောလစ်ပုလင်းကြီးတစ်ပုလင်းစာ သွေးမည်ဟု စိတ်ကူးထားခဲ့သည်။ အခုတော့ မလွယ်မှန်းသိသဖြင့် နက်စ်ကော်ဖီပုလင်းအသေးတစ်ပုလင်းစာပဲ သွေးတော့မည်ဟု ပြောင်းလဲသတ်မှတ်လိုက်ရသည်။

ဒါတောင် သိပ်လွယ်တာမဟုတ်။ သွေးနေကျမဟုတ်တော့ နည်းစနစ်ပိုင်းကလည်း လိုသေးသဖြင့် လုပ်ငန်းမတွင်ကျယ်တာလည်း ပါသည်။ ဘာပဲဖြစ်ဖြစ် အချစ်အတွက်ဆိုသောစိတ်၏ စေ့ဆော်ချက်ကြောင့် အားကြိုးမာန်တက်သွေးခဲ့ရာ ပုလင်းတစ်ဝက်ကျော်ကျော်လောက်တော့ ရခဲ့ပြီ။

ထိုအခိုက်မှာပင် အခန်းတံခါးကိုတွန်းဖွင့်ပြီး ဝင်လာသည့်လူရိပ်တစ်ခုနှင့်အတူ...

'လိမ္မာလိုက်တဲ့ သားလေးရယ်၊ မေမေ့အတွက် သနပ်ခါးကို ကိုယ်တိုင်သွေးပေးနေတယ်ပေါ့၊ ဟုတ်လား'

မေမေ့အသံ ကြားလိုက်ရသည်။ ရုတ်တရက်မို့ နေမင်းမောင် ဆတ်ခနဲတုန်သွားသည်။ ပြီးမှ မော့ကြည့်လိုက်၏။ အမေက ကျေနပ်အားရစွာ ပြုံးကြည့်နေသည်။ နေမင်းမောင်

www.burmeseclassic.com

www.burmeseclassic.com



မချိပြုံးပြုံးပြလိုက်ရ၏။ ခုချိန်ကျမှတော့ ဘာမျှမတတ်နိုင်။

'ဟုတ်…ဟုတ်ကဲ့'ဟု မောသံဖြင့် ပြောလိုက်ရသည်။

အမေက သနပ်ခါးပုလင်းကို ကောက်ယူလိုက်၏။ နေမင်းမောင်သည် စည်ပင်က သိမ်းသွားသော လမ်းဘေးဈေးဗန်းကလေးလို သူ့ပုလင်းကို နှမြောတသစွာ စိုက်ကြည့်နေ၏။

'သာဓုကွယ်… သာဓု၊ ငါ့သားလေး ဘုန်းကြီးလို့ အသက်ရှည်ပါစေ၊ သွားလေရာ ခလုတ်မထိ ဆူးမငြိဘဲ လိုရာဆန္ဒပြည့်ဝပါစေ'

အမေက နေမင်းမောင်၏ ဦးခေါင်းကိုပွတ်၍ ဆုပေးလိုက်၏။ ပြီးတော့မှ သနပ်ခါးပုလင်းကို နမ်းကြည့်ပြီး…

'ငါ့သားရဲ့ စေတနာကြောင့် ထင်ပါရဲ့ကွယ်၊ ခါတိုင်းထက်တောင် ပိုမွှေးသေးတယ်၊ ရေချိုးတော့မှာနဲ့ အတော်ပဲ၊ တစ်ခါတည်း လိမ်းရမယ်'

ဟု ပြောပြီး ပြုံးပြုံး ပြုံးပြုံးနဲ့ ထွက်သွားလေ၏။

နေမင်းမောင်သည် ကြမ်းပေါ် ဝုန်းခနဲ ပက်လက်လှန်ချလိုက်ချင်စိတ်ပင် ပေါက်သွားသည်။ သို့ရာတွင် မဖြစ်သေး။ သနပ်ခါးသွေးရင်းက အသက်ထွက်သွားပါစေ၊ နောက်ထပ်တစ်ပုလင်းရအောင်တော့ သွေးကိုသွေးရပေမည်။

➤

## အခန်း (၆)

ခင်ရင်တင်က သနပ်ခါးပုလင်းကိုဖွင့်ပြီး နမ်းကြည့်လိုက်၏။

'ဟယ်… မွှေးလိုက်တာ၊ ဒီလောက်မွှေးတဲ့သနပ်ခါး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်'

နေမင်းမောင်ကို တစ်ချက်ငဲ့ကြည့်ပြီး…

'စေတနာကြောင့်လည်း ပါမယ်ထင်တယ်နော်'ဟု ဆက်ပြောသည်။ နေမင်းမောင်ကတော့ မျက်လုံးတွေ ကျိန်းစပ်နေသည့်ကြားက ပြုံးပြလိုက်သည်။ ခင်ရင်တင်က အကဲခတ်သလိုကြည့်ပြီး…

'ယူ့ကိုကြည့်ရတာ တစ်မျိုးပဲ၊ မျက်ကွင်းတွေလည်း ချောင်လို့၊ နေမကောင်းဘူးလား'

'ကောင်းပါတယ်၊ ညက အိပ်ရေးပျက်လို့ပါ'

'အိပ်ရေးပျက်တယ်၊ ဘာကြောင့်လဲ၊ စာတွေ ပြန်ကျက်နေရလို့လား'

www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ပါဘူး၊ သနပ်ခါးသွေးနေရလို့လေ'

'ဟယ်… ဆောရီးပဲနော်၊ ယူ့ကို ဒုက္ခပေးသလို ဖြစ်နေပြီ'

'ကိစ္စမရှိပါဘူး၊ ကျွန်ကော့်စေတနာကို အသိအမှတ်ပြုတယ်ဆိုရင် ကျေနပ်ပါပြီ'

'အသိအမှတ်ပြုရုံ ဘယ်ကမလဲ၊ ကျေးဇူးလည်း တင်ပါတယ်'

ခင်ရင်တင်က သနပ်ခါးနည်းနည်းတို့ယူပြီး လက်ခုံပေါ် လိမ်းလိုက်၏။ ပြီးတော့ အနံ့ခံကြည့်သည်။ ကျေနပ်နှစ်ခြိုက်သွားပုံရသည်။

'အင်း… နိုင်ငံခြားဖြစ် အလှကုန်ပစ္စည်းတွေ ဘယ်လောက်ဈေးကြီးကြီး၊ ဘယ်လောက်ကောင်းကောင်း သနပ်ခါးကိုတော့ မမီတာအမှန်ပဲ'

'ဟုတ်ပါတယ်၊ ခေတ်တွေ ဘယ်လိုပြောင်းပြောင်း သနပ်ခါးလိမ်းတဲ့အကျင့်ကတော့ စွန့်လွှတ်ဖို့မလွယ်ဘူးလို့ ကျွန်တော် ထင်တယ်'

'ယူ သနပ်ခါးအကြောင်း လေ့လာဖူးသလားဟင်'

'နည်းနည်းပါးပါးတော့ သိပါတယ်၊ တကယ်တော့ သနပ်ခါးဆိုတာ ဆေးပင်တစ်မျိုးပဲလို့ ကြားဖူးတယ်၊ တော်ရုံတန်ရုံရောဂါပိုးတွေကို သေစေနိုင်တဲ့အစွမ်းရှိတယ်တဲ့၊ ဒါကြောင့် သနပ်ခါးမှန်မှန်လိမ်းရင် အသားအရေလှရုံတင်မကဘူး၊ ကျန်းမာရေးအတွက်ပါ သင့်တော်တယ်လို့ ပြောတာပဲ'



'ဒါဆို တို့အနေနဲ့ သနပ်ခါးမှန်မှန် လိမ်းသင့်တယ်ဆိုပါတော့'

'ဟုတ်… ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'

ကျောက်ပျဉ်ကြီးကို မျက်စိထဲ ဖျတ်ခနဲမြင်ယောင်မိသဖြင့် အနည်းငယ်တုံ့ဆိုင်းပြီးမှ ဖြေဖြစ်သည်။

'ကဲ… သနပ်ခါးကန်ထရိုက်ကြီးကို ကျေးဇူးတင်တဲ့အနေနဲ့ နက်စ်ကော်ဖီတိုက်ပါ့မယ်၊ အိပ်ရေးပျက်ထားတာလည်း ပြေသွားတာပေါ့၊ လာ… သွားစို့'

ခင်ရင်တင်က ထရပ်လိုက်သည်။ နေမင်းမောင်ကတော့ နဂိုကလည်း မတ်တတ်ရပ်နေခြင်းဖြစ်၏။

'ဪ… ဒါနဲ့၊ ဒီသနပ်ခါးပုလင်းထဲမှာ ရွှေဆွဲပြားကံစမ်းမဲတော့ ထည့်မထားပါဘူးနော်'

ခင်ရင်တင်က ပြောသည်။ နေမင်းမောင် အရဲစွန့်၍ စကားတစ်ခွန်းပြောလိုက်သည်။

'ကံစမ်းမဲကို ကျွန်တော်ကသာ မျှော်လင့်ရမှာပါ'

ပထမဦးဆုံးအကြိမ် အဓိပ္ပာယ်တာသွားသည့်စကားကို ပြောဖြစ်လိုက်သည်။ ခင်ရင်တင် သဘောမပေါက်ဘဲ နေမည်မဟုတ်။

'တစ်ခါတလေကျတော့လည်း ကံစမ်းမဲဆိုတာ ဖွင့်တဲ့သူကိုယ်တိုင် ထူးထူးဆန်းဆန်း ပြန်ပေါက်တတ်တာမျိုးလည်း ရှိတယ်နော်'

ပြုံး၍ ပြော၏။

ငယ်ငယ်က သမ္မတရုံမှာ ရုပ်ရှင်ကြည့်ခဲ့တာကို သတိ

www.burmeseclassic.com

www.burmeseclassic.com



ရမိ၏။ ဓာတ်ကားက နာမည်ကြီးကောင်းဘွိုင်သေနတ်ပစ်ကား။ သမ္မတရုံမှာလည်း တစ်ခါမျှ မကြည့်ဖူးသေး။ ဦးလေးတစ်ယောက်နှင့် လိုက်သွားခြင်းဖြစ်၏။ အသည်းအသန် တိုးဝှေ့ပြီး လက်မှတ်ဝယ်ရသည်။ ရုံထဲရောက်တော့ ချွေးတွေသံတွေ ရွဲရွဲနစ်နေပြီ။

သို့ရာတွင် သပ်ရပ်သားနားသော ရုံအပြင်အဆင်၊ လေအေးပေးစက်နှင့် ကြည်လင်ပီသသော လေးဖက်သံကြား ဧည့်ခံတီးလုံးသံ ကြားလိုက်ရသောအခါ မောလာသမျှ ပြေပျောက်ပြီး လန်းဆန်းသွားရသည်။ အခုလည်း ဒီလိုပဲ၊ အိပ်ရေးပျက်ခံ၊ အပင်ပန်းခံပြီး သနပ်ခါးသွေးခဲ့ရသမျှ ခင်ရင်တင်၏ အပြုံး၊ ခင်ရင်တင်၏ အကြည့်၊ ခင်ရင်တင်၏ ချီးကျူးမှုတို့ကို ရရှိလိုက်သောအခါ ကာဒါမိုက်ဆေး သောက်လိုက်ရသလို တစ်ခါတည်း အမောပြေသွားရလေ၏။

* * *

'အေးကွယ်၊ မင်းသူငယ်ချင်းက မိဘကို သိပ်သိတတ်တာ၊ အန်တီကလည်း ညအိပ်ရာဝင်ရင် သနပ်ခါးခြေဆုံးခေါင်းဆုံး လိမ်းပြီးမှ အိပ်တတ်တာဆိုတော့ သိပ်ကို ဟန်ကျနေတာပဲ'

'ဟုတ်တာပေါ့အန်တီ၊ ခုခေတ်လူငယ်တော်တော်များများဟာ မိဘရှာဖွေထားတဲ့ ပိုက်ဆံကို ဘယ်လိုသုံးဖြုန်းရပါ့မလဲ ပဲ စဉ်းစားနေကြတာ၊ ဒီလို မိဘအပေါ် သိတတ်တဲ့လူမျိုး တစ်ထောင်မှာ တစ်ယောက်မရှိဘူး၊ ကျွန်တော့်သူငယ်ချင်းနဲ့



ပြောတာမဟုတ်ပါဘူး၊ ကျွန်တော်တို့တောင် သူ့ကို အတုယူရမယ်'

ကျော်နန္ဒရောက်နေတယ်ဆိုသဖြင့် အိမ်ရှေ့ခန်းထွက်အလာ မေမေနှင့် အချီအချပြောနေသံ ကြားလိုက်ရ၏။ ဒီကောင် သက်သက်ချွန်တွန်းလုပ်နေတာ သိသည်။ သို့ရာတွင် ဘာမျှ မတတ်နိုင်။ တစ်ချက်အံကြိတ်ပြပြီး ဝင်ထိုင်လိုက်ရ၏။ အမေက...

'အခုပဲ မင်းအကြောင်းပြောနေတာ၊ မောင်ကျော်နန္ဒက တောင် သားကို ချီးကျူးနေသေးတယ်'

နေမင်းမောင် သွားဖြဲပြလိုက်ရ၏။

'ကဲ... စကားပြောကြ' ဆိုပြီး မေမေက ထရပ်လိုက်ပြီးမှ...

'သြော်...သားရေ၊ နက်ဖြန်ကျရင် မေမေ့ကို သနပ်ခါးထပ်သွေးပေးဦးနော်၊ ဟိုနေ့ကဟာ ကုန်ခါနီးပြီကွယ်၊ ကောင်မလေးသွေးတာ သားသွေးတာလောက် မညက်ချင်ဘူး'

နေမင်းမောင် မျက်နှာ ရှုံ့မဲ့မသွားအောင် သတိထားရင်း...

'ဟုတ်... ဟုတ်ကဲ့ပါမေမေ၊ ကျွန်တော်အားရင် သွေးပေးပါ့မယ်'

ဟု ပြန်ပြောလိုက်ရသည်။

'အန်တီကတော့ သိပ်ကံကောင်းတာပဲ၊ ဒီကောင့်ကို မွေးရကျိုးနပ်ပါတယ်'

ကျော်နန္ဒက တစ်ချက်ထပ်ပင့်လိုက်သေးသည်။ အမေ

www.burmeseclassic.com

www.burmeseclassic.com



သည် ကျေနပ်စွာပြုံးပြုံးကြီးလုပ်ပြီး ထွက်သွား၏။ ထိုအခါကျမှ…

'အေဘေး… အဘွားကြီးကို ဘာတွေချုန်တွန်းလုပ်နေတာလဲ'

ကျော်နန္ဒက တရားခံကြည့် ကြည့်လိုက်ပြီး…

'ဟော့ကောင်… မင်း မှန်မှန်ပြောစမ်း၊ သနပ်ခါးက ခင်ရင်တင့်အတွက် သွေးပေးတာမဟုတ်လား၊ မင်းအမေတွေ့သွားလို့ အမေ့အတွက်ပါ ဘာညာနဲ့ ဖောလိုက်တာမဟုတ်လား'

နေမင်းမောင် စပ်ဖြဲဖြဲလုပ်ပြီး…

'အေး… ဟုတ်တယ်ကွ'

'ဒါ… မင်းကို သူက ပညာစပေးလိုက်တာပဲ၊ ရှေ့ဆက်ပြီး အများကြီး လာလိမ့်ဦးမယ်၊ ခင်ရင်တင်က ပေါက်ပေါက်ရှာရှာ နိုင်းတတ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ ဟိုတစ်ခါ ဝိတ်ပေါကြီးကို ဒိုက်ထိုးခိုင်းတာ ကြည့်ပါလား'

'ငါ့ကိုတော့ ဒါမျိုးမခိုင်းပါဘူးကွာ၊ တခြားလူတွေကို အပျော်သဘောသက်သက်ခိုင်းပေမယ့် ငါ့ကိုကျတော့ အဓိပ္ပာယ်ရှိတာပဲ ခိုင်းတာပါ၊ သနပ်ခါးသွေးခိုင်းတယ်ဆိုတာ တစ်နေ့ကျရင် သူ့ပါးပြင်ကလေးကို နမ်းခွင့်ရမယ်ဆိုတဲ့ သင်္ကေတနိမိတ်ပုံပေါ့ကွ'

ကျော်နန္ဒက ဟက်ခနဲလှောင်ရယ် ရယ်လိုက်၏။

'စဉ်းစဉ်းစားစားလည်း ပြောပါကွာ၊ သနပ်ခါးဆိုတာ ပါးကိုချည်းလိမ်းတာ မဟုတ်ဘူးကွ၊ ခြေသလုံးတို့၊ ခြေဖမိုးတို့ ဆိုလည်း လိမ်းတတ်တာပဲ၊ တစ်နေ့နေ့မှာ သူ့ခြေဖမိုးကို နမ်း



ခွင့်ရရင် ကံကောင်းပဲ'

နေမင်းမောင် ရယ်လိုက်၏။ ကျော်နန္ဒရယ်သလိုပင် ဟက်ခနဲ ပြန်ရယ်လိုက်ခြင်းဖြစ်၏။

'ဘာပဲဖြစ်ဖြစ် သူ့ခြေဖမိုးဟာ မင်းရဲ့ပါးထက်တော့ ပိုပြီး နူးညံ့မှာ သေချာတယ်'

ဆိုပြီး ကျော်နန္ဒ၏ ပါးကို ပွတ်လိုက်သည်။ ကျော်နန္ဒက သူ့လက်ကို ပုတ်ချလိုက်၏။ နေမင်းမောင် စိတ်ထဲမှာတော့ တကယ်လို့ ခင်ရင်တင်ရဲ့ ခြေဖမိုးကို နမ်းခွင့်ရမယ်ဆိုရင် ဘယ်လိုနေမလဲဟု စိတ်ကူးယဉ်ကြည့်နေမိ၏။

➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ပေါက်ပေါက်ရှာရှာခိုင်းတဲ့နေရာမှာ နှစ်ယောက်မရှိဘူးဟု ကျော်နန္ဒက ပြောခဲ့သည်။

ပုံပြင်တွေထဲမှာဆိုလျှင် အလွန်လှပပြီး မာနကြီးသော မင်းသမီးလေးသည် သူ့အား ပိုးပန်းသူတို့ကို မဖြစ်နိုင်တာ၊ ခက်ခဲလွန်းတာတွေ ခိုင်းတတ်သည်။ သမုဒ္ဒရာအောက်ရှိ နဂါးကြီးတစ်ကောင်၏ အာခံတွင်းထဲမှ ပုလဲလုံးကြီးကို ရအောင်ယူခိုင်းတာမျိုး၊ ကုမ္ဘဏ်တစ်ထောင် စောင့်ကြပ်နေသော မဥ္ဇူသကနတ်ပန်းကို ခူးခိုင်းတာမျိုး။

တစ်ယောက်ပြီးတစ်ယောက် ကြိုးစားကြရင်း နဂါးပေါက်လို့ သေတဲ့သူသေ၊ ဘီလူးစာဖြစ်တဲ့သူ ဖြစ်ပြီး နောက်ဆုံး ဘုန်းကံရှင်မင်းသားလေးကျမှ အောင်မြင်သွားပြီး မင်းသမီးလေးနှင့် စုံမက်ပေါင်းဖက်ရလေသတည်းဟူ၍ ပါရှိတတ်သည်။



ခင်ရင်တင်လည်း ဒီသဘောမျိုးပင်ဖြစ်မည်။ သို့ရာတွင် သူခိုင်းတာက ပုံပြင်ထဲမှာလို မဟုတ်၊ ယုတ္တိရှိသည်။ မဖြစ်နိုင်တာ မဟုတ်။ သို့ရာတွင် လွယ်တော့ မလွယ်။

ခင်ရင်တင် ပုံပြင်တွေထဲက နမူနာတစ်ခုမှာ-

တစ်နေ့တွင် ခင်ရင်တင်သည် သူ့ကိုချဉ်းကပ်နေသူတစ်ယောက်နှင့်အတူ အင်းလျားကန်ပေါင်ပေါ်မှာ လမ်းလျှောက်နေသည်။

ထိုသူမှာ အလွန်စကားများသူဖြစ်၏။ မိန်းမတွေက ဟာသဉာဏ်ရှိသူကို သဘောကျတတ်ကြသည်ဟု စာအုပ်တွေထဲမှာ ဖတ်ဖူးတာကို အဟုတ်မှတ်ပြီး ရယ်စရာဟာသတွေ ပြောနေသည်။

သူပြောသော ဟာသများမှာ အဆင့်လည်း မရှိ၊ ပေါက်တတ်ကရ စိတ်ကူးတည့်ရာတွေ ဖြစ်၏။ သူ့ဘာသာပြော၊ သူ့ဘာသာသဘောကျပြီး တဟားဟားရယ်နေ၏။

ခင်ရင်တင်သည် သူပြောတာတွေကြောင့် မရယ်ချင်သည့်အပြင် ပျင်းတောင် ပျင်းလာသည်။ ကြာတော့... ငြီးငွေ့လာ၏။ ထိုအခါ သူ့ဝသီအတိုင်း တစ်ခုခုပညာပေးချင်လာသည်။

ထို့ကြောင့်...

'ပူလိုက်အိုက်လိုက်တာ လွန်ပါရော၊ ခုနေခါများ ရေခဲမုန့်လေး စားလိုက်ရရင် သိပ်ကောင်းမှာပဲ၊ သွားဝယ်ချေပါလား'

ဆိုတော့... ဟိုပုဂ္ဂိုလ်ခမျာ မနေသာ။ ပြဿနာက

www.burmeseclassic.com



သူတို့ ရောက်နေသောနေရာနှင့် ရေခဲမုန့်ရနိုင်သောနေရာက အတော်လှမ်းသည်။ ဒီကြားထဲမှာ ခင်ရင်တင်က...

'တို့က ရေခဲမုန့်ဆိုရင် မာမာတင်းတင်းကလေးမှကြိုက်တာ၊ အရည်ပျော်ပြီး ပျော့စိစိဆို စားလို့မရဘူး'

ဟု ပြောသေးသည်။

ဒီတော့ ဟိုပုဂ္ဂိုလ် အကြီးအကျယ်ပြဿနာတက်ရပြီ။

ဒီအနီးအနားမှာ ရေခဲမုန့် ဘယ်မှာရနိုင်မလဲဟု စဉ်းစားရသည်။ အင်းလျားကန်စပ်က ဆိုင်တန်းမှာ ရဖို့မသေချာ။ လှည်းတန်းဘက်မှာတော့ ရနိုင်သည်။

ထို့ကြောင့် ကန်ပေါင်ပေါ်က ပြေးဆင်းသည်။ တက္ကစီတစ်စီးငှားပြီး လှည်းတန်းဘက် မောင်းနိုင်းသည်။ ကားကို ခဏစောင့်ခိုင်းပြီး ရေခဲမုန့်လိုက်ရှာဝယ်သည်။ သူက ဦးနှောက်တော့ ကောင်းသည်။ ဝေဖာခွက်နှင့် ရေခဲမုန့်နှစ်ခု ဝယ်လိုက်သည်။ လမ်းမှာ အရည်ပျော်ခဲ့လျှင် နှစ်ခုပေါင်းပြီး တစ်ခုအကောင်းလုပ်ဖို့ တွက်ခြင်းဖြစ်၏။

ရေခဲမုန့်နှစ်ခုကိုင်ပြီး ပြန်လာသော သူ့ကို အငှားကားဆရာက အံ့သြခြင်းမဖြစ်မိ။ တက္ကသိုလ်ကျောင်းသားတွေဆိုတာ ဒီလိုပဲ ငွေကြေးဖောဖောသီသီ သုံးနိုင်တာပဲဟု ထင်ထားဟန်တူ၏။

နည်းနည်းကံဆိုးသွားတာက လှည်းတန်းမီးပွိုင့်မိသွားခြင်းဖြစ်၏။ လမ်းငါးခွဆုံဖြစ်ပြီး ကားအသွားအလာလည်း များသဖြင့် မီးပွိုင့်က ကြာတတ်သည်။ နေကလည်း ခပ်ပြင်းပြင်း



ပူနေသောကြောင့် ရေခဲမုန့်များ အပေါ်ယံမှာ အရည်လဲ့စပြုလာ၏။

'အဲယားကွန်းဖွင့်လို့ မရဘူးလားဗျ၊ မိုက်ဆံပိုပေးပါ့မယ်'

'ပျက်နေတယ်ဗျ'

ဒုတိယမြောက် ကံဆိုးတာက မာလာဆောင်ရှေ့ရောက်သောအခါ ကားပျက်သွားခြင်းပင် ဖြစ်၏။ ကားဆရာက ခဏစောင့်ပါပြောသော်လည်း စောင့်လို့မဖြစ်တော့။ လူက စောင့်နိုင်သော်လည်း ရေခဲမုန့်က စောင့်မည်မဟုတ်။

ထို့ကြောင့် ကားခမြန်မြန်ပေး၊ ကားပေါ်က ဆင်းပြီး ခပ်သုတ်သုတ်လျှောက်သည်။ အင်းလျားလမ်းနှင့်ဆုံရာသို့ အရောက်တွင် ရေခဲမုန့်တွေ ပုံစံပျက်လာလေပြီ။ ထို့ကြောင့် နှစ်ခုပေါင်း တစ်ခုလုပ်ရသည်။ ဒီအတိုင်းလျှောက်နေလျှင် အခြေ အနေကောင်းမှာမဟုတ်တော့။ ထို့ကြောင့် ရေခဲမုန့်ခွက်ကို ခပ်မြှောက်မြှောက်ကိုင်ပြီး ပြေးလေတော့သည်။

ရေခဲမုန့်ခွက်ကိုင်ပြီး ပြေးလာသောသူ့ကို လမ်းသွားလမ်းလာတွေက အထူးအဆန်းလို ကြည့်ကြသည်။ ရှက်မနေနိုင်။ ရေခဲမုန့်အရည်ပျော်ပြီး စီးမကျခင် ရောက်အောင်သွားရမည်။

ပြည်လမ်းအတိုင်း ကန်ပေါင်ဘေးက ပြေးပြီး ကွန်ကရစ်လှေခါးထစ်မှ တက်သည်။ ခင်ရင်တင်နားသို့ ရောက်တော့...

'ရေခဲမုန့်ခွက်ကိုကိုင်ပြီး ယူပြေးလာပုံက အိုလံပစ်မီး

www.burmeseclassic.com

www.burmeseclassic.com



ရှူးတိုင်ကို သယ်လာတဲ့ အားကစားသမားတစ်ယောက်နဲ့ သိပ်တူတာပဲ'ဟု ချီးကျူးလိုက်သေးသည်။ ထိုအခါ မောပန်းလာသမျှ တစ်ခါတည်းပြေပျောက်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီးမည်ဟု ကြံစည်ကာရှိသေး…

ခင်ရင်တင်က ရေခဲမုန့်ကို ယူ၍စားမည်ပြုပြီးမှ…

'ဟင်… ရေခဲမုန့်ကလည်း ဒူးရင်းသီးနဲ့ပါလား၊ တို့က ဒူးရင်းသီးဆိုရင် အနံ့တောင် ခံလို့ရတာမဟုတ်ဘူး'

ဟု ပြောပြီး ရေခဲမုန့်ကို ဆတ်ခနဲ လွှင့်ပစ်လိုက်လေသည်။ မြေကြီးပေါ်မှာ အသားက အောက်ဘက်ရောက်ပြီး ခွက်ကလေးကထောင်ထောင်လေးဖြစ်နေပုံကို ပါးစပ်ကလေးဟပြီး ကြည့်နေသည့် ဟိုကောင့်မျက်နှာမှာ ခုပင် အင်းလျားကန်ထဲ ခုန်ချတော့မည့်ပုံ။

* * *

နေမင်းမောင်သည် သူများတွေလိုမဟုတ်ဘဲ သနပ်ခါးကိစ္စမှာ အဆင်ပြေသွားသဖြင့် ပထမအစမ်းစာမေးပွဲတော့ အောင်ပြီဟု အထင်ရှိနေ၏။ တကယ်တော့ ဒါ ပထမအစမ်းမဟုတ်။ လပတ်စာမေးပွဲမျှသာဖြစ်ကြောင်း သူမသိသေး။

'ယူ့အကြောင်းကို တို့က တော်တော်သိနေလို့ အံ့သြတယ်လို့ ယူပြောခဲ့တယ်နော်၊ တို့လည်း အဲဒီလို အံ့သြချင်တယ်၊ တို့အကြောင်း ယူ ဘယ်လောက်သိလဲ'

'ဘယ်အကြောင်းလဲ'

'ဥပမာ… တို့ရဲ့ဇာတိက ဘယ်ကလဲဆိုတာမျိုး ခန့်မှန်း



ကြည့်စမ်းပါ'

နေမင်းမောင် ခဏမျှစဉ်းစားလိုက်သည်။ ခင်ရင်တင်၏ ပုံပန်းသဏ္ဌာန်ကိုကြည့်ပြီး 'ရွှေဘိုမင်းကြိုက် ပေါင်တံရှည်' ဆိုသော စကားကို သတိရလိုက်မိသောကြောင့်…

'ရွှေဘိုသူလို့ ထင်တယ်'

ခင်ရင်တင်က ပြုံးပြီး…

'မဆိုးပါဘူး၊ နီးစပ်သားပဲ'

'ဘာလဲ… ထားဝယ်သူဖြစ်နေလို့လား'

'မဟုတ်ပါဘူး၊ တို့အဖေက စစ်ကိုင်းသားလေ၊ စစ်ကိုင်းနဲ့ ရွှေဘိုဆိုတာ သိပ်ဝေးတာမှမဟုတ်ဘဲ၊ တို့အမေကတော့ မော်လမြိုင်သူပေါ့'

စစ်ကိုင်းသားတို့ရဲ့ အရပ်အမောင်းကောင်းခြင်းနဲ့ မော်လမြိုင်သူတို့ရဲ့ စိုပြည်ဖွံ့ထွားခြင်းတွေ အချိုးညီညီပေါင်းစပ်မိလို့ ဒီလောက်လှနေတာကိုးဟု စိတ်ထဲက တွေးမိသည်။ သူခန့်မှန်းတာ လွဲသွားသော်လည်း နီးစပ်တယ်ဟု ဖေးဖေးမမပြောလိုက်ခြင်းအတွက်လည်း ကျေနပ်မိ၏။

'နောက်တစ်ခု မေးရဦးမယ်၊ ယူက တို့နာမည်ကို မပြောဘဲနဲ့ သိနေခဲ့တယ်နော်၊ အဲဒါ ဘယ်လိုစုံစမ်းထားလဲ'

'ဒါ… တော့ လူကြီးတွေပြောပြောနေသလိုပဲ၊ ရွှေမန်းတင်မောင်က လူတိုင်းကိုမသိပေမယ့် လူတိုင်းက ရွှေမန်းတင်မောင်ကို သိတယ်ဆိုတာမျိုးလိုပေါ့'

ခင်ရင်တင်က ပြုံး၍ ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ပြီးမှ…

www.burmeseclassic.com

www.burmeseclassic.com

'ယူ… ရွှေမန်းတင်မောင်ကို သဘောကျလား'

'မမီလိုက်လို့ ကြည့်တော့ မကြည့်ဖူးဘူး၊ ဒါပေမဲ့ အခါကြီးရက်ကြီးတွေကျရင် မြန်မာ့အသံက လာတဲ့ ဖွားတော်မူခန်းတို့၊ လေးတော်တင်ခန်းတို့ကို နားထောင်ဖူးတယ်၊ ခေတ်ဟောင်းက အပြော၊ အဆို၊ အငိုတွေဆိုပေမယ့် သိပ်နားထောင်လို့ကောင်းတာပဲ'

'ရွှေမန်းတင်မောင်သီချင်းတွေရော နားထောင်ဖူးလား'

'အညာမှာတုန်းက အလှူက အသံချဲ့စက်မှာဖွင့်တာ နားထောင်ဖူးပါတယ်'

'အဲဒီသီချင်းတွေရော ကြိုက်လား'

'အင်း… ကြိုက်ပါတယ်'

'ဘယ်သီချင်းကို အကြိုက်ဆုံးလဲ'

အဖြေရခက်ပြီဆိုတာ သိလိုက်၏။ ရှေ့မှာ ဒါမျိုးဖြစ်ခဲ့သည့် သာဓကရှိသည်။ ကျော်နန္ဒ ပြန်ပြောပြ၍ သိရခြင်းဖြစ်၏။ ကျောင်းသားတစ်ယောက်က 'ဆိုကြမယ်၊ ပျော်ကြမယ်' ကဗျာ ဝင်ပြိုင်ဖို့ လေ့ကျင့်နေကြောင်း သွား၍အာချောင်မိသည်။ ခင်ရင်တင်က 'ယူ့အသံ ဘယ်လောက်ကောင်းလဲသိရအောင် အခုသီချင်းတစ်ပုဒ်လောက် ဆိုပြစမ်းပါ၊ ပြိုင်ပွဲအင႑ သဘောပေါ့'ဟု ပြောသဖြင့် မတတ်သာဘဲ ဆိုပြလိုက်ရ၏။ အေးမှဖြတ်သွားဖြတ်လာလူတွေက 'ငကြောင်'ပဲဆိုပြီး လှည့်လှည့်ကြည့်သွားသဖြင့် စာသားတွေမှား၊ အသံတွေတုန်ပြီး အရှက်ကွဲခဲ့ရဖူးသည်။ ခင်ရင်တင်ကတော့ 'ဒီအတိုင်း အလွတ်ဆိုရလို့ပါ။ မိုက်ခရိုဖုန်းနဲ့ဆိုရင် တော်တော်ကောင်းမှာ'ဟု ပင့်ပေးလိုက်



သေးသည် ဆို၏။

အခုလည်း ရွှေမန်းဦးတင်မောင်သီချင်းတွေထဲက ဘယ်သီချင်းအကြိုက်ဆုံးပါပြောလိုက်လျှင် ဆိုပြပါ လုပ်ချင် လုပ်နေမည်။ ကြိုပြီးကာထားမှဟု တွေးပြီး…

'အားလုံးလိုလိုပဲ ကောင်းပါတယ်၊ အသံချဲ့စက်က ဖွင့်တာကိုနားထောင်ရတာဆိုတော့ အလွတ်မရဘူးပေါ့'

ဟုပြောရင်း တစ်စုံတစ်ခုကို ဖျတ်ခနဲ တွေးမိသည်။ ကံများကောင်းချင်တော့ သူ့ခွင်က ကိုယ့်ခွင်ဖြစ်သွားရပြီ။

'တစ်ခုတော့ရှိတယ်၊ ရွှေမန်းဦးတင်မောင်သီချင်းတွေထဲက အောင်ပါစေဆိုတဲ့ သီချင်းကိုတော့ တော်တော်သဘောကျမိတယ်၊ အဲဒီသီချင်းထဲမှာကျွန်တော်အကြိုက်ဆုံးအပိုဒ်ကတော့'

'ဘာပါလိမ့်'

'စီးပွားရေးရယ်… ကြီးပွားရေးရယ်… သမီးရည်းစားရေးလည်း အောင်ပါစေ… ဆိုတဲ့ အပိုဒ်ပေါ့'

ခင်ရင်တင်က သဘောကျသလို ရယ်လိုက်ပြီး…

'အခု ယူပြောလိုက်တာက စကားကြီးဆယ်ခွန်းထဲက ဘယ်ဟာနဲ့ အကျုံးဝင်သလဲဟင်'

နေမင်းမောင် ဆက်တိုက်ထိုးစစ်ဆင်ဖို့ ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့်…

'နှုတ်တစ်ရာ စာတစ်လုံးလို့ အဆိုရှိတယ်မဟုတ်လား၊ ဒါကြောင့်…' ဟုဆိုပြီး…

လွယ်အိတ်ထဲက မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ထုတ်ပေးလိုက်၏။ အစတော့ ခင်ရင်တင် ကြောင်သွားသေးသည်။ ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းစာအုပ်ကို လက်မနှင့်ဖွင့်ကြည့်လိုက်သောအခါ အထဲမှာ စာအိတ်တစ်အိတ် ညှပ်ထားကြောင်း တွေ့လိုက်ရသည်။ ခေါင်းတညိတ်ညိတ်လုပ်ပြီး...

'သြော်... တို့ကို ယူက စာပေးတာကိုး၊ ဒါများကွယ် ဒီအတိုင်းပေးလိုက်လည်း ရသားနဲ့၊ ဘာကြောင့် စာအုပ်ကြားမှာညှပ်နေရတာလဲ၊ စာအိတ်ဖိုးနဲ့ စာရွက်ဖိုးက ဘာမှရှိတာ မဟုတ်ဘူး၊ ခုနေခါ မဂ္ဂဇင်းစာအုပ်တန်ဖိုးကလည်း နည်းတာ မဟုတ်ဘူး၊ အလကားသက်သက် စာအုပ်တစ်အုပ် အဆုံးမခံချင်စမ်းပါနဲ့၊ ရော့... ပြန်ယူထား'

စာအိတ်ကို ဆွဲထုတ်ထားလိုက်ပြီး မဂ္ဂဇင်းစာအုပ်ကို ပြန်ပေးသည်။ နေမင်းမောင် နည်းနည်းအောင့်သွားသည်။ ခင်ရင်တင်ကို အလစ်တိုက်ခိုက်လို့မရကြောင်း ဝန်ခံလိုက်ရ၏။

မဂ္ဂဇင်းစာအုပ်ကို ပြန်ယူရင်း...

'ကျွန်တော့်အဖို့တော့ ဒီစာတစ်စောင်ဟာ တစ်ဘဝစာမက တန်ဖိုးရှိပါတယ်'

ခင်ရင်တင်က ဟုတ်လားဆိုသောဟန်ပန်လုပ်ပြီး...

'ဒါဆို တို့က ဘဝပေါင်းများစွာကို ပိုင်ဆိုင်တဲ့လူလို့ တို့ ဆိုရမှာပေါ့၊ ဒီလိုရည်းစားစာမျိုးတွေ တို့အနေနဲ့ ရခဲ့တာ မရေမတွက်နိုင်တော့ဘူး၊ အဲဒီစာတွေအားလုံးသာ သိမ်းထားရမယ်ဆိုရင် အိမ်မှာ နေရာမဆံ့လို့ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ကြီးကိုတောင် ငှားရလိမ့်မယ်ထင်တယ်'

'ကျွန်တော့်စာကို အဲဒီရာပေါင်းများစွာသော စာတွေနဲ့ တန်းတူ သဘောထားတယ်လို့ ဆိုလိုတာလားဟင်'



'ထိမဖွင့်ခင်မှာတော့ ထိုလက်မှတ်အားလုံးဟာ တန်ဖိုးချင်း အတူတူပါပဲလေ'

'တချို့ထိုလက်မှတ်တွေကတော့ တန်ဖိုးထက် ပိုပေးရတာမျိုးတွေ ရှိတတ်ပါတယ်'

'မင်္ဂလာစုံတွဲတို့၊ ဘာတို့ဆိုရင်တော့ ဟုတ်တာပေါ့၊ အင်း...ဒီလိုလုပ်ပါလား၊ ယူလည်း တို့ကို ရည်းစားစာ အစောင်နှစ်ဆယ်တွဲရေးပြီး ပေးပေါ့'

'အဲဒီလိုရေးလို့သာ တကယ်ပဲ မင်္ဂလာစုံတွဲဖြစ်မယ်ဆိုရင်တော့ အစောင်နှစ်ဆယ်မကပါဘူး၊ အစောင်နှစ်ရာရေးဆိုရင်လည်း ရေးနိုင်ပါတယ်'

'ကဲပါလေ စာတွေအများကြီးရေးနေရရင် ၃၂ လမ်းထဲက စာရေးကိရိယာဆိုင်တွေကို လုပ်ကျွေးသလို ဖြစ်နေပါဦးမယ်၊ ဒီတစ်စောင်နဲ့ပဲ လုံလောက်ပါပြီ၊ ဒီစာကို တို့လက်ခံထားလိုက်ပါ့မယ်၊ တစ်ခုတော့ရှိတယ်၊ ဒီစာကို ဖတ်ဖြစ်မယ်၊ မဖတ်ဖြစ်ဘူးဆိုတာတော့ အာမ,မခံနိုင်ဘူး'

နေမင်းမောင်၏ ယောက်ျားမာနသည် သူ့မှာ ရှိနေသေးကြောင်း အချက်ပြလိုက်သည်။ သူ့မျက်နှာ တစ်ချက်တင်းခနဲဖြစ်သွားခြင်းပင် ဖြစ်၏။

'မဖတ်ဖြစ်ဘူးဆိုရင်တော့ ကျွန်တော့်စာကို ပြန်ပေးပါ'

ခင်ရင်တင် နှုတ်ခမ်းတစ်ချက် တွန့်ခနဲ ဖြစ်သွား၏။ သူကလည်း အလာကြီးပါလားဆိုသော အပြုံးဖြင့်...

'ဒါဆိုလည်း ပြန်ယူလေ... အင့်'

စာကိုလှမ်းပေးသည်။ နေမင်းမောင်သည် စာအိတ်ကို

www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေသည်။ ပစ္စည်းတစ်ခုကို ပြန်ယူရမှာ နှမြောနေခြင်းသည် ဖြစ်တောင့်ဖြစ်ခဲ ထူးဆန်းလှ၏။ ခင်ရင်တင်က ယူလေဆိုသောသဘော ကမ်းထားသည့်လက်ကို လှုပ်ပြလိုက်သည်။ နေမင်းမောင် စာကို ခပ်ဖြည်းဖြည်း ဆွဲယူလိုက်သည်။ သူ့အတွင်းစိတ်ကို ခင်ရင်တင် ရိပ်မိသွားမှာစိုးသဖြင့်…

'ကျွန်တော် သွားမယ်'

ပြောပြီး လှည့်ထွက်ခဲ့သည်။ သုံး လေးလှမ်းတွင်…

'နေဦးလေ'

ခင်ရင်တင်၏ အသံကို ကြားရ၏။ သူ ရပ်နေမိသည်။ စောစောတုန်းက ဖြစ်ပေါ်ခဲ့သော ယောက်ျားမာနသည် အိ ပျော်နေရင်း ထယောင်သလိုမျိုးသာ ဖြစ်ပုံရ၏။ အခုတော့ ပြန်လည်အိပ်မောကျသွားပြန်ပြီ။

သူသည် ခင်ရင်တင်ဘက်သို့ ပြန်လှည့်လိုက်သည်။

'ယူ တော်တော်စိတ်မကောင်းဖြစ်သွားသလားဟင်'

ခင်ရင်တင်က မေးလိုက်သည်။ နှစ်သိမ့်သောအသံ ဖြစ်နိုင်သည်ဟု သူခန့်မှန်း၏။

'ပန်းဆက်တဲ့လက်ကို ပုတ်ချခံလိုက်ရသလိုပါပဲ'

'ဆောရီးကွယ်၊ ယူ့အတွက် အခုလိုစာပေးတာ ပထ ဆုံးအတွေ့အကြုံ ဖြစ်ကောင်းဖြစ်မယ်၊ တို့အတွက်ကတော့ ဒီလိုစာမျိုးတွေ ဖတ်ရလွန်းလို့ ငြီးငွေ့လှပါပြီ၊ အဲဒီအတွက် တို့ကို နားလည်ပေးစေချင်တယ်၊ ဘာပဲဖြစ်ဖြစ် ယူ့ ကမ်းလှ ချက်ကို တို့အသိအမှတ်ပြုပါတယ်၊ ယူ့အချစ်ကို လက်ခံနိုင်မ လက်မခံနိုင်ဘူးဆိုတာတော့ အခု မပြောနိုင်သေးဘူး၊ ယူ့



တို့ ဆက်ပြီးလေ့လာချင်သေးတယ်၊ ယူလည်း တို့ကို လေ့လာကြည့်ဦးပေါ့၊ ယူ့အနေနဲ့ အရင်လိုပဲ တို့နဲ့လာတွေ့ပေါ့၊ ဒါဆိုရင် ကျေနပ်မလား'

နေမင်းမောင်သည် 'အေးစေ'ဆိုသော အမိန့်သံကို ကြားလိုက်ရသော ရဲဘော်အသစ်ကလေးလို တောင့်တင်းနေသော ကိုယ်ခန္ဓာက ပြေလျော့သွားပြီး…

'ကျွန်တော့်မှာ မျှော်လင့်ချက်ရှိသေးတယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်'

ခင်ရင်တင်က လက်လှမ်းလိုက်သည်။ နေမင်းမောင်က စာကို ခင်ရင်တင့်လက်ထဲ ပြန်ထည့်ပေးလိုက်၏။ ခင်ရင်တင်က…

'တစ်ခုတော့ရှိတယ်၊ တကယ်လို့ ယူက မင်္ဂလာစုံတွဲ ထိပေါက်သွားခဲ့ရင် တို့အနေနဲ့ တီကိုကားတော့ မပေးနိုင်ဘူးနော်'

'ဆုကြီးတွေ မမျှော်လင့်ပါဘူး၊ ထောင့်ငါးရာဆုဆိုရင် ကျေနပ်ပါပြီ'

ခင်ရင်တင်က ပြုံးသည်။ ပြီးတော့ ညာခြေထောက်ကို ဘယ်ခြေထောက်ပေါ် ချိတ်လိုက်၏။ နေမင်းမောင်သည် ခင်ရင်တင်၏ ခြေထောက်များကို ကြည့်မိသည်။ ခြေဖမိုးပေါ်မှာ သနပ်ခါးလိမ်းထားတာတွေ့ရသည်။ ကျော်နန္ဒပြောခဲ့သော စကားတစ်ခွန်းကို သတိရလိုက်ချိန်တွင် သူ့ပါးကို သူ့ဘာသာ ပွတ်သပ်ကြည့်နေမိပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ခင်ရင်တင်သည် အတော်စိတ်ပျက်နေမိသည်။ ဒီလူကြီးက တမင်တကာအလျှော့ပေးပြီး ကစားနေမှန်း သိပ်သိသာ၏။

မိမိသည် ကြက်တောင်ချန်ပီယံတစ်ယောက်မဟုတ်။ ပြိုင်ပွဲတွေဘာတွေ ဝင်ခဲ့ဖူးသူလည်းမဟုတ်။ အပျော်တမ်းအဆင့်မှာ တန်းဝင်ရုံလောက်သာ ကစားနိုင်သူဖြစ်၏။

တစ်ဖက်က ကစားသည့် ပုဂ္ဂိုလ်ကြီးကတော့ တော်တော်ကျွမ်းကျွမ်းကျင်ကျင် ရိုက်တတ်သူတစ်ယောက်ဖြစ်၏။ သူ့ညှော့ခန်းထဲက အလှပြမှန်ဗီရိုထဲမှာ ဆုရထားသည့် တံဆိပ်တွေ၊ ဖလားတွေကို မြင်ခဲ့ရသည်။ သို့ရာတွင် ချန်ပီယံတစ်ယောက်၏ လက်ရည်နှင့် လုံးဝခြားနားသည့် ရိုက်ချက်တွေသာ မြင်နေရ၏။



ခုပဲကြည့်၊ ခင်ရင်တင် ရိုက်ချနိုင်လောက်အောင် ကြက်တောင်ကို အလောတော် ပင့်တင်ပေးသည်။ ခင်ရင်တင်က ဆွဲရိုက်ချလိုက်သည်။ သိပ်မပြင်းလှ။ လိုက်ဆယ်လျှင် အသာလေးမီလိုက်နိုင်ပါလျက် တမင်တကာ ဟပ်ထိုးဟပ်ထိုးပုံစံလုပ် လိုက်သည်။ ကြက်တောင်က မြေမှာ ကျသွား၏။

'ကောင်းလိုက်တဲ့ 'စမက်ရှ်' ပဲ၊ မလွယ်ဘူး၊ ခင့်လက်ရည်က တော်တော်အဆင့်မြင့်တာပဲ'

ခင်ရင်တင်က စိတ်မပါ၊ လက်မပါ ပြုံးပြလိုက်ရသည်။ ဘေးမှာ အသင့်ရပ်စောင့်နေသော ကုလားလေးတစ်ယောက် ကွင်းထဲပြေးဝင်ပြီး ကြက်တောင်ကိုကောက်သည်။ ပြီးတော့ ခင်ရင်တင်ဆီ လျှောက်လာပြီး ...က်နှစ်ဖက်နှင့် ရိုရိုသေသေ လာပေးသည်။

ခင်ရင်တင် ရယ်ချင်လာ၏။ ဂေါက်ကွင်းမှာ၊ တင်းနစ်ကွင်းမှာသာ ဂေါက်အိတ်ထမ်းသူ၊ ဘောလုံးကောက်သူတွေ ထားတတ်ကြသည်။ ကြက်တောင်ကောက်သူထားတာတော့ တစ်ခါမှ မတွေ့ဖူးသေး။ ထွင်လည်းထွင်တဲ့လူပဲဟု မှတ်ချက်ချမိ၏။

'ကဲ··· ပွိုင့်ရောက်နေပြီ၊ ကိုယ်တော့ မရှုံးအောင် အသေအလဲ ကြိုးစားရတော့မှာပေါ့'

ခင်ရင်တင်သည် ကြက်တောင်ကို စပေးရာကွင်း ထိုက်နှင့်ထိအောင် တမင်ရိုက်လိုက်မည်ဟု စိတ်ကူးမိသေးသည်။ မဖြစ်သေး။ ဒီလိုလုပ်လျှင် ပွဲက ကြာသွားမည်။ ခုတောင် တော်တော်ပျင်းနေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အလောတော်လောက် ရိုက်တင်ပေးလိုက်၏။ ကြက်တောင်က မြောက်တက်သွားသည်။ ရိုက်ချလို့ ရပါလျက် ဖွဖွလေး ပြန်ရိုက်ပေးသည်။ ခင်ရင်တင်ကလည်း အမြင်ကတ်ကတ်နှင့် ခပ်ဖြည်းဖြည်းပြန်ရိုက်လိုက်၏။ ဒီလိုနှင့် အပြန်အလှန် ဖော့ဖော့ကလေး ရိုက်နေကြရာက အလစ်တွင် ခင်ရင်တင်က အားကုန်လွှဲရိုက်ချလိုက်သည်။ အငိုက်မိသွားသဖြင့် ကာကွယ်ချိန်မရဘဲ ကြက်တောင်က ဟိုပုဂ္ဂိုလ်နဖူးကို ဒေါက်ခနဲ သွားမှန်သည်။

'ဟာ' ဟု ယောင်အော်လိုက်ပြီးမှ ရှက်ရယ်ရယ်သည်။

'ရိုက်ချက်ကတော့ ပြင်းပါ့ဗျာ၊ ကဲ… ကိုယ် ရှုံးသွားပြီ'

ဟု ပြောရင်း ခင်ရင်တင်ဆီ လျှောက်လာ၏။ ဝိုက်အောက်မှ ငုံ့ထွက်လာပြီး…

'ကွန်ဂရက်ကျူလေးရှင်း'

ညာလက်ကို ဆန့်တန်းပေးလိုက်၏။ လက်ဆွဲနှုတ်ဆက်ဖို့ ကမ်းပေးခြင်းဖြစ်၏။ ခင်ရင်တင်က လက်ကို ပြန်မကမ်းဘဲ ရက်ကတ်ကို သူ့လက်ထဲ ထိုးထည့်ပေးလိုက်၏။ ကြောင်တောင်တောင် အမ်းတမ်းတမ်းဖြစ်သွားပြီးမှ…

'ညီမလေးကို လျှော့တွက်မိတာ မှားတာပဲ၊ ဟဲ ဟဲ'

'ဟုတ်တယ်၊ ကျွန်မ ဒီလောက်တော်နေတာ ကိုယ့်ဘာသာတောင် မသိဘူး၊ အစ်ကိုကြီးလို ချန်ပီယံအဆင့်ရှိတဲ့လူကို နိုင်အောင်ရိုက်နိုင်တာ အံ့ဩစရာပဲ'

တမင်ငေါ့၍ ပြောလိုက်ခြင်းဖြစ်၏။ သို့တိုင်အောင်…



'ခင် ပြိုင်ပွဲဝင်ဖို့ ကောင်းတယ်၊ ဆုရမှာ ကျိန်းသေတယ်'

ဟု အသားလွှတ်ကြီး ပင့်နေသေးသည်။

သူ့တပည့်ကုလားလေးသည် ပတ္တူထိုင်ခုံကလေးကို ယူလာပြီး ခင်ရင်တင့်အနားမှာ လာချပေးသည်။ ခင်ရင်တင်က မထိုင်သေးဘဲ လျှောက်ထွက်သွားသည်။ ကုလားလေးသည် ထိုင်ခုံကို မ,ယူပြီး နောက်က လိုက်လာ၏။

ထိုပုဂ္ဂိုလ်ကလည်း လျှောက်လိုက်လာသည်။

ခင်ရင်တင် ရပ်လိုက်သည်။ ကုလားလေးက ထိုင်ခုံကို လာချပေးပြန်၏။ ခင်ရင်တင်က မထိုင်ဘဲနေပြန်သည်။

'အအေးတစ်ခုခု သောက်ပါလား၊ ဘာသောက်မလဲ'

'ဟင့်အင်း… မသောက်ချင်ဘူး'

ဟုပြောပြီး ဆက်လျှောက်သည်။ ကုလားလေးသည် ထိုင်ခုံကို မ,ယူပြီး လိုက်လာပြန်သည်။ ဒီအတိုင်းဆိုလျှင် ထိုင်ခုံသယ်နေရတာနဲ့ပဲ ကုလားလေးတော့ အမောဆို့သွားတော့မယ်။ ထို့ကြောင့်…

'နေပါစေ ရန့်ကနား၊ မမ မထိုင်ချင်ဘူး၊ ထိုင်ခုံကို အဲဒီမှာပဲ ချထားလိုက်' ဟု ပြောလိုက်ရ၏။

ကုလားလေးက ထိုင်ခုံကိုချလိုက်ပြီး…

'ကျွန်တော့်နာမည် ရန့်ကနားမဟုတ်ပါဘူး၊ မောင်မြင့်ကြည်ပါ' ဟု ပြောလိုက်၏။

ခင်ရင်တင်က ပြုံး၍…

'ဆောရီးနော် မောင်မြင့်ကြည်'

www.burmeseclassic.com

www.burmeseclassic.com



ဟု တလေးတစား ပြန်ပြောလိုက်၏။ ကုလားလေး အပေါ် လေးစားပြနေခြင်းကြောင့် နောက်တစ်ယောက်အပေါ် တစ်ခုခုလုပ်ပြတော့မည်ဖြစ်ကြောင်း သေချာသွားသည်။ ဟို ပုဂ္ဂိုလ်ကြီးကတော့ မသိသေးဘဲ…

'တစ်ခုခုစားပါလားဟင်၊ လိုက်ဖ့(တ်)ပေါ့'

လိုက်ဖ့(တ်)ဆိုတာကို ခင်ရင်တင်မသိဘဲ ဘယ်နေပါ့ မလဲ။ သို့ရာတွင် နည်းနည်းလုပ်လိုက်ချင်သောကြောင့်…

'ရှင်… ဘာရယ်'

ဟု ပြန်မေးလိုက်၏။

'သြော်… ပေါ့ပေါ့ပါးပါးစားစရာတစ်ခုခုကို ပြောတာ လေ'

'ကောင်းသားပဲ'

'ဘာစားချင်လဲ'

ခင်ရင်တင်က စဉ်းစားသလိုလုပ်နေသည်။ ပြီးမှ…

'အင်း… ပေါ့ပေါ့ပါးပါးစားစရာတစ်ခုခုဆိုတော့… ဟိုဟာလေ… မုန့်လေပွေစားချင်တယ်'

ပါးစပ်အဟောင်းသားဖြစ်သွား၏။ မထင်မှတ်သော ကိစ္စဖြစ်၍ ကြောင်အအဖြစ်သွားပြီးမှ…

'ဟာ… အဲဒါတော့… ဟို… အဲဒါကလေ ပွဲဈေး တန်းတွေမှာမှ ရှိတာ၊ တခြားတစ်ခုခုစဉ်းစားပါဦး'

'ဟင့်အင်း၊ ကျွန်မကတော့ မုန့်လေပွေပဲ စားချင်တာ' တော်တော်အကျပ်ရိုက်နေသည့် ပုံစံဖြင့်…

'အဲ… အဲဒါကတော့ မလွယ်ဘူး'



ခင်ရင်တင်က လိုတာမရ၍ စိတ်ကောက်ဟန်ဖြင့်…

'ဒါဆိုလည်း ပြီးရောလေ၊ သွားမယ်'

ဆိုပြီး လှည့်ထွက်သည်။ ထိုပုဂ္ဂိုလ် ပြူးပြူးပျာပျာဖြစ် ပြီး…

'နေ… နေပါဦးလေ… ဟို… အဲ…'

ကုလားလေးကိုကြည့်ပြီး စိတ်ကူးရသွားဟန်တူ၏။

'ဟုတ်ပြီ၊ ပါပလာကြော်စားပါလား၊ ဒါလည်း ပေါ့ပေါ့ ပါးပါးပဲ မဟုတ်လား'

ပြောပြီးမှ မသေချာသဖြင့် ကုလားလေးကို တိုးတိုး ကျိတ်မေးရသေးသည်။

'မင်းတို့ဆိုင်မှာ ရှိတယ်မဟုတ်လား'

ကုလားလေးမောင်မြင့်ကြည်က ခေါင်းညိတ်ပြသည်။

သို့ရာတွင် ခင်ရင်တင်က ခေါင်းခါလိုက်၏။

'ဆောရီးပဲ၊ ဘိုင့်ဘိုင်'

ဟု နှုတ်ဆက်ပြီးထွက်သွား၏။

'နေ… နေပါဦး၊ အာလူးကြော်၊ ငါးမုန့်ကြော်၊ ကိုကို စနက်၊ ဂျမ်ဘို…'

စသည်ဖြင့် ပေါ့ပေါ့ပါးပါးစားစရာမုန့်သမျှ လျှောက် ရွတ်ရင်း ကျန်ရစ်ခဲ့ရှာ၏။

➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဒီနေ့ လာစောင့်နေသမျှ လူတွေအားလုံးလိုလို 'ပဲများ' သူတွေချည်းဖြစ်၏။ ကိုယ်နှင့်လိုက်မှန်း၊ မလိုက်မှန်းမသိဘဲ ဒီဖိုင်းဆန်းရင်ပြီးရောဆိုပြီး ဝတ်စားလာသူတွေ မော်ဒယ်သမား တွေလို ပုံပေးပြီး ရပ်နေသူတွေ၊ ယောကျ်ားလေးတန်မဲ့ နားကွင်း ဆွဲထားသူတွေ၊ ဆံပင်ဆေးဆိုးထားသူတွေချည်း ဖြစ်နေ၏။ သူတို့ခမျာလည်း ခင်ရင်တင်များ မျက်စိကျမလားဟု တတ်နိုင် သမျှ ထွင်လာကြရှာခြင်းဖြစ်၏။

သို့ရာတွင် ခင်ရင်တင်က တစ်ယောက်မှ စိတ်ထဲ မတွေ့။ စိတ်ပေါက်ပေါက်ရှိသဖြင့် စကြံထောင့်ကွေးမှာ ကုပ် ချောင်းချောင်း ရပ်ကြည့်နေသောသူတစ်ယောက်ဆီသွားပြီး…

'ယူ တို့ကို စောင့်နေတာလားဟင်' ဟု မေးလိုက်သည်။

အမေးခံရသူမှာ တုန်လှုပ်ချောက်ချားပြီး ကြက်သီး မွေးညင်း တွေတောင်ထသွားရသည်။ တကယ်တော့ သူသည် ခင်ရင်တင် ကို လာစောင့်နေခြင်းမဟုတ်။ သူငယ်ချင်းတစ်ယောက်နှင့်



အဖော် လိုက်လာခြင်းသာဖြစ်၏။ သူလိုလူမျိုးကို ခင်ရင်တင်က စိတ် ဝင်စားလိမ့်မည်ဟုလည်း မမျှော်လင့်ခဲ့။

သူ့ပုံစံက မည်းမည်းပိန်ပိန်ခြောက်ခြောက်၊ လူက သေး သေးကွေးကွေး ဒီကြားထဲ လက်ပြင်က ကုန်းသေးသည်။ ခင်ရင်တင်နှင့် ယှဉ်လိုက်သောအခါ တီဘီရောဂါသည်တစ် ယောက်ကို ထောင်ထောင်မောင်းမောင်း သူနာပြုဆရာမကြီးက ရောဂါအကြောင်းမေးနေပုံနှင့် တူနေလေသည်။

ထိုသူမှာ လုံးဝမထင်မှတ်ဘဲ အမေးခံလိုက်ရသဖြင့် အယောင်ယောင်အမှားမှားဖြစ်ပြီး…

'ဟုတ်… ဟုတ်ကဲ့ဆရာမ'

ဟု ဖြေလိုက်မိ၏။ ခင်ရင်တင်က သဲ့သဲ့ရယ်လိုက် ပြီး…

'တို့က ဆရာမ မဟုတ်ပါဘူးကွယ်၊ ကဲ လာ တစ်ခုခု သွားစားရအောင်'

ဟု ပြောလိုက်သည်။ ထိုအခါကျမှ ပိန်ညှောင်ညှောင် လေးလည်း ပြုံးပြုံးပြာပြာဖြစ်ပြီး…

'ဟာ… ကျွန်တော့်မှာ ပိုက်ဆံသိပ်မပါဘူးခင်ဗျ'

'ရပါတယ်၊ တို့မှာ ပါပါတယ်၊ တို့ကပဲ ပြုစုပါရစေ၊ မိတ်ဖြစ်ဆွေဖြစ်သဘောပေါ့၊ ကဲ… သွားစို့'

ခင်ရင်တင်က မျက်ခုံးလေးပင့်ပြီး ပြောလိုက်၍ ပိန် ညှောင်ညှောင်ကလေးသည် ငြင်းဆန်နိုင်သော အင်အားမရှိဘဲ ခင်ရင်တင်နောက်သို့ ကုပ်ချောင်းချောင်းလေး လိုက်ပါသွားလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို တအံ့တသြ ငေးမောကြည့်နေကြ သူတို့မှာ မီးရထားတွဲကြီးကို ဖျောက်ပြသော ဒေးဗစ်ကော်ပါဖီး မျက်လှည့်ကို ကြည့်လိုက်ရသလိုဖြစ်ပြီး မှင်တက်မိရင်း ကျန်ခဲ့ကြလေသည်။

* * *

နေမင်းမောင်သည် ခင်ရင်တင်တို့အတန်းရှိရာသို့ သုတ်ခြေတင်လာခဲ့ရ၏။ ဒီနေ့ အတန်းတက်နေရင်း ဖိနပ်ကို ချွတ်ထားမိသည်။ ဘေးမှာ ထိုင်နေသော ကျော်နိုနိုက ဖိနပ်တစ်ဖက်ကို အလစ်မှာ ယူပြီး ဖွက်ထားလိုက်၏။

ဒါမျိုးက သူတို့သူငယ်ချင်းတွေကြားမှာ လုပ်နေကျ။ ဒီတော့ စိတ်ဆိုးလို့မဖြစ်။ ဆဲဆဲဆိုဆိုနှင့် ဖိနပ်ပြန်တောင်းနေရသောကြောင့် နောက်ကျသွားခြင်းဖြစ်၏။

ခင်ရင်တင်တို့ အတန်းဘက်သွားသည့် စင်္ကြံကို ဖြတ်ဝင်လိုက်သောအချိန်တွင် ရှေ့က ရင်ဝကို ဆီးကန်ခံလိုက်ရသလို ဖြစ်သွားရ၏။ ခင်ရင်တင်က တခြားလူတစ်ယောက်နှင့် တွဲလာသည်။ ထိုသူမှာ တော်တော်ပုံပျက်ပန်းပျက်နိုင်သည်။ အရပ်က ခင်ရင်တင်ပခုံးသာသာလောက်သာ ရှိ၏။ ဟိုတစ်ခါ ဝိတ်တာကြီးနှင့် ပါသွားတာထက်တောင် အခံရခက်သေးသည်။

ခံပြင်းသော၊ ရန်လိုသောအကြည့်ဖြင့် ထိုသူကို ကြည့်မိ၏။ ခင်ရင်တင်ကလည်း သူ့ကိုမြင်သည်။ ဘေးက ကောင်ကို နေမင်းမောင် ရန်လိုစွာစိုက်ကြည့်နေပုံကိုတွေ့ပြီး ထိုအချက်ကို ချက်ချင်း အသုံးချလိုက်၏။ သူ့ဘေးက ညောင်နာနာလိုက်လာသော မောင်ပိန်သေးကို…



'ဟော… ဒုက္ခပဲ၊ ဟိုရှေ့မှာ တို့အစ်ကိုလာနေတယ်၊ သူက ဘိုပ်ဒေါသကြီးတာ၊ တိုက်ကွမ်ဒိုလည်း သိပ်ကျွမ်းတယ်၊ ယူ့လိုပုံဆိုရင် အရိုးတခြား၊ အသားတခြား ဖြစ်သွားလိမ့်မယ်၊ စိုက်ကြည့်နေပုံကြီးကိုက တကယ်လုပ်မယ့်ပုံပဲ၊ ယူ ဒီကနေ မြန်မြန်လစ်ပေတော့'

မောင်ပိန်သေးမှာ အဟုတ်မှတ်ပြီး ခြေလှမ်းတုံ့သွား၏။ နဂိုကမှ ကြောက်ကြောက်လန့်လန့်ဖြစ်နေရတဲ့အထဲ ခင်ရင်တင်က ခြောက်၊ နေမင်းမောင်က ရူးရူးကြီး ကြည့်နေသောအခါ ခြေဖျားလက်ဖျားတွေ အေးလာပြီး ဆတ်ခနဲ နောက်ပြန်လှည့်၍ ခပ်သုတ်သုတ် လစ်ထွက်သွားလေ၏။

ခင်ရင်တင်က သဘောကျသလိုပြုံးလိုက်ပြီး နေမင်းမောင်ဆီလျှောက်လာပြီး မေးသည်။

'ယူ ဘာဖြစ်လို့ နောက်ကျနေရတာလဲ'

'အတန်းတက်နေရလို့ပါ၊ ခင်ရင်တင်က ကျောင်းပြေးတာ မကြိုက်ဘူး မဟုတ်လား'

'တို့က ကျောင်းပြေးတာမကြိုက်ဘူးလို့ ဘယ်လိုလုပ်သိလဲ'

'ခင်ရင်တင်ကိုယ်တိုင်က ကျောင်းမှန်မှန်တက်တဲ့လူပဲ၊ ဒါကြောင့် တခြားလူတွေကျောင်းပြေးတာကိုလည်း ဘယ်ကြိုက်နိုင်ပါ့မလဲ'

'မဆိုးဘူး၊ ယူ တော်တော်လိမ္မာလာပြီ'

'လိမ္မာရင် အဖြေပေးတော့လေ'

www.burmeseclassic.com

www.burmeseclassic.com



စကားကို ကြုံသလို အကွက်နင်းပြီး ပြောလိုက်နိုင်သဖြင့် နေမင်းမောင် သူ့ကိုယ်သူ ကျေနပ်သွား၏။ သို့ရာတွင် ခင်ရင်တင်က…

'လိမ္မာတယ်ဆိုတာ ကလေးတစ်ယောက်အတွက် ပြီးပြည့်စုံပေမယ့် လူကြီးတစ်ယောက်အတွက်တော့ မလုံလောက်သေးဘူးလေ'

'ဒါဆို ကျွန်တော့်မှာ ဘာတွေ လိုနေသေးလဲ'

'လိုအပ်တယ်လို့ထင်တာတွေ လျှောက်ပြောနေရရင် ဆုံးမှာ မဟုတ်တော့ဘူး၊ လူဆိုတာကလည်း လုံးဝစင်းလုံးချော တော့ ဘယ်ဖြစ်နိုင်ပါ့မလဲ'

ခင်ရင်တင်က လမ်းစလျှောက်သည်။ သူဦးတည်ပုံအရ အင်းလျားလမ်းဘက်ထွက်မည့်သဘောရှိ၏။ သူ ဘာဆက်ပြောရမလဲဟု နေမင်းမောင် ခန့်မှန်းကြည့်သည်။ စကားဆိုတာက မော်တော်ကားလို ဘယ်ကွေ့ညာကွေ့အတွက် အချက်ပြမီးတပ်ဆင်ထားတာမျိုးမဟုတ်။ စကားလမ်းကြောင်းမှာ တစ်ခါတစ်ခါ ညာယိမ်းပြီးကာမှ ဘယ်ချိုးတာမျိုး ဖြစ်တတ်သည်။ အင်းလျားလမ်းပေါ်အရောက်တွင် ခင်ရင်တင် စကားဆက်လေသည်။

'ကဲ… ယူ့ကို တို့တစ်ခုမေးမယ်၊ မိန်းကလေးတစ်ယောက်ဟာ ကိုယ့်ဘဝအတွက် ရွေးချယ်မယ့်ချစ်သူကို ဘယ်လိုလူမျိုး ဖြစ်စေချင်လိမ့်မယ်လို့ ထင်သလဲ'

စဉ်းစဉ်းစားစားဖြေရမည်ဟု နေမင်းမောင် တွက်လိုက်သည်။ ခင်ရင်တင်နှင့် စကားပြောရာတွင် သာမန်အားဖြင့်



ရယ်စရာမောစရာများဖြစ်တတ်သော်လည်း တစ်ချက်တစ်ချက် ရုတ်တရက် လေးနက်သွားတတ်သည်။ ထိုအခါမျိုးမှာ မေ့မေ့လျော့လျော့ပေါ့ပေါ့ဆဆ ပြောလို့မဖြစ်။ တရားရုံးမှာ ထွက်ဆိုရသလို နည်းနည်းလေးမျှ အတိမ်းအစောင်းမခံတတ်။ ထို့ကြောင့်…

'တော်တော်အဖြေရခက်တဲ့မေးခွန်းပဲ' ဟု မယုတ်မလွန် တုံ့ပြန်လိုက်သည်။

'ယူ မဖြေနိုင်ဘူးလား'

ရှင်းလင်းချက်တစ်ခုတော့ ပေးဖို့ လိုအပ်လာပြီ။

'မေးခွန်းဆိုတာ ရည်ရွယ်ချက်နှစ်မျိုးနဲ့ မေးလို့ရတယ်လို့ ကျွန်တော် ကြားဖူးတယ်၊ ပထမတစ်မျိုးက တကယ်မသိလို့မေးတာ၊ နောက်တစ်မျိုးက အဖြေကို သိသိကြီးနဲ့ ပညာစမ်းချင်လို့မေးတာ'

'ဒါဆို တို့က ဒုတိယအမျိုးအစားထဲမှာ ပါတယ်ဆိုပါတော့'

အမှန်အတိုင်းလည်း ဖြစ်အောင်၊ ခင်ရင်တင်ကိုလည်း ထိခိုက်သည့်စကားမျိုး မဖြစ်အောင်…

'ဟုတ်ပါတယ်၊ ကျွန်တော်တို့ စာမေးပွဲမှာ မေးတဲ့မေးခွန်းလိုပေါ့၊ မေးခွန်းထုတ်တဲ့ဆရာတွေက အဖြေကို မသိလို့မှမဟုတ်ဘဲ၊ ကျောင်းသားတွေ ဘယ်လောက်တတ်သလဲ၊ ဘယ်လောက် သိသလဲဆိုတာ စစ်ဆေးချင်လို့မဟုတ်လား'

'သြော်… တို့က ဆရာမပေါ့၊ ဒီတော့ နေမင်းမောင်က အခု ဆရာမမေးတဲ့မေးခွန်းကို မဖြေနိုင်ဘူးဆိုပါတော့'

www.burmeseclassic.com

www.burmeseclassic.com



နေမင်းမောင်က ရယ်ကျဲကျဲလုပ်နေလိုက်၏။ ခင်ရင်တင်က နာရီကိုကြည့်ပြီး...

'အချိန်နည်းနည်းရှိပါသေးတယ်ကွယ်၊ စဉ်းစားလိုက်ပါဦး'

ခင်ရင်တင်က ရုပ်မြင်သံကြားဇာတ်စမ်းပဟေဠိ အစီအစဉ်ထဲက အစ်မကြီးတွေ လေသံမျိုးဖြင့် ပြောလိုက်၏။ နေမင်းမောင် ခေါင်းကုတ်လိုက်ပြီး...

'ပြဋ္ဌာန်းချက်တွေထဲမှာ မပါတာတွေကို စာမေးပွဲမှာ ထည့်မေးသလိုဖြစ်နေပြီ၊ ကျွန်တော်က မိန်းကလေးမှ မဟုတ်ဘဲ၊ မိန်းကလေးတစ်ယောက်ရဲ့ဆန္ဒကို ဘယ်လိုလုပ် အတိအကျ သိမလဲ'

'ကဲ... အချိန်လည်း စေ့သွားပြီ၊ မောင်လေးမသိဘူးဆိုရင် မမပြောပြမယ်နော်၊ မိန်းကလေးတစ်ယောက်ဟာ ကိုယ့်ချစ်သူကို ဘယ်လိုမျိုးဖြစ်စေချင်သလဲဆိုတော့ ချမ်းသာတာ၊ ရာထူးကြီးတာ၊ ရုပ်ချောတာထက် ကိုယ့်ကို ဂရုတစိုက်ရှိတာ ပိုပြီး မက်မောတတ်ကြတယ်'

ဒီထက်ပဲ ဂရုစိုက်ရဦးမှာလားဗျာဟု ပြောချင်သော်လည်း 'ကျွန်တော်က ဂရုမစိုက်လို့လား' ဟူ၍သာ ပြန်မေးလိုက်၏။

'ဒါဆိုရင်တော့ ဝမ်းသာရမှာပေါ့'

'ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ ကျွန်တော့်ကို အဖြေပေးပါလားဗျာ'

'စာမေးပွဲဆိုတာ စစ်ပြီးတာနဲ့ ချက်ချင်းအောင်စာရင်း



ထုတ်ပေးတတ်တာမျိုးမှ မဟုတ်တာ၊ အဖြေလွှာတွေကို စစ်ဆေးကြည့်ရသေးတယ်လေ'

'ဘာပဲဖြစ်ဖြစ် ဆရာမတိုင်းဟာ တပည့်တွေကို အောင်စေချင်ကြတာချည်းပါပဲ'

'တို့ကတော့ ဂုဏ်ထူးပါ ထွက်စေချင်တာ၊ ဒီတော့ အချိန်ယူ စစ်ဆေးကြည့်ပါရစေဦးနော်၊ ကဲပါ၊ ငြင်းရခုံရတာနဲ့ နည်းနည်းတောင် ဆာလာပြီ၊ တစ်ခုခုစားရင် ကောင်းမယ်'

အင်းလျားကန်စပ်ရှိ ခုံတန်းလေးများအနီးသို့ ရောက်လာကြသည်။ စားသောက်ဆိုင်တန်းကို လှမ်းမြင်နေရ၏။ ထို့ကြောင့် နေမင်းမောင်က...

'အဲဒီမှာ သွားထိုင်မလား'

'ဟင့်အင်း... ကင်တင်းတွေမှာ နေ့တိုင်းစားရတာ ငြီးငွေ့လာပြီ'

'ဒါဆို အပြင်မှာ ထွက်စားမလား၊ ဘယ်မှာ စားချင်လဲ'

'သိပ်ဆာလှတာတော့ မဟုတ်ပါဘူး၊ ရင်အေးသွားရုံလောက်ပဲ၊ အရည်ရွှမ်းတဲ့အသီးတစ်ခုခုပဲ စားတော့မယ်'

'ပန်းသီးစားမလား၊ သွားဝယ်ပေးမယ်'

'ပန်းသီးကလည်း စားရလွန်းလို့ ရိုးနေပြီ'

'ဒါဆို ဘာစားချင်လဲ'

ခင်ရင်တင်က ခဏမျှစဉ်းစားပြီး...

'အင်း... ဖရဲသီးစားချင်တယ်'

'ဟာ... ဒါ ဖရဲသီးပေါ်တဲ့ရာသီမှ မဟုတ်ဘ

www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့မသိဘူးလေ၊ လူတစ်ယောက်ရဲ့အာသာဆန္ဒဆိုတာက အချိန်ရာသီနဲ့ ညှိနှိုင်းတိုင်ပင်ပြီးမှ ဖြစ်ပေါ်လာတာမှ မဟုတ်ဘဲ'

ခင်ရင်တင် စာတိုပြလာပြီ။ မထင်မှတ်တဲ့အချိန်မှာ ရုတ်တရက် ထဖောက်တတ်တာ သူ့အကျင့်။ ပြီးတော့ စောစောတုန်းက 'မိန်းကလေးတွေဟာ ကိုယ့်ကိုဂရုစိုက်တာကို မက်မောတတ်ကြတယ်' ဟု ပြောခဲ့၏။ အဖြေလွှာတွေ စစ်ဆေးပြီးမှ အောင်စာရင်းထုတ်နိုင်မယ်လို့လည်း ဆိုခဲ့၏။ ဒီတော့…

နေမင်းမောင် အကြပ်ရိုက်နေသည်။ ဖရဲသီး ဘယ်မှာ ရမလဲ။ စာတ်စာတွေရောင်းတဲ့ဆိုင် အဲ… ဟုတ်ပြီ။

'ဒါဆို ခဏလေးစောင့်နော်၊ ဆယ့်ငါးမိနစ်လောက် အတွင်းမှာ ပြန်လာမယ်'

လှည့်ထွက်ပြီးမှ ပြန်ရပ်၍…

'ကျွန်တော်သွားနေတုန်းလည်း လစ်ထွက်မသွားနဲ့ဦးနော်'

ခင်ရင်တင်က ခေါင်းညိတ်ပြပြီး 'စိတ်ချပါ ဒီမှာပဲ စောင့်နေပါ့မယ်' ဟု ပြော၍ ခုံတန်းကလေးမှာ ဝင်ထိုင်လိုက်သည်။

နေမင်းမောင် လှစ်ခနဲ ပြေးထွက်သွားသည်။ အင်းလျားလမ်းပေါ်မှာရပ်၍ ဟိုသည်ကြည့်သည်။ တက္ကစီ တစ်စီး လာနေသဖြင့် လက်တားလိုက်သည်။ ကားရပ်လိုက်သောအခါ ဈေးမေးမနေတော့ဘဲ တံခါးဖွင့်ဝင်ထိုင်ပြီး…

'စိုက်ပျိုးရေးအရောင်းဆိုင်ကို မောင်းဗျာ၊ အသွားအပြန်



စီးမှာ' ဟု ပြောလိုက်သည်။

ကားဆရာက ဒီလိုရေးကြီးသုတ်ပျာလူမျိုးနှင့်တွေ့လျှင် မြန်းမြန်းမြက်မြက်ရတတ်ကြောင်း သိပြီးဖြစ်၍ ဘာမျှမမေးတော့ဘဲ ကားကို မောင်းထွက်လိုက်၏။

နေမင်းမောင် ပြောသွားခဲ့သည့်အတိုင်း ဆယ့်ငါးမိနစ်လောက်အကြာမှာ အလတ်စားဖရဲသီးတစ်လုံးပိုက်ပြီး ပြေးလာသော နေမင်းမောင်ကို တွေ့လိုက်ရသဖြင့် ခင်ရင်တင် အံ့ဩသွားရသည်။ လူတချို့ကတော့ နေမင်းမောင်ကို အထူးအဆန်းလို ကြည့်သွားကြ၏။ သူကတော့ ဂရုမစိုက်နိုင်။ ခင်ရင်တင်၏ ရှေ့မှာ ဖရဲသီးကို ဝင့်ကြွားစွာ ပြလိုက်သည်။

'ဟယ်…ယူ ရအောင် ဝယ်လာတယ်၊ ဘယ်က ရလာလဲဟင်'

နေမင်းမောင်သည် မိခင်ဖြစ်သူက လမ်းထိပ်ကဆိုင်မှာ ရေတ်သီးမှုန့်ဝယ်ခိုင်းသဖြင့် ပြေးဝယ်ပြီး ပြန်လာသော ကလေးငယ်တစ်ယောက်လို မောဟိုက်နေခြင်းကို ဂရုမစိုက်နိုင်ဘဲ…

'မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အရောင်းဆိုင်မှာ သိပ္ပံနည်းကျစိုက်ပျိုးထားတဲ့ ဖရဲသီးတွေ တစ်နှစ်ပတ်လုံး ရတယ်လေ'

'ယူ့ကို ချီးကျူးပါတယ်'

တကယ်လိုက်လှဲသောလေသံဖြင့်ပြော၏။ ခင်ရင်တင်ဆီက ချီးကျူးမှုကို ရရှိခြင်းသည် မော်တော်ကားပါမစ်တစ်ခုကို ရေချင်းပြီးရအောင် စွမ်းဆောင်နိုင်ခြင်းထက်ပင် ဂုဏ်ယူဖို့ ကောင်းသည်ဟု ထင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ အရေးမကြီးဘူး၊ ခွဲစရာလည်း မားမရှိဘူး'

နေမင်းမောင် ခဏစဉ်းစားသည်။ ပြီးတော့…

'ရပါတယ်၊ ခဏကိုင်ထား'

ခင်ရင်တင်၏လက်ထဲကို ဖရဲသီးထည့်ပေးလိုက်သည်။ ပြီးတော့ လက်ဝါးစောင်းဖြင့် တအားမြှောက်ပြီး ခုတ်ချလိုက်၏။ ဖရဲသီးမှာ သုံးပုံတစ်ပုံလောက် အက်ကွဲသွားသည်။

'ယူက တိုက်ကွမ်ဒိုလည်း တကယ်တတ်တာကိုး'

ဟု ခင်ရင်တင်က ပြောလိုက်သည်။ နေမင်းမောင်၏ လက်ကတော့ ထူပူသွား၏။

ဖရဲသီးက ဂျပန်မျိုး၊ အဝါရောင်။

* * *

ညကျတော့ သူ့လက်က တဆစ်ဆစ်နာပြီး ရောင်ကိုင်းလာ၏။ ဆေးလိမ်းပြီး ပတ်တီးစည်းထားရသည်။ နောက်နေ့မနက်ကျတော့မှ နည်းနည်းသက်သာသွားသည်။ ကျောင်းမသွားတော့ဘူး စိတ်ကူးသော်လည်း အိမ်မှာနေလည်း ပျင်းနေမှာပဲဆိုပြီး ထွက်လာခဲ့သည်။

ကျောင်းရောက်တော့ ကျော်နန္ဒတို့ကို မတွေ့ရ။ လက်ဖက်ရည်ဆိုင်လိုက်သွားမှ တွေ့သည်။ သူက ပတ်တီးစည်းထားသောလက်ကို ခပ်ကွယ်ကွယ်လုပ်ပြီး ဝင်ထိုင်သည်။ သို့ရာတွင် ကျော်နန္ဒက သတိပြုမိသွားသည်။

'ဟေ့ကောင် မင်းလက်က ဘာဖြစ်တာလဲ'

'ဟိုဟာကွာ… တံခါးညပ်မိလို့'



'သြော်… သြော်…'

ဖိုးဇော်က ကိုရဲကို မျက်စပစ်ပြလိုက်သည်။ ကိုရဲက

'အေးကွာ၊ ငါတို့လည်း အခုပဲ မင်းအကြောင်းပြောနေကြတာ'

'ဘာပြောတာလဲ'

'မင်းကို ချီးကျူးနေတာပါကွ၊ ဒီကောင်တွေလည်း မင်းကို အတုယူသင့်တယ်လို့ပြောပြနေတာ'

'ဟုတ်လား၊ လုပ်စမ်းပါဦးကွ၊ ဘာလဲ'

ဟုပြောပြီး တစ်ဆက်တည်း လက်ဖက်ရည်တစ်ခွက်မှာလိုက်သည်။ ဖိုးဇော်က ဝင်၍…

'မင်း အခု ကိုယ့်ကျောင်းစရိတ်ကို ကိုယ့်ဘာသာ အလုပ်လုပ်ပြီး ရှာနေတယ်ဆို'

နေမင်းမောင် ကြောင်သွားသည်။

'ဘာ… ငါက ဘယ်မှာအလုပ်လုပ်လို့လဲ'

ကျော်နန္ဒက…

'လျှို့မနေစမ်းပါနဲ့ သူငယ်ချင်းရာ၊ ကိုယ့်လုပ်အားနဲ့ရတဲ့ငွေနဲ့ ကျောင်းတက်နိုင်တယ်ဆိုတာ ဂုဏ်တောင်ရှိပါသေးတယ်ကွ'

နေမင်းမောင် နားမလည်ဟန်ဖြင့်…

'မင်းတို့ပြောတာ ငါသဘောမပေါက်ဘူး၊ ငါ ဘာအပေါင် ငွေမှ မရှာနိုင်ပါဘူးကွ'

ကိုရဲက…

'လုပ်မနေနဲ့ ဟေ့ကောင်၊ မင်း ဈေးထဲမှာ ဖရဲသီးစိတ်

www.burmeseclassic.com



ရောင်းနေတယ်ဆိုတာ ငါတို့သိပြီးပြီ'

ထိုအခါကျမှ သူ့ကို ဝိုင်းချွတ်နေကြောင်း သိသွားပြီး

'ဟာ… ခွေးကောင်တွေ၊ လင်းတတွေ၊ ငါ့ကို ရိုနေတာ ပေါ့ဟုတ်လား'

ဟိုကောင်တွေ ဝိုင်းရယ်ကြသည်။

'သတင်းကလည်း ပြန့်တာမြန်လှချေလား'

'ခင်ရင်တင်နဲ့ပတ်သက်တဲ့ သတင်းဆိုရင် လူတိုင်းက စိတ်ဝင်စားကြတာပဲကွ၊ ဒြော်… ဒါနဲ့ မင်းရဲ့တိုက်ကွမ်ဒိုအစွမ်းကို ငါတို့လည်း မြင်ရအောင်, ဒါလေးကို လက်ဝါးစောင်းနဲ့ ခုတ်ပြစမ်းပါ'

ကျော်နန္ဒက ပန်းကန်ထဲမှ ဆန္ဒင်းမကင်းတုံးတစ်တုံးကို ယူ၍ လက်ဝါးပေါ်တင်ပြသည်။ နေမင်းမောင် တစ်ခွန်းဆဲလိုက်၏။

➤

## အခန်း (၁၀)

သူပြောနေသောစကားတွေကို နားထောင်ရတာကြာတော့ ပျင်းရိငြီးငွေ့လာသည်။ သူ့လုပ်ငန်းတွေ ဘယ်လောက်အောင်မြင်နေကြောင်း၊ ထပ်မံတိုးချဲ့မည့် လုပ်ငန်းများအကြောင်း၊ သူဝယ်ထားသော မြေကွက်တွေအကြောင်း…။

'တချို့မြေကွက်တွေကျတော့ သွားတောင်ကြည့်ဖြစ်တာမဟုတ်ဘူး၊ မြေပုံပေါ်မှာပဲ လက်ညှိုးထိုးပြီး ဝယ်ခဲ့တာ၊ ကိုယ်ဝယ်ထားတဲ့မြေကွက် ကိုယ့်ဘာသာမမြင်ဖူးဘူးဆိုတာ ရယ်စရာတော့ အကောင်းသား'

ဆိုပြီး အသားလွတ်ကြီးရယ်နေသည်။ မြေကွက်ဝယ်တာ ရယ်စရာဟု ခင်ရင်တင်မထင်မိ။ ထို့ကြောင့် လိုက်မရယ်ဘဲ နေလိုက်သည်။

'ကိုယ်လေ သံလွင်လမ်းထဲမှာ တိုက်တစ်လုံးဆောက်ထားတယ်၊ အားလုံး ကိုယ့်စိတ်ကြိုက်ဆောက်ထား အိမ်ပုံစံကို

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ဟိုတယ်လာဆောက်နေတဲ့ ပြင်သစ်က အာခီတက်တစ်ယောက်ကို ဆွဲခိုင်းထားတာ၊ ကိုလိုနီပုံစံနဲ့ ခေတ်သစ်ပုံစံ အချိုးညီညီရောစပ်ထားတာ၊ လိုကယ်မိတ်တစ်ခုမှ မသုံးဘူး၊ တံခါးလက်ကိုင်ကအစ ဂျပန်ပစ္စည်းတွေပဲ သုံးတယ်'

'ဩော်... ဟုတ်လား၊ အဲဒီမှာ အုတ်ခဲသယ်၊ ဘိလပ်မြေသယ်တဲ့ အလုပ်သမားတွေကရော ဂျပန်လူမျိုးတွေပဲလား'

ခင်ရင်တင်က တစ်ချက်ထောက်လိုက်သည်။

'ဟာ... ခင်ကလည်း နောက်နေပြန်ပြီ၊ ကိုယ်ဆောက်နေတဲ့တိုက်က သိပ်လှတာ၊ တစ်ရက်လောက် ခင့်ကို ခေါ်သွားပြီး ပြရဦးမယ်'

သူ့စကားအဓိပ္ပာယ်က အတော်သိသာသည်။ ခင်ရင်တင်ကို သူ လက်ထပ်ချင်သည်။ ပြီးလျှင် ထိုတိုက်မှာ နေမည်။ ဒါကြောင့် လိုက်ကြည့်ပါ။ ဒီသဘော။

သူပြောနေသည့် စကားလမ်းကြောင်းကို ခင်ရင်တင်က ကောင်းကောင်းခန့်မှန်းလို့ရသည်။ ခင်ရင်တင်ဆီက အဖြေကောင်းဖို့ လမ်းခင်းနေခြင်းဖြစ်၏။ ကောင်းမှာဖြင့်လည်း မြန်မြန်ကောင်းပါတော့။ ဒါမှ မြန်မြန်ငြင်းလို့ရမည်။

ထိုသူမှာ ကုမ္ပဏီတစ်ခုမှ မန်နေဂျင်းဒါရိုက်တာတစ်ဦး ဖြစ်၏။ သူ့အသက်မှာ သုံးဆယ်စွန်းစွန်းလောက်ရှိမည်။ ဒီ အသက်အရွယ်လောက်နှင့် မန်နေဂျင်းဒါရိုက်တာတစ်ဦးဖြစ်နေ သည်မှာ တော်ရုံတန်ရုံအတွေ့အကြုံ၊ တော်ရုံတန်ရုံအရည်အချင်း မဟုတ်။ တစ်ခုပဲ ရှိသည်။ ထိုရာထူးကို သူ့အားသူ့အဖေ ကိုယ်တိုင်က တိုက်ရိုက်ခန့်ခဲ့ခြင်းပင်ဖြစ်လေ၏။



သူတို့ကုမ္ပဏီနှင့် ခင်ရင်တင်တို့ မိဘများနှင့် အဆက်အသွယ်ရှိသည်။ လုပ်ငန်းချင်း ဆက်စပ်နေသည်။ မကြာခင်မှာပင် သူတို့ကုမ္ပဏီမှ သိန်းတစ်ရာနှစ်ဆယ်လောက်တန်မည့် လုပ်ငန်းကန်ထရိုက်တစ်ခုကို ခင်ရင်တင်တို့အဖေက လုပ်ခွင့်ရနိုင်စရာရှိနေသည်ဟု သိရ၏။

ဖေဖေတို့မျက်နှာကြောင့်သာ ဒီလောက်ထိ လိုက်လိုက်လျောလျော ဆက်ဆံနေခြင်းဖြစ်၏။ ဒီလူ့ပုံစံမျိုးကို ခင်ရင်တင် မကြိုက်၊ အကြွားသန်တာကို ခင်ရင်တင် ကြည့်လို့မရ။ တော်ရုံတန်ရုံလူဆိုလျှင်တော့ ခင်ရင်တင် ပညာပေးလိုက်တာနဲ့ ကော့နေပေတော့မည်။

'ဒါနဲ့ ကိုယ်တစ်ခုမေးရဦးမယ်၊ ကိုယ့်ကားကို ခင်ကြိုက်ရဲ့လားဟင်'

သူ့ကားရပ်ထားရာ အိမ်ရှေ့ဆင်ဝင်အောက်ကို လှမ်းကြည့်ရင်း မေးသည်။ သူ့ကားက ပါဂျရိုတော့ ပါဂျရိုပဲ။ ဘယ်မော်ဒယ်လည်းတော့ မသိ။ နောက်ဆုံးမော်ဒယ်ဖြစ်ဖို့များသည်။

'အထဲမှာ ကိုယ့်စိတ်ကြိုက်ပစ္စည်းတွေ မှာပြီး ဆင်ထားတာ၊ အားလုံးတစ်ရာကျော်လောက် ကျသွားတယ်၊ တစ်ပတ်လောက်လိုက်စီးကြည့်ပါလား၊ တစ်ခုခုလည်း စားရင်းပေါ့'

'ကျေးဇူးတင်ပါတယ်၊ ကျွန်မ ဘာမှစားချင်စိတ်မရှိလို့ပါ'

ဟု ယဉ်ယဉ်ကျေးကျေး ငြင်းလိုက်သည်။

'ခင်ကသာ လက်ခံမယ်ဆိုရင် ဒီကားကို တင်တောင်းဖို့ ကိုယ် ဆုံးဖြတ်ပြီးသားပါ'

www.burmeseclassic.com



မော်တော်ကားအကောင်းစား တစ်စီးကိုမြင်လိုက်တာနဲ့ မိန်းကလေးတွေက ကြိုက်သွားရောဟု သူထင်နေပုံရသည်။ ဒီလိုထင်စရာရော ဘာကြောင့်ဖြစ်ခဲ့ရသလဲ။ မိန်းကလေးတွေဘက်က ဒီလိုနမူနာတွေ ရှိခဲ့လို့သာပေါ့။ ခံပြင်းစရာကောင်းသည်။ ကားရူး ရူးတဲ့အထဲမှာ ကျွန်မ မပါဘူးဟု ပြောမည်ပြုစဉ်...

'ခင့်ကို လက်ထပ်ချင်တယ်၊ ကိုယ့်ရဲ့ကမ်းလှမ်းချက်ကို လက်ခံပါ'

ပြောရင်း ခင်ရင်တင့်လက်ကို ဆုပ်ကိုင်လိုက်၏။ ခင်ရင်တင် တင်းခနဲဖြစ်သွားသည်။ လက်ဝါးကိုတောင် လွှဲဖို့ပြင်လိုက်သေးသည်။ ပြီးမှ စိတ်ကိုထိန်းပြီး ကိုင်ထားသည့်လက်ကို အသာရုန်းဖယ်လိုက်၏။

ပြီးတော့...

'ခဏထိုင်ဦးနော်'

ဟု ပြောပြီး အိမ်ထဲဝင်သွားသည်။ ခဏအကြာမှာ အိမ်ထဲကထွက်ပြီး ဖန်ခြံထဲ ပြန်လျှောက်လာသည်။ ခုံတန်းလျားလေးပေါ် ပြန်ထိုင်သည်။ လက်ထဲမှာ ဂွမ်းနှင့်အရက်ပြန်ပုလင်းပါလာသည်။ ပုလင်းကိုဖွင့်၍ ဂွမ်းစမှာ အရက်ပြန်ဆွတ်သည်။ စောစောက အကိုင်ခံလိုက်ရသည့်လက်ဖမိုးကို အရက်ပြန်နှင့်ပွတ်သည်။ ပြီးတော့...

ခပ်လှမ်းလှမ်းက ရေဘုံပိုင်ဆီ ထသွားပြီး လက်ကို သေသေချာချာ ဆေးကြောသည်။ ခုံတန်းလျားဆီ ပြန်လာပြီး ထိုင်သည်။



'ဆောရီးနော်၊ ကျွန်မက ရွံ့တတ်လို့ပါ'

ထိုလူ့မျက်နှာမှာ သူ့မော်တော်ကားကြီးလိုပင် ခဲပုပ်ရောင် ဖြစ်သွား၏။

ခင်ရင်တင့်စိတ်ထဲမှာ ဒီလူ့ကုမ္ပဏီမှ သိန်းတစ်ရာနှစ်ဆယ်တန် ကန်ထရိုက်ကို ဖေဖေတို့ရဖို့ တော်တော်အခွင့်အလမ်းနည်းသွားပြီဟု သိလိုက်၏။

ကိစ္စမရှိ။ မိန်းကလေးတစ်ယောက်၏လက်ကို သိန်းတစ်ရာနှစ်ဆယ်ပေးပြီး ကိုင်ချင်လို့မရကြောင်း သိသွားဖို့သာ အရေးကြီးသည်။

➤

www.burmeseclassic.com

## အခန်း(၁၁)

နေမင်းမောင် ထမင်းစားခန်းထဲ ဝင်လာသောအခါ စားပွဲပေါ်မှာ ခင်းကျင်းထားသည့် အစားအသောက်များကို ငေးငေးငိုင်ငိုင် ထိုင်ကြည့်နေသော အဖေ့ကို တွေ့လိုက်ရ၏။ အစားအသောက်တွေက မကောင်းတာတော့မဟုတ်။ ခါတိုင်း စားနေကျ ထမင်းကြော်၊ မုန့်ဟင်းခါး၊ ပေါင်မုန့်နှင့် မာဂျရင်း တို့ထက် အများကြီးသာသည်။

ဥရောပမနက်စာပုံစံမျိုး။ ဟမ်ဘာဂါ၊ ကြက်ဥပြုတ်၊ ငှက်ပျောသီး၊ လက်ဖက်ရည်ပန်းကန်လုံးထဲမှာ လစ်ပတန်တီး တစ်ထုပ်ဆီ ထည့်ထားသည်။

'ဟာ… ဒီနေ့မနက်စာ တယ်ကောင်းပါလား၊ ဖွတ်ဒ် ရှယ်ပဲ၊ ကောင်းကောင်းဝိုက်ရတော့မယ်'

နေမင်းမောင် ကုလားထိုင်ဆွဲလိုက်ပြီး ဟမ်ဘာဂါတစ်ခု ယူသည်။ အဖေ့ကို တစ်ချက်ကြည့်ပြီး…

'စားလေ အဖေ၊ ဘာဖြစ်လို့လဲ'



ပြောပြီး ဟမ်ဘာဂါကို အဖေ့ဆီကမ်းလိုက်၏။ အဖေက မယူသေးဘဲ…

'မင်းအမေ ငါ့ကို အခုလို ကောင်းကောင်းကျွေးပြီဆိုရင် ငါတော့ ခပ်လန့်လန့်ပဲကွ'

'ဘာဖြစ်လို့လဲ ဖေဖေရ၊ စားစေချင်လို့လုပ်ထားတာပဲ'

'မင်းမသိပါဘူးကွယ်၊ ကောင်းကောင်းကျွေးပြီးရင် ငါ့ကို တစ်ခုခုခိုင်းတော့မယ်ကွ'

'ဒါများအဆန်းလုပ်လို့ ဖေဖေရာ၊ ခိုင်းနေကျပဲဟာ'

ထိုအချိန်တွင် ဒေါ်တင်မိမိ အခန်းထဲဝင်လာသည်။ အဖေက အပေါက်ဝကို ကျောပေးထားသဖြင့် မမြင်သေး။ အမေက အဖေ့နောက်နားမှာ ရပ်၍…

'မောင်'

အဖေ ဆတ်ခနဲဖြစ်ပြီး…

'ဟုတ်ကဲ့ ဆရာ'ဟု ယောင်၍ ထူးလိုက်မိ၏။

'ဘယ်လိုဖြစ်တာလဲ မောင်ရဲ့'

အဖေက ရှက်ကိုးရှက်ကန်းဖြင့်…

'သြော်… ဟို… ရုံးက အကျင့်ပါနေလို့ပါကွာ'

'မောင်ကတော့ ဖြစ်ရမယ်'

အမေက ရယ်၍ပြောရင်း အဖေ့ဘေးက ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

'ကဲ… စားလိုက်ဦးလေ၊ စားစေချင်လို့ အကောင်းဆုံးပြင်ထားတာ၊ ရော့'

ဟမ်ဘာဂါတစ်ခုကို ယူပေးသည်။ အဖေသည် ဟမ်

www.burmeseclassic.com

www.burmeseclassic.com



ဘာဂါကို အဆိပ်ပုလင်းယူရသလို တုန့်တုန့်ယင်ယင်ဖြင့် လှမ်းယူလိုက်၏။ ခဏကြာ ငေးကြည့်နေသေးသည်။ ပြီးမှ စိတ်တုံးတုံး ချလိုက်ဟန်ဖြင့် တစ်ကိုက် ကိုက်လိုက်၏။

'မောင်ရေ… ကိစ္စလေးတစ်ခု ပေါ်လာလို့ကွယ်'

အဖေက ငါမပြောဘူးလားဆိုသော ပုံစံဖြင့် နေမင်းမောင်ကိုကြည့်သည်။ နေမင်းမောင်က ပြုံးပြလိုက်၏။ အဖေက

'အဲ… အဲ… ပြောပါဦး'

အမေ့မျက်နှာက တော်တော်ချိုနေသည်။ အသံကလည်း ညင်သာလှသည်။

'နေ့လယ်ကျရင်လေ မောင့်ရုံးကို မိရဲ့ညီမဝမ်းကွဲတစ်ယောက် လာလိမ့်မယ်၊ အဲဒါ သူ့ကိစ္စလေး အဆင်ပြေအောင် လုပ်ပေးလိုက်ပါလို့နော်'

'နေစမ်းပါဦးဟ၊ မင်းအမျိုးတွေက ကုန်ပဲ မကုန်နိုင်တော့ပါလား၊ တော်ကြာ ညီမဝမ်းကွဲ၊ တော်ကြာ ဦးလေးဝမ်းကွဲ၊ တော်ကြာ အဒေါ်ဝမ်းကွဲ'

အဖေက ဟန့်တန့်တန့်လုပ်ဖို့ ကြိုးစားသည်။ သို့ရာတွင် အမေက လေပြေကလေးဖြင့်ပင် ဆက်ပြော၏။

'ဆွေမျိုးဆိုတာကတော့ ရှိကြတာပေါ့ကွယ်'

အဖေကလည်း အခွင့်အရေးရတုန်း အပေါ်စီးက တစ်ခါတလေပြောရတာ အမြတ်ပဲဟု သဘောထားပုံရသည်။

'ဟင်း… ဆွေမျိုး ဟုတ်လား၊ မင်းတစ်ခုစဉ်းစားကြည့်စမ်း၊ မင်းနဲ့ငါ လက်ထပ်ခါစ ငါက စာရေးလေးဘဝနဲ့ ရှုတဲ့လခလေးကို ခြစ်ခြစ်ကုတ်ကုတ်သုံးပြီး ရုန်းကန်လှုပ်ရှားခဲ့ရ



တဲ့ အချိန်တုန်းက မင်းအမျိုးတွေ တစ်ယောက်မှလည်း ပေါ်မလာခဲ့ပါလား၊ ခုကျတော့ အလျှိုလျှိုပေါ်လာလိုက်ကြတာ'

'ဒါတော့ ဟိုတုန်းက အဆက်အသွယ်ပြတ်နေကြလို့ပါ၊ ဘာပဲဖြစ်ဖြစ်ပေါ့ မောင်ရယ်၊ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်တယ်ဆိုတဲ့ စကားလည်း ရှိသားပဲ'

အမေသည် ညင်သာပျော့ပျောင်းစွာ စည်းရုံးသည့်နည်းဗျူဟာကို ဆက်သုံးနေ၏။ နေမင်းမောင်ကတော့ အခွင့်အရေးရသခိုက် အမြတ်စိုက်သည့် ဗျူဟာကို မလွှတ်တမ်းအသုံးချသည်။ ဟမ်ဘာဂါကို ကုန်အောင် စားပြီး ကြက်ဥပြုတ်ကို အခွံခွာနေသည်။ အဖေကတော့ ဟမ်ဘာဂါတောင် တစ်ဝက်မကျိုးသေး။

'ဩော်… ဟော်… ငါက သစ်ပင်ကြီးပေါ့နော်၊ ဘယ် တော့ ထင်းဖြစ်မယ်မသိဘူး'

ဟု ငေါ့တော့တော့ပြောလိုက်၏။ အမေကား ဒီနေ့ တော်တော်သည်းခံနိုင်သည်။ မပွင့်တပွင့်ရယ်လိုက်ပြီး…

'ထင်းမဖြစ်ပါဘူး၊ မောင်က ကျွန်းပင်ကြီးလေ မောင်ရဲ့'

နေမင်းမောင်က ကြက်ဥ အကျက်တချက်ပြုတ်ကို ဖန်းကန့်ပြားထဲ ဖောက်ထည့်ရင်း…

'ဟာ… ဒါဆို ဖေဖေနိုင်ငံခြားသွားရမှာပေါ့'

အမေက နေမင်းမောင်ဘက်လှည့်၍…

'ဟဲ့ကောင်လေး၊ နင် ဝင်မပါစမ်းနဲ့'

နေမင်းမောင် စပ်ဖြဲဖြဲလုပ်ပြီး ကြက်ဥကို ဖွန်းနှင့်မွေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပန်းကန်စောင်း မော့ချလိုက်သည်။ အမေက အဖေ့ဘက် ပြန်လှည့်၍ မျက်နှာထား ပြန်ချိုလိုက်ပြီး…

‘သူတို့က သိတတ်ပါတယ် မောင်ရယ်၊ ဟိုတစ်ခါ မောင်ပြောဖူးတယ်မဟုတ်လား၊ အိမ်က တယ်လီဖုန်းကြီးက ဟောင်းနေပြီ၊ ကော့ဒ်လက်စ်ဖုန်းဆို ကောင်းမယ်ဆို’

‘ငါ ပြောဖူးလို့လားကွ’

‘ဟော… မောင်က သိပ်မေ့တတ်တာပဲ၊ ဟိုတစ်ပတ်က သူပဲ ပြောပြီးတော့’

အမေက ချစ်စနိုးဟန်ဖြင့် မျက်စောင်းထိုး၍ ပြောသည်။ အဖေသည် ဇဝေဇဝါဖြစ်နေ၏။ ဘီယာလေးခပ်ထွေထွေနဲ့များ ပြောလိုက်မိသလားဟု မရေမရာ တွေးနေသည်။ ဒီလောက်ဆိုလျှင် ကိစ္စပြီးပြီဟု အမေသဘောပေါက်သည်။

‘သူတို့က စင်ကာပူနဲ့ တိုက်ရိုက် အဆက်အသွယ်ရှိတယ်လေ၊ အဲဒါ ဘာအရောင်ကြိုက်လဲလို့တောင် မေးနေသေးတယ်၊ သူတို့ မောင့်ဆီလာလိမ့်မယ် သိလား’

ပြောပြီး အဖေ့ပါးကိုဆွဲလိမ်လိုက်၏။ အဖေက တစ်ခုခု ပြောမည်ဟု လက်လှမ်းလိုက်သည်။ အမေက အပြော မခံတော့ဘဲ ကြက်ဥပြုတ်တစ်လုံးယူ၍ လှမ်းနေသော အဖေ့လက်ထဲ ထည့်ပေးလိုက်ပြီး…

‘ကဲ… ကြက်ဥလေးလည်း စားလိုက်ဦး၊ အားရှိသွားအောင်’

အမေက ကျေနပ်စွာပြုံး၍ထွက်သွားသည်။ အပေါက်ဝ နားရောက်မှ ပြန်လှည့်၍…



‘သြော်… ဒါနဲ့ သူတို့က ဘာအရောင်ကြိုက်လဲမေးရင် ဆင်စွယ်ရောင်လို့ ပြောလိုက်နော်’

အမေ ထွက်သွားသည်။ အဖေသည် လက်ထဲက ကြက်ဥကို ကြောင်ကြည့်ရင်း ကျန်ခဲ့၏။ နေမင်းမောင် ပြုံးလိုက်မိပြီး…

‘ဖေဖေက မေမေ့စကားဆိုရင် ခေါင်းညိတ်လက်ခံတာများတယ်နော်’

အဖေက ဆတ်ခနဲလှည့်ကြည့်သည်။ နေမင်းမောင်နှင့် မျက်လုံးချင်းဆုံမိပြီးနောက် ပြုံးဖြီးဖြီးဖြစ်လာ၏။

‘ဒါ… ဒါကတော့ ငယ်ချစ်ကိုးကွ’

နေမင်းမောင်ရယ်၍…

‘ငယ်ကြောက်လို့ ပြောစမ်းပါ ဖေဖေရာ’

‘ဟာကောင်ရ၊ တစ်ခါတလေကျတော့ ချစ်တာနဲ့ ကြောက်တာ ခွဲခြားရခက်တယ်ကွ’

နေမင်းမောင် တွေသွား၏။

‘အင်း… ချစ်တာနဲ့ ကြောက်တာ၊ ချစ်တာနဲ့ ကြောက်တာ’

ဟု ခပ်တိုးတိုးရေရွတ်နေမိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



'ယူ တို့ကို အဖြေမတောင်းတော့ဘဲနေတာ ကြာပြီနော်၊ ဘာလဲ လက်လျှော့သွားပြီလား'

ခင်ရင်တင်က သဘော်သီးဖျော်ရည် တစ်ငုံသောက်လိုက်ပြီးနောက် မေးသည်။

'စိတ်ထဲမှာတော့ အမြဲတမ်းမျှော်လင့်နေတာပါပဲ'

'ဒါဖြင့် ဘာကြောင့် အဖြေမတောင်းတော့တာလဲ'–

စဉ်းစဉ်းစားစားဖြေဖို့ လိုသည်။ ခင်ရင်တင်က ဘာရည်ရွယ်ချက်နှင့် ခုလိုမေးတာလဲဆိုတာတော့ တွေးရခက်သည်။ နေမင်းမောင်ဘက်က နှုတ်ဆိတ်နေလို့ မချင့်မရဲဖြစ်ပြီး ပွင့်အန်ထွက်လာတာ မဟုတ်မှန်းတော့ သေသေချာချာသိ၏။ သာမန်သဘော စိတ်ကူးရလို့ မေးလိုက်တာလည်း ဖြစ်ချင်ဖြစ်မည်။ အပျင်းပြေ နောက်ချင် စချင်လို့လည်း ဖြစ်နိုင်သည်။

'စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ၊ ပြီးတော့ ခင်ရင်တင်ကလည်း နားပူနားဆာလုပ်တာ ကြိုက်မယ်မထင်ဘူး၊ နောက်ပြီး…'

နေမင်းမောင် ခပ်ဆိုင်းဆိုင်းလုပ်နေသဖြင့်…

'နောက်ပြီးတော့ ဘာလဲ'

ဟု စကားထောက်ပေးသည်။

'နောက်ပြီး… ကျွန်တော် နေ့တိုင်း ခင်နဲ့လာတွေ့နေတာ အဖြေတောင်းနေတဲ့ သဘောပဲမဟုတ်လား'

'မပေါ်သေးတာ အမရာကို အဖြေတောင်းသလို အသိတိတ်နည်းနဲ့ပေါ့ ဟုတ်လား'

'ကျွန်တော်က ပညာရှိတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့



တစ်ခါတစ်ခါတော့ မင်းကုသလို ပပဝတီမှ ထမယ်ဆိုပြီး လုံ့အိပ်နေချင်တာတော့ အမှန်ပါပဲ'

'ယူက မင်းကုသလိုတော့ ရုပ်မဆိုးပါဘူး'

'ခင်ရင်တင်ကတော့ ပပဝတီထက် ပိုလှမယ်ထင်တယ်'

'ဒါပေမဲ့ တို့အိမ်မှာ မီတာခတစ်လကို တစ်ထောင်ကျော်လောက်ကျတယ်'

နေမင်းမောင်က ခင်ရင်တင်အပြောကို သဘောကျပြီး ရယ်လိုက်သည်။ ခင်ရင်တင်က သဘော်သီးဖျော်ရည်ကို လက်စ သတ်လိုက်၏။ ပြီးမှ…

'ယူလည်း သိတဲ့အတိုင်းပဲ၊ တို့အချစ်ကို မျှော်လင့်နေတဲ့ လူတွေက မနည်းဘူးပဲလေ၊ ဒါပေမဲ့ အဲဒီထဲမှာ ယူ့ကို အခွင့်အရေးအပေးဆုံးပဲဆိုတာ သိတယ်မဟုတ်လား'

'သိပါတယ်၊ အဲဒီအတွက် ဝမ်းလည်းသာပါတယ်'

'အဲဒါ ဘာကြောင့်လဲသိလား'

'ကျွန်တော်ကတော့ ကံကောင်းလို့ပဲလို့ ထင်တယ်'

'မဟုတ်သေးဘူး၊ ယူက တို့ကို ဂရုစိုက်တယ်လေ၊ တို့ဖြစ်စေချင်တာကို ဖြစ်အောင်လုပ်ပေးတတ်တယ်၊ တချို့က ဒီလိုမဟုတ်ဘူး၊ အဖိုးတန်လက်ဆောင်တွေပေးလိုက်ရင် တာဝန်ကျေပြီလို့ ယူဆကြတာကိုး၊ တကယ်တော့ အဲဒါ ဂရုစိုက်တာမှ မဟုတ်ဘဲ၊ သူတို့တတ်နိုင်ကြောင်း ကြွားချင်တာက ပိုပါတယ်လေ၊ ပြီးတော့ လက်ဆောင်ပစ္စည်းဆိုတာက ပိုက်ဆံရှိရင် ဝယ်လို့ရတာပဲ၊ ယူက အဲဒါမျိုးမဟုတ်ဘူး၊ တကယ်

www.burmeseclassic.com

www.burmeseclassic.com



နှစ်နှစ်ကာကာ ကူညီတတ်တာမျိုး၊ ဒါကြောင့် တို့က ယူ့ကိုပိုပြီး အမှတ်တွေ ပေးထားတာပေါ့'

ခင်ရင်တင်၏ စကားတွေကိုကြားရတာ သခင်၏ ပွတ်သပ်ပေးခြင်းခံရသော ကြောင်ကလေးတစ်ကောင်လို အရသာရှိလှ၏။ မျက်လုံးကလေးမှေးပြီး 'ညောင်'ဟု အော်လိုက်ချင်စိတ်တောင် ပေါက်လာ၏။ သို့ရာတွင် သူသည် ကြောင်တစ်ကောင်မဟုတ်သဖြင့် လူစကားနှင့်ပင် ပြန်ပြောရလေ၏။

'ဒါဆို ကျွန်တော့်မျှော်လင့်ချက်နီးစပ်ဖို့၊ ပြည့်ဝဖို့ နီးစပ်နေပြီပေါ့နော်'

'တဖြည်းဖြည်းတော့ ပိုနီးစပ်လာပါပြီ'

'ဘယ်လောက်လိုသေးသလဲဟင်၊ အပြည့်အဝနီးစပ်ဖို့'

'ဒါတော့ မပြောတတ်ဘူးလေ၊ သူများတွေထက်တော့ သာနေတယ်ဆိုတာ သိထားပေါ့၊ ဒီနေ့လည်း ယူ့ကို သူများထက် ထူးကဲတဲ့ အခွင့်အရေးတစ်ခုပေးမယ်လို့ စဉ်းစားထားတယ်'

ဘာပါလိမ့်ဟု နေမင်းမောင် မျက်လုံးနှင့် မေးလိုက်သည်။ ခင်ရင်တင်က…

'ယူ တို့နဲ့အတူ ရုပ်ရှင်မကြည့်ချင်ဘူးလား'

နေမင်းမောင်သည် ဒိုင်ယာနာမင်းသမီးက ရုတ်တရက် လက်ဆွဲနှုတ်ဆက်ခြင်းခံလိုက်ရသော ကျောင်းသားကလေးတစ်ယောက်လို မှင်တက်မိသွားပြီးမှ အံ့သြဝမ်းသာဖို့ သတိရသွားပြီး…

'တကယ်… တကယ်ပြောတာလားဟင်'



'ဘာလဲ၊ ယူက ဘို့နောက်နေတယ်ထင်လို့လား၊ အင်းလေ… ယူ အံ့သြမယ်ဆိုရင်လည်း အံ့သြစရာပဲပေါ့၊ တို့က ဒီလိုအခွင့်အရေးမျိုး တော်ရုံတန်ရုံလူကို ပေးခဲ့တာမှ မဟုတ်ဘဲကိုး'

'ခင်ရင်တင်က ဘာ… ဘာကားကြည့်ချင်လဲ'

'နဝဒေးရုံမှာ နော်ရင်မွေးပြနေတယ်ပြောတယ်၊ သွားကြည့်ရအောင်'

'ကောင်းသားပဲ၊ အဲဒီကားက အကယ်ဒမီရမယ်လို့ သတင်းကြီးနေတာ၊ ကျွန်တော်လည်း ကြည့်ချင်တယ်'

'တစ်ခုတော့ ရှိတယ်နော်၊ တို့က ရုပ်ရှင်ကြည့်ရင် အလံတော် အလေးပြုတာကစပြီးကြည့်ရမှ ကျေနပ်တာ၊ ရုံထဲရောက်လို့ နမူနာကားပိုင်းပဲဖြစ်ဖြစ် စပြနေပြီဆိုရင် ချက်ချင်း ရုံထဲက ထွက်ပြီး ပြန်လှည့်လာခဲ့တာပဲ'

နေမင်းမောင် ရုတ်တရက်သတိရပြီး လက်မှနာရီကို ကြည့်လိုက်သည်။ မျက်လုံးပြူးသွား၏။ ရုပ်ရှင်ပြချိန်ရောက်ရန် မိနစ်နှစ်ဆယ်သာ လိုတော့သည်။ ခင်ရင်တင်ကို ပြန်မော့ကြည့်သည်။ ခင်ရင်တင်က ပြုံး၍ ပခုံးတွန့်ပြလိုက်၏။ မိနစ်နှစ်ဆယ်အတွင်းမှာ နဝဒေးရုံရောက်အောင် ဘယ်လိုသွားမလဲ။ စဉ်းစားရင်းကပင် တစ်မိနစ်အချိန်ကုန်သွားသည်။

'လာ သွားမယ်'

စားသောက်ဆိုင်မှာ ငွေရှင်းဖို့အချိန်ကိုတောင် မယူပိမ့်မခံတော့။ စားပွဲထိုးကလေးကို 'နောက်နေ့မှရှင်းမယ်'ဟု အော်ပြောခဲ့သည်။ ဒီဆိုင်မှာ ထိုင်နေကျဖြစ်၍ ပြဿနာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



သူကားခြေလှမ်းကျဲဖြင့် ရှေ့ကလျှောက်သည်။ ခင်ရင်တင်သည် ပြတ်ကျန်ခဲ့ခြင်းမရှိ။ သူနှင့် ခြေတစ်လှမ်းစာလောက်သာခွာပြီး လိုက်လာနိုင်၏။

ပြည်လမ်းပေါ်ရောက်သောအခါ နေမင်းမောင်က ဟိုသည်ကြည့်သည်။ အငှားကားတစ်စီးမှပေါ်မလာ။ လေးဘီးကားတစ်စီး လာနေတာတော့ တွေ့ရသည်။ နေမင်းမောင်က လက်တားလိုက်၏။ ကားဆရာက လက်ခါပြသွားသည်။ ကားပေါ်မှာ ပီရိုငယ်တစ်လုံး တင်ထားတာ တွေ့လိုက်ရ၏။

ငါးမိနစ် အချိန်ကုန်သွားပြီ။ နေမင်းမောင် နာရီကို ကြည့်လိုက်၊ ကားတွေကို ကြည့်လိုက်။ ခင်ရင်တင်ကတော့ အလွန်အေးဆေးတည်ငြိမ်စွာ ရပ်နေ၏။ နေမင်းမောင် ရင်တွေခုန်လာသည်။ ရင်ခုန်သံတွေ အရမ်းမြန်နေတာကို နာရီက ကြားသွားပြီး စက္ကန့်တွေ လိုက်မြန်ကုန်တော့မှာပဲဟု တွေးပူနေတုန်း…

ကားတစ်စီးကို လှမ်းမြင်၏။ နေမင်းမောင် ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီး လမ်းလယ်က ထွက်ရပ်၍ လက်နှစ်ဖက်ဆန့်ကားပြီး တားလိုက်သည်။ မထင်မှတ်ဘဲ လမ်းပေါ်ထွက်တားသဖြင့် ကားက ရှောင်လို့မရတော့ဘဲ ဘရိတ်ဖမ်းလိုက်ရသည်။ ကျွီခနဲ အသံရှည်ဆွဲပြီး နေမင်းမောင်နှင့် တစ်ကိုက်သာသာလောက် အကွာမှာ ရပ်သွားသည်။

'ဟယ်… အချုပ်ကားကြီး'

ဟု ခင်ရင်တင် ရေရွတ်လိုက်မိ၏။ နေမင်းမောင်ကတော့ ဘာမျှစဉ်းစားမနေနိုင်။ ကားတံခါးကို ဆွဲဖွင့်ပြီး အတင်း



တက်ထိုင်လိုက်၏။ ခင်ရင်တင်ကိုလည်း 'လာ တက်' ဟု ပြောလိုက်၏။ ခင်ရင်တင်ကလည်း နောက်တွန့်မနေဘဲ ကားပေါ်ခွေခနဲတက်လိုက်၏။ ယာဉ်မောင်းမှာ ကြောင်တောင်တောင်ဖြစ်နေပြီးမှ…

'ခင်ဗျားတို့… ခင်ဗျားတို့ ဘာလုပ်တာလဲ'

'သေရေးရှင်ရေး ကိစ္စမို့လို့ပါဗျာ၊ ကျွန်တော်တို့ကို လိုက်ပို့စမ်းပါ'

'ဘာ… ဘယ်ကိုပို့ရမှာလဲ'

'နဝဒေး… အဲ… နဝဒေးရုံနားရောက်ရင် ရပါပြီ၊ လုပ်ပါဗျာ၊ ကူညီပါ'

ယာဉ်မောင်းသည် ကားကို မောင်းထွက်လိုက်ရသည်။ နာရီကို ကြည့်တော့ ရုပ်ရှင်ပြရန် ဆယ့်နှစ်မိနစ်သာ လိုတော့သည်။

'ဘယ်လိုဖြစ်တာလဲဆိုတာ ပြောပါဦး' ဟု ယာဉ်မောင်းက စစ်ဆေးနေသေးသည်။

'ကျွန်တော့်အဖေ အသည်းအသန်ဖြစ်နေလို့'

ပြောမိပြောရာ ပြောလိုက်သည်။ ယာဉ်မောင်းသည် ထပ်မမေးတော့ဘဲ ခေါင်းသာဆတ်လိုက်၏။ သူတို့နှစ်ယောက်ပုံစံကိုကြည့်၍ ဒုစရိုက်သမားတွေတော့ မဟုတ်နိုင်ဟု စိတ်ချသွားပုံရ၏။ ဒုစရိုက်သမားဆိုလျှင်လည်း အချုပ်ကားပေါ်တော့ ဘယ်တက်ပါ့မလဲ။

'မြန်မြန်မောင်းပါဗျာ'

နေမင်းမောင် စိတ်လှုပ်ရှားနေပုံကိုကြည့်၍ ယာဉ်

www.burmeseclassic.com

www.burmeseclassic.com



မောင်းက တကယ်သေရေးရှင်ရေးပဲဟုတွက်ပြီး ကားကို အရှိန်မြှင့်၍ မောင်းလိုက်၏။ အရေးထဲမှာ ခင်ရင်တင်က ပြုံးစိစိလုပ်နေသဖြင့် မျက်ရိပ်ပြပြီး တားလိုက်ရသေးသည်။

ယာဉ်မောင်းရဲဘော်သည် တကယ်အားကိုးရပါပေသည်။ ဝါနေသော မီးပွိုင့်ကိုပင် မရပ်ဘဲ ဖြတ်မောင်းပေးလိုက်သေးသည်။ သူ့ကို ဘယ်လို ကျေးဇူးတုံ့ပြန်ရပါ့မလဲ။ အိတ်ထဲက လန်ဒန်စီးကရက်ဘူးကိုသတိရလိုက်၏။ နှစ်လိပ်လောက်ပဲ သောက်ရသေးသည်။ စီးကရက်ဘူးကို အသင့်ထုတ်ကိုင်ထားလိုက်သည်။

နဝဒေးရုံနားမှာ ကားထိုးရပ်လိုက်တော့ သုံးမိနစ်အလို။ ကျေးဇူးပဲဟုပြောရင်း စီးကရက်ဘူးကို ကူရှင်ပေါ်ချထားလိုက်သည်။ ဘာမျှမပြောနိုင်ခင် ကားပေါ်မှဆင်းပြီး ထွက်လာခဲ့သည်။

လက်မှတ်ပေါက်သို့ သူက အရင်ရောက်အောင် ပြေးသွားသည်။ လက်မှတ်ဝယ်ပြီးချိန်နှင့် ခင်ရင်တင်လိုက်လာတာနဲ့ အတော်ပဲ။ အပေါ်ထပ်ကို ခပ်သုတ်သုတ်တက်၊ ရုံထဲဝင်၊ ထိုင်ခုံနေရာ ရှာတွေ့၊ မထိုင်ခင်လေးမှာပင် အလံတော်စပြသဖြင့် အတော်ပဲ ဖြစ်သွားသည်။

'ယူ့ကိုတော့ တကယ်လက်ဖျားခါသွားပြီ၊ အရေးအကြောင်းကြုံလာတဲ့အခါ ချက်ချင်း ဆုံးဖြတ်နိုင်သလား၊ တွေဝေတတ်သလားဆိုတာ စမ်းကြည့်တာလေ၊ ယူ့ကို တကယ်ချီးကျူးပါတယ်'

အလံတော်အလေးပြုပြီး ထိုင်လိုက်သောအခါ ခင်ရင်



တင် ပြောသည်။ နေမင်းမောင်၏ ရင်ထဲက အလုံးကြီးဆိုသော အရာသည် ရှူးခနဲကျသွား၏။ ခင်ရင်တင်က ဆက်၍…

'ဒါကြောင့် ယူ့ကို တို့ အခွင့်အရေးတစ်ခု ထပ်ပေးဖို့ ဆုံးဖြတ်လိုက်တယ်'

နေမင်းမောင် ခင်ရင်တင်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။ ရုပ်ရှင်ပိတ်ကားမှ ရောင်ပြန်ဟပ်မှုကြောင့် ခင်ရင်တင်မျက်နှာကို မှုန်မှုန်ရေးရေး မြင်နေရသည်။ သူက နှုတ်ခမ်းကို လျှာနှင့် တစ်ချက်သပ်လိုက်သောအခါ စိုခနဲ လက်ခနဲဖြစ်သွားသည်ထင်ရ၏။ နေမင်းမောင် တဲတွေးမျိုချလိုက်မိသည်။

ထိုနှုတ်ခမ်းဖျားသည် လေအေးစက်အရှိန်ကြောင့် အေးစိမ့်နေမလား၊ ပူပူနွေးနွေးကလေးပင် ရှိနေမလား။ နေမင်းမောင်သည် နှုတ်ခမ်းတစ်ခုကို တစ်ခါမျှမနမ်းခဲ့ဖူးသေး။ အကယ်၍များ…

ထိုစဉ်မှာပင် ခင်ရင်တင်က ဆက်ပြောသည်။

'တခြားတော့ မဟုတ်ပါဘူး၊ ဒီသောကြာနေ့မှာကျမယ့် တို့မွေးနေ့မှာ ယူ့အနေနဲ့ လက်ဆောင်တစ်ခုခုပေးမယ်ဆိုရင် တို့ ဝမ်းမြောက်ဝမ်းသာ လက်ခံမယ်လို့ ဆုံးဖြတ်လိုက်တဲ့အကြောင်း ပါပဲ'

နမူနာပြနေသော ဇာတ်ကားထဲမှ လူကြမ်းတစ်ယောက်သည် သေနတ်မှန်ပြီး မြင်းပေါ်မှ ပြုတ်ကျသွား၏။ နေမင်းမောင်မှာ သူကိုယ်တိုင် မြင်းပေါ်မှကျသလို ခံစားလိုက်ရ၏။ 'အင့်'ခနဲ အသံထွက်မသွားတာတော့ ကံကောင်းသည်။ ဘာပဲ

www.burmeseclassic.com



ဖြစ်ဖြစ် ခင်ရင်တင်က ပြုံးကြည့်လိုက်သောအခါမှာတော့…

'ကျွန်တော် ဂုဏ်ယူပါတယ်'

ဟု ပြောလိုက်မိလေသည်။

* * *

ခင်ရင်တင်ကို မွေးနေ့လက်ဆောင်တစ်ခုခုပေးရမည်။ ဘာပေးရင် ကောင်းမလဲ စဉ်းစားကြည့်သည်။ ထောင်နဲ့ချီ တန်သောပစ္စည်းမျိုး ဝယ်ပေးနိုင်သည့်အင်အား သူ့မှာမရှိ။ ခုချိန်မှာ လေးငါးရာလောက်နှင့် ဘာမျှဖြစ်ဖြစ်မြောက်မြောက် ဝယ်လို့မရ။

ပြီးတော့လည်း ခင်ရင်တင်လိုလူမျိုးအတွက် တော်ရုံတန်ရုံပစ္စည်းဆိုတာ ရယ်စရာဖြစ်နေလိမ့်မည်။ ခင်ရင်တင့်အတွက်ဆိုလျှင် လေးငါးသောင်းတန် လက်စွပ်တစ်ကွင်းလောက်ကို ဝယ်ပေးနိုင်သူတွေ ရှိနေကြောင်းလည်း သူ သိ၏။

တစ်ခုတော့ ရှိ၏။ ခင်ရင်တင့်စိတ်က နည်းနည်းထူးဆန်းသည်။ အဖိုးတန်ပစ္စည်းတွေကို မက်မောချင်မှ မက်မောတတ်သည်။ ဘာမဟုတ်တာလေးတစ်ခုကို တန်ဖိုးထားချင်ထားနေတတ်သည်။ ငွေကြေး၊ ပစ္စည်းဥစ္စာထက် သူ့ကို ဂရုစိုက်တာကို ပိုသဘောကျသည်ဟု သူကိုယ်တိုင်က ပြောခဲ့သည်။

ဒီတော့…

ဟုတ်ပြီ၊ အကြံရပြီ။ သူကိုယ်တိုင် သွေးပေးသည့် သနပ်ခါးကို ခင်ရင်တင်က တန်ဖိုးထားပြီး လက်ခံခဲ့သည်။



စက်မက်မောမောလည်း လိမ်းခဲ့သည်။ ဒီတော့ သူ့မွေးနေ့မှာ သနပ်ခါးလက်ဆောင်ပေးရမည်။

သနပ်ခါးကို သွေးပြီး အခဲကလေးတွေ ပြုလုပ်မည်။ သနပ်ခါးအခဲပေါ်တွင် နေတံဆိပ်ခတ်နှိပ်မည်။ မိမိနာမည်ကို ကိုယ်စားပြုခြင်းဖြစ်၏။

သူစိတ်ကူးတာက သနပ်ခါးခဲတွေကို အသည်းပုံကလေးတွေ ပြုလုပ်ဖို့ဖြစ်၏။ တကယ်တမ်း သွေးကြည့်တော့ သိပ်မလွယ်လှကြောင်း သိရ၏။ ခပ်ပျစ်ပျစ်သွေးတာတောင် ပုံစံသွင်းလို့ မရသေး။ နည်းနည်းသွေ့သွားအောင် နေပြရသေးသည်။ ရွှံ့တုံးလို ခပ်စေးစေးဖြစ်လာမှ ပုံဖော်လို့ရသည်။

သို့တိုင်အောင် အခဲတစ်ခဲစာလောက်ရဖို့ တော်တော်သွေးယူရသည်။ သူကြံစည်ထားသလို ခင်ရင်တင်၏ သက်စေ့နှစ်ဆယ့်တစ်ခဲရဖို့ဆိုလျှင် တော်တော်ပင်ပင်ပန်းပန်း အချိန်ယူရမည်။

စက်မှာ သွားကြိတ်နိုင်းလျှင်တော့ ရသည်။ သို့ရာတွင် စက်တွေက ဘယ်လောက်စိတ်ချရပါ့မလဲ။ မတော်တဆ အရောအနှောပါလာလျှင်၊ စက်ကတခြားပစ္စည်းတွေ ကြိတ်ထားပြီး သေသေချာချာ မဆေးကြောခဲ့လျှင် သန့်မှာမဟုတ်။ ပြီးတော့ စက်နှင့် ကြိတ်တာက သွေးတာလို ညက်မှာမဟုတ်။ အမှုန့်တွေ ဘာတွေ ပါလာနိုင်သည်။ ထိုအခါ ကိုယ်တိုင်သွေးတာ မဟုတ်မှန်း သဲလွန်စရသွားနိုင်သည်။ ခင်ရင်တင်က လက်သွေးမှ ကြိုက်တာ မဟုတ်လား။

ဒီတော့ လူကိုယ်တိုင်သွေးသလို ဆောင်ရွက်နိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



စက်တစ်ခု တီထွင်နိုင်လျှင် အဆင်ပြေမည်ဟု တွေးမိ၏။

ထို့ကြောင့်…

သူနှင့်ခင်နေသော စက်မှုလက်မှုဆရာ ကိုမြင့်သိန်းဆီ သွားအကူအညီတောင်းရသည်။

'သနပ်ခါးသွေးစက် ဟုတ်လား၊ မင်းက သနပ်ခါးခဲ လုပ်ရောင်းမလို့လား'

ကိုမြင့်သိန်းက မေးသည်။

'မဟုတ်ပါဘူးဗျာ၊ အိမ်မှာလိမ်းဖို့ပါ'

'အိမ်မှာ လိမ်းတာလောက်က သွေးလိုက်ပြီးတာပဲကွာ။ ဒီလောက်ကြီး မလိုပါဘူး'

'လိမ်းတဲ့လူက ခြေဆုံးခေါင်းဆုံးလိမ်းတာဗျ၊ သွေးတဲ့လူမနိုင်ဘူး'

'ဒါဆိုလည်း ကြိတ်စက်မှာ သွားကြိတ်လိုက်ပေါ့'

'ကြိတ်တာ မလိုချင်ဘူးဗျ'

'ဘာထူးလဲကွာ၊ ခုလည်း စက်နဲ့သွေးမှာပဲဟာ'

'မတူဘူးဗျ၊ ကြိတ်တာက မညက်ဘူး'

'ဘာလဲ ရည်းစားအတွက်မို့လား'

'ထားပါတော့ဗျာ'

ကိုမြင့်သိန်းက စဉ်းစားပြီး…

'နည်းနည်းတော့ လက်ဝင်မယ်ကွာ၊ သနပ်ခါးတုံးထို့ အပေါ်က ဖိအားပေးရမယ်၊ သိပ်ဖိပြန်တော့လည်း လည်နိုင်မှာ မဟုတ်ဘူး၊ ပေါ့လွန်းပြန်ရင်လည်း သွေးလို့ရမှာမဟုတ်ဘူး အနေတော်ဖြစ်အောင် ချိန်ရမယ်၊ စပရင်တွေသုံးပြီး ဖိထား



မယ်၊ ပြီးတော့ သနပ်ခါးသွေးတဲ့ပုံစံဖြစ်အောင် မောင်းတံက ရှေ့တိုးနောက်ငင်လည်အောင် လုပ်ရမယ်၊ ဒါတွေကို ရုန်းနိုင်ဖို့ မော်တာအားလည်း အသင့်အတင့်ရှိရမယ်'

'ဘယ်လောက်လောက် ကျနိုင်လဲဗျ'

'ကျန်တာက အရေးမကြီးဘူး၊ မော်တာက အရေးကြီးတယ်ကွ၊ တစ်သောင်းကျော်လောက်တော့ ကျမယ်ထင်တယ်'

'တစ်သောင်း… ဟာ များလှချေလား၊ မော်တာမပါဘဲ လက်လှည့်လုပ်လို့ မရဘူးလား'

'မင်းကလည်း လက်နဲ့လှည့်ရမှတော့ ဘာထူးတော့မှာလဲ၊ စက်မပါဘဲ လက်နဲ့သွေးတော့မှာပေါ့'

နေမင်းမောင် လက်လျှော့ပြီး ပြန်ခဲ့ရသည်။ စိတ်ညစ်ညစ်နှင့် အိမ်ပြန်လာခဲ့ရာ ဧည့်ခန်းထဲမှာ တံမြက်စည်းလှည်းနေသော အိမ်ဖော်မလေးကို မြင်လိုက်မှ စိတ်ကူးတစ်ခု ရသွားသည်။

'ဟေ့… ပုစူး၊ နင် ငါ့ကို တစ်ခုကူညီစမ်းပါ၊ မုန့်ဖိုးပေးမယ်'

'ဘာလုပ်ပေးရမှာလဲ အစ်ကိုလေး'

'သနပ်ခါးသွေးပေးရမှာ'

ပုစူးက နေမင်းမောင် နောက်နေသည်ဟု ထင်၏။ သူ့အဖို့ ဒေါ်တင်မိမိအတွက် သနပ်ခါးသွေးပေးရန်မှာ နေ့စဉ် တာဝန်ဖြစ်၏။ တလောက အစ်ကိုလေး သွေးပေးနေ၍ ခဏ အနားရခဲ့တာသာရှိ၏။ ဒီအတွက် မုန့်ဖိုးပေးစရာလည်း မလို။ ထို့ကြောင့် ရယ်ကျဲကျဲသာ လုပ်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ရယ်မနေနဲ့ဟ၊ တကယ်ပြောတာ၊ ငါကျောင်းက ဆရာမကို လက်ဆောင်ပေးစရာရှိလို့၊ သွေးရမှာက နည်းနည်းများတော့ ငါတစ်ယောက်တည်းမနိုင်ဘူး၊ အဲဒါ နင် ကူညီမှ ဖြစ်မှာ'

'ကျွန်မက တစ်နေ့လုံး အားတာမဟုတ်ဘူး၊ နောက်ပြီး အန်တီကလည်း…'

'မေမေမသိအောင် လုပ်ရမှာဟ၊ မေမေသိရင် တောင်းနေဦးမယ်၊ ဒီတော့ ဒီလိုလုပ်ဟာ၊ နေ့လယ်ကျရင် မေမေက တစ်ရေးအိပ်တတ်တယ်မဟုတ်လား၊ အဲဒီအချိန်သွေးပေါ့၊ နောက်ပြီး မေမေတီဗွီကြည့်တဲ့အချိန်၊ ပြီးတော့ မေမေအိပ်တဲ့အချိန်၊ အဲဒီလိုအဆင်ပြေသလို သွေးသွားရင် ရပါတယ်၊ ငါ မုန့်ဖိုး တစ်ရာပေးပါ့မယ်'

ကောင်မလေးက စဉ်းစားသလိုလုပ်နေ၏။ စိတ်ဝင်စားပုံတော့ ရသည်။

'ကဲ… နှစ်ရာပေးမယ်ဟာ… နှစ်ရာ'

သဘောတူညီမှုရသွားသည်။ သနပ်ခါးခဲကို ခပ်ကြီးကြီးတော့ လုပ်လို့မဖြစ်တော့။ ခပ်သေးသေး၊ ခပ်ပါးပါးသာ လုပ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် သူ့ဆန္ဒကတော့ ပြည့်ဝသွားလေသည်။

* * *



သပ်သပ်ရပ်ရပ်ထုပ်ပိုးထားသော လက်ဆောင်ဘူးကလေးကို ခင်ရင်တင်လက်ထဲ ထည့်ပေးလိုက်သည်။ ခင်ရင်တင်က…

'ဖွင့်ကြည့်မယ်နော်၊ ယူပေးတာဆိုရင် တစ်ခုခုတော့ ထူးခြားမှာပဲ'

ဟု ပြောသည်။ နေမင်းမောင် ခေါင်းညိတ်လိုက်၏။

ခင်ရင်တင်က လက်ဆောင်ဘူးကိုဖွင့်သည်။ သနပ်ခါးခဲကလေးများကို မြင်သောအခါ…

'ဟယ်… ယူ့အိုင်ဒီယာက သိပ်ကောင်းတာပဲ'

'သူများတွေပေးတာလောက်တော့ တန်ဖိုးမကြီးပါဘူး၊ တခြားလူတွေက အဖိုးထိုက်အဖိုးတန်တွေ ပေးကြမှာပဲနော်'

'ဘာပြောကောင်းမလဲ၊ သူ့ထက်ငါ အပြိုင်အဆိုင်ပေါ့၊ ဒါတောင် တို့က မွေးနေ့ပါတီလုပ်တာမဟုတ်ဘူး၊ တို့မွေးနေ့ကို သူတို့ဘာသာ စုံစမ်းပြီး လာပေးကြတာ'

'ဘာတွေလဲ'

'ထုံးစံအတိုင်းပေါ့၊ ဆွဲကြိုး၊ လော့ကက်၊ လက်ပတ်နာရီ၊ ဝေါ့က်မင်း၊ တစ်ယောက်ကဆိုရင် သူများထက်ထူးအောင်ဆိုပြီး ရေခဲသေတ္တာကြီး ပို့လိုက်သေးတယ်'

'ဈေးကြီးတာတွေချည်းပဲပေါ့'

နေမင်းမောင်က အားလျော့သည့်လေသံဖြင့် [illegible]

'ဟုတ်တယ်၊ ဒါပေမဲ့ အဲဒါတွေအားလုံး တို့[illegible]ပြီး သားတွေချည်းပဲလေ၊ ဒီတော့ ဘာများ စိတ်ဝင်စား[illegible]ရှိမှာလဲ'

'ကျွန်တော့်လက်ဆောင်ကိုရော စိတ်ဝင်စားရဲ့လား၊

www.burmeseclassic.com



ဘာမှတော့ တန်ဖိုးမရှိပါဘူး'

'ဒါက ဒီလိုရှိတယ်၊ ခုခေတ်မှာ စက်နဲ့လုပ်တာထက် လက်နဲ့လုပ်တာက ပိုပြီးတန်ဖိုးကြီးနေပြီမဟုတ်လား'

သနပ်ခါးသွေးစက်လုပ်ဖို့ စိတ်ကူးခဲ့တာကို နေမင်းမောင် သွားသတိရလိုက်၏။ ဒီအကြောင်းသာ ခင်ရင်တင်သိခဲ့လျှင် ဘာပြောမလဲ မသိ။

'ဒါဆို ကျွန်တော့်လက်ဆောင်ကို သဘောကျတယ်ပေါ့'

ခေါင်းညိတ်ပြီး…

'တို့ရခဲ့တဲ့ လက်ဆောင်တွေထဲမှာ ယူ့လက်ဆောင်ကို ဒုတိယအနှစ်သက်ဆုံးပဲ'

'ဟင်… ပထမက ဘာလဲ'

စိုးရိမ်သံဖြင့် မေးလိုက်သည်။

'ဖေဖေ့ရဲ့လက်ဆောင်ပေါ့'

'သြော်… ဘာမို့လို့လဲ'

'ပစ္စည်းမဟုတ်ဘူး၊ စကားလက်ဆောင်၊ ကတိစကားတစ်ခု ဖေဖေက လက်ဆောင်ပေးတာ'

'ဘာကတိလဲ၊ သြော်… ဆောရီး ပြောချင်မှပြောပြပါ'

'ရပါတယ်၊ ဖေဖေပေးတဲ့ကတိက တို့ရဲ့အိမ်ထောင်ဖက်ကို တို့ဘာသာစိတ်တိုင်းကျရွေးချယ်ခွင့်ပဲ'

'ဟယ်… ဝမ်းသာလိုက်တာ'

'ဘာ…'

'သြော်… စိတ်မဆိုးပါနဲ့နော်၊ ကျွန်တော်က သိပ်မျှော်



လင့်နေတဲ့သူဆိုတော့ ကိုယ့်ဆန္ဒနဲ့ကိုယ် အလောတကြီး တွေးမိလို့ပါ'

'ယူ့ ဆောက်လုပ်ရေးမှာ မြေကြီးကော်တဲ့စက်မောင်းဖို့ကောင်းတယ်'

'ဘာဖြစ်လို့'

'ကိုယ့်ဘက်ကိုယ် ယက်တတ်လို့လေ'

ခင်ရင်တင်က ရယ်၍ပြောသည်။

➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ခင်ရင်တင်၏ ကာယအလှမယ်ရွေးပွဲတုန်းက ရိုက်ထားသော ဗီဒီယိုတိပ်ခွေကို (ဘယ်နှကြိမ်မြောက်မှန်းမသိ) အကြိမ်မြောက် ထိုင်ကြည့်နေမိသည်။

တီဗွီဖန်သားပြင်ပေါ်မှာတော့ ခင်ရင်တင်ကို သူနိုင်ချင်တိုင်း နိုင်နေ၏။ ရုပ်သေလုပ်ခိုင်းလိုက်၊ ရှေ့တိုးနောက်ဆုတ်လုပ်ခိုင်းလိုက်၊ စလိုးမိုးရှင်းနှင့် လျှောက်ခိုင်းလိုက်၊ ရီမုဒ်ကွန်ထရိုးကိုကိုင်၍ စိတ်ကြိုက်ခိုင်းနေသည်။

'မင်းဟာက လွန်လွန်းတယ်ကွာ၊ အခွေတွေပူပြီး မီးထတောက်ကုန်လိမ့်မယ်'

ဘယ်အချိန်က နောက်မှရောက်နေမှန်းမသိသော ကျော်နန္ဒက ပြောလိုက်၏။ နေမင်းမောင် လှည့်ကြည့်ပြီး…

'ဟာ… ဟေ့ကောင်၊ လာထိုင်လေကွာ'

ကျော်နန္ဒက နေမင်းမောင်ဘေးမှ ဝင်ထိုင်ပြီး…



'စီးကရက်မရှိဘူးလား' ဟု မေးသည်။

'အိမ်နေရင်းတော့ ရွှေပြည်စိုးပဲ တတ်နိုင်တယ်'

ဆိုပြီး ဆေးပေါ့လိပ်တစ်လိပ်ထုတ်ပေးသည်။ ကျော်နန္ဒက မီးညှိရှိုက်ဖွာပြီး…

'မင်းရဲ့ အောက်စက်ထဲက ဗီဒီယိုဟာက မင်းထက်ဗိုက်ကောင်းတယ်ကွ'

'ဘာဖြစ်လို့လဲ'

'တိပ်ခွေပေါ်က ခင်ရင်တင်ရဲ့ ရုပ်ပုံကို ထိခွင့်ပွတ်ခွင့်ရတယ်လေ၊ မင်းကတော့ လက်ဖျားနဲ့တောင် တို့ခွင့်မရသေးဘူး'

'မင်းကလည်း တော်တော်ပေါက်ပေါက်ရှာရှာပြောတဲ့ကောင်'

'ဟုတ်တယ်ကွ၊ ခင်ရင်တင်သာ ဘတ်စ်ကားတွေဘာတွေစီးဖူးရင် ကားစပယ်ယာကတောင် မင်းထက်ပိုပြီး ကံကောင်းမှာသေချာတယ်'

'ဟေ့ကောင်၊ မင်းကလည်း ရောက်ကတည်းက ဆက်တိုက်နှိပ်ကွပ်နေတာပဲ၊ တခြားပြောစရာစကား မရှိဘူးလား'

'မရှိဘူးကွ၊ အဲဒီအကြောင်းပဲပြောချင်လို့ လာခဲ့တာ'

'ကဲ… ပြောကွာ၊ ပြောချင်သလောက်ပြော'

ကျော်နန္ဒက ရီမုဒ်ကွန်ထရိုးကိုယူ၍ တီဗွီဖန်သားပြင်ကိုပိတ်လိုက်ပြီး…

'ဟေ့ကောင် ရေဆာတယ်ကွ၊ ရေခဲရေတစ်ခွက်လောက်'

www.burmeseclassic.com

www.burmeseclassic.com



'မင်းဘာသာ ရေခဲသေတ္တာထဲက သွားယူသောက်တော့'

ကျော်နန္ဒက ထ,အထွက်တွင်...

'ဟော့ကောင် အချိုရည်ဘူးတွေတော့ ဖောက်မသောက်နဲ့နော်၊ အဘွားကြီးဟာတွေ'

'အေးပါ' ဆိုပြီး ကျော်နန္ဒ ရေခဲရေသွားသောက်ပြီး ပြန်လာထိုင်သည်။ နေမင်းမောင်က သောက်လက်စ ဆေးပေါ့လိပ်ကို မီးညှိဖွာရင်း ကျော်နန္ဒကို စောင့်သည်။ ကျော်နန္ဒက...

'ဒီလိုကွ၊ မင်းတော့ သတိထားမိမလားမသိဘူး၊ ခုတလော ကျောင်းကကောင်တွေက ခင်ရင်တင်ကို ရှောင်နေကြပြီကွ'

'ကောင်းတာပေါ့၊ ငါတစ်ယောက်တည်း တွဲလို့ရတာပေါ့'

'အဲဒါ အကောင်းမဟုတ်ဘူးနော်၊ ခင်ရင်တင်ဆေ ယောကျ်ားလေးတွေကို အမျိုးမျိုးလှည့်စားပြီး ပညာပြနေတို့ ဝိုင်းကြည့်လိုက်ကြတဲ့သဘောပဲ'

'သူတို့ အခြေအနေမကောင်းတာသိလို့ နောက်ဆုတ်လိုက်ရတာကို သိက္ခာကျမှာစိုးလို့ အရှက်ပြေလျှောက်ပြောနေကြတာဖြစ်မှာပါကွာ'

'အရမ်းမပြောနဲ့၊ သူ့ကြောင့် ဒုက္ခရောက်ခဲ့ရတဲ့ကောင်တွေ မနည်းတော့ဘူး၊ ကျောင်းမှာ ငပေါဘွဲ့ခံပြီး အရှက်ရသွားတဲ့ ကောင်တွေအကြောင်း မင်းလည်းသိမှာပေါ့၊ ကျောင်းက ကောင်လေးတစ်ယောက်ဆိုရင် သူ့ကြောင့် ကျောင်း



တွေပျက်၊ စာမေးပွဲတွေ ခဏခဏကျပြီး ကျောင်းကတောင် ထွက်သွားရတယ်'

'သူ့ဟာသူ ကျောင်းပြေးလို့ စာမေးပွဲကျတာပဲကွ၊ ခင်ရင်တင်က ကျောင်းပြေးခိုင်းတာမှ မဟုတ်ဘဲ၊ သူက စာကြိုးစားတာတောင် ကြိုက်သေးတယ်၊ ငါ့ကို ကြည့်လေ၊ ဘယ်မှာကျောင်းပြေးလို့လဲ'

'ကျောင်းမပြေးပေမယ့် အတန်းပြီးတာနဲ့ ခင်ရင်တင်ဆီ ပြေးတာပဲမဟုတ်လား၊ သူငယ်ချင်းတွေနဲ့ တွေ့ဖို့တောင် အချိန်မပေးနိုင်တော့ဘူး'

'ဒါကတော့ မင်းတို့ ငါ့ကို နားလည်ပေးသင့်ပါတယ်ကွာ၊ သူနဲ့ငါနဲ့ အဆင်ပြေသွားရင် သူလည်း တို့ အပေါင်းအသင်းဝင် ဖြစ်လာမှာပဲ'

'တော်ပါကွာ၊ သူ့ကိုတော့ အပေါင်းအသင်း မလုပ်ပါရစေနဲ့၊ ကြောက်လွန်းလို့ပါ'

'မင်းတို့ သူ့ကို အထင်လွဲနေတာပါကွ၊ သူက မဆိုးပါဘူး၊ သူ့ကို ကျောတယ်ထင်မှ ပညာပေးတတ်တာပါ၊ ငါနဲ့ကတော့ အဆင်ပြေပါတယ်၊ ငါ့အခြေအနေက အရမ်းကိုတိုးတက်နေတာပဲကွ၊ ငါ့အနေနဲ့ ခင်ရင်တင်ရဲ့အချစ်ကိုရဖို့ လက်တစ်ကမ်းပဲ လိုတော့တယ်'

ကျော်နန္ဒက လှောင်ရယ်ရယ်လိုက်ပြီး...

'လက်တစ်ကမ်း... ဟုတ်လား၊ ဘာလက်တစ်ကမ်းလဲ၊ အမေရိကန်က လီဘာတီရုပ်တု လက်တစ်ကမ်းလား'

'မင်းက ငါ့ကို စော်ကားတော်အထင်သေးတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ငါ မင်းကို အထင်မသေးချင်ပါဘူးကွာ၊ ဒါပေမဲ့ မင်းလုပ်နေပုံက အထင်ကြီးစရာမှ မရှိဘဲ၊ ခုချိန်ထိ မင်း သူ့လက်ကလေးတောင် ကိုင်ခွင့်ရသေးလို့လား'

'ဒါကတော့ ငါတို့ရဲ့မေတ္တာဟာ တစ်ယောက်အပေါ် တစ်ယောက် ဘယ်လောက်သန့်ရှင်းတယ်ဆိုတာ တိုင်းတာနေတဲ့ သဘောပဲ'

'တော်စမ်းပါကွာ၊ သူ့ဘက်က အစစအရာရာ အသာစီးကြီးနဲ့တိုင်းတာနေတာကတော့ အဓိပ္ပာယ်မရှိပါဘူး၊ သူကသာ မင်းကို လက်ကလေးတောင် ကိုင်ခွင့်မပေးတာ၊ မင်းကျတော့ သူ့ခိုင်းသမျှ မစဉ်းစားမဆင်ခြင်ဘဲ အကုန်လိုက် လုပ်ပေးနေတာပဲ၊ သူက မင်းကို အပျင်းပြေကစားစရာတစ်ခုလို သဘောထားနေတာကွ'

ခေါင်းခါခြင်းနှင့် တစ်ပြိုင်နက် နေမင်းမောင် တုံ့ပြန်ပြောသည်။

'လုံးဝမဟုတ်ဘူး၊ သူဟာ ငါ့စိတ်ကို စမ်းနေတာ သူ့အပေါ် ဘယ်လောက်ထိ အနစ်နာခံပြီး ချစ်နိုင်သလဲဆိုတာ တိုင်းတာစမ်းသပ်ကြည့်နေတာ၊ ဒါတွေကို ငါက အမြဲတမ်း အောင်မြင်ကျော်လွှားနိုင်ခဲ့တာချည်းပဲ'

မီးသေသွားသော ဆေးပေါ့လိပ်ကို မီးညှိနေရသဖြင့် ကျော်နန္ဒ ပြန်မပြောနိုင်သေး။ နေမင်းမောင်ကပင် ဆက်၍...

'ခုဆိုရင် ငါဟာ သူ့ရဲ့ အထင်ကြီးလေးစားမှုကို ရာနှုန်းတော်တော်များများ ရရှိနေပြီ'

ကျော်နန္ဒက ဆေးလိပ်ကို ပြာခွက်ထဲ ခဏချပြီး...



'ဘယ်လိုမှလည်း ပြောလို့မရပါလား နေမင်းမောင်ရယ်၊ အပင်းများ အသွင်းခံထားရသလားမသိဘူး၊ ငါ့အယူအဆကတော့ ခင်ရင်တင်ဟာ မင်းကို အသုံးချစရာတစ်ခုခုရှိလို့ လေ့ကျင့်ပေးနေတယ်လို့ ထင်တာပဲ'

'ဘာအသုံးချဖို့လဲ'

'မန္တလေးမှာ ကျင်းပမယ့် နွားအလှပြိုင်ပွဲ ဝင်ခိုင်းမလို့ပေါ့'

'ဟာ... ခွေးကောင်'ဆိုပြီး နေမင်းမောင်က ကျော်နန္ဒလက်မောင်းကို ထိုးသည်။ ကျော်နန္ဒက လက်မောင်းကို ပွတ်ရင်း...

'နေမင်းမောင်ရာ၊ သူများခိုင်းတိုင်း လိုက်လုပ်တဲ့ ပျော့ညံ့ညံ့စရိုက်ဟာ မင်းနဲ့ ဘာမှမဆိုင်ပါဘူး၊ မင်းဟာ ငါတို့ သူငယ်ချင်းတွေထဲမှာ ခေါင်းအမာဆုံးကောင်ပါကွ'

ထိုစကားမှန်သည်။ နေမင်းမောင်သည် တခြားသူငယ်ချင်းတွေလို အများသဘောတူလျှင် လိုက်လုပ်တတ်သူမျိုး မဟုတ်။ သူ့ဆန္ဒ၊ သူ့သဘောနှင့် မကိုက်ညီလျှင် ဘာမျှလုပ်သူမဟုတ်။ သူ့မှုနှင့်သူ။ သူလုပ်ချင်တာကိုသာ လုပ်တတ်သူ။ သူငယ်ချင်းတွေကသာ သူ့ကို လိုက်လျောချင် လိုက်လျောမည်။ သူကတော့ လျှော့တတ်သူမဟုတ်။ ခုကျမှ ခင်ရင်တင်နဲ့ကျမှ ဘယ်လိုဖြစ်နေသတုံး။

နေမင်းမောင်က မခိုးမခန့် ပြုံးသည်။ ပြီးတော့...

'ဟုတ်တယ်၊ ငါဟာ ပျော့ညံ့ညံ့ကောင်မဟုတ်ဘူး၊ ဒါပေမဲ့ မင်းစဉ်းစားကြည့်စမ်း၊ ခေါင်းမာတယ်ဆိုတာ ဘာလဲ၊

www.burmeseclassic.com



ကိုယ်လုပ်ချင်တာကို ဖွတ်ဖြစ်အောင် လုပ်တတ်တာကို ဆိုလို တာမဟုတ်လား၊ လုပ်ချင်တာလုပ်တယ်ဆိုတာမှာလည်း အနိုင် ယူတဲ့ကိစ္စနဲ့ချည်းပဲ ဆိုင်တာမဟုတ်ပါဘူးကွာ၊ ကိုယ်အလျှော့ ပေးချင်တဲ့လူအပေါ် ဘယ်သူတွေက ဘာကြီးပြောနေနေ အရှုံး ပေးလိုက်လျှောနေတယ်ဆိုတာကိုရော ခေါင်းမာတယ်လို့ ခေါ် နိုင်တာပဲ မဟုတ်လား'

ကျော်နန္ဒ စိတ်ချဉ်ပေါက်သွားသည်။

'အေး… ဟုတ်တယ်၊ မင်းက ခေါင်းမာလွန်းလို့ ဟိုက ဘယ်လောက်ထုထု မနာတာပေါ့ မဟုတ်လား'

နေမင်းမောင်က ပြုံး၍…

'သူက ထုခြင်းထုရင် ငါ့ရင်ဘတ်ကိုထုပြီး ကျီစယ် တာမျိုးပဲ ဖြစ်မှာပါ'

'အင်း… ရင်ထုမနာဆိုတာ ဒါမျိုးဖြစ်မှာပေါ့ကွာ' နေမင်းမောင် ရယ်နေလိုက်သည်။

* * *

'ဒါကတော့ မဖြစ်နိုင်ဘူးကွာ'

ဟု ငြင်းဆန်လိုက်သည့် အဖေ့အသံကို ကြားသဖြင့် နေမင်းမောင် နားစွင့်လိုက်သည်။ ကျောင်းက ပြန်အလာ ထမင်း စားခန်းထဲမှာ အဖေနှင့်အမေ အချီအချပြောနေသံကြားသဖြင့် အခန်းနံရံကပ်ပြီး ချောင်းနားထောင်လိုက်သည်။

'မလုပ်ပေးလို့ မကောင်းဘူးလေ၊ မကင်းရာမကင်း ကြောင်းတွေဖြစ်နေတယ်လေ'



အမေ့လေသံမှာ ဖျောင်းဖျနေဟန်ရှိသော်လည်း ချုပ် တည်းထားရမှန်း သိသာ၏။

'ကင်းလို့ရအောင်ကင်းလိုက်ကွာ၊ ဒီတစ်ခါတော့ ဘယ် လိုမှ လုပ်ပေးလို့ မဖြစ်ဘူး'

ဖေဖေ့လေသံမှာ ခါတိုင်းနှင့်မတူဘဲ တော်တော်ပြတ် သားနေသဖြင့် နေမင်းမောင် အံ့သြသွား၏။ အဖေ တော်တော် သတ္တိရှိလာပြီဟု တွေးပြီး သဘောကျသွားသည်။

'ဒီမှာ ကားဝယ်ဖို့ငွေလိုနေတယ်ဆိုတာ ရှင်သိတယ် မဟုတ်လား'

အမေ့အသံက စိတ်တိုသံပါလာ၏။

'ဘာ… မင်းဆီမှာ ရှိတဲ့ငွေနဲ့ ကားတစ်စီးကောင်း ကောင်း ဝယ်နိုင်သားပဲ၊ ရန်ကုန်ပြောင်းခါစကတည်းက ဝယ် ချင်ဝယ်လို့ ပြောခဲ့တာပဲ'

'ကားပွဲစားတန်းမှာ စုံစမ်းကြည့်ပြီးပြီ၊ လက်ထဲရှိတဲ့ ငွေနဲ့ဆို စင်ကာပူကားတောင် သန့်သန့်မရနိုင်ဘူး'

'ကားပဲကွာ၊ သင့်သင့်တင့်တင့်ဆို တော်ရောပေါ့၊ ငါ့ ရုံးကကားလည်း ရှိသားပဲ'

'ရှင့် ရုံးကားအစုတ်ကြီး ဘာလုပ်ရမှာလဲ၊ ပြီးတော့ ရုံးကားနဲ့ သွားရင် ဘေးလူတွေ ကြည့်ပုံကတစ်မျိုး၊ မင်္ဂလာ ဆောင်တို့၊ အလှူတို့သွားတုန်း ရုံးကားနဲ့ သင့်တော်မလား'

'ဒါကြောင့် တော်ရုံတန်ရုံ သင့်သင့်တင့်တင့် တစ်စီး ဝယ်လိုက်လို့ပြောသားပဲ'

'ကိုယ့်အဆင့်အတန်းနဲ့ ခပ်နုပ်နုပ်ကား ဝယ်လို့ဖြစ်ပါ့ မလား၊ ဟိုဘက်အိမ်ကဆိုရင် ရှင့်ထက်တောင် အဆင့်နိမ့်သေး

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရုပ်ပါဆလွန်းနဲ့ ဖြစ်နေပြီ'

'သူဟာ သူ ဘာဖြစ်ဖြစ်ပေါ့ကွာ၊ မင်းလိုပြောကြေးဆို ငါ့သူငယ်ချင်း ခင်ဇော်ကျတော့ ဘယ်လိုလုပ်မလဲ၊ ငါနဲ့ရာထူးချင်းအတူတူပဲ၊ ခုထိ ဖယ်ရီနဲ့ ရုံးတက်နေတုန်း၊ မင်းဘာပြောမလဲ'

'သူကိုတော့ စကားထဲထည့်မပြောနဲ့၊ ရှင့်သူငယ်ချင်းက ကားမပြောနဲ့၊ စက်ဘီးတောင် ဝယ်စီးနိုင်ရင် ကံကောင်း၊ ဒီမှာ အခု အကူအညီတောင်းတဲ့သူတွေက ကျွန်မတို့အပေါ် ဘယ်လောက်ကောင်းခဲ့သလဲ၊ ရှင် ဟန်နီယာဖြစ်တုန်းက ဘျှင်ပါ ကူမှာ တက်ခွဲနိုင်အောင် အစစအရာရာ သူတို့ပဲ တာဝန်ယူခဲ့တာ မဟုတ်လား'

'ဒီလိုရှိတယ်ကွာ၊ အရင်ကိစ္စတွေတုန်းက မူနဲ့ဘောင်နဲ့ ကိုက်ညီလို့ ကူညီနိုင်တာမို့လို့ လုပ်ပေးခဲ့တာ၊ အခုဟာက ဘောင်ကျော်နေတယ်၊ မလွယ်ဘူး'

အဖေ ဒီနေ့တယ်မာနေပါလား၊ ဘယ်အချိန် ပျော့ကျသွားမလဲမသိဘူးဟု နေမင်းမောင် တွေးမိလိုက်သည်။

'ကျော်နေရင်လည်း ဘောင်ထဲဆွဲသွင်းလိုက်ပေါ့ကွယ်၊ မောင်လုပ်ရင် ရပါတယ်'

အမေက လေသံပြောင်းပြီး ချွဲလိုက်သည်။ ဒီတစ်ခါတော့ သွားပြီထင်တယ်ဟု နေမင်းမောင် တွေးနေတုန်း…

'မရလို့ပါလို့ ပြောနေပြီပဲကွာ'

အဖေ၏ ထပ်ဆင့်ငြင်းသံ ထွက်လာ၏။ အဖေတော့ တော်တော်ဟုတ်နေပြီ။ အမေကလည်း လျှော့မည့်ဟန်မပြဘဲ…

'မရလို့မဖြစ်ဘူး၊ အားလုံးပြောပြီးဆိုပြီးနေပြီ၊ ကျွန်မ



တော့ မျက်နှာအပျက်မခံနိုင်ဘူး၊ ပြီးတော့ ၃/က××× နံပါတ် ဗင်ကားတစ်စီးလည်း တွေ့ထားပြီးပြီ၊ ဈေးကလည်းသင့်လို့'

အမေက အပိုင်ချိုလိုက်ပြီး ထုံးစံအတိုင်းဆိုလျှင် ဒီနေရာမှာ ပွဲပြီးပြီ။ သို့ရာတွင် အဖေက…

'မျက်နှာပျက်ရင်လည်း အပျက်ခံလိုက်တော့ကွာ'

နေမင်းမောင် မျက်ခုံးတောင် ပင့်မိ၏။ အဖေက တယ်ဆော်ပါလားဟု ချီးကျူးမိ၏။ ထို့အတူ အမေ့လေသံကလည်း မာလာသည်။ ထူးထူးဆန်းဆန်း ပြန်လည်ခုခံတိုက်ခိုက်နေသော အဖေ့ကို အံ့ဩနေပုံလည်း ရသည်။

'ရှင်… တကယ်လုပ်မပေးနိုင်ဘူးလား'

အမေ၏ ရာဇသံထွက်လာသည်။ အဖေက…

'အေး… ဒီတစ်ခါတော့ လုံးဝလုပ်မပေးနိုင်ဘူး'

အမေ့အသံ တိတ်သွားသည်။ ဘယ်လိုဆက်ပြောရကောင်းမလဲ အကြံထုတ်နေဟန်တူ၏။

အဖေကပင် ဆက်၍ ပြောသည်။

'အဲ… အဲဒါမှမဟုတ်ဘဲ မင်းနိုင်းတဲ့ကိစ္စကို လုပ်ပေးရမယ်ဆိုရင် ခုန မင်းပြောတဲ့ ၃/က ထက် အဆင့်မြင့်တဲ့ကားကို စီးရလိမ့်မယ်၊ အက္ခရာ အ.ပ.က(၃)၊ နံပါတ်ကလည်း နှစ်လုံးတည်း ၆/၁ ကဲ… ရှင်းပြီလား'

အဖေကွ… ဟု နေမင်းမောင်စိတ်ထဲက ရေရွတ်လိုက်၏။ အမေ့အသံတော့ နောက်ထပ်မကြားရ။ ပန်းကန်လုံးတစ်လုံးကို ဆောင့်ချလိုက်သည့်အသံကိုသာ 'ဖွပ်' ခနဲ ကြားလိုက်ရ၏။

➤

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

'ဒေါင်းတောက်'ဆိုတော့ မြန်မာစကားတစ်ခုရှိ၏။ အနက်ရင်းမှာ ဘာကိုဆိုလိုမှန်းမသိ။ ဘယ်အကြောင်းအရာက ဆင်းသက်လာတာမှန်းလဲ မသိ။ အင်္ဂလိပ်စကား 'ဒေါင်းတောင်း'က ဆင်းသက်လာတာလည်း မဟုတ်။

ဘာပဲဖြစ်ဖြစ် သေချာတာတစ်ခုကတော့ ထိုစကား၏ အနက်ပွားမှာ တစ်စုံတစ်ခု၊ သို့တည်းမဟုတ် တစ်စုံတစ်ယောက်ကို ဟိုပြေးဒီလွှား ကျီးကန်းတောင်းမှောက် ဦးနှောက်ခြောက်လောက်အောင် ရှာဖွေရခြင်းပင်ဖြစ်၏။

နေမင်းမောင်လည်း 'ဒေါင်းတောက်' နေပြီ။ ခင်ရင်တင် အတန်းပြီးချိန်ကို သွားစောင့်နေခဲ့၏။ အတန်းပြီးလို့ တခြားလူတွေ ထွက်လာသော်လည်း ခင်ရင်တင်မပါ။ ခင်ရင်တင်သည် ဘယ်တုန်းကမျှ အတန်းချိန်မပျက်ခဲ့ဖူး။ ကျောင်းကိုလုံးဝ မတက်တာလည်း မဖြစ်နိုင်။ မနက်ကပဲ သူတို့အိမ်က ကားကလေးနှင့် ဖြတ်သွားတာ တွေ့လိုက်သေးသည်။



နေမကောင်းလို့များ စောစောပြန်သွားသလား။ မနက်က ကားပေါ်မှာ လှမ်းတွေ့လိုက်တုန်းက ကျန်းကျန်းမာမာကြီးပါပဲ။ ကောက်ခါငင်ခါ ဖြစ်ရအောင်လည်း ခင်ရင်တင်မှာ ငှက်ဖျားရောဂါရှိတယ်လို့ တစ်ခါမျှမကြားမိ။

အရေးပေါ်ကိစ္စတစ်ခု ပေါ်လာလို့ အိမ်က လာခေါ်တာနဲ့ ပြန်လိုက်သွားတာများလား။ သူ့အဖေကြီးများ ဘာဖြစ်လို့လဲ။ အင်း... အဖေထိအောင် လိုက်ပူပေးနေရတာကတော့ သိပ်အဓိပ္ပာယ်မရှိလှဘူး။

သူ ဘာပဲဖြစ်ဖြစ် ဒီနေ့မတွေ့ရလျှင် နောက်တစ်နေ့ တွေ့ရမှာပဲ။ သို့တိုင်အောင် မျှော်လင့်တကြီးလာခဲ့ပြီးမှ မြင်ခွင့်မရသောအခါ မနေနိုင်၊ မခံနိုင်အောင် အခံရခက်သည်။ ဒါကိုလည်း အပြစ်တော့မဆိုနိုင်။

ရုပ်မြင်သံကြားမှ ဘောလုံးပွဲတိုက်ရိုက်လွှင့်မည့်နေ့ကျမှ မီးပျက်တာတောင် ဘယ်လောက်နေမထိ၊ ထိုင်မသာဖြစ်ရသလဲ။ အလကားနေရင်း မီးချောင်းတွေ၊ မီးလုံးတွေကို မော့မော့ကြည့်မိတာကို ဟားစရာလို့ထင်ရင် တရားပါ့မလား။

ခုဟာက ခင်ရင်တင်တစ်ယောက်လုံးကြီးများတောင် ဖြစ်၏။ ကြဲဖန်ပြီး ထောက်သည်ဆိုလျှင်တော့ ထောက်လို့ရသည်။ ဘောလုံးပွဲတစ်ခါလွတ်သွားလျှင် နောက်ထပ်ကြည့်ဖို့ မလွယ်။ ခင်ရင်တင်က ဒီနေ့မတွေ့ရပေမယ့် နောက်နေ့တွေ့နိုင်သည်။ ဘာပဲဖြစ်ဖြစ် တစ်နေ့ မတွေ့ရမနေနိုင်အောင် ဖြစ်နေမိပြီဆိုတာတော့ သေချာနေပြီ။ ခင်ရင်တင်ကို ဘောလုံးပွဲနှင့် နှိုင်းယှဉ်သည့်ကိစ္စကိုပင် ခင်ရင်တင်သိလျှင် အကြီး

www.burmeseclassic.com



အကျယ် စိတ်ဆိုးဖွယ်ရာ ရှိလေ၏။

နေမင်းမောင်သည် စိတ်လျှော့လိုက်ပြီး ကျော်နန္ဒတို့ဆီ သွားဖို့ ဆုံးဖြတ်လိုက်သည်။ လက်ဖက်ရည်ဆိုင်မှာ သွားကြည့် တော့မရှိ။ စားပွဲထိုးလေးကို မေးကြည့်တော့…

'စောစောကတော့ လာတယ်အစ်ကိုရ၊ ထွက်သွား ကြပြီ'

နေမင်းမောင် တစ်ယောက်တည်းသာ ထိုင်ရတော့ သည်။ ကော်ဖီမစ်တစ်ခွက် မှာလိုက်သည်။ စားပွဲထိုးကလေး က ကော်ဖီမစ်လာချရင်း တစ်ခုပြောသည်။

'သူတို့ပြောနေတာတော့ ကြားတယ်အစ်ကိုရ၊ ကိုရဲနဲ့ ကိုဖိုးဇော်ငြင်းကြတာ အင်းလျားကန်ပေါင်ပေါ်ကကြည့်ရင် ဂျပ်ဆင်ကို မြင်ရ၊ မမြင်ရ ငြင်းနေကြတာပဲ၊ ကိုကျော်နန္ဒက ကိုရဲဘက်က ဝင်ငြင်းတယ်၊ ပြီးတော့ ထထွက်သွားကြတာပဲ'

ဒါဆို ဒီကောင်တွေ တကယ်မြင်ရ၊ မမြင်ရ လက်တွေ့ သွားကြည့်ကြတာ ဖြစ်နိုင်သည်။ ကော်ဖီမစ်ကို ခပ်မြန်မြန် သောက်ပြီး ထထွက်လာခဲ့သည်။

ဖိုးဇော်က လောင်းကြေးစားကြေးလုပ်တာ ဝါသနာပါ သည်။ ဒီတော့ တစ်ခုခုကျေးကြေး လောင်းကြမှာ သေချာ သည်။ ကံကောင်းလျှင် ရှုံးတဲ့ကောင် ကျွေးတာမွေးတာကို တောင် ဝင်စားခွင့်ကြုံနိုင်သည်။

ခပ်သွက်သွက်လျှောက်ရင်း အင်းလျားလမ်းပေါ် အ ရောက်တွင် ပြည်လမ်းဘက် ကန်ပေါင်ကြီးရှိရာ ဘယ်ဘက်သို့ မချိုးဘဲ အင်းလျားနယ်မြေထဲသို့ မြေနီလမ်းအတိုင်း ဝင်လာခဲ့



မိ၏။ ဘာရည်ရွယ်ချက်မှ ရှိလို့မဟုတ်။ စိတ်ကူးရင်းလျှောက် လာခဲ့ရာ ခြေထောက်တွေက အဲဒီဘက် အလိုလိုလှမ်းမိသွား ခြင်းဖြစ်၏။

ထိုအချက်သည် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ မ,စလိုက်ခြင်း ဖြစ်ကောင်းဖြစ်မည်။ ဒါမှမဟုတ်လျှင်လည်း နေမင်းမောင်၏ ကိုယ်စောင့်နတ်က ခပ်ချဉ်ချဉ်ရှိလို့ 'လုပ်ထည့်' လိုက်ခြင်းလည်း ဖြစ်နိုင်၏။

နောက်ကြောင်းပြန်လှည့်မည်ပြုပြီးမှ ဘာရယ်မဟုတ် ဘဲ ဆက်လျှောက်ခဲ့မိပြန်၏။ ထိုအခါ အင်းလျားကန်စပ်ရှိ သစ်ပင်ကြီးတစ်ပင်အောက်မှာ ထိုင်နေသော ခင်ရင်တင်ကို လှမ်း တွေ့လိုက်ရလေသည်။

နေမင်းမောင် အံ့သြသွား၏။ ခင်ရင်တင်နဲ့မှ ဆိုက် ဆိုက်မြိုက်မြိုက် လာတွေ့ရသည်။ ခင်ရင်တင်ကလည်း မိမိကို သတိရနေသောကြောင့် ဒီနေရာကို အလိုလိုလျှောက်လှမ်းလာ ခဲ့မိခြင်းဖြစ်နိုင်သည်ဟု တွေးမိပြီး ဝမ်းသာသွား၏။ တစ်ပြိုင် နက်တည်းတွင် ရုပ်ရှင်စိန်ရတု အထိမ်းအမှတ်တုန်းက ကပြခဲ့ သည့်…

'စောင်းတော်ရှင်ဇာတ်ကားမှ ဥစ္စာစောင့်မလေးမေ့ရှင်' လို အနေးရောက်မှ ဖျတ်ခနဲပျောက်သွားမှာကိုလည်း စိုးရိမ်မိ၏။

သို့ရာတွင် ခင်ရင်တင်က ပျောက်မသွား။ သူအနီး ရောက်သောအခါ မော့ကြည့်ပြီး ပြုံးပြသည်။

'ရှာလိုက်ရတာ၊ ခင်ရင်တင်က ဒီမှာ တစ်ယောက် တည်း လာထိုင်နေတာကိုး'

www.burmeseclassic.com

www.burmeseclassic.com



နေမင်းမောင်က ဘေးမှာ ရပ်ရင်း ပြောလိုက်သည်။

ခင်ရင်တင်က ဘာမျှပြန်မပြော။ ခင်ရင်တင်ကို ကြည့်ရတာ တစ်မျိုးဖြစ်နေ၏။ သိပ်ရွှင်ရွှင်ပျပျ မရှိ။ ခင်ရင်တင်ကို ထိုင်းထိုင်းမှိုင်းမှိုင်း တွေ့ရတာ ထူးခြားနေ၏။ ထို့ကြောင့်...

'ဘာဖြစ်လို့လဲဟင်၊ ကြည့်ရတာတစ်မျိုးပဲ၊ လန်းလန်းဆန်းဆန်းမရှိဘူး၊ နေမကောင်းဘူးလား'

'ကောင်းပါတယ်၊ တစ်ယောက်တည်း အေးအေးဆေးဆေး တွေးချင်ငေးချင်လို့ ဒီနေရာလေးမှာ လာထိုင်နေတာ'

'ဒါဆို ကျွန်တော်လာတာ အနှောင့်အယှက် ဖြစ်သွားပြီပေါ့၊ ဆောရီးနော်'

'မဖြစ်ပါဘူး၊ စိတ်လက်မကြည်သာတဲ့အခါ အဖော်ရှိတော့လည်း အားမငယ်ရဘူးပေါ့'

'စိတ်မကြည်သာဘူး ဟုတ်လား၊ ဘာဖြစ်လို့လဲ'

နေမင်းမောင်က ပျာပျာသလဲမေးလိုက်၏။ သူ့ပုံစံမှာ ခင်ရင်တင်က ခြေထောက်တွေ ညောင်းနေလို့ပါဆိုလျှင်တောင် ချက်ချင်း နှိပ်နယ်ပေးမည့်သဘောမျိုး။

ခင်ရင်တင်က ပြောသင့် မပြောသင့် စဉ်းစားနေဟန်ရှိ၏။ ငွေရေးကြေးရေး အကူအညီများ ဖြစ်နေမလားဟု နေမင်းမောင် တွေးလိုက်မိသေးသည်။ ခုနေများ ငွေငါးသောင်းလောက် ချေးပါဆိုလျှင် သူတတ်နိုင်မည်မဟုတ်။ တကယ်တော့ ခင်ရင်တင်အတွက် ငွေရေးကြေးရေးပြဿနာဆိုသည်မှာ မဖြစ်နိုင်။

'ကျွန်တော် သိခွင့်ရှိတယ်ဆိုရင် သိပါရစေ၊ စပ်စုတာတော့ မဟုတ်ဘူးနော်'



'တို့မှာ အခက်အခဲတစ်ခုရှိနေလို့ပါ'

ဟု ခင်ရင်တင်က ခပ်တိုးတိုးပြောသည်။

'ဘာအခက်အခဲလဲဟင်၊ ကျွန်တော် ကူညီနိုင်ရင် ကူညီပါရစေ'

'အဲဒါကို တို့ကိုယ်တိုင်တောင်မသိလို့ ခက်နေတာပေါ့'

ခင်ရင်တင့်မျက်နှာပေါ်မှာ နောက်ပြောင်သည့်အရိပ်အယောင် မတွေ့မြင်ရသဖြင့်...

'ဘယ်လို... ကိုယ်တိုင်တောင် မသိဘူး... ဟုတ်လား'

'တို့အတွက်ဆိုရင် သိပ်ဂရုမစိုက်လှပါဘူး၊ ခုဟာက ဖေဖေ့အတွက် ဖြစ်နေတယ်'

'ဘာဖြစ်နေလို့လဲ'

'ဒီလိုပါ၊ ခုရက်ပိုင်းအတွင်း ဖေဖေမှာ အန္တရာယ်တစ်ခုခုနဲ့ ကြုံနိုင်တယ်လို့ ဗေဒင်က ဟောထားတယ်၊ အသက်အန္တရာယ်တောင် စိုးရိမ်ရတယ်တဲ့၊ အဲဒါ ယတြာချေရမယ်လို့ပြောတယ်'

'ခင်ရင်တင်က ဗေဒင်တွေဘာတွေ ယုံလို့လား'

'တို့ကတော့ အလေးအနက်ထားလှတယ် မဟုတ်ပါဘူး၊ ဒါပေမဲ့ မေမေက အဲဒီကိစ္စ အစွဲအလမ်းကြီးဖြစ်ပြီး စိတ်ဆင်းရဲနေရတယ်၊ အဲဒါကို တို့မကြည့်ရက်လို့ စိတ် မကြည်မလင်ဖြစ်နေရတာပေါ့'

'ဒါဆိုလည်း စိတ်ရှင်းသွားအောင် ယတြာချေပေးလိုက်ပေါ့'

www.burmeseclassic.com



'အဲဒီယကြာက ခက်နေတာပေါ့'

'ဘယ်လိုယကြာမျိုးမို့လဲ'

'အရေးကြီးဆုံးက ကျောက်ခဲတစ်လုံးရဖို့ပဲ'

နေမင်းမောင် ရယ်လိုက်ပြီး…

'ကျောက်ခဲ… ဒါလေးများ'

ခင်ရင်တင် ခေါင်းခါသည်။

'မဟုတ်ပါဘူး၊ ရိုးရိုးကျောက်ခဲမဟုတ်ဘူး၊ ရေခြားမြေခြားက ကျောက်ခဲ'

'ရေခြားမြေခြား… ဘာလဲ နိုင်ငံခြားက မှာရမှာလား'

'မဟုတ်ပါဘူး၊ အခက်အခဲနဲ့ အန္တရာယ်ကို ကာကွယ်ရမှာဆိုတော့ ကက်ကင်းခတ်သဘောအရ ခက်ခက်ခဲခဲ သွားယူရတာမျိုးဖြစ်မယ်၊ နောက်ပြီး ရေခြားမြေခြားဆိုတော့…'

ခင်ရင်တင်က စကားမဆက်တော့ဘဲ တစ်နေရာကို လှမ်းကြည့်၏။ နေမင်းမောင်က လိုက်ကြည့်သည်။ အင်းလျားကန်အတွင်းမှ အလယ်ကျွန်းကို လှမ်းမြင်လိုက်ရ၏။ နေမင်းမောင် ခင်ရင်တင်ကို ကြည့်လိုက်သည်။ ခင်ရင်တင်က ဖျတ်ခနဲ ပြန်ကြည့်ပြီး ခေါင်းငုံ့သွား၏။

ခင်ရင်တင် အခုလို မျက်လုံးညှိုးငယ်နေတာ တစ်ခါမှ မမြင်ခဲ့ဖူး။ ဒီလိုဖြစ်ရတာ သူ့အပြစ်မကင်းသလို နေမင်းမောင် မဆီမဆိုင် တွေးထင်နေမိ၏။ ထို့ကြောင့်…

ခင်ရင်တင်အတွက် သိပ်အရေးကြီးနေတယ်မဟုတ်လား'



ဟုမေးရင်း အင်းလျားအလယ်ကျွန်းဆီ တစ်ချက်ကြည့်သည်။

'ယူ့ကို တို့ မခိုင်းချင်ပါဘူး'

ခင်ရင်တင်က ပြန်ပြောသည်။

'ခင်ရင်တင်အတွက် သေရေးရှင်ရေးတမျှ အရေးကြီးလိုအပ်နေတဲ့ပစ္စည်းမဟုတ်လား၊ ကျွန်တော် ရအောင် ယူပေးပါ့မယ်'

နေမင်းမောင်ပြောရင်း အဝတ်အစားတွေ ချွတ်လိုက်သည်။ အောက်ခံဘောင်းဘီပါလာသည့်အတွက် ကျေးဇူးတင်ရသေးသည်။

'ယူ့အတွက် တို့စိုးရိမ်တယ်ကွယ်' ဟု ခင်ရင်တင်က ပြောသည်။

'ရပါတယ်၊ ကျွန်တော် ရေကောင်းကောင်းကူးတတ်ပါတယ်၊ ကဲ… ကျွန်တော်သွားမယ်'

နေမင်းမောင် လှည့်အထွက်တွင် ခင်ရင်တင်က…

'သတိတော့ ထားနော်'

နေမင်းမောင်က အသေးအဖွဲ့ပါဆိုသော အဓိပ္ပာယ်ဖြင့် ပြုံးပြပြီး ရေစပ်ကို ဆင်းခဲ့သည်။ အလယ်ကျွန်းဆီ တစ်ချက် လှမ်းကြည့်၏။ သိပ်တော့ မနီးလှ။ သူ့အနေဖြင့် ဒီလောက် ခရီးကို အသွားအပြန် တစ်ခါမျှ မကူးခဲ့ဖူးသေး။ ဘာပဲဖြစ်ဖြစ် ကူးတာတော့ ကူးရမှာပဲ။

ရေထဲဆင်းလျှောက်ပြီး ခါးလယ်လောက်အနက်မှာ စ,ကူးသည်။ ဖြည်းဖြည်းမှန်မှန်ကားသားသားဖြင့် ကမ်းဆီသို

www.burmeseclassic.com



အခက်အခဲမရှိဘဲ ရောက်သွားသည်။ ကျွန်းပေါ်တက်သည်။ ခပ်လတ်လတ်ကျောက်ခဲတစ်လုံး ရှာကောက်သည်။

ခင်ရင်တင်ရှိရာ ကမ်းခြေဘက် လှမ်းကြည့်ပြီး ကျောက်ခဲကို မြှောက်ပြလိုက်သည်။ ခင်ရင်တင်က လက်ကိုင်ပဝါကို ဝှေ့ယမ်းပြသည်။

နေမင်းမောင် နည်းနည်းတော့ မောသလိုလိုရှိသဖြင့် ခဏနားလျှင် ကောင်းမလား စဉ်းစားသေးသည်။ နားနေလိုက်လျှင် အထင်သေးစရာဖြစ်သွားမလားဟု တွေးမိ၏။ ဒီလိုတွေးလိုက်သည်နှင့်တစ်ပြိုင်နက် ဆတ်ခနဲထရပ်ပြီးသား ဖြစ်သွား၏။ တကယ်လို့ တစ်ဖက်ကမ်းကိုပြန်ကူးရင်း လမ်းမှာလက်ပန်းကျပြီး ရေနစ်သေသွားလျှင်တောင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူလိုက်မည်ဆိုသောစိတ်က ထူးဆန်းစွာ ဖြစ်ပေါ်လာ၏။

ထိုအတွေးမဆုံးခင်မှာပင် ရေစကူးနေပြီဖြစ်၏။ ကျောက်ခဲကို လက်တစ်ဖက်တွင် ဆုပ်ကိုင်ထားရသဖြင့် ရေကူးရတာ နည်းနည်းမတွင်ကျယ်ဘဲ ဖြစ်နေ၏။ ကျောက်ခဲကို ဘောင်းဘီကြားမှာ ထိုးထည့်ဖို့ကျတော့လည်း ပြုတ်ကျသွားလျှင် ကြိုးစားသမျှ အချည်းနှီးဖြစ်မည်။

ခရီးတစ်ဝက်နီးပါးရောက်တော့ မောလာသည်။ ခြေထောက်တွေက တင်းလာသည်။ ရေထဲမှာ ကြွက်တက်လျှင်တော့ ကိစ္စချောဖို့များသည်။ စောစောတုန်းက သေချင်သော်စေဆိုပြီး ခုကျတော့မှ စိုးရိမ်စိတ် ဝင်လာပြန်၏။

တကယ်တော့ ကိုယ်သေမှာကို စိုးရိမ်ခြင်းမဟုတ်။ ကျောက်ခဲကို ခင်ရင်တင်လက် မအပ်နိုင်မှာ စိုးရိမ်ခြင်းသာ



ဖြစ်နေ၏။ ပြီးတော့ ဒီခရီးကို အောင်မြင်အောင် မဆောင်ရွက်နိုင်လျှင် ပျော့လှချေလားဟု ခင်ရင်တင်က အထင်သေးသွားနိုင်သည်။

ကမ်းခြေရှိရာသို့ လှမ်းကြည့်လိုက်သည်။ ခင်ရင်တင်သည် သူ့ကို စူးစိုက်ကြည့်နေတာ မြင်ရ၏။ အတော်လှမ်းသေးသောကြောင့် မျက်နှာအမူအရာကို သဲကွဲစွာ မမြင်ရ။ စိုးရိမ်နေပုံရသည်ဟု၍တော့ ခန့်မှန်းမိ၏။

ထိုစဉ်မှာပင် ဘာအားဖြည့်အချိုရည်မျှ မသောက်ပါဘဲလျက် ချက်ချင်း ခွန်အားတွေ ဝင်လာသည်။ သို့နှင့် အားကြိုးမာန်တက် ပြန်လည်ကူးခတ်ခဲ့ရာ ကမ်းခြေသို့ ချောမောစွာ ရောက်ရှိလာ၏။

ကျောက်ခဲကို ခင်ရင်တင်လက်အပ်ပြီးနောက် စစ်အောင်ပွဲသတင်းကို ယူဆောင်လာသော ခြေမြန်တော်စစ်သည်တစ်ယောက်လို အမောဆို့လဲကျသွားဖို့ကောင်းသည်။ သို့ရာတွင် ခင်ရင်တင်၏ ရွှင်ပျသွားသောမျက်နှာကို မြင်လိုက်ရသောအခါမှာတော့ နောက်တစ်ခေါက်လောက်တောင် ထပ်ကူးလိုက်ချင်သည့်စိတ် ပေါ်လာမိလေ၏။

ခင်ရင်တင်က ကျောက်တုံးကို သေသေချာချာကြည့်ရင်း…

'ကျောက်စိမ်းတုံးတစ်တုံးဆိုရင်တောင် ဒီလောက်တန်ဖိုးထားမိမှာ မဟုတ်ဘူး၊ ယူ့ကို သိပ်ကျေးဇူးတင်ပါတယ်'

နေမင်းမောင် ပြုံးလိုက်သည်။

'ယူသိပ်တော်တယ်ကွယ်၊ ယောက်ျားလည်း ပီသ

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ ကျေးဇူးဆပ်တဲ့အနေနဲ့'

စကားကို ဖြတ်ထားလိုက်သည်။ နေမင်းမောင် မျှော်လင့်စွာကြည့်သည်။ ခင်ရင်တင်က ပြုံးပြီး ဆက်ပြော၏။

'ရုပ်ရှင်ပြမယ်'

နေမင်းမောင် ထိတ်ခနဲဖြစ်သွား၏။ ချွတ်ပုံထားသည့် အဝတ်အစားများပေါ်မှ လက်ပတ်နာရီ ပျာပျာသလဲယူကြည့်သည်။ ခင်ရင်တင်က ရယ်၍...

'အချိန်တွေ အများကြီးလိုပါသေးတယ်၊ တစ်ခုခု စားသောက်ပြီးမှ သွားကြတာပေါ့၊ ကဲ... အဝတ်အစားတွေ ပြန်ဝတ်ဦး၊ အအေးမိနေဦးမယ်၊ အင်း... ကော်ဖီပူပူလေးတော့ သောက်မှဖြစ်မယ်'

ခုမှပင် နေမင်းမောင် မောဖို့ သတိရလာ၏။

* * *

ဆရာဦးစိန်မျိုးမြင့်က တွေ့ချင်သည်ဆိုသဖြင့် ဆရာ့အခန်းသို့ လာခဲ့ရ၏။ ဘာကိစ္စပါလိမ့်ဟု စဉ်းစားလာသည်။ သူသည် ကျောင်းမှန်မှန်တက်ခဲ့သူဖြစ်၍ ခေါ်ဆူဖို့တော့ မဖြစ်နိုင်ဟု ခန့်မှန်းသည်။

'သြော်... နေမင်းမောင်၊ လာ... ထိုင်ကွ'

အခန်းထဲဝင်လိုက်သောအခါ ဆရာက ခရီးဦးကြိုသည်။ ဆရာ့မျက်နှာက ကြည်ကြည်သာသာရှိနေသဖြင့် ဆူဖို့ ကြိမ်းဖို့ မဟုတ်မှန်း သေချာသွားသည်။

'ဆရာ... ကျွန်တော့်ကို ခေါ်တယ်ဆိုလို့'



နေမင်းမောင်က ပြောရင်း ဝင်ထိုင်သည်။

'အေးကွ၊ မင်းကို အကူအညီတစ်ခု တောင်းစရာရှိလို့'

'ဟုတ်ကဲ့၊ ပြောပါဆရာ'

'ဒီလိုကွ၊ မကြာခင်ကျင်းပတော့မယ့် ဌာနပေါင်းစုံ ရေကူးပြိုင်ပွဲမှာ မင်းအနေနဲ့ ဆရာတို့ဌာနကို ကိုယ်စားပြုပြီး ဝင်ယှဉ်ပြိုင်ပေးဖို့ ပြောချင်လို့'

'ခင်ဗျာ'

'ဟုတ်တယ်ကွ၊ မင်း ရေကူးတော်တော်ကျွမ်းကျင်တယ်လို့ ဆရာသတင်းကြားထားတယ်'

'ဟာ... မဟုတ်ပါဘူးဆရာ၊ ဆရာ့ကို ဘယ်သူပြောလဲ'

'မင်းသူငယ်ချင်းတွေအားလုံးက တညီတညွတ်တည်း ထောက်ခံကြတာပဲ'

ဟိုကောင်တွေ ချွန်လိုက်ပြီဆိုတာ သိလိုက်၏။

'ကျွန်တော်... ကျွန်တော်က တောကူးတောင်ကူးလောက် တတ်တာပါ ဆရာ၊ စနစ်တကျ မကူးတတ်ပါဘူး၊ ဖြစ်မယ်မထင်ပါဘူး ခင်ဗျ'

'စနစ်ကျအောင် ပြန်လေ့ကျင့်ယူရင်ရပါတယ်ကွ၊ ဆရာ က အောင်နိုင်ရေးတာဝန်ယူထားရတော့ မင်းအနေနဲ့ ကူညီ စေချင်တယ်'

နေမင်းမောင် ခေါင်းကုတ်ပြီး...

'ကျွန်တော်က နမိုးနီးယားဖြစ်ပြီးခါစမို့ အအေးမိခံလို့ မရလို့ပါဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'အေးလေ… ကျန်းမာရေးလည်း ဂရုစိုက်ပေါ့ကွာ၊ အဆင်ပြေရင်တော့ ဆရာပြောတာ စဉ်းစားပေးပါဦး'

ဟု ဆရာဦးစိန်မျိုးမြင့်က လက်မလျှော့သေးဘဲ ထပ်ပြီး တိုက်တွန်းလိုက်၏။

* * *

တရုတ်စံကားပင်ခြေရင်းမှာ ဝိုင်းထိုင်နေကြသော ကျော်နန္ဒတို့ရှိရာသို့ ခပ်သွက်သွက် လျှောက်လာခဲ့၏။

'ဟော… ညောင်ဦးဖီးပါလား၊ ကြွပါ ကြွပါ'

ကျော်နန္ဒက ခရီးဦးကြို ပြုလိုက်၏။

'ဘာကွ'

'ဩော်… မင်း ရေကူးကျွမ်းကျင်တဲ့ သတင်းက တစ်ကျောင်းလုံးပြန့်နေပြီ၊ ဒါကြောင့် မင်းကို ညောင်ဦးဖီးလို့ ခေါ်နေကြပြီလေကွာ'

ကိုရဲက ပြန်ပြော၏။

'အေပေးတွေ၊ ဆရာဦးစိန်မျိုးမြင့်ကို မင်းတို့သွားချော့ လိုက်တာမဟုတ်လား'

'ငါတို့က စေတနာနဲ့ပါကွာ၊ မင်းကို မြေတောင် မြှောက်ပေးတဲ့ သဘောပေါ့၊ ငါတို့မေဂျာအတွက်လည်း အကျိုး ရှိတာပေါ့၊ ဒီရေကူးပြိုင်ပွဲမှာ မင်းသာ ဝင်ပြိုင်ရင် ငါတို့မေဂျာ ဗိုလ်စွဲမှာ သေချာတယ်'

'တော်စမ်းပါကွာ'

ကျော်နန္ဒလက်ထဲမှ စီးကရက်တိုကို လှမ်းပစ်လိုက်ပြီး



'ဒီမှာ ဟေ့ကောင်၊ မင်းက သူ့အတွက် သက်စွန့်ဆံဖျား လုပ်ပေးတာကို သူက နှုတ်လုံတယ်လို့ ထင်လို့လား၊ သူ့သူငယ် ချင်းတွေကို အကုန်ပြန်ပြောပြတယ်၊ မင်းက ရေကူးသိပ်ကျွမ်း တယ်တဲ့၊ ကြံ့ခိုင်မှုကလည်း အံ့မခန်းပဲတဲ့၊ အင်းလျားအလယ် ကျွန်းကို အသွားအပြန်ကူးပြီး ကမ်းပေါ်ပြန်တက်လာတဲ့အခါ နည်းနည်းလေးတောင်မှ မောပန်းဟန်မရှိဘဲ ကန်ပေါင်ပေါ်မှာ တစ်ပတ်လောက်တောင် ထပ်ပြေးနိုင်လောက်အောင် လန်းဆန်း နေတုန်းပဲတဲ့'

'သူက ငါ့အတွက် ဂုဏ်ယူနေတာဖြစ်မှာပေါ့ကွ'

'ဂုဏ်ယူတာ မဟုတ်ဘူးကွ၊ ထောင်ပေးတာ၊ ထောင် ပေးတာ နားလည်ရဲ့လား'

နေမင်းမောင်က မခိုးမခန့်သာ ပြုံးနေလိုက်၏။ မိမိ ၏ အခြေအနေမှာ ဂုဏ်ထူးမှတ်နားနီးနေပြီဆိုတာ ဒီကောင်တွေ သဘောမပေါက်သေး။

➢

www.burmeseclassic.com

## အခန်း (၁၄)

ခြေလှမ်းတုံ့ခန့်ဖြစ်သွား၏။ အတွေးတွေကတော့ လျှပ်ရှားဆန့်ထွက်ကုန်သည်။ ခင်ရင်တင် ဘာအချိုးတွေ ပြောင်းသွားခဲ့ပြီလဲ။ တစ်နေ့ကပဲ သူ့အတွက် သေရေးရှင်ရေးတမျှ အရေးကြီးပါတယ်ဆိုသော ကျောက်ခဲတစ်လုံးကိုရအောင် ဆောင်ယူပေးခဲ့ပြီးပြီ။ ဝမ်းသာခြင်း၊ ကျေးဇူးတင်ခြင်း အထိမ်းအမှတ်အဖြစ် မိမိကို ကျွေးမွေးပြုစုခဲ့ရုံမက ရုပ်ရှင်တောင် လိုက်ပြခဲ့သေးသည်။

ထိုကျောက်ခဲကိစ္စကတော့ တကယ်ပဲ ယတြာချေဖို့ဟုတ်ရဲ့လား။ ရေလယ်ကောင်မှာ လက်ပန်းကျပြီး ယက်ကန်ကန်ဖြစ်နေတာကိုကြည့်ပြီး အရသာခံချင်လို့ အကွက်ဆင်ပြီးခိုင်းခဲ့တာလား။ ဒါကို မိမိက အောင်မြင်ကျော်လွှားနိုင်ခဲ့သဖြင့် သူ့အကြံပျက်ခဲ့ရတာကြောင့် နောက်ထပ်မစမ်းတော့ဘဲ ရှောင်နေလိုက်တာလား။



ဒါမှမဟုတ် မိမိအပေါ် အရူးလုပ်ဆော့ကစားရတာကို ငြီးငွေ့လို့ ဘေးဖယ်ထုတ်ပစ်လိုက်ချင်ပြီလား။ ဟိုတစ်နေ့က ကိစ္စသည် မိမိအပေါ် နောက်ဆုံးအကြိမ်အဖြစ် ပညာပေးလိုက်တာလား။

ခင်ရင်တင်သည် ခုနောက်ပိုင်းမှာ မိမိတစ်ယောက်ကလွဲ၍ ဘယ်သူနှင့်မျှ တွဲတွဲသွားသွားမရှိခဲ့။ မိမိ၏အခြေအနေမှာ ပုံမှန်တိုးတက်နေခဲ့သည်။ ခင်ရင်တင်၏ အချစ်ကိုရဖို့ သေချာလုနီးပါးဖြစ်နေပြီဟု ထင်ခဲ့သည်။

ခုကျတော့…

သီရိဆောင်ရှေ့က အုတ်ခုံမှာ လူတစ်ယောက်နှင့်အတူ တွဲထိုင်လျက် စကားပြောနေသည်ကို တွေ့လိုက်ရ၏။ ခပ်လှမ်းလှမ်းမှာတော့ မတ်တူးကားတစ်စီး ရပ်ထားသည်။ ထိုသူ့ပုံစံကြည့်ရတာ ကျောင်းသားတစ်ယောက်ဟုတ်ပုံမရ။ သူဌေးသားတစ်ယောက် ဖြစ်ချင်ဖြစ်မည်။ လုပ်ငန်းရှင်တစ်ယောက် ဖြစ်ချင်ဖြစ်မည်။ သင်္ဘောသားအရာရှိတစ်ယောက် ဖြစ်ချင်ဖြစ်မည်။ အသက်က သုံးဆယ်ကျော်ကျော်လောက်။ ရုပ်ကတော့ အတော်ဖြောင့်သည်။ သူ့အရုပ်အမောင်း၊ သူ့အသားအရေနှင့် သူဝတ်စားထားပုံမှာ အလွန်ကြည့်ကောင်းသည်။ ထိုသူနှင့် ခင်ရင်တင်မှာ တကယ်ကို လိုက်ဖက်ညီပါပေတယ်ဟု နေမင်းမောင်စိတ်ထဲမှာ ဝန်မခံဘဲနဲ့ နေလို့မရ။

ခုချိန်မှာ နေမင်းမောင်အတွက် အခက်အခဲတစ်ခုနှင့် ကြုံနေရသည်။ သူက ယုဒသဃန်ဘုရားရှိခိုးကျောင်းအဝင်ဝရှေ့ ဆောက်မှာ ရှိနေသည်။ ဒီတော့ နောက်ကြောင်းပြန်လှန်လှည့်

www.burmeseclassic.com



*သွားရမလား၊ ဆက်လျှောက်ပြီးမှ ညာဘက်ကို ကွေ့ရှောင်* သွားရမလား၊ သူတို့ရှေ့ကပင် အရဲ့တိုက်ပြီး ဖြတ်လျှောက်သွားရမလား ဝေခွဲရခက်နေ၏။

ထိုစဉ်မှာပင် ခင်ရင်တင်က သူ့ကို မြင်သွား၏။ လှမ်းပြီး လက်ပြသည်။ နေမင်းမောင်က ခပ်စိန်းစိန်းပင် ပြန်ကြည့်လိုက်သည်။ ခင်ရင်တင်က သူ့ကို လက်ယပ်ခေါ်လိုက်၏။

နေမင်းမောင် တွေသွားရပြန်သည်။ 'တမင်သက်သက်ခေါ်ရှုတ်ဦးမလို့လား။ အနားရောက်မှ 'ဒါ တို့နဲ့လက်ထပ်မယ့်လူလေ'ဟု မိတ်ဆက်ပေးပြီး နောက်ဆုံးအနေနှင့် အပီအပြင်ရိုက်ချချင်လို့လား။

ခင်ရင်တင်က ထပ်ပြီးလက်ယပ်ခေါ်ပြန်သည်။

နေမင်းမောင် မျက်နှာလွှဲပစ်လိုက်သည်။ သို့ရာတွင် ခြေထောက်တွေကတော့ ရှေ့ကိုသာ ဆက်လျှောက်နေမိ၏။ ခဏအကြာတွင် ခင်ရင်တင်တို့ရှေ့မှာ ရပ်လျက်သားရှိနေပြီဖြစ်ကြောင်း သတိရလိုက်လေသည်။

'ဘယ်ကလာလဲ'

ခင်ရင်တင်က မေး၏။

'အတန်းဘက်တောင် ရောက်သေးတယ်'

နေမင်းမောင်က တိုက်ရိုက်မဖြေဘဲ သူ ဝတ္တရားမပျက်ကြောင်း အသိပေးလိုက်၏။

'ဟုတ်တယ်၊ ကိစ္စလေးတစ်ခုပေါ်လာလို့ နောက်ဆုံးအတန်းချိန် ဖျက်လိုက်ရတယ်'

အတန်းချိန်တောင် ဖျက်ပေးတယ်ဆိုတော့ ဒီလူဟာ



တော်တော်အရေးပါတဲ့လူဖြစ်မှာပဲဟု နေမင်းမောင် တွက်ထားလိုက်၏။

'ဪ... မိတ်ဆက်ပေးရဦးမယ်၊ ဒါ တို့မိတ်ဆွေ ဦးဟင်နရီဘုန်းမိုးတဲ့၊ ဝက်ထောကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာပေါ့၊ သူကတော့ ကိုနေမင်းမောင်၊ ကျွန်မရဲ့ အခင်ဆုံး သူငယ်ချင်းလေ'

ခင်ရင်တင်က မိတ်ဆက်ပေးသည်။ ဟိုလူ့ကို မိတ်ဆွေသုံးနှုန်းပြီး နေမင်းမောင်ကို အခင်ဆုံးသူငယ်ချင်းဟု သုံးနှုန်းသည်။ မိမိဘက်ကို ပို၍ရင်းနှီးဟန် အဓိပ္ပာယ်ပေါက်သွားသဖြင့် နေမင်းမောင် နေသာထိုင်သာ ရှိသွား၏။

သို့တိုင်အောင် ဟိုလူက ခင်ရင်တင်ဘေးမှာ ကပ်လျက်ထိုင်ရသည့် အခွင့်အရေး ရထားသေးသည်။

နေမင်းမောင်က တည်တည်ငြိမ်ငြိမ်ပြုံး၍ နှုတ်ဆက်လိုက်သည်။ ဟင်နရီဘုန်းမိုးဆိုသူကတော့ သိပ်ဟက်ဟက်ပက်ပက်ရှိပုံမရ။ ခေါင်းဆတ်ပြီး အသိအမှတ်ပြုရုံလောက်သာရှိ၏။ သူ့ပုံကြည့်ရတာ တစ်ခုခု စိတ်အနှောင့်အယှက်ဖြစ်နေသည်ဟု ထင်ရ၏။ နေမင်းမောင် ရောက်သောကြောင့်ချည်းမဟုတ်။ နဂိုကပင် သိပ်ကြည်ကြည်လင်လင် မရှိလှ။

ခင်ရင်တင်က လူနှစ်ယောက်ကို တစ်ပြိုင်တည်းမှာ အကဲခတ်လိုက်ပြီးနောက်

'ကိုနေမင်းမောင် ခဏနော်၊ ဒီမှာ ပြောလက်စ စကားလေးမပြတ်သေးလို့'

'ရပါတယ်၊ ကျွန်တော် သွားလိုက်ပါဦးမယ်'

www.burmeseclassic.com



'မသွားနဲ့ ကိုနေမင်းမောင်၊ တို့တွေပြောမယ့်စကားတွေကို နားထောင်ကြည့်ပါဦး၊ စိတ်ဝင်စားဖို့ ကောင်းတယ်'

ခင်ရင်တင်ကပြောပြီး ဟိုလူ့ဘက်လှည့်၍…

'ဘယ်လိုလဲ၊ ကျွန်မပြောတာ လုပ်ပေးနိုင်မလား'

ဟိုလူ့ပုံစံမှာ တော်တော်အကျပ်ရိုက်နေဟန်တူသည်။ ခဏတွေနေပြီးနောက်…

'ခင်လုပ်ခိုင်းတဲ့ကိစ္စက သိပ်အဓိပ္ပာယ်မရှိလှဘူးထင်တယ်၊ ဘာမှလည်း အကျိုးမရှိဘူး၊ ခင်လိုချင်တယ်ဆိုရင် ကိုယ့်ကားကို ယူလိုက်ပါ၊ ရော့… ဒီမှာ ကားသော့'

သူ့ပုံစံမှာ အခက်အခဲအကျပ်အတည်းက လွတ်အောင်ထွက်နိုင်ရင်ပြီးရောဆိုပြီး သွေးရူးသွေးတန်း လျှောက်လုပ်နေတာနှင့် တူသည်။

နေမင်းမောင်ကတော့ ဘာမှနားမလည်ဟန်ဖြင့် ငေးကြည့်နေသည်။ ခင်ရင်တင်က လှလှပပပြုံး၍ ခေါင်းခါလိုက်ပြီး…

'မော်တော်ကားဘာလုပ်ရမလဲ၊ ပိုက်ဆံပေးရင် အချိန်မရွေး ဝယ်လို့ရတာပဲ၊ ငွေပေးပြီး ဝယ်လို့မရတာကို တန်ဖိုးထားချင်တာ'

ဟိုပုဂ္ဂိုလ်သည် ကားသော့ကို ခင်ရင်တင့်အား ကမ်းပေးနေရာမှ လက်ကို မသိမသာပြန်ရုပ်လိုက်သည်။ နေမင်းမောင် ရှေ့မှောက်မှာ ဖြစ်နေသဖြင့် ပိုပြီး အနေရခက်နေဟန်တူသည်။

ခင်ရင်တင်က နေမင်းမောင်ဘက်လှည့်၍…



'ဒီလိုလေ ကိုနေမင်းမောင်ရဲ့၊ ဦးဟင်နရီက တို့လိုချင်ရင် ဘာမဆို ရအောင် ဖန်တီးပေးပါမယ်ပြောတယ်၊ တို့က'

ခင်ရင်တင်က ယုဒသသန်မြှော်စင်ထိပ်ဖျားဆီ မော့ကြည့်သည်။ နေမင်းမောင်ကလည်း လိုက်ကြည့်၏။ ဟိုပုဂ္ဂိုလ်လည်း ယောင်ယမ်းမော့ကြည့်သည်။

'ဟိုး… ဂျပ်ဆင်ထိပ်ဖျားမှာ ညောင်ပင်လေးတစ်ပင်ကပ်ပြီး ပေါက်နေတာတွေ့တယ်မဟုတ်လား၊ အဲဒီညောင်ရွက်ကလေးတစ်ရွက်ပဲ ရအောင် ခူးပေးပါလို့ တောင်းဆိုရုံလေးပါ'

ခင်ရင်တင် နေမင်းမောင်ကို တိုင်တည်သလိုဟန်ဖြင့် ပြောသည်။

'ဒါ… အဓိပ္ပာယ်မှမရှိဘဲ၊ ဖြစ်လည်းမဖြစ်နိုင်ဘူး'

ဟိုလူက အကျောက်အကာန့်ဝင်ငြင်းသည်။ ခင်ရင်တင်က ဆတ်ခနဲလှည့်ကြည့်ပြီး…

'မဖြစ်နိုင်ဘူး ဟုတ်လား၊ ဖြစ်နိုင်တယ်ဆိုရင်ရော'

ဟိုလူသည် စိတ်ပျက်လက်ပျက်ပုံမျိုးဖြင့် ခေါင်းကိုသာ တွင်တွင်ခါယမ်းနေသည်။ တကယ်တော့ ဘာပြောလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေခြင်း။

ခင်ရင်တင်က နေမင်းမောင်ဘက် လှည့်လိုက်ပြီး…

'မဖြစ်နိုင်ဘူးဆိုပါလား၊ ကဲ… ကိုနေမင်းမောင် ဘယ့်နှယ်လဲ'

သူ့ရဲကောင်းတစ်ယောက်အတွက် ဂုဏ်ယူနေသည့်ကြွားသည့် လေသံဖြင့်မေးလိုက်သည်။

နေမင်းမောင် အများကြီး စဉ်းစားမှုပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခင်ရင်တင် ဒီတစ်ခါလုပ်လိုက်ပုံက တော်တော်ရက်စက်သည်။ တိုက်ကြက်နှစ်ကောင်ကို ခြင်းတစ်ခြင်းထဲမှာ အုပ်ထည့်ထားသည့်ပုံမျိုး။

ဟိုလူက ခေါင်းခါပြီးပြီ။ နေမင်းမောင်အနေဖြင့် ငြင်းဆန်လိုက်လျှင် ယုဒသန်မျှော်စင်ပေါ်က ပြုတ်ကျတာထက် ပိုနာသွားနိုင်သည်။ ဟိုလူက ကားသော့ကို အစားထိုးပေးနိုင်သေးသည်။ သူ့မှာတော့ အခန်းသော့တောင် အိမ်မှာမေ့ကျန်ခဲ့သည်။

ခင်ရင်တင်က သူ့ကို မျက်လုံးကလေးမှေးပြီး ကြည့်နေသည်။ ခုလောက်တုံ့ဆိုင်းသွားရခြင်းကပင် အထင်သေးစရာဖြစ်နေပြီဟု နေမင်းမောင် စိုးရိမ်သွား၏။ ထို့ကြောင့်...

'ရပါတယ်၊ ကျွန်တော် ယူပေးမယ်'

ခင်ရင်တင် မျက်လုံးများ လက်ခနဲဖြစ်သွား၏။ နေမင်းမောင်က လွယ်အိတ်ကို ခင်ရင်တင့်ကို လှမ်းပေးရင်း ခဏစောင့်ဟုပြောပြီး လှည့်ထွက်လာခဲ့၏။

ဟိုပုဂ္ဂိုလ်က ဒီလူ ရူးပြီပဲဟု အင်္ဂလိပ်ဘာသာဖြင့် ရေရွတ်လိုက်သံ ကြားရသည်။ သို့ရာတွင် လှည့်မကြည့်တော့။ သူ့အစား ခင်ရင်တင်က ချေပစကားဆိုလိမ့်မည်ဟု ယုံကြည်သည်။

ချက်ချင်း ဆုံးဖြတ်ပြီး ထွက်လာခဲ့ရသော်လည်း ယုဒသန်မျှော်စင်ပေါ် ဘယ်လိုတက်ရမလဲဆိုတာ မစဉ်းစားရသေး။ ပုံမှန်အားဖြင့်ဆိုလျှင် မျှော်စင်ပေါ်တက်သည့် ဝင်ပေါက်



တံခါးကို ပိတ်ထားတတ်သည်။ အပေါ်သို့ တက်ခွင့်ပေးလေ့မရှိ။

တက်ခွင့်ရအောင် ဘယ်လိုလုပ်ရပါ့မလဲဟု တွေးရင်း နောက်ဘက်ဝင်ပေါက်ဆီသို့ လျှောက်လာ၏။ ခင်ရင်တင်သည် အမြဲတမ်း ကံကောင်းသူဖြစ်သည်ဆိုသောအချက်ကို ဒီနေရာမှာလည်း ထင်ရှားစွာ မြင်ရ၏။

ဝင်ပေါက်နားအရောက်မှာ လူတစ်ယောက် သံတံခါးကို ဖွင့်ပြီး ထွက်လာတာ တွေ့ရ၏။ သူသည် မေ့ပဲသွားလို့လား၊ ခဏနေပြန်လာမှာမို့လားတော့ မသိ၊ တံခါးသော့ကို ပြန်မခတ်ဘဲ ထွက်သွားသည်။

နေမင်းမောင်သည် အခွင့်အရေးကို လုံးဝလက်လွှတ်မခံတော့။ အရိပ်အခြည်ကို အကဲခတ်ပြီး အတွင်းသို့လှစ်ခနဲဝင်၍ သံကြောင်လိမ်လှေကားအတိုင်း ပြေးတက်လာခဲ့၏။

မျှော်စင်ထိပ်ရှိ ကွက်လပ်သို့ရောက်လာသည်။ အောက်ကိုငုံ့ကြည့်လိုက်သည်။ သီရိဆောင်ရှေ့ ရေတမာပင်အောက်မှ အပေါ်သို့ မော့ကြည့်နေသော ခင်ရင်တင်တို့ကို တွေ့ရ၏။ နေ မင်းမောင်ကို လက်ဝှေ့ယမ်းပြသည်။ ခင်ရင်တင်က ဘေးကလူကို တစ်စုံတစ်ခုပြောရင်း နေမင်းမောင်ရှိရာသို့ လက်ညှိုးထိုးပြသည်။ ဟိုလူက ခေါင်းကိုသာ ယမ်းခါနေ၏။ နေမင်းမောင်က လက်သီးဆုပ်ပြီး လက်မထောင်ပြလိုက်သည်။ ခင်ရင်တင်ကလည်း ပြန်လုပ်ပြသည်။

ပြီးတော့... အပြင်ဘက်နံရံမှာ ကပ်ပေါက်နေသော ညောင်ပင်လေးကို ငုံ့ကြည့်သည်။ လက်လှမ်းကြည့်သည်။ မမီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ပေလောက် လိုနေသည်။ တစ်နည်းမဲ ရှိ၏။ ကွန်ကရစ်ဘောင်ပေါ် အလျားလိုက် ဝမ်းလျားထိုးပြီး ခူးလျှင်တော့ ရနိုင်သည်။

အောက်ကို ငုံ့ကြည့်မိပြန်သည်။ လူတွေကို သေးသေးလေးပဲ မြင်ရသည်။ ဟိုပုဂ္ဂိုလ်၏ မတ်တူးကားကြီးတောင်မှ ကလေးကစားသည့် တိုက်ကားလို စွေ့စွေ့ကလေးဖြစ်နေ၏။ နေမင်းမောင်သည် အမြင့်ကြောက်သည့်ရောဂါ ရှိမရှိ မသေချာ။ အသည်းထဲက အေးခနဲဖြစ်သွားတာတော့ အမှန်ပဲ။

သို့ရာတွင် ခင်ရင်တင်က လက်ကိုင်ပဝါလေးကို ဝှေ့ယမ်းပြလိုက်သောအခါမှာတော့ ကွန်ကရစ်ပေါင်ပေါ်သို့ ခွတက်ပြီးသား ဖြစ်သွားနေတော့၏။

ဝမ်းလျားထိုးမှောက်ချလိုက်သည်။ လက်တစ်ဖက်က မြဲအောင် ကိုင်သည်။ ခြေထောက်တစ်ဖက်ကိုလည်း အတွင်းဘက်ချ၍ချိတ်ထားလိုက်သည်။ လက်ကို လှမ်းလိုက်၏။ မီတော့ မီသည်။ သြောင်ရွက်ကို လက်ဖျားနှင့်ညှပ်လို့ရရုံကလေး။

အသာဆွဲကြည့်သည်။ ဆတ်ခနဲဆောင့်ဆွဲလျှင် အဖျားပိုင်းကလေးသာ ပြတ်ပါလာလိမ့်မည်။ လက်ကို အစွမ်းကုန်ဆန့်ထုတ်သည်။ ကိုယ်ကို တစ်လက်မလောက် ရှေ့ကို ရွှေ့ကြည့်သည်။ ရတော့မည်။ အရေးထဲမှာ သူ ငါ့အတွက် စိုးရိမ်နေမလားဆိုသော အတွေးက ဝင်ဖြစ်အောင် ဝင်လာသည်။ ထိုအခါ အောက်ကို ငုံ့ကြည့်လိုက်မိသည်။

'ဟိုက်'



လူတွေ အများကြီးပါကလား။ နှစ်ဆယ် သုံးဆယ်လောက်ရှိမည့် လူအုပ်သည် အပေါ်ကို မော့ကြည့်နေကြသည်။ ကျောင်းသားတချို့က လှမ်းအော်နေကြသည်။ ဘာတွေ အော်နေမှန်းတော့သိ။ မကြားရ။ စဉ်းစားနေဖို့ အချိန်မရှိ။ မြန်မြန်လုပ်မှဖြစ်မည်။ သြောင်ရွက်ကို ဆတ်ခနဲ ဆွတ်ခူးလိုက်စဉ်မှာပင်…

'ဟေ့လူ… ဟေ့လူ… ဘာလုပ်တာလဲ"

ဆိုသောအသံနှင့်အတူ ခြေထောက်ကို ဖမ်းဆုပ်ခြင်းခံလိုက်ရသည်။ လူနှစ်ယောက်က နေမင်းမောင်ကို အုတ်ပေါင်ပေါ်မှ ဆွဲချသည်။ နေမင်းမောင် ယက်ကန်ယက်ကန်နှင့် ပါလာသည်။ တစ်ဖက်တစ်ချက်စီက ချုပ်ကိုင်ပြီး အောက်ထပ်သို့ ခေါ်လာသည်။

'လွှတ်ပါဗျ။ ကျွန်တော့်ကို ဘာလုပ်တာလဲ'

နေမင်းမောင် ရှန်းကန်ရင်းပြောသည်။ သူတို့က ဘာမျှ မပြောဘဲ အောက်ကိုသာခေါ်လာကြ၏။ နှစ်ယောက်စလုံးမှာ အတော်တောင့်တင်းသန်မာသဖြင့် နေမင်းမောင် ရုန်းထွက်လို့မရ။

အောက်ရောက်တော့ သူတို့၏အကြီးအကဲဖြစ်ဟန်တူသော ပုဂ္ဂိုလ်ကြီးတစ်ယောက်က နေမင်းမောင်ကို စိုးရိမ်တကြီးကြည့်ပြီး…

'ခင်ဗျား… ဒါမျိုးလုပ်ဖို့ မသင့်တော်ပါဘူး'

သိမ်မွေ့ညင်သာသော လေသံခပ်ဝဲဝဲဖြင့်ပြောသည်။

'ကျွန်တော်… ကျွန်တော်'

'ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံရင် ငရဲကျတတ်

www.burmeseclassic.com



တယ် လို့ ခင်ဗျားတို့ ဗုဒ္ဓဘာသာမှာ ပြဋ္ဌာန်းထားတယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ကျွန်တော်တို့ ခရစ်ယာန်ဘာသာကလည်း ဒါမျိုးကို အားမပေးပါဘူးခင်ဗျာ'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်တော် သေကြောင်းကြံတာမဟုတ်ဘူး၊ ညောင်ရွက်ခူးတာ'

ပြောမိပြောရာ ပါးစပ်ကထွက်ရင်း လက်ထဲမှာ ဆုပ်ထားသော ညောင်ရွက်ကို ပြလိုက်မိ၏။ ဒီတော့မှ ပိုဆိုးသည်။ ထိုစကားသည် သူတို့၏သံသယကို ပို၍တိုးပွားစေ၏။

သူ့ကို စိတ်ဖောက်ပြန်နေသည့် လူတစ်ယောက်ဟု ထင်သွားကြမှာ သေချာသည်။ ကျောင်းသားကျောင်းသူအချို့က လည်း အပြင်မှာရပ်ပြီး ဝိုင်းကြည့်နေကြသည်။ နေမင်းမောင် ရှိန်းခနဲဖိန်းခနဲဖြစ်လောက်အောင် ထူပူသွား၏။

သူ့ကို ဆွဲခေါ်လာသူနှစ်ယောက်မှာ ချုပ်ကိုင်ထားခြင်း မရှိတော့သော်လည်း ဘေးမှာတော့ အသင့်ရပ်စောင့်ကြည့်နေကြတုန်း။ အချိန်မရွေး စိတ်ဖောက်သွားနိုင်သည်ဟု ယူဆနေကြပုံရသည်။

နေမင်းမောင်စိတ်ထဲတွင် တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရပြီး ဇောချွေးတွေ ပြန်လာသည်။ ခုကိစ္စမှာ အဆင်မသင့် လျှင် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုဖြင့် အရေးယူခြင်း ခံရနိုင်သည်။ အရင်ဦးဆုံး ပါမောက္ခချုပ်နှင့် ရင်ဆိုင်ရမည်။ အမှန်အတိုင်းပြောပြလျှင်ပင် လူအများ ထိတ်လန့်တကြားဖြစ်အောင် စတန့်ထွင်မှုဖြင့် ကျောင်းထုတ်ပစ်လို့ရသည်။

ဒီလို အကျပ်အတည်းဖြစ်နေစဉ်မှာပင် ခင်ရင်တင်သည်



လူအုပ်ကို တိုးဝှေ့ဖယ်ရှားပြီး ရောက်ရှိလာ၏။

သူ့မျက်နှာက အလွန်မှုင်သေသည်။

'ယူက ဒီရောက်နေတာကိုး၊ ရှာလိုက်ရတာ'

ဟု အဓိပ္ပာယ်နှစ်ခွထွက်သော စကားကို ဆိုသည်။ အားလုံး သူ့ကို ကြောင်ကြည့်နေကြတုန်း...

'ကျေးဇူးတင်ပါတယ်ရှင့်'

ဟု သူက လှည့်ပြောလိုက်ပြီး နေမင်းမောင်၏လက်ကို ဆုပ်ကိုင်၍...

'ကဲ... လာလေ... သွားကြစို့'

ဆိုပြီး ဆွဲခေါ်လိုက်သည်။ နေမင်းမောင်လည်း ရှဲပေးသော လူအုပ်ကြားမှ ခေါင်းငုံ့ပြီး လျှောက်လာလိုက်၏။ ခင်ရင်တင်ကတော့ ခပ်တည်တည်ပဲ...

စင်္ကြံလမ်းပေါ် ရောက်မှ...

'တို့က လက်ပြတာကို အဆောင်ထဲက ထွက်လာတဲ့ ကောင်မလေးတွေမြင်ပြီး လိုက်မော့ကြည့်ရာက လူတွေအုံလာတာပဲ'

နေမင်းမောင်က ခုမှ ချွေးသုတ်ဖို့ သတိရသည်။

'ဘာပဲဖြစ်ဖြစ် အခု ယူလုပ်လိုက်ပုံကတော့ အရမ်းပြောင်မြောက်တာပဲ၊ ဟို... ဟင်နရီဆိုတဲ့လူကို အဆက်အသွယ် ဖြတ်ပစ်ချင်တာကြာပြီ၊ ဟိုတစ်ခါလည်း လက်ကိုင်တဲ့ကိစ္စနဲ့ ညာပေးခဲ့ပြီးပြီ၊ ကိစ္စပြတ်ပြီထင်တာ၊ ခုတစ်ခါ မမှတ်သေးဘဲ ပြန်ချဉ်းကပ်လာတာလေ'

'အခုရော ဒီလူ'

www.burmeseclassic.com

www.burmeseclassic.com



'ဂျပ်ဆင်ပေါ်ကနေ ယူ့ လက်ပြလိုက်တဲ့အချိန်မှာပဲ တပ်ခေါက်ပြီး ပြန်သွားတာ၊ ဒီတစ်ခါတော့ မှတ်လောက်သားလောက် ရှိသွားပြီထင်တာပဲ၊ တို့တောင်းပန်ပါတယ်'

'ဘာကိုလဲ'

'တကယ်တော့ ယူ့ကို ဒီလောက်အထိလုပ်နိုင်းဖို့ စိတ်ကူးမရှိပါဘူး၊ ဟိုလူ့ကို ပညာပေးဖို့ ကြံစည်နေတုန်း ယူက ရောက်လာတာနဲ့ အဆင်သင့်ဖြစ်သွားတာပါ၊ ဘာပဲဖြစ်ဖြစ် ယူ့အဖို့ ခုလိုလုပ်လိုက်ရတာ ပင်ပန်းရကျိုးနပ်ပါတယ်၊ အဓိက ဖြိုင်ဘက်တစ်ယောက်ကို နောက်ကောက်ကျအောင် လုပ်လိုက်နိုင်ပြီမဟုတ်လား'

မှန်သည်။ အခုဆိုရင် နေမင်းမောင်အဖို့ ဖြိုင်ဘက်မရှိသလောက်ဖြစ်သွားပြီး တစ်ယောက်တည်း ဖြိုင်ရခြင်းဖြစ်၍ ကိုယ်တင်ထားတဲ့စံချိန် ကိုယ့်ဘာသာပြန်ချိုးနိုင်ဖို့ပဲ လိုတော့သည်။

* * *

ကျော်နန္ဒသည် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း တက်ခေါက်လိုက်သည်။ စုတ်သပ်လိုက်၊ သက်ပြင်းချလိုက် လုပ်နေသည်။ နေမင်းမောင်က မျက်မှောင်ကုတ်ကြည့်ရင်း အမြင် ကပ်လာ၏။

'ဟေ့ကောင်… ပြောစရာရှိတာပြော၊ အိုက်တင်လုပ် မနေနဲ့'

ကျော်နန္ဒ တစ်ချက်စောင်းငဲ့ကြည့်ပြီး…



'မင်းဟာ တော်တော်တရားလွန်နေပြီ'

ဆိုပြီး ဆက်လျှောက်နေပြန်၏။

'ဘာတရားလွန်တာလဲ၊ ကဲ… ရပ်ပြီးပြောကွာ၊ မင်းကိုလိုက်ကြည့်ရတာ မျက်စိနောက်လာပြီ'

ကျော်နန္ဒက နေမင်းမောင်၏ ရှေ့တည့်တည့်မှာ ရပ်လိုက်၏။

'မင်းမှာ ဆင်ခြင်တတ်တဲ့ ဦးနှောက်မရှိတော့ဘူးလား၊ ဟိုက နိုင်းတိုင်း ဘာမှမစဉ်းစားဘဲ အကုန်လုပ်ပေးတာပဲ၊ မင်း ကိုယ်မင်း ဘယ်အခြေအနေရောက်နေပြီလဲဆိုတာ တွေးမိရဲ့လား၊ ဒါကိုပဲ ဂုဏ်ယူစရာလို့ မှတ်နေလား'

နေမင်းမောင်က ဘာမှုပြန်မပြောသေးဘဲ မထီတရီ ပြုံးနေသည်။

'မြှောက်ပေးရင် ဘာမဆိုလုပ်တဲ့ နွားပေါကြီးဆိုပြီး မင်းကွယ်ရာမှာ လူတွေက ဟားနေကြတာရော မင်းသိရဲ့လား'

'ခင်ရင်တင်နားကို သူတို့ကပ်ခွင့်မရလို့ ငါ့ကို မနာလိုဖြစ်ပြီး သားပုပ်လေလွင့်ပြောကြတာ ဖြစ်မှာပေါ့ကွ၊ ငါအရေးမစိုက်ပါဘူး'

ကျော်နန္ဒက မျက်နှာကို ရှုံ့မဲ့လိုက်သည်။ ကိုရဲက ဝင်၍ ပြောသည်။

'မင်းပြောသလိုဆိုရင် မင်းကို မနာလိုဖြစ်နေတဲ့အထဲမှာ ငါတို့လည်းပါတယ်လို့ ဆိုရတော့မှာပေါ့၊ ငါတို့လည်း မင်းအပေါ် ဒီအတိုင်းမြင်တာပဲ'

နေမင်းမောင် တွေခနဲဖြစ်သွားပြီး…

www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့က ငါ့ကို နားမလည်ကြဘူး'

'နားလည်လို့ပြောတာပေါ့ကွ၊ ဒီကောင်မက မင်းကို ကစားစရာတစ်ခုလို သဘောထားနေတာ၊ တီဗွီဂိမ်းထဲက အရုပ်တစ်ခုလို သဘောထားနေတာ၊ မင်းကလည်း သူခလုတ်နှိပ်တဲ့အတိုင်း လိုက်ပြီး လှုပ်ရှားနေတာ'

ဖိုးဇော်ကပါ ဝင်ပြောသည်။

'လုံးဝမဟုတ်ဘူး၊ သူဟာ ငါ့စိတ်ကို စမ်းနေတာခုဆိုရင် သူဟာ ကျောင်းမှာ ငါတစ်ယောက်တည်းနဲ့ပဲ တွဲတော့တယ်ဆိုတာ မင်းတို့အသိပဲ၊ မနေ့က ကိစ္စကလည်း မလွှဲမရှောင်သာဖြစ်သွားတာ၊ ဟိုကောင်က ကားတစ်စီးလုံးပေးတာတောင်သူက လက်မခံဘူး၊ ဒီတော့ မင်းတို့တွက်ကြည့်၊ သူ ငါ့အပေါ်ဘယ်လောက်တန်ဖိုးထားသလဲ၊ ငါဟာ မကြာခင်မှာ သူ့ရဲ့တရားဝင်ချစ်သူ ဖြစ်လာတော့မယ်'

'မဖြစ်နိုင်ဘူး၊ သူသာ မင်းကို တန်ဖိုးထားတယ်ဆိုရင်ဒီလိုညှဉ်းဆဲမှာ မဟုတ်ဘူး၊ အခုတော့ မင်းကို သူက ခွေးလိမ္မာလေးတစ်ကောင်လိုတုတ်ကလေးပြေးကောက်ခိုင်းလိုက်၊ ပတ်တ်ကလေးရပ်ခိုင်းလိုက်လုပ်နေတာ၊ ပြီးတော့ ကျောကလေးသပ်ပေးလိုက်ရင် ခွေးလိမ္မာလေးက ကျေနပ်နေရော၊ မင်းကတော့ခုထိ ကျောကလေးတောင် အသပ်ခံရဖူးလို့လား'

ကျော်နန္ဒ စကားမဆုံးခင် နေမင်းမောင် ထရပ်ပြီးသားဖြစ်နေပြီ။

'မင်းစကားက ရင့်သီးလှချေလား၊ ငါ ခွေးမဟုတ်ဘူးနွားလည်းမဟုတ်ဘူး၊ သူ့ကို မင်းနားမလည်နိုင်ဘူး၊ ငါ တစ်



ယောက်ပဲ နားလည်နိုင်တယ်'

နေမင်းမောင် အသံက တုန်လာသည်။ ကျော်နန္ဒကတော့ လေသံမှန်မှန်နှင့်ပင် ဆက်ပြောသည်။

'ငါတို့က စေတနာနဲ့ပြောတာပါကွ၊ မင်းဘက်က မခံချင်လို့၊ မခံချင်လို့၊ မင်း အခုလိုအပြောခံနေရတာကို မခံနိုင်လို့'

'မလိုပါဘူး၊ မင်းတို့ခံရတာမဟုတ်ဘူး၊ ခံစရာရှိရင်ငါ့ဘာသာခံမယ်၊ ငါ့စိတ်နဲ့ငါ... ငါ့ကိုယ်နဲ့ငါ ကြိုက်သလိုဆုံးဖြတ်နိုင်တယ်၊ မင်းတို့အပူ မပါဘူး'

ဒေါသသံစွက်လာကြောင်း ကျော်နန္ဒ သတိပြုမိ၏။ ခင်ရင်တင်အပေါ် တော်တော်ကြီးစွဲလမ်းနေတာကို သိ၏။

သို့တိုင်အောင် ဒီလောက် ဆတ်ဆတ်ထိမခံဖြစ်နေတာသူငယ်ချင်းတွေကိုတောင် ဒေါသဖြင့်တုံ့ပြန်တာကတော့ နည်းနည်းလွန်သွားပြီ။ ဆက်ပြောလျှင် ပြဿနာတက်တော့မည်မှန်းသိ၍ စကားဖြတ်ဖို့ စိတ်ကူးနေစဉ်မှာပင် ဖိုးဇော်က ဝင်ပြောလိုက်၏။

'မင်းဘာသာ ခံနိုင်လို့ခံတာကိုတော့ ငါမပြောလိုပါဘူး၊ ဒါပေမဲ့ မင်းဟာ ငါတို့အုပ်စုထဲက ငါတို့သူငယ်ချင်းဖြစ်နေတယ်၊ မင်းက ခင်ရင်တင်ရဲ့ ခိုင်းဖတ်ကြီးဖြစ်နေတဲ့အတွက်တော့ ငါတို့ပါရောပြီး သိက္ခာကျတယ်ကွ'

နေမင်းမောင် ဖိုးဇော်ဘက် ဆတ်ခနဲလှည့်သည်။

'ဘာ... သိက္ခာကျတယ်ဟုတ်လား၊ သိက္ခာအကျမခံချင်ရင် မင်းတို့ ငါနဲ့မပေါင်းနဲ့ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'မင်းက ငါတို့နဲ့ မပေါင်းဘဲနေနိုင်လို့လား'

ကျော်နန္ဒတစ်ခုခုဝင်မပြောနိုင်ခင် ကိုရဲက ဦးဆောင်ဝင်မေးလိုက်ပြန်သည်။ နေမင်းမောင်က သူငယ်ချင်းသုံးယောက်၏ မျက်နှာများကို တစ်လှည့်စီလိုက်ကြည့်သည်။ သူ့မျက်နှာသည် ပို၍တင်းမာလာ၏။

ပြီးတော့...

'နေနိုင်တယ်ကွ၊ နေနိုင်တယ်' ဟုပြောပြီး လှည့်ထွက်သွားသည်။ ဖိုးဇော်က...

'အံ့သြစရာပဲ၊ ဒီကောင် ဒီလောက်တောင်ဖြစ်နေပြီလား'

'အေး... ဟုတ်တယ်၊ ခုချိန်မှာတော့ ငါတို့တင်မကဘူး၊ ခင်ရင်တင်နဲ့ယှဉ်လိုက်ရင် သူ့အဖေအမေကိုတောင် ဘက်ကန်ချင်ကန်မယ့် အခြေအနေကို ရောက်နေပြီ၊ ဒီကောင့်အတွက်တော့ စိတ်မကောင်းစရာပဲကွာ'

ကျော်နန္ဒက ပြောပြီး ခေါင်းကို ခါယမ်းလိုက်သည်။

* * *

သူငယ်ချင်းတွေနှင့် လမ်းခွဲထွက်လာပြီးနောက် နေမင်းမောင်၏ ခံစားမှုမှာ နှစ်ပိုင်းဖြစ်၏။ ဒေါသအလျောက် ပြောပြီးထွက်လာခဲ့စဉ် ဝမ်းနည်းခြင်းနှင့် ခံပြင်းခြင်းတို့ တစ်လှည့်စီဖြစ်ပေါ်နေ၏။

သူတို့နှင့် မပေါင်းဘဲ တစ်ယောက်တည်းနေနိုင်တယ်ဟု ပြောခဲ့သည်။ ထိုစကားကို ယတိပြတ်ခဲ့တာလား၊ ဒေါသ



ကြောင့် စိတ်မထိန်းနိုင်ဘဲ ပြောခဲ့တာလားဆိုတာ မသေချာ။ ခင်ရင်တင်နှင့် ပတ်သက်၍ သူငယ်ချင်းတွေက ချိုးချိုးနှိမ်နှိမ်ပြောခဲ့ကြတာကိုတော့ ခံပြင်းသည်။ ထို့အတူ မိမိကို နားမလည်နိုင်ကြခြင်းအတွက်လည်း ဝမ်းနည်းသည်။

ထိုခံစားမှုသည် လမ်းတစ်ဝက်အယိသာ ခံသည်။ ခင်ရင်တင်တို့အတန်းရှိရာသို့သွားသော စင်္ကြံလမ်းပေါ် ချိုးကွေ့လိုက်စဉ်မှာတော့ ခင်ရင်တင်အတန်းလွှတ်ချိန်ကို မမီလိုက်မှာစိုးသောစိတ်သာ ရှိတော့သည်။

အတန်းက လွှတ်တောင်လွှတ်သွားပြီးပြီ။ ခင်ရင်တင်၏ သူငယ်ချင်းနှစ်ယောက် လျှောက်လာတာမြင်ရ၏။ ဘေးကဖြတ်အသွားမှာ မချိုမချဉ်ပြုံးသွားကြသေးသည်။

နေမင်းမောင် ခြေလှမ်းကို ပိုသွက်လိုက်သည်။ မီမှမီပါတော့မလားဟု စိုးရိမ်သွားသည်။ ခင်ရင်တင်သည် ထူးခြားစွာပင် သူ့ကို ရပ်စောင့်နေခဲ့သည်။ ခင်ရင်တင် ရှေ့မှာသွားရပ်ပြီး နောက်ကျသည့်အတွက် တောင်းပန်မည်ပြုသည်။ ခင်ရင်တင်က သူ့ကို စိုက်ကြည့်ပြီး ဦးအောင်မေးလိုက်၏။

'ယူ... ဘယ်သူနဲ့ ရန်ဖြစ်လာသလဲဟင်'

နေမင်းမောင် အံ့သြသွားသည်။ သတင်းက ဒီလောက်မြန်မြန်ဆန်ဆန် ရောက်ရှိလာစရာအကြောင်းမရှိ။

'ဟင်... ဘယ်လိုလုပ်သိလဲ' ဟူ၍သာ သူက ပြန်မေးသည်။

'ယူ့မျက်နှာက ခုထိ နီရဲနေတုန်းပဲ၊ ပြီးတော့... အသက်ရှူလည်း မြန်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ရင်တင်က သိပ်လျှင်တာပဲနော်'

ခင်ရင်တင်က ပြုံးလိုက်သည်။ သူတို့နှစ်ယောက် စကြံအတိုင်း လျှောက်ထွက်လာကြ၏။

'တို့အတွက် စကားများရတာလား' ဟု ခင်ရင်တင်က မေးသည်။ သူ့အကင်းပါးပုံကတော့ ကြောက်စရာတောင်ကောင်းနေပြီ။

'အလကားပါ၊ ဘယ်သူတွေကဘာပြောပြောကျွန်တော် ဂရုမစိုက်ဘူး၊ ခင်ရင်တင်ရဲ့မျက်နှာ တစ်ချက်ညှိုးသွားမှာကိုသာ စိုးရိမ်တာ'

နေမင်းမောင်၏ စကားအဆုံးတွင် စကြံအုတ်ခုံပေါ်မှာ ထိုင်နေသော ကျောင်းသားတစ်သိုက်ဆီမှ ဝါးခနဲရယ်လိုက်သံ ကြားရ၏။

နေမင်းမောင် ဘာပြောရမှန်းမသိ။

'မင်းတို့က ဘာရယ်တာလဲ' ဆိုပြီး ရန်စလို့မဖြစ်။

'ငါတို့ဘာသာရယ်တာ ဘာဖြစ်လဲကွ၊ ဘာလာကြောင်တာလဲ' ဟု ပြန်ပြောလိုက်လျှင် တစ်ရက်က နှစ်ရက်ဖြစ်ရမည်။

ထိုစဉ်တွင်....

'သွားစို့လေ၊ ယူကလည်း တိရစ္ဆာန်ရုံမရောက်ဖူးတာ ကျနေတာပဲ'

ဟု ခင်ရင်တင်ကပြောလိုက်သည်။ သူ့စကားက ဟိုကောင်တွေကို ထိသွား၏။ ဘာမျှပြန်မပြောနိုင်ကြခင်မှာ လှည့်ထွက်လာခဲ့ကြသည်။

'အေး... ဟုတ်တယ်ကွ၊ တိရစ္ဆာန်ရုံထဲမှာ မျောက်တွေ



ပဲ နေလို့ရတယ်၊ နွားပြာကြီးတော့ နေလို့မရဘူး'

နောက်ကလှမ်းအော်ပြီး ရယ်ကြသည်။ နေမင်းမောင် လက်သီးကို ဆုပ်မိ၏။

➢

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

နေမင်းမောင်က ရှောင်နေတာလား၊ ကျော်နန္ဒက ရှောင်နေတာလားဆိုတာတော့ မသေချာ။ တစ်ဦးနှင့်တစ်ဦး မဆုံဖြစ်ကြတော့တာတော့ အမှန်ပဲဖြစ်၏။

ခါတိုင်းလို ကျောင်းကို စောစောမလာတော့။ အတန်းချိန်နီးမှ ရောက်အောင်လာသည်။ စာသင်နေပြီဆိုမှ နောက်ဆုံးခုံတန်းမှာ ဝင်ထိုင်သည်။ အတန်းပြီးတာနှင့် အရင်ဆုံးထွက်သည်။ ကျော်နန္ဒတို့ထိုင်နေကျ လက်ဖက်ရည်ဆိုင်ဘက် မသွားဘဲ ခင်ရင်တင်နှင့် ထိုင်လေ့ရှိသော စာကြည့်တိုက်သက်သာဆိုင်မှာ သွားထိုင်သည်။

တစ်ခါတစ်ခါတော့ စင်္ကြံလမ်းပေါ်မှာ ကျော်နန္ဒတို့နှင့် မျက်နှာချင်းဆိုင် ဆုံတတ်သေးသည်။ ထိုအခါ မမြင်ချင်ယောင်ဆောင်ပြီး ခပ်သုတ်သုတ်ထွက်လာခဲ့တတ်၏။

ခုလို တမင်တကာ ရှောင်နေရတာကိုက တော်တော်စိတ်ပင်ပန်းသည်။ တစ်ခါတစ်ခါ ကျော်နန္ဒတို့အုပ်စု ရယ်ရယ်မောမော စကားပိုင်းဖွဲ့ပြောနေတာမြင်ရသောအခါ စိတ်ထဲမှာ မခံချိမခံသာဖြစ်ရ၏။

သို့ရာတွင် ခင်ရင်တင်နှင့်တွေ့လိုက်သောအခါမှာတော့ သူငယ်ချင်းတွေကိုသာမက အဖေနှင့်အမေကိုပါမေ့ပြီး သူ့ကိုယ်သူ တစ်ကောင်ကြွက်ဟုပင် ထင်နေမိ၏။ ကျော်နန္ဒတို့သာသိလျှင် 'မင်းက တစ်ကောင်ကြွက်မဟုတ်ဘူး၊ တစ်ကောင်နွား' ဟု ပြောကြမှာ သေချာသည်။

ဒီနေ့တော့ တိုက်တိုက်ဆိုင်ဆိုင် ကျော်နန္ဒတို့နှင့် သွားဆုံမိသည်။ စာကြည့်တိုက်သက်သာစားသောက်ဆိုင်ထဲ ဝင်လိုက်သောအခါ စားပွဲတစ်လုံးမှာ ထိုင်နေသော ကျော်နန္ဒတို့အုပ်စုကို မြင်လိုက်ရ၏။ သူတို့ကလည်း မြင်သည်။

ကျော်နန္ဒက နှုတ်ဆက်ချင်ဟန်တူသည်။ သူ့မျက်နှာက ပြုံးမလိုလိုဖြစ်သွား၏။ သို့ရာတွင် နေမင်းမောင်က ချာခနဲ မျက်နှာလွှဲပြီး တခြားစားပွဲတစ်ခုဆီ လျှောက်သွားလျက် ကျောပေးထိုင်နေလိုက်သည်။ ထိုအပြုအမူကို ကိုရဲတို့၊ ဖိုးဇော်တို့က ချဉ်သွားသည်။ ဖိုးဇော်က…

'မက်သနောတစ်ပုလင်းကြောင့် အရက်တွေအားလုံး နာမည်ပျက်ရတယ်ကွာ'

ဟု စကားစသည်။ ကျော်နန္ဒက ဟန့်တားဖို့ပြင်လိုက်သေးသည်။

ကိုရဲ ဆက်ပြောသောစကားကို မအုပ်မိလိုက်။

'ငါကတော့ ငါ့ရဲ့ယောက်ျားဆိုတဲ့ ဂုဏ်သိက္ခာကို ရှင်ခုန်သံတစ်ချက်နဲ့ မလဲနိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'တစ်ခါတစ်ခါကျတော့ ရင်ခုန်သံက ဒုတ်ဒုတ်လို့ မမြည်ဘဲ ဘွတ်အဲလို့ မြည်တတ်တယ်ကွ'

နေမင်းမောင် သူ့စိတ်ကို ဘယ်လိုမျှချုပ်တည်းလို့မရ။ ဆတ်ခနဲထရပ်ပြီး သူတို့စားပွဲရှိရာ လျှောက်သွားမိ၏။ သူသတိဝင်လာသောအချိန်တွင် ဖိုးဇော်၏အင်္ကျီရင်ဘတ်စကို ဆုပ်ကိုင်ထားမိပြီးသားဖြစ်နေကြောင်း သိလိုက်ရ၏။

'မင်းဘာပြောတာလဲ'

'မင်းကို ဘာပြောလို့လဲ'

'မင်းတို့ ငါ့ကို စောင်းပြောတာမဟုတ်လား'

'ဘာဆိုင်လို့လဲ'

သူ ဖိုးဇော်ကို ဒေါသဖြင့် စိုက်ကြည့်နေသည်။ ဖိုးဇော်ကလည်း စူးစူးရဲရဲပြန်ကြည့်သည်။ ကိုရဲ ထရပ်လိုက်သည်။ ကျော်နန္ဒက လက်ကာပြပြီး နေမင်းမောင်ကို စိုက်ကြည့်လျက်-

'နေမင်းမောင်၊ မင်း အဲဒါမျိုး လျှောက်ရမ်းမနေနဲ့၊ မင်းလမ်း မင်းသွားပါ'

ဟု လေသံမှန်မှန်ဖြင့် ပြောသည်။ နေမင်းမောင် ကျော်နန္ဒကို လှည့်ကြည့်သည်။ ကျော်နန္ဒမျက်နှာက တည်ငြိမ်လွန်းသည်။ နေမင်းမောင်က အင်္ကျီစကို လွှတ်လိုက်၏။ တောက် တစ်ချက် ပြင်းပြင်းခေါက်ပြီး လှည့်ထွက်သွားသည်။ ကျော်နန္ဒ ခေါင်းခါနေ၏။

* * *



ခင်ရင်တင်နှင့် လောလောဆယ် မတွေ့ချင်သေး။ စိတ်တည်ငြိမ်မှုမရခင် ခင်ရင်တင် သူ့မျက်နှာကို မမြင်စေချင်။ အရိပ်အကဲကိုကြည့်ပြီး ယူ ရန်ဖြစ်လာပြန်ပြီလားဟု မေးတာကို မခံချင်။

ထို့ကြောင့် အင်းလျားဘက်ထွက်လာပြီး ကန်စပ်က ခုံတန်းကလေးမှာ ထိုင်နေလိုက်သည်။ သို့ရာတွင် စုံထောက်တစ်ယောက်လို ခြေရာခံကောင်းလှသော ခင်ရင်တင်က သူ့နောက်သို့ လိုက်လာခဲ့လေသည်။

'ဟိတ်'

ဟု ခေါ်သံကြားသဖြင့် လှည့်ကြည့်သည်။ ခင်ရင်တင်က ပြုံးကြည့်နေရင်းက…

'ယူက ဒီမှာ လာပုန်းနေတာကိုး'

'ပုန်းနေတာမဟုတ်ပါဘူး'

'ဟုတ်သားပဲ၊ ဆောရီး၊ ပုန်းတယ်ဆိုရင် တစ်ခုခုနဲ့ ကွယ်နေရမှာပေါ့၊ ခုလို ပေါ်ပေါ်ထင်ထင်ထိုင်နေတာဆိုတော့ ပုန်းတာမဖြစ်နိုင်ဘူး၊ ရှောင်တာပဲ ဖြစ်ရမယ်'

နေမင်းမောင်က ပြုံးနေလိုက်သည်။ စောစောက လေးလံထိုင်းမှိုင်းနေသောစိတ်များသည် လွင့်ပြယ်ကုန်သည်။ ခင်ရင်တင်က ဘေးမှာ ထိုင်သည်။ နေမင်းမောင် မျက်နှာကို ကြည့်ပြီး…

'ယူ့အနေနဲ့ သိပ်ဒေါသမကြီးစေချင်ဘူးကွယ်'

နေမင်းမောင် ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ ပါးစပ်အဟောင်းသားဖြစ်နေပုံကို ခင်ရင်တင်ကြည့်ပြီး ပြုံး၏။

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်ကြီးဦးစံရှားသည် ခြေရာလက်ရာများ၊ ဆေးလိပ်တိုများ၊ ဆေးလိပ်ပြာများစသော သဲလွန်စတို့ကိုကြည့်၍ တရားခံဘယ်လမ်းက လာသည်၊ အိမ်ထဲကို ဘယ်ပြတင်းပေါက်ကဝင်သည်။ ပြတင်းပေါက်နားရပ်၍ ဆေးလိပ်သောက်သည်စသည်ဖြင့် ဒက်ထိမှန်အောင် ပြောနိုင်သဖြင့် 'အလိုလေး ဘယ်နားကများ ချောင်းကြည့်နေပါလိမ့်' ဟု အလန့်တကြား ရေရွတ်သလိုပင် ဖြစ်၏။

'ဟိုတလောကလေးကပဲ ယူပြောသေးတယ်၊ ဘယ်သူပြောပြော ဂရုမစိုက်ဘူးလို့၊ အဲဒီအတိုင်းနေစမ်းပါ၊ သူများတွေ အပြောအဆိုခံရတိုင်းသာ ဒေါသဖြစ်ရမယ်ဆိုရင် တို့တွေ ဘယ်လိုလုပ်မလဲ၊ အသားတဆတ်ဆတ်တုန်နေရတာနဲ့ပဲ အမြဲတမ်း နတ်ပူးသလိုဖြစ်နေတော့မှာပေါ့'

နေမင်းမောင်က…

'ကျွန်တော့်ကို ဘာပြောပြောခံနိုင်ပါတယ်၊ ခင်ရင်တင်ကိုတော့ လှောင်ပြောင်ပြုံးလေးနဲ့ကြည့်တာတောင် ကျွန်တော် သည်းမခံနိုင်ဘူး'

'အဲဒါနဲ့ပဲ လူတကာနဲ့ လိုက်ရန်ဖြစ်နေလို့ ဖြစ်မလားကွဲပါလေ၊ ဒါတွေထားလိုက်ပါ၊ ယူ့ကို တို့ပြောစရာတစ်ခုရှိသေးတယ်'

'ဘာလဲ'

'မနေ့က အိမ်ကို ကပ္ပတိန်ချစ်ဝင်းလာတယ်'

'ကပ္ပတိန်ချစ်ဝင်း'

'အင်း… ဟုတ်တယ်၊ သူ သင်္ဘောထွက်နေလို့ မတွေ့တာ တစ်နှစ်ခွဲလောက်ရှိပြီ၊ အစပိုင်းတော့ စာတွေရေးတော့ ရေးသေးတယ်၊ တို့က စာမပြန်လို့ နောက်ပိုင်းမရေးတော့တာ၊ တို့လည်း ကိစ္စပြတ်ပြီထင်နေတာ၊ ခုတော့ သူ နိုင်ငံခြားက ပြန်ရောက်လာလို့ဆိုပြီး ပလက်တီနမ်နဲ့ကွင်းထားတဲ့ စိန်လက်စွပ်ကလေးတစ်ကွင်း လက်ဆောင်လာပေးတယ်၊ ပြင်သစ်က ဝယ်လာတာတဲ့၊ ဒေါ်လာနှစ်ထောင်ကျော်ပေးရတယ်လို့ပြောတယ်'

'တော်တော်တန်ဖိုးရှိတာပဲ'

နေမင်းမောင်လေသံက စိုးရိမ်ဟန်စွက်နေသည်။ စိတ်မပါလက်မပါ စကားထောက်ပေးလိုက်ရသည့် သဘောဆောင်နေသည်။

'ဒါပေမဲ့ တို့က ငြင်းလိုက်တယ်၊ သူပေးတဲ့လက်ဆောင်ကို ယူလိုက်ရင် သူ့ကိုပြန်ပြီး အခွင့်အရေးပေးရတော့မယ်လေ၊ သူ ညစာကျွေးတာကို လိုက်စားရမယ်၊ ပြီးတော့ သူပြောပြတဲ့ နိုင်ငံခြားအတွေ့အကြုံတွေကို သည်းညည်းခံနားထောင်နေရဦးမယ်၊ ဒါကြောင့် အပြတ်ဖြတ်လိုက်ရတာ'

နေမင်းမောင် သက်ပြင်းမသိမသာချပြီး…

'အဲဒီလူက ဘယ်လိုနေလဲ'

'အသက်နည်းနည်းကြီးတာရယ်၊ ဗိုက်နည်းနည်းရွဲတာရယ်၊ ဆံပင်နည်းနည်းဖြူတာရယ်ကလွဲရင် မဆိုးဘူးလို့ ဆိုရမှာပဲ'

ပြောပြီး ရယ်လိုက်သည်။ နေမင်းမောင်လည်း စိတ်သက်သာရာရသွားဟန် လိုက်ရယ်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'လက်စွပ်ကို ငြင်းလိုက်ရတာကတော့ နှမြောစရာကြီး၊ ဒေါ်လာနှစ်ထောင်ကျော်ဆိုတာ နည်းတာမဟုတ်ဘူး'

'ပစ္စည်းတစ်ခု ဘယ်လောက်အဖိုးတန်တန် တို့စိတ်ထဲက မစွဲလည်းရင် အလကားပဲ၊ ငယ်ငယ်က အဘွားပေးတဲ့ လက်စွပ်ကလေးဆိုရင် ရွှေပါးပါးလေးနဲ့ လုပ်ထားတာ ဘာမှ အဖိုးမတန်ဘူး၊ ကလေးဝတ်ဆိုတော့ အခု တို့နဲ့လည်း မတော်တော့ဘူး၊ ဒါပေမဲ့ ခုထိ အမြတ်တနိုးသိမ်းထားတုန်းပဲ'

'ဟုတ်တယ်နော်၊ ကျွန်တော့်မေမေလည်း ဒီလိုပဲ၊ မေမေ့ဆီမှာ ဘွားဘွားဆီက အမွေရလိုက်တဲ့ နီလာလက်စွပ်ကြီးတစ်ကွင်း ရှိတယ်၊ အဲဒီလက်စွပ်ကို မေမေက သိပ်မြတ်နိုးတာ၊ အရည်ကလည်း တော်တော်ကောင်းတယ်ဆိုပဲ'

နေမင်းမောင် အမှားတစ်ခု ကျူးလွန်လိုက်ပြီ။ ခင်ရင်တင်စကားကို ထောက်ခံချင်ဇောနှင့် စကားဖွာလိုက်မိပြီ။ ထိုအခါ ခင်ရင်တင်က…

'နီလာလက်စွပ်ဟုတ်လား၊ စိန်တို့၊ ပတ္တမြားတို့တော့ ကောင်းကောင်းမြင်ဖူးတယ်၊ နီလာအရည်ကောင်းကောင်းကိုတော့ မမြင်ဖူးသေးဘူး၊ နက်ဖြန် ခဏယူလာခဲ့ပေးပါလား'

နေမင်းမောင် အကျပ်ရိုက်သွား၏။ ခေါင်းကုတ်လိုက်ပြီး…

'အဲ… အဲဒါကတော့ မလွယ်ဘူးထင်တယ်၊ မေမေ အဲဒီလက်စွပ်ကို သိပ်အစွဲအလမ်းကြီးတာ၊ မီးခံသေတ္တာထဲမှာ ထည့်ပြီး သော့ခတ်ထားတာ၊ ဘယ်သူ့ကိုမှ မပြဘူး၊ တော်ရုံ



တန်ရုံကို ပြတောင်ပြတာ မဟုတ်ဘူး၊ တောင်းလို့ရမှာ မဟုတ်ဘူး'

ပြောပြီး ခင်ရင်တင်ကို မဝံ့မရဲ အကဲခတ်ကြည့်လိုက်၏။ ခင်ရင်တင်က 'ဒါဆိုလည်း ပြီးရောလေ၊ တို့က တော်ရုံလူဆိုတော့ ကြည့်ခွင့် ဘယ်ရှိမလဲ၊ ရပါတယ်၊ ကဲ… သွားကြရအောင်'

ဆိုပြီး ထရပ်လိုက်သည်။ ခင်ရင်တင်၏ မျက်နှာထားမှာ စိတ်ဆိုးဟန်မပြ၊ လေသံကလည်း ပုံမှန်။ သို့ရာတွင် သူ့စကားထဲမှာ အဓိပ္ပာယ်တွေ ပါနေသည်။ သူ့မျက်လုံးတစ်ချက် မှိုင်းညို့သွားတာ သတိပြုမိ၏။ နှုတ်ခမ်းစေ့လိုက်ပုံက စိုးရိမ်စရာဖြစ်၏။ နေမင်းမောင် ပျာပျာသလဲထရပ်ပြီး…

'နေ… နေပါဦး၊ ကျွန်တော် တစ်နည်းနည်းနဲ့ ရအောင် ယူလာခဲ့ပါ့မယ်'

ခင်ရင်တင်က ကျေနပ်ပြုံးကိုတော့ ပွင့်ပွင့်လင်းလင်း ပြသလိုက်သည်။

'ယူ တို့ကို အဲဒီလို ဂရုစိုက်တတ်လွန်းလို့ တို့က ယူ့ကို'

'ဘာဖြစ်လဲဟင်'

'ယူ့ကို တို့က ခင်မိတာပေါ့'

နေမင်းမောင်သည် သက်ပြင်းကို မှိုချလိုက်မိလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



နေမင်းမောင်သည် ကိုယ့်ပါးစပ်ကိုယ် ပိတ်ရိုက်လိုက်ချင်သည်။ သက်သက်လျှာရှည်ပြီး လက်စွပ်အကြောင်းပြောမိ၏။

ခုကိစ္စမှာ ခင်ရင်တင်၏ ဆန္ဒကို ဆန့်ကျင်လို့မဖြစ်။ ငြင်းလိုက်လျှင် ခင်ရင်တင်က ဘယ်လိုတုံ့ပြန်မယ်ဆိုတာ မပြောနိုင်။ သက်သက်ညှာညှာစဉ်းစားမှာပါဟု မျှော်လင့်လျှင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးရာကျသည်၊ စိတ်ကူးယဉ်ရာကျသည်။

ခင်ရင်တင်၏ စိတ်သဘောထားက တစ်မျိုးဖြစ်၏။ သူ့ကို ငွေနှင့်ကိုက်ပေါက်လို့မရ။ သိန်းနှစ်ဆယ်၊ အစိတ်တန်သည့် မော်တော်ကားပေးတာကို မယူဘဲ ဘာမဟုတ်သည့် ညောင်ရွက်ကလေးတစ်ရွက်ကို ယူနိုင်းတာမျိုး။ ဒေါ်လာနှစ်ထောင်တန်သည့် စိန်လက်စွပ်ကို လွယ်လွယ်ကလေး ငြင်းလိုက်တာမျိုး။

နောက်တစ်ခုက ခင်ရင်တင်၏အချစ်ကို မျှော်လင့်ခဲ့သူတွေထဲက တော်တော်များများသည် မိမိထက်သာသူတွေချည်း ဖြစ်၏။ ငွေကြေးဥစ္စာနေနှင့်သာ နှိုင်းယှဉ်ကြည့်ပါက မိမိသည် မြောင်းထဲက မြွေတစ်ယောက်အဆင့်သာ ရှိလိမ့်မည်။

သို့ရာတွင် အားလုံးထဲမှာ ခင်ရင်တင်က မိမိကို အရေးအပေးဆုံးဖြစ်၏။ အကြောင်းက သူ့ကို ဂရုအစိုက်ဆုံးဖြစ်သောကြောင့်ဟု ဆို၏။ ခင်ရင်တင်၏ အလိုဆန္ဒမှန်သမျှ ဖြည့်စွမ်းပေးနိုင်သောကြောင့်လည်း ဖြစ်၏။ ခင်ရင်တင်ခိုင်းသည့်ကိစ္စမှန်သမျှ အခက်အခဲတွေကို ကျော်လွှားအောင်မြင်ခဲ့သည်ချည်းဖြစ်၏။

ဒီလောက်တိုးတက်တည်ဆောက်ခဲ့ပြီးမှ ဒီကိစ္စတစ်ခု



ဖြင့် မျှော်လင့်ချက်တွေ ပြိုကွဲပျက်စီးရမည်ဆိုလျှင် ဘာမှအဓိပ္ပာယ်ရှိမှာမဟုတ်။ ခင်ရင်တင်ကလည်း လက်စွပ်ကို ပေးပါဟု တောင်းနေခြင်းမဟုတ်။ ခဏကြည့်ရုံကလေး ကြည့်ချင်တာပဲဖြစ်၏။ ဒါကိုတော့ ဖြစ်အောင် လုပ်ပေးရမည်။

ခက်တာက လက်စွပ်သည် မီးခံသေတ္တာထဲမှာ ရှိနေခြင်းပင်ဖြစ်၏။ သော့ကိုလည်း အမေက လုံလုံခြုံခြုံ သိမ်းထားမှာ သေချာသည်။ ဒီအတွက်တော့ အကြံရခက်သည်။

ဘာပဲဖြစ်ဖြစ် ခင်ရင်တင်အတွက် ဆောင်ရွက်သည့်ကိစ္စမှန်လျှင် အဆင်ပြေမြဲဖြစ်သည့် ဓမ္မတာအတိုင်း ထိုနေ့ညနေတွင် အမေသည် ခေါင်းလျှော်လေတော့သည်။

ခေါင်းလျှော်ရည်ဘူးအသစ်ကိုယူ၍ အမေ ရေချိုးခန်းထဲ ဝင်သွားတာ တွေ့ရသောအခါ နေမင်းမောင် လုပ်ငန်းစဖို့ပြင်သည်။ အမေ ခေါင်းလျှော်ပြီဆိုလျှင် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်သာ ကြာလေ့ရှိသည်။

နေမင်းမောင်သည် အမေ့အခန်းထဲ လှစ်ခနဲဝင်ခဲ့သည်။ ဒီကြားထဲ အမေက လှမ်းခေါ်သဖြင့် ထိတ်ခနဲဖြစ်သွားရသေးသည်။ ဘာမျှမဟုတ်၊ ဘီးစိပ်ယူခိုင်းခြင်းသာ ဖြစ်၏။

အမေ့ကို ဘီးစိပ်ပေးပြီး အခန်းထဲပြန်ဝင်သည်။ သော့ကိုရှာရသည်။ မှန်တင်ခုံအံဆွဲထဲ၊ အဝတ်ဗီရိုထဲ ရှာသည် မတွေ့။ ပြီးမှ အိပ်ရာပေါ်မှာ ဝတ်လက်စဘော်လီအင်္ကျီမှာ ချိတ်နှင့်တွဲထားတာ တွေ့လိုက်ရသည်။

မီးခံသေတ္တာက နံပါတ်တွေဘာတွေနှင့် လှည့်ရသည့် ခေတ်မီအမျိုးအစားမဟုတ်လို့ တော်သေးသည်။ သေ စ်

www.burmeseclassic.com

www.burmeseclassic.com



ချောင်းနှင့် နှစ်ချက်ဆင့်ဖွင့်ရခြင်း ဖြစ်၏။ ငါးမိနစ်လောက် ကြိုးစားလိုက်သောအခါ ပွင့်သွား၏။ အထဲက သီးခြားပြုလုပ်ထားသော အကန့်၏အဖုံးကို ဖွင့်လိုက်သောအခါ ယွန်းဘူးလေးတစ်ခု ထွက်လာသည်။ အထဲမှာ တခြားလက်ဝတ်လက်စားတွေနှင့်အတူ ရှိနေသော နီလာလက်စွပ်ကိုလည်း မြင်လိုက်ရသည်။

ခုမှ နေမင်းမောင် ဟင်းချနိုင်တော့သည်။

## အခန်း (၁၆)

'လှလိုက်တာ' ဟုပြောရင်း အလင်းရောင်မှာ ထောင်ကြည့်သည်။

'ဦးလှဝင်းရေးတဲ့ ကျွန်တော်နဲ့နီလာဆိုတဲ့ ဆောင်းပါးထဲက မဲနယ်ပြာရောင်နီလာဆိုတာ ဒါမျိုးဖြစ်လိမ့်မယ်၊ တန်ဖိုးတော်တော်ရှိမှာပဲ'

နေမင်းမောင်က ကျေနပ်ပြုံး ပြုံးသည်။ ဂုဏ်ယူသောလေသံဖြင့်..

'ဟုတ်တယ်၊ အဲဒါကြောင့် မေမေက သေသေချာချာသိမ်းထားတာပေါ့'

ခင်ရင်တင်က လက်စွပ်ကို သေသေချာချာ ကြည့်နေ၏။ မီးခံသေတ္တာသော့ကို နောက်တစ်ကြိမ်ခိုးယူရမည့်အရေးဖျတ်ခနဲသတိရလိုက်သဖြင့် ရင်လေးသွားမိ၏။ ထိုစဉ်တွင် ခင်ရင်တင်က...

www.burmeseclassic.com

www.burmeseclassic.com



'အတော်ပဲ၊ ဒီနေ့ည မွေးနေ့ပွဲတစ်ခု သွားစရာရှိတယ်၊ ခရမ်းရောင်ဝတ်စုံဝတ်မှာဆိုတော့ ဒီလက်စွပ်ဝတ်သွားရင် သိပ် အဆင်ပြေမှာပဲ၊ တို့ကို တစ်ရက်လောက် ငှားလိုက်ပါလား'

နေမင်းမောင် ထိတ်ခနဲဖြစ်သွားရသည်။

'ဟာ... ဒါတော့ ဟို...'

'ဘာလဲ... တို့ကို မယုံလို့လား'

'မဟုတ်ပါဘူး'

'ဘာဖြစ်လို့လဲ'

ငြင်းဖို့မကြိုးစားနဲ့နော် နာသွားမယ်ဟု ဦးနှောက်က တဖျတ်ဖျတ်သတိပေးနေသည်။ ထို့ကြောင့်...

'ဟိုလေ မေမေ့ကို ခဏပြရုံပဲလို့ ပြောလာခဲ့လို့'

'ဒါဆို...'

'အဲ... ရပါတယ်၊ ရပါတယ်၊ တစ်ရက်လောက်တော့ မေမေက ခွင့်ပြုမယ်ထင်ပါတယ်'

ခင်ရင်တင် လက်စွပ်ကို ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်လိုက်ပြီး...

'ဟယ်... အတော်ပဲ ကြည့်စမ်း'

နေမင်းမောင်ကို ပြ၍...

'တို့နဲ့ လိုက်ရဲ့လား'

'လိုက်... လိုက်ပါတယ်'

တကယ်လည်း ခင်ရင်တင်ဝတ်လိုက်မှ နီလာကြီး၏ အရောင်က ပို၍တောက်ပလာကြောင်း အရေးထဲမှာ သတိပြု လိုက်မိသေးသည်။

* * *



ဒီတစ်ရက် နှစ်ရက်အတွင်း အမေ့အနေနှင့် လက်ဝတ် လက်စားတွေ စစ်ဆေးကြည့်တာမျိုး မလုပ်မိပါစေနှင့်ဟု နေ မင်းမောင် ဆုတောင်းနေသောအချိန်မှာပင်...

ဒေါ်တင်မိမိသည် ဧည့်ခန်းထဲ၌ ဒေါ်အေးမြတ်နှင့် စကားပြောနေလေသည်။ ဒေါ်အေးမြတ်ဆိုသူမှာ စိန်၊ ရွှေပွဲစား ဖြစ်၏။ သူတို့ပြောနေကြသော စကားတွေကိုသာ နေမင်းမောင် ကြားရလျှင် အိမ်ကိုတောင် ပြန်လာရဲမှာ မဟုတ်တော့ဘူး။

'နှမိုဆို ကျွန်မ လုံးဝရောင်းဖို့ စိတ်မကူးဘူး၊ အမေ့ လက်ထက်ကတည်းက ပစ္စည်းကလေးမဟုတ်လား၊ ကားဝယ်ဖို့ ငွေအရေးတကြီးလိုနေလို့သာ ထုတ်ရတာ၊ ဟိုတလောက ပွဲစား တစ်ယောက်က ဆယ့်ရှစ်ပေးမယ်ဆိုတာတောင် မရောင်းခဲ့ဘူး'

ဒေါ်တင်မိမိက ပြောသည်။ ဒေါ်အေးမြတ်က...

'ကျွန်မကလည်း ကြိုက်ရင် ဈေးကောင်းပေးတတ်ပါ တယ်၊ ဆရာကတော်ရဲ့ပစ္စည်းကလေးသာ ကြည့်ပါရစေ'

'ဒါဆိုလည်း ခဏလေးစောင့်'

ဟု ဒေါ်တင်မိမိက ပြောပြီး အိပ်ခန်းထဲ ဝင်လာခဲ့ သည်။ မီးခံသေတ္တာကိုဖွင့်သည်။ ယွန်းဘူးသေတ္တာလေးကို ထုတ်၍ဖွင့်သည်။ လက်ဝတ်လက်စားတွေကြားမှာ ရှာသည်။ နီလာ လက်စွပ်ကြီးကို လုံးဝမတွေ့တော့။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မိမိရင်ထဲမှာ မီးတောက်နေသည်။ လက်စွပ်ပျောက်တာက တစ်မျိုး၊ သိက္ခာကျရတာက တစ်ပိုင်း။

လက်စွပ်ကို ရှာမတွေ့လို့ စိတ်ပူရင်းက အိမ်ရှေ့မှာ ထိုင်စောင့်နေသော ဒေါ်အေးမြွတ်ကိစ္စကို သတိရသည်။

ထို့ကြောင့်…

'အားတော့ နာတယ်ကွယ်၊ မီးခံသေတ္တာသော့ကို အိမ်က လူ ဘယ်ထားသွားမှန်းမသိဘူး၊ ရတဲ့အခါကျရင် ဖုန်းဆက်လိုက်ပါ့မယ်

ဟု ပြောလွှတ်လိုက်ရသည်။ ဒေါ်အေးမြွတ်က ပွဲစားပီပီ 'ရပါတယ်၊ ကိစ္စမရှိပါဘူး' ဟု မျက်နှာထားချိုချိုနှင့် ပြောသွားသော်လည်း စိတ်ထဲကတော့ ကျိတ်ရယ်သွားလိမ့်မည်။ သူတို့ပွဲစားလောကထဲမှာလည်း…

'ဒေါ်တင်မိမိ ကြွားပုံကလေးကတော့ မဆိုးပါဘူး။ ဒါပေမဲ့ ပစ္စည်းကို တကယ်ယူမယ်၊ ပြပါလည်းဆိုရော သော့ပျောက်နေလို့၊ ဘာညာနဲ့ မျက်စိမျက်နှာကို ပျက်နေတာပဲ'

စသည်ဖြင့် ပြောစရာဖြစ်သွားလိမ့်မည်။ ဒီလောကထဲမှာ သိက္ခာကျသွားရတာ အမှန်ပဲ ဖြစ်၏။ နောက်နောင် ဒေါ်တင်မိမိ စကားကို အလွယ်နှင့် ယုံကြတော့မည်မဟုတ်။

ဒီလိုဖြစ်အောင်လုပ်တဲ့ တရားခံက ဘယ်သူလဲ။ လွယ်လွယ်နဲ့ ခန့်မှန်းလို့ရသည်။ မိမိခင်ပွန်း ဦးစန်းလှိုင်ကလွဲလို့ ဘယ်သူများ ရှိရဦးမလဲ။

ဦးစန်းလှိုင်ကို သက်သာမကင်းဖြစ်မိတာ ကြာပြီ။ ကားဝယ်ဖို့ ငွေလိုလို့ အလုပ်တစ်ခု စီစဉ်ပေးတာကို ခါးခါးသီးသီး ငြင်းခဲ့သည်။ ဒီနောက်ပိုင်းမှာ အချိုးပြောင်းချင်လာသည်။ မိမိ



နှင့် မျက်နှာချင်းဆိုင်မိလျှင် မျက်နှာလွှဲလွှဲသွားတတ်သည်။ သူ့ပုံစံက အပြစ်ရှိနေသူတစ်ယောက်လို ဖြစ်နေ၏။ အစကတော့ မိမိခိုင်းသည့်ကိစ္စ လုပ်မပေးနိုင်လို့ မျက်နှာပူနေတာဟု ထင်မိသည်။

နောက်တော့ မူပြောင်းလာတာ သတိပြုမိသည်။ ဘတ်ဂျက်နီး အလုပ်တွေများတယ်ဆိုပြီး အိမ်ပြန်နောက်ကျတာ၊ ဂျူတီရှိလို့ဆိုပြီး စနေနေ့တွေ အလုပ်ဆင်းတာ၊ တချို့ရက်တွေမှာ နိုက်ဂျူတီဆိုပြီး အိမ်မပြန်တာ၊ များသောအားဖြင့် အိမ်ပြန်လာလျှင် ဘီယာနံ့ကလေး ပါလာတာတွေက မသင်္ကာစရာ ဖြစ်လာ၏။

ရုံးမှာ မိမိ၏ လူယုံတစ်ယောက်ရှိ၏။ ရာထူးတိုးဖို့ကိစ္စ ကူညီပေးခဲ့သည့် စာရေးကလေးတစ်ယောက်။ သူ့ကို တီးခေါက်ကြည့်တော့…

'ရုံးမှာတော့ ထူးထူးခြားခြားမရှိပါဘူး မမရဲ့'

ဟုဆိုသည်။ သူ့စကားက တွေးမယ်ဆို အစွန်းထွက်နိုင်သည်။ ရုံးမှာ အေးအေးဆေးဆေးပါပဲဆိုတော့ တခြားမှာတော့ မပြောတတ်ဘူးဆိုတဲ့သဘော မဖြစ်နိုင်ဘူးလား။

ဦးစန်းလှိုင်နှင့် တွဲနေကျ မိတ်ဆွေတစ်ယောက်ကို အစ်အောက်ကြည့်သည်။

'ဟာ… ကိုစန်းလှိုင်လောက်ရိုးတဲ့လူ မတွေ့ဖူးသေးပါဘူး'

ဟု ပြောသည်။ သူပြောပုံမှာ အကျောက်အကန် ငြင်းနေပုံနဲ့များ တူနေသလား မသိ။ မိမိတစ်ချက်သတိလစ်သွားတာက ခုလိုမေးမြန်းစုံစမ်းလာကြောင်း သူတို့ချင်း ကြိတ်၍သတိ

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့လျှင် ဦးစန်းလှိုင်က မို၍သိုသိုသိပ်သိပ် လှုပ်ရှားတာမျိုး ဖြစ်လာနိုင်သည်။

နောက်တစ်ယောက်ကိုတော့ တိုက်ရိုက်မမေးတော့ဘဲ သူ့မိန်းမကို တီးခေါက်ကြည့်သည်။ ထိုအမျိုးသမီးက…

'ကျွန်မကတော့ အဲဒါတွေ သိပ်ဂရုစိုက်မနေတော့ပါဘူး၊ သူတို့တစ်ခုခုလုပ်နေတော့ရော ဘာတတ်နိုင်တာမှတ်လို့၊ ဒီတော့ အိမ်ကို မှန်မှန်ပြန်လာဖို့ရယ်၊ ရသမျှငွေကို ကိုယ့်ဆီ အများဆုံးရောက်ဖို့ရယ်ပဲ ကြိုးစားတော့တယ်'

ဟု ညည်းညူသလိုလို၊ ရင်ဖွင့်သလိုလို၊ အကြံပေးသလိုလို ပြော၏။

နောက်တစ်ချက် ရှိသေးသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့က မင်္ဂလာဆောင်တစ်ခုအသွားမှာ နီလာလက်စွပ်ကြီးကို ဝတ်သွားခဲ့သည်။ ဦးစန်းလှိုင်က ခုချိန်ဆို ဒီလက်စွပ် ဘယ်လောက်တန်မလဲဟု မေးခဲ့တာ သတိရသည်။

အထက်ပါအချက်အလက်များကို ပေါင်းစပ်ပြီး ဆန်းစစ်ကြည့်လိုက်သောအခါ လက်စွပ်ကိုယူသွားသောတရားခံမှာ။

ငယ်သံပါအောင် အော်နေသော လေးဘီးကားစက်သံကို ကြားလိုက်ရသည်။ ဦးစန်းလှိုင်သည် ဒီနေ့မှ ထူးထူးခြားခြား အစောကြီးပြန်ရောက်လာသည်။ စောစောရောက်သဖြင့်လည်း စောစောပြဿနာတက်ရခြင်းဖြစ်၏။

ဦးစန်းလှိုင်က ဘာမှုမဖြစ်သလို ခပ်အေးအေးပင် အိမ်ထဲဝင်လာသည်။ ထိုအခါ ခါးထောက်၊ နှုတ်ခမ်းကိုက်ပြီး စူးစူးစိုက်စိုက်ကြည့်နေသော ဒေါ်တင်မိမိကို တွေ့လိုက်ရလေသည်။

'လက်စွပ် ဘယ်မှာလဲ'



ဒေါ်တင်မိမိက ရုတ်တရက်မေးလိုက်သဖြင့် ဦးစန်းလှိုင် ကြောင်တောင်တောင် ဖြစ်သွား၏။ သူ့ကို ဘယ်တုန်းက လက်စွပ်ဝယ်ခိုင်းလို့တုံးဟု ပြန်တွေးရင်း…

'ဘာလက်စွပ်လဲ၊ မင်းတစ်ခါမှ မမှာဖူးပါဘူး'

'အူကြောင်ကြောင်လုပ်မနေနဲ့၊ ကျုပ်ရဲ့လက်စွပ်၊ ကျုပ်ရဲ့ နီလာလက်စွပ်၊ ဘယ်မှာလဲလို့ မေးနေတာ'

'ဟာ… ငါ ဘယ်သိပါ့မလဲ၊ မင်းလက်စွပ် မင်းဘာသာ သိမ်းထားတာပဲဟာ'

'မသိချင်ယောင်ဆောင်မနေနဲ့၊ အခု အဲဒီလက်စွပ် ပျောက်နေပြီ'

'ဟင်… ဘယ်သူယူလို့လဲ'

'ဘယ်သူရှိရမလဲ၊ ရှင်ပေါ့'

'ငါက ဘာလုပ်ဖို့ ယူရမှာလဲ'

ဒေါ်တင်မိမိက ရှေ့တစ်လှမ်းတိုး၍…

'ဘာလုပ်ဖို့လဲ ဟုတ်လား၊ ရှင် ဘာလုပ်ဖို့လဲဆိုတော့ ရှင့်မယားငယ်ကို ပေးဖို့ပေါ့'

ဦးစန်းလှိုင် တွန့်ခနဲဖြစ်သွားပြီး…

'ဟာ… ပေါက်ပေါက်ရှာရှာကွာ၊ ငါ့မှာ ဘယ်မယားငယ်မှ မရှိဘူး'

'မယားငယ်မဟုတ်ရင် ရုံးကစာရေးမလေးကို ပိုးကြေးပန်းကြေးပေးမှာပေါ့၊ ဒါမှမဟုတ် စားသောက်ဆိုင်က ကောင်မလေးတွေကို ထောက်ပံ့ဖို့ပေါ့'

'မင်း… မဟုတ်တာတွေကွာ'

'ဒီမှာ… ရှင် ဖြောင်လိမ်ဖို့ မကြိုးစားနဲ့၊ ဟင်း…

www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ခါ ကျုပ်လုပ်နိုင်းတဲ့ကိစ္စလုပ်မပေးကတည်းက သေကာ ဖြစ်နေတာ၊ ရှင်က မယားငယ်ကို ကျိတ်ပေးဖို့ ကြိုးစားနေရ လို့ကိုး၊ ခုတော့ ကျုပ်ပစ္စည်းကိုပါထိလာပြီ'

'အရမ်းမစွပ်စွဲနဲ့ တော်… မင်း…'

'ရမ်းပြောနေတာမဟုတ်ဘူး၊ ဒီအိပ်ခန်းထဲဝင်တာ ရှင်နဲ့ ကျွန်မ နှစ်ယောက်ပဲ ရှိတယ်၊ မီးခံသေတ္တာသော့ထားတဲ့နေရာ သိတာလည်း ကျုပ်က လွဲရင် ရှင်တစ်ယောက်ပဲ ရှိတယ်'

ဦးစန်းလှိုင် ခေါင်းကုတ်ပြီးမှ…

'အိမ်က ကောင်မလေးကိုလည်း စစ်ကြည့်ပါဦးကွာ'

'စစ်ပြီးပြီ၊ ဒီကောင်မလေးက အိမ်ရှေ့တံခါးသော့ တောင် မဖွင့်တတ်လို့ ခဏခဏဆူနေရတာ၊ ပြီးတော့ မီးခံ သေတ္တာသော့ကလည်း ညအိပ်ချိန်က လွဲလို့ ကျုပ်ကိုယ်နဲ့မကွာ ထားတာ၊ ကျုပ်အိပ်နေတုန်း ဖွင့်ယူလို့ရတဲ့လူဟာ ရှင်တစ် ယောက်ပဲ ရှိတယ်'

'ခက်တော့တာပဲ၊ နေမင်းမောင်ကိုလည်း မေးကြည့် ပါဦးလေ'

'ကျုပ်သားကို ဆွဲမထည့်ပါနဲ့၊ အမေလိမ်းဖို့ သနပ်ခါး ကိုတောင် ကိုယ်တိုင်သွေးပေးခဲ့တဲ့ ကလေးက ဒါမျိုးလုပ်ပါ့ မလား၊ ရှင် ဟိုလွဲချ ဒီလွဲချလုပ်မနေနဲ့၊ ကျုပ်လက်စွပ်ကို ပြန်ပေးမလား၊ မပေးဘူးလား'

'မင်း သူတော်ကောင်းကို မပြစ်မှားနဲ့နော်'

'ဟင်… သူတော်ကောင်းကြီး၊ ကြောင်သူတော် လက်စွပ်သူခိုးကြီး'

ဦးစန်းလှိုင်၏မျက်နှာ ရဲခနဲဖြစ်သွား၏။ လေသံက



လည်း မာလာသည်။

'မင်းလွန်လာပြီနော်၊ ဒီမှာ မင်း ငါ့ကို တုံးတယ်၊ အ,တယ်၊ လာဘ်မမြင်ဘူး၊ အသုံးမကျဘူး၊ ပြောချင်တာ ပြော ငါခံနိုင်တယ်၊ အခုလို သူခိုးလို့ စွပ်စွဲတာကိုတော့ လုံးဝ သည်း မခံနိုင်ဘူး'

'ဟုတ်လို့ စွပ်စွဲတယ်၊ ရှင်ဘာလုပ်ချင်သလဲ'

ပြောရင်း တစ်လှမ်းထပ်တိုးသည်။ ဦးစန်းလှိုင်က စိုက် ကြည့်နေပြီးမှ…

'ဘာလုပ်ချင်သလဲဆိုတော့… ငါ အိမ်ပေါ်က ဆင်း ချင်တယ်'

'ဆင်းလို့မရသေးဘူး၊ လက်စွပ်ပြန်ရမှ ဆင်းလို့ရမယ်'

'ငါမယူဘူး၊ ဒါပဲ'

ဦးစန်းလှိုင်က လှည့်ထွက်သွားသည်။ ဒေါ်တင်မိမိ က…

'ရှင့်ကို ရဲစခန်းတိုင်မယ်'

ဟု လှမ်းအော်လိုက်၏။ ဦးစန်းလှိုင်က လှည့်မကြည့် တော့ဘဲ အိမ်ရှေ့တံခါးဆီ လျှောက်သွားသည်။ ထိုစဉ်တွင် နေမင်းမောင် တံခါးဖွင့်ဝင်လာသည်။

'ဖေဖေ… ဘယ်သွားမလို့လဲ'

ဟု နှုတ်ဆက်မေး မေးသည်။

'ဘယ်သွားသွားကွာ'

ဦးစန်းလှိုင်က ဆောင့်ကြီးအောင့်ကြီးပြောပြီး ထွက် ၏။ နေမင်းမောင် အူကြောင်ကြောင်ဖြစ်သွား၏။ ပြီးမှ တံခါးဝ ဆီသို့ မျက်နှာတင်းတင်းနှင့် စိုက်ကြည့်နေသော ဒေါ်တင်မိမိ

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့သွားသဖြင့် အနားလျှောက်သွားပြီး…

'ဘာဖြစ်နေတာလဲ မေမေ၊ ဖေဖေတရော ဘယ်ထွက်သွားတာလဲ'

'ဘာဖြစ်ရမလဲ၊ မင်းအဖေ အိမ်ပေါ်က ဆင်းသွားတာ'

'ဟင်… ဘာဖြစ်လို့'

'သူ့ပြဿနာသူ မရှင်းနိုင်လို့ပေါ့'

'ဘာပြဿနာလဲ'

'မင်းအဖေက ငါ့နီလာလက်စွပ်ကိုခိုးပြီး မယားငယ်ကို ပေးလိုက်တယ်လေ'

နေမင်းမောင် မျက်လုံးပြူးသွားပြီး…

'ဘာ… နီလာလက်စွပ်'

'ဟုတ်တယ်၊ နီလာလက်စွပ်ပျောက်နေလို့ မေးတော့ ဟိုလွှဲချဒီလွှဲချလုပ်ပြီး နောက်… သူ့ပြဿနာသူ ရင်မဆိုင်ရဲလို့ ထွက်သွားတာပေါ့၊ ငါကတော့ မရဘူး၊ ရဲတိုင်မှာပဲ'

နေမင်းမောင် ထိတ်ထိတ်ပျာပျာဖြစ်သွား၏။ အမေက ယုံရတာမဟုတ်။ တကယ်ပဲ ရဲတိုင်ချင် တိုင်လိမ့်မည်။ ဒါဆို အကုန်ရှုပ်ကုန်မည်။ ဝန်ခံမှ ဖြစ်တော့မည်။ ထို့ကြောင့်-

'ဟာ… မဟုတ်သေးဘူး၊ မှားကုန်ပြီ မေမေ'

'ဘာမှားတာလဲ'

'လက်စွပ်က ဖေဖေယူတာ မဟုတ်ဘူး'

'ဒါဖြင့် ဘယ်သူယူတာလဲ'

နေမင်းမောင် ခေါင်းငုံ့လိုက်ပြီး…

'ကျွန်တော် ယူတာပါ မေမေ'

ပြောပြီး မျက်လုံးလှန်ကြည့်၍ အကဲခတ်သည်။ မေမေ



အံ့သြသွားပြီး…

'ဘာ… မင်းက ဘာလုပ်ဖို့ ယူတာလဲ'

'ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ကြည့်ချင်တယ် ဆိုလို့'

'ဘယ်လို… ဘယ်လို၊ အခုရော ဘယ်မှာလဲ'

အမေက အလောတကြီးမေးသည်။

'သူ… သူက မွေးနေ့ပွဲကို ဝတ်သွားချင်တယ်ဆိုလို့ ခဏငှားလိုက်…'

'အလိုလေး… ဘုရား… ဘုရား၊ ဒါ ကျောက်ခဲသလဲ မဟုတ်ဘူး၊ အခု သွား ပြန်တောင်း'

'နက်ဖြန် ပြန်ရမှာပါ'

'မလိုချင်ဘူး၊ ဒီလောက်အဖိုးတန်တဲ့လက်စွပ် ပျောက်သွားရင် ဘယ့်နှယ်လုပ်မလဲ၊ သွား… အခု ပြန်တောင်းခဲ့'

'ကျွန်တော်… မနက်ဖြန်'

'မရဘူး… အခု သွားယူဆို သွားယူ'

အမေက တစ်ချက်လွှတ်လေသံဖြင့် ပြောလိုက်၏။

* * *

ခင်ရင်တင်တို့ ခြံရှေ့ရောက်တော့ ညနေတော်တော် စောင်းနေပြီ။ အမေ့ကို ကြောက်လို့မလာမဖြစ် လာခဲ့ရသော်လည်း ရှေ့ဆက်ကြုံရမည့် အရေးအတွက် အကြီးအကျယ် ရင်လေးနေသည်။ ခင်ရင်တင်သည် ခုလို လက်စွပ်ကို လာပြန် တောင်းသည့်အတွက် ဘယ်လို တုံ့ပြန်သဘောထားမလဲဟု ခန့်မှန်းကြည့်ရတာ တော်တော်စိတ်ချောက်ချားဖို့ကောင်းသည်။ ကောင်းသောအလားအလာ မရှိနိုင်တာတော့ သေချာသည်။

www.burmeseclassic.com

www.burmeseclassic.com



နေမင်းမောင်သည် ခြံဝင်းတံခါးမှာ ရပ်ရင်း ငိုင်တွေနေ၏။ ဖြစ်ချင်တာဖြစ်၊ နောက်တစ်နေ့ ခင်ရင်တင် လက်စွပ် ပြန်ပေးတဲ့အထိ စောင့်နေလိုက်မည်။ ဒီနေ့ည အိမ်မပြန်ဘဲ တစ်နေရာရာမှာ ဝင်အိပ်နေလိုက်မည်။ သို့ရာတွင် သူပြန် မရောက်သဖြင့် အမေက စိုးရိမ်ပြီး ရဲစခန်းဖုန်းဆက်တာတို့ ဘာတို့ ဖြစ်နေလျှင်လည်း ခက်မည်။

သူ့စိတ်ထဲမှာ အကျပ်အတည်းနှင့် ကြံပြီး ချီတုံချတုံ ဖြစ်နေစဉ်မှာပင် ခြံတံခါး၏ အတွင်းဘက်မှ လူတစ်ယောက် လာရပ်သည်။

'ဘာကိစ္စရှိလို့လဲ'

လေသံမာမာနှင့် မေးသည်။

'ဪ... ဟို... ကျွန်တော် မခင်ရင်တင်နဲ့တွေ့ချင်လို့ပါ'

'ဘယ်သူလို့ ပြောရမလဲ'

'နေမင်းမောင်လို့ ပြောပါ'

'ခဏစောင့်နေ'

ဆိုပြီး အတွင်းဘက်ပြန်ထွက်သွားသည်။ ခုနေ လစ် ပြေးလျှင် ကောင်းမလားဟု အတွေးပေါက်လာသေးသည်။ မဖြစ်တော့ သူ့နာမည်ကို ပြောပြလိုက်ပြီးပြီ။

ခဏအကြာတွင် စောစောက လူ ပြန်ရောက်လာသည်။ တံခါးဖွင့်ပေးသည်။

'ကျွန်တော်နဲ့ လိုက်ခဲ့ပါ'

လေသံက စောစောကနှင့်စာလျှင် ပျော့ပျောင်းသွား၏။ ခင်ရင်တင်၏ဧည့်သည်အစစ်အမှန်ဖြစ်ကြောင်း သဘောပေါက်



သွားလို့ဖြစ်မည်။

သူဦးဆောင်ရာသို့ လိုက်သွားသည်။ ခင်ရင်တင်သည် ပန်းခြံထဲမှာ ကြိမ်ကုလားထိုင်နှင့် ထိုင်နေ၏။ ကုလားထိုင် အလွတ်တစ်လုံးကိုလည်း အဆင်သင့်ချထားသည်။ နေမင်းမောင်ကို မြင်သောအခါ တလေးတစားပင် မတ်တတ်ရပ်၍ ခရီးဦးကြိုဆိုသည်။ ဒီလိုဂရုစိုက်လိုက်ပုံကိုက နေမင်းမောင် အတွက် ပို၍အနေရခက်စေသည်။ လာရင်းကိစ္စအတွက် ပိုပြီး ဝန်လေးစေသည်။

'ထိုင်ပါ ကိုနေမင်းမောင်'

နေမင်းမောင် ဝင်ထိုင်သည်။ ခင်ရင်တင်ကလည်း ထိုင်လိုက်ပြီး...

'ထူးထူးခြားခြား အိမ်ကိုလာလည်လို့ပါလား၊ ကိစ္စ ထွေထွေထူးထူးများရှိလို့လား'

နေမင်းမောင် ခဏတုံ့ဆိုင်းနေပြီးမှ...

'ဟုတ်... ဟုတ်ပါတယ်'

'ဆိုပါဦး၊ ကိစ္စက'

နေမင်းမောင်သည် ခင်ရင်တင်၏ ဘယ်ဘက်လက် သူကြွယ်ကို ဖျတ်ခနဲကြည့်လိုက်မိ၏။ နီလာလက်စွပ်ကြီးမှာ ဝတ်ထားလျက်ပင် ရှိနေသည်။ တကယ်တော့ ထိုလက်စွပ်သည် ခင်ရင်တင်နှင့်သာ အလိုက်ဖက်ဆုံးဖြစ်သည်။ ဖြစ်နိုင်လျှင် တစ်သက်လုံးပင် ဝတ်ထားစေချင်သည်။ သို့သော် မဖြစ်နိုင်။ လောလောဆယ်မှာ ဘယ်လိုမှ မဖြစ်နိုင်။ အခုဖြစ်ဖြစ် မပြောလို့ မရ။ အားတင်းလိုက်ပြီး...

'ဟို... အဲဒီလက်စွပ်'

www.burmeseclassic.com



ခင်ရင်တင်က လက်စွပ်ကို ငုံ့ကြည့်ပြီး…

'ဘာဖြစ်လို့လဲ'

'အားတော့ နာပါတယ်၊ ဟိုလေ… မေမေက လူတစ်ယောက်ကို အရေးတကြီးပြစရာရှိလို့တဲ့၊ အဲဒါ လက်စွပ်ကို ပြန်… ပြန်တောင်းခိုင်းလို့ပါ'

နေမင်းမောင်အသံက ထစ်ထစ်ငေါ့ငေါ။ ခင်ရင်တင် ဖျတ်ခနဲ လှမ်းကြည့်သည်။ မျက်နှာပေါ်တွင် မဆိုစလောက် အပြောင်းအလဲဖြစ်သွားတာ သတိပြုမိလိုက်၏။ ပြီးမှ သိပ်အရေးမထားသည့် လေသံဖြင့်…

'ရပါတယ်၊ ရော့'

ဆိုပြီး လက်စွပ်ကို ချွတ်ပေး၏။ နေမင်းမောင်သည် လက်စွပ်ကို ပြန်ယူရမှာတောင် နှမြောသလိုလိုဖြစ်လာမိ၏။ ခဏတုံ့ဆိုင်းနေသဖြင့်…

'ယူလေ… အင့်…'

ဆိုမှ လက်ကိုငြိမ်အောင်ထိန်းရင်း လှမ်းယူသည်။

'လက်စွပ်ကိုလည်း သေသေချာချာ စစ်ဆေးကြည့်ဦးနော်'

နေမင်းမောင် မျက်နှာပျက်သွားသည်။

'ဒီ… ဒီလိုလည်း မဟုတ်ပါဘူး၊ ဟို… ကျွန်တော့်ကို ဘယ်လိုမှ သဘောမထားပါနဲ့နော်'

ခင်ရင်တင်က စောင်းငဲ့ကြည့်ပြီး လေသံပြတ်ပြတ်ဖြင့်…

'မဟုတ်တာပဲ၊ သဘောထားရမှာပေါ့၊ ခုဥစ္စာက ကျွန်မ ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ခံရတဲ့ကိစ္စပဲ'



နေမင်းမောင် ပျာပျာသလဲပြန်ပြော၏။

'ဟာ… ကျွန်တော် ဆိုကားတဲ့သဘော မဟုတ်ဘူး ခင်ရင်တင်ကို မယုံလို့လည်း မဟုတ်ပါဘူး၊ မေမေက…'

'ဒီထက်မက တန်တာတွေတောင် ကျွန်မ ဂရုမစိုက်ခဲ့ဘူးနော်၊ ငွေသဲဖြူဆောက်လုပ်ရေးက ကိုခင်မောင်ကျော်ဆိုရင် ကျွန်မကို စိန်ရွှေရတနာဆိုင်ထဲ ခေါ်သွားပြီး ကြိုက်တာကို လက်ညှိုးထိုးပြ ဝယ်ပေးပါ့မယ်ဆိုတာတောင် ကျွန်မ ငြင်းခဲ့တယ်'

'ဟုတ်ပါတယ်၊ အခုဟာက မေမေက…'

'ကျွန်မ သွားစရာရှိလို့ အဝတ်အစားလဲလိုက်ပါဦးမယ်၊ ဖရန့်စစ် သူ့ကို ခြံဝလိုက်ပို့ပေးလိုက်ပါ'

ခပ်လှမ်းလှမ်းမှာ လက်ပိုက်ပြီး ရပ်နေသော ခြံစောင့်ကို လှမ်းပြောလိုက်၏။ ဖရန့်စစ်က နေမင်းမောင်ဘေးမှာ လာရပ်၏။ သူ့ပုံစံမှာ ကာလီယိုပါထရာ၏ သက်တော်စောင့် ကျွန်ယုံတစ်ယောက်လို မည်းပြောင်တောင့်တင်းလှ၏။ နေမင်းမောင်ကသာ ကလန်ကဆန်လုပ်လျှင် ကုပ်ကနေ ဆွဲမ,ခေါ်သွားမည့်ပုံမျိုး။

'ကျွန်တော် တောင်းပန်ပါတယ်ဗျာ'

ဟု နေမင်းမောင်ပြောလိုက်၏။ ခင်ရင်တင်က တစ်ချက်စောင်းငဲ့ကြည့်၍ ပြုံးလိုက်ပြီး လှည့်ထွက်သွားသည်။

* * *

အမေ့လက်ထဲကို နီလာလက်စွပ် ထည့်ပေးလိုက်သည်။ အမေက သေသေချာချာစစ်ဆေးကြည့်ပြီးမှ ရင်မှာ ဝတ်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထိုအခါ ခင်ရင်တင်၏ လက်ချောင်းကလေးကို သွား၍ သတိရမိပြန်၏။ ဒီလက်စွပ်သည် အမေနှင့် လုံးဝမလိုက် ဟု အရေးထဲမှာ တွေးလိုက်မိသေး၏။

နေမင်းမောင်အတွင်းခန်းဘက်သို့ ထွက်မည်ပြုသည်။

'ဒါက ဘယ်လဲ'

အမေက လှမ်းမေးသည်။

'ထမင်းသွားစားမလို့'

'စားစရာ မလိုဘူး'

'ဗျာ...'

'မဗျာနဲ့၊ မင်းမဆင်မခြင်လုပ်လို့ ငါတို့လင်မယား ရန်ဖြစ်နေရတယ်၊ မင်းအဖေ သူတော်ကောင်းကြီးလည်း အိမ်ပေါ်က ဆင်းသွားရပြီ၊ ဒီတော့ မင်းလည်း အိမ်ပေါ်ကဆင်းတော့'

'ဟာ... မေမေကလဲ'

'မင်းအဖေကို တွေ့အောင်ရှာ၊ တောင်းပန်ပြီးရအောင် ပြန်ခေါ်ခဲ့၊ မင်းအဖေမပါဘဲနဲ့ မင်းပြန်မလာနဲ့'

နေမင်းမောင် တစ်စုံတစ်ခု ပြောမည်ကြံသေးသည်။

'ဘာမှ ထပ်မပြောနဲ့၊ သွားဆိုသွား၊ ဒါပဲ'

နေမင်းမောင် အိမ်ပြင်ပြန်ထွက်ခဲ့ရပြန်သည်။

အဖေ ဘယ်ကိုသွားနိုင်သလဲ စဉ်းစားကြည့်သည်။ သူ့အရင်းနှီးဆုံးမိတ်ဆွေ အန်ကယ်ဦးကျော်သိန်းဆီ သွားမှာပဲ ဟု တွက်ပြီး လိုက်သွားသည်။ အဖေ့ကို မတွေ့။ အန်ကယ် ဦးကျော်သိန်းက...

'ခုတလော မင်းအဖေ အလုပ်များနေလို့ ငါနဲ့ မဆုံ



ဖြစ်ဘူးကွာ၊ တစ်ခုတော့ ရှိတယ်၊ ငါတို့ထိုင်နေကျဆိုင်မှာ ရောက် ချင်ရောက်နေလိမ့်မယ်'

ဟု ပြောသည်။ သူညွှန်သော ချမ်းလီစားသောက်ဆိုင်သို့ လိုက်ရပြန်သည်။

ဆိုင်ထဲဝင်လိုက်သောအခါ ထောင့်ကျကျစားပွဲတစ်လုံးမှာ ဘီယာထိုင်သောက်နေသော အဖေ့ကို တွေ့လိုက်ရသည်။ ဘီယာတင်မက အရက်ပြင်းပါ ရောသောက်ဟန်တူသည်။ စားပွဲပေါ်မှာ ဖန်ခွက်ရှည်တစ်လုံးနှင့် သီးခြားထည့်ထားသော အရက်များကို တွေ့ရသည်။

နေမင်းမောင်က အဖေ့စားပွဲတွင် ဝင်ထိုင်လိုက်ပြီး...

'မင်းက ဘာဖြစ်လို့လိုက်လာတာလဲ'

အသံလေးလေးနှင့် မေးသည်။ အဖေ တော်တော်မူး နေဟန်တူ၏။ နေမင်းမောင်က...

'ကျွန်တော်... ဖေဖေ့ကို တောင်းပန်မလို့ပါ'

'ဘာကို တောင်းပန်မှာလဲ၊ ဘာအတွက်လဲ'

'လာပြန်ပြီလား လက်စွပ်၊ ငါ မယူဘူးကွ'

'ဟုတ်ပါတယ်၊ ဖေဖေယူတာမဟုတ်ပါဘူး၊ အခုလည်း လက်စွပ်ပြန်ရလို့ မေမေက ခေါ်ခိုင်းလိုက်လို့ပါ'

'ဒါဖြင့် ဒီလက်စွပ်က ဘယ်သူယူလို့လဲ'

'ကျွန်တော် ယူတာပါ'

'ဘာ... မင်း'

'ဒီလိုပါ ဖေဖေ'

ဆိုပြီး ဖြစ်ပျက်ပုံကို ပြောပြသည်။ နေမင်းမောင် ပြောနေတုန်း အဖေက ဘီယာနှင့်အရက်ပြင်းကို ရောစပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထပ်သောက်သည်။ စကားဆုံးသောအခါ အဖေ ဝုန်းခနဲထရပ်ပြီး…

'ဪ… ဒီလိုလား၊ မင်းလုပ်လို့ ငါတို့လင်မယားလည်း ရန်ဖြစ်ရတယ်၊ ငါလည်း သူခိုးအစွပ်စွဲခံရတယ်၊ ဒါကောင်းသလားကွ'

'ကျွန်တော် တောင်းပန်ပါတယ် ဖေဖေ'

အဖေက စားပွဲကို လက်သီးနှင့်ထုလိုက်ရာ တစ်ဖက်ဝိုင်းမှ လူများပင် လှည့်ကြည့်သည်။

'မရဘူးကွ၊ တစ်သက်လုံး ဂုဏ်သိက္ခာနဲ့နေခဲ့တာ၊ မင်းနဲ့ကျမှ သူခိုးလို့ အစွပ်စွဲခံရတယ်၊ ငါ့ကို ဒုက္ခပေးတဲ့ကောင်၊ ကဲ…'

အဖေက နေမင်းမောင်၏ နားရင်းကို ပိတ်ရိုက်လိုက်သည်။ နေမင်းမောင် ယိုင်သွား၏။

'ဖေဖေ သတိထားပါဦး'

'မထားဘူးကွ၊ မထားဘူးကွ'

အဖေက နေမင်းမောင်ကို ဆင့်ကာဆင့်ကာ ရိုက်နေသည်။ ထိုစဉ်တွင် အဖေ့လက်ကို တစ်စုံတစ်ယောက် ဖမ်းကိုင်လိုက်သည်။ လှည့်ကြည့်တော့ တစ်ဖက်စားပွဲမှာ ထိုင်နေခဲ့သော လူငယ်တစ်ယောက်၊ သူလည်း အတော်မူးနေပုံရသည်။ သူက…

'ခင်ဗျား… အဲဒီလို အနိုင်မကျင့်ပါနဲ့'

ဖေဖေက မျက်လုံးပြူးကြည့်ပြီး…

'မင်းနဲ့ ဘာဆိုင်လို့လဲ'

'မျက်စိရှေ့မှာ မတရားတာလုပ်နေတာကိုတော့ လက်



ပိုက်ကြည့်မနေနိုင်ဘူးဗျာ'

'အဲဒီတော့ မင်းက ဘာလုပ်ချင်သလဲ'

'ဘာလုပ်ချင်သလဲဆိုတော့'

လူငယ်က စားပွဲပေါ်မှ ဘီယာပုလင်းကို ကောက်ကိုင်လိုက်သည်။ လက်ကိုမြှောက်ပြီး အဖေ့ကို ရိုက်ချလိုက်၏။

'ဟာ… ဖေဖေ'

နေမင်းမောင် အဖေ့ရှေ့က ဝင်ကာလိုက်၏။ ဘီယာပုလင်းက နေမင်းမောင်၏ ချိုစောင်းကို ထိသွားသည်။ နေမင်းမောင်၏ မျက်စိထဲတွင် ရုတ်တရက် မီးပြတ်သွားသလို မှောင်ကြီးကျသွားသည်ဟု ထင်လိုက်ရသည်။

➢

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နေမင်းမောင်သည် သတိရလိုက်၊ ပြန်မှိန်းသွားလိုက် ဖြစ်နေ၏။ သတိရလာသည့်အခါ ဆရာဝန်၊ ဆရာမများ၊ အဖေနှင့်အမေ၊ သူငယ်ချင်းများ၏ မျက်နှာများကို မြင်ရသည်။ အစပိုင်းတွင် ဝေဝေဝါးဝါးဖြစ်နေ၏။ တဖြည်းဖြည်း အမြင်ကြည်လင်လာသည်။ ခေါင်းကတော့ မူးနောက်နောက်ဖြစ်နေတုန်း။

နောက်ဆုံးတစ်ကြိမ် သတိရလာသောအခါတွင် တော်တော်အခြေအနေကောင်းနေပြီ။ အိပ်ရာမှ နိုးထသူတစ်ယောက်လို လန်းလန်းဆန်းဆန်း ရှိ၏။

မျက်စိဖွင့်လိုက်သည်။ ခုတင်ဘေးမှာ ရပ်နေသော ကျော်နန္ဒကို မြင်ရ၏။

'မင်း နေကောင်းတယ် မဟုတ်လား'



ကျော်နန္ဒမေးသည်။ နေမင်းမောင် ခေါင်းညိတ်ပြသည်။ ခေါင်းက တင်းခဲဖြစ်သွားမှ ပတ်တီးစည်းထားကြောင်း သတိပြုမိ၏။ ကျော်နန္ဒက သူ့မျက်နှာချင်းဆိုင်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။ နေမင်းမောင်ကလည်း လိုက်ကြည့်သည်။ တစ်ဖက်မှာ ထိုင်နေသော ခင်ရင်တင်ကို တွေ့လိုက်ရသည်။

နေမင်းမောင်မျက်နှာပေါ်မှာ အပြောင်းအလဲ ဖြစ်သွား၏။

'သက်သာလား··· ဟင်'

ခင်ရင်တင်က မေးသည်။ နေမင်းမောင် ခေါင်းလှုပ်ရုံ ညိတ်ပြပြီး···

'သက်သာပါတယ် ဒေါက်တာ'

ခင်ရင်တင် ကြောင်သွားသည်။ နေမင်းမောင်က ဆက်၍ ပြောလိုက်သည်။

'အခုလို ကျွန်တော့်ကို ဂရုတစိုက်ကုသပေးတဲ့အတွက် ဒေါက်တာ့ကို ကျေးဇူးတင်ပါတယ် ခင်ဗျာ'

ခင်ရင်တင်က ပြုံးလိုက်ပြီး···

'ကိုနေမင်းမောင်ကလည်း အရေးထဲ နောက်နေရသေးတယ်'

'ကျွန်တော်က ဘာအတွက် နောက်ရမှာလဲ'

နေမင်းမောင်က လေသံမှန်မှန်နှင့်ပြောသည်။ ခင်ရင်တင်တစ်ချက်တွေသွား၏။ ကျော်နန္ဒကလည်း နေမင်းမောင်ကို အကဲခတ်ကြည့်နေတာ တွေ့ရ၏။ နေမင်းမောင်က···

'ဒါနဲ့ ဒေါက်တာက ဒီဆေးရုံက တာဝန်ကျဆရာဝန် မဟုတ်လား'

www.burmeseclassic.com



'မ… မဟုတ်ဘူးလေ၊ ကိုနေမင်းမောင်… ကျွန်မ'

'ဒါဆို 'ခင်ဗျားက ဘယ်သူလဲ'

'တို့… တို့… ခင်ရင်တင်လေ'

သူ့အသံက စိုးရိမ်သံထွက်လာသည်။ နေမင်းမောင်က မျက်မှောင်ကုတ်လိုက်၏။ တွေ၍ စဉ်းစားနေပြီးမှ…

'ခင်ရင်တင်… ဟုတ်လား၊ အဲဒါ ဘယ်သူလဲ၊ ခင်ဗျားကို ကျွန်တော်မသိဘူးဗျ။ ခင်ဗျား လူမှားမှားပြီး လာမေးနေတာထင်တယ်'

ခင်ရင်တင် မျက်လုံးဝိုင်းသွားသည်။ ကျော်နန္ဒကို မော့ကြည့်သည်။ ကျော်နန္ဒက ပခုံးသာတွန့်ပြ၏။ ခင်ရင်တင်က အရေးတကြီးလေသံဖြင့်…

'ကိုနေမင်းမောင်… ကျွန်မကို… တို့ကို တကယ်ပဲ မသိ'

နေမင်းမောင်က လက်ကာပြလိုက်ပြီး-

'တစ်ဆိတ်လောက်ဗျာ၊ ကျွန်တော့်ကို လာမနှောင့်ယှက်ပါနဲ့၊ ကျွန်တော် ခေါင်းတွေမူးလာပြီ'

နေမင်းမောင် မျက်စိမှိတ်ချလိုက်သည်။ ကျော်နန္ဒက ခင်ရင်တင်ကို သွားသင့်ပြီဆိုသောသဘော မေးဆတ်ပြသည်။ ခင်ရင်တင်က တဖြည်းဖြည်းထရပ်သည်။ နေမင်းမောင်ကို တစ်ချက်ကြည့်ပြီး ထွက်သွား၏။

* * *

ခင်ရင်တင်သည် တာဝန်ကျဆရာဝန်၏ အခန်းထဲသို့ ဝင်လာခဲ့သည်။ ဆရာဝန်က…



'ထိုင်ပါ၊ ဘာကိစ္စများ ရှိလို့လဲ'

ခင်ရင်တင်က မထိုင်တော့ဘဲ…

'ကျွန်မ တစ်ခုလောက်မေးပါရစေ ဆရာ'

'မေးပါ'

'ခုတင်နံပါတ်ရှစ်က ကိုနေမင်းမောင်ဆိုတဲ့လူနာရဲ့ အခြေအနေသိချင်လို့ပါ'

'ဪ… ခေါင်းထိတဲ့လူနာလား၊ ဘာမှမစိုးရိမ်ရပါဘူး၊ ချိစောင်းကို ထိတာဆိုတော့ နည်းနည်းကွဲသွားတာလောက်ပါပဲ၊ တစ်ရက် နှစ်ရက်လောက်ဆိုရင် ဆေးရုံက ဆင်းလို့ရပါပြီ'

'ရှင်… ဒါနဲ့ သူက ပြောတော့'

'သူက ဘာပြောလို့လဲ'

'သူက ကျွန်မကို မမှတ်မိဘူးတဲ့၊ အဲဒါ…'

'သူနဲ့ ဒီက ညီမနဲ့ ဘာတော်လို့လဲ'

'ဟို… သူက… သူက ကျွန်မရဲ့ အခင်ဆုံးသူငယ်ချင်းပါ၊ ဒါပေမဲ့ သူက ကျွန်မကို လုံးဝမမှတ်မိဘူးလို့ပြောနေတယ်၊ အဲဒါ သူ… သူ… အတိတ်မေ့…'

'ဟာ… မဟုတ်သေးပါဘူးဗျာ၊ ကဲ… လာလာ၊ ကျွန်တော်ပါ လိုက်ခဲ့မယ်'

ဆရာဝန်က ဦးဆောင်ပြီး နေမင်းမောင်ခုတင်ရှိရာသို့ လာခဲ့ကြပြန်သည်။

နေမင်းမောင်သည် သူတို့ကို မျက်လုံးကလယ်ကလယ် လုပ်ပြီး ကြည့်နေ၏။ ဆရာဝန်က နေမင်းမောင်အနားမှာ သွားရပ်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



'မောင်နေမင်းမောင် နေကောင်းတယ်နော်'

'ဟုတ်ကဲ့… ကောင်းပါတယ် ဆရာ'

'ခေါင်းမူးသေးလား'

'မမူးတော့ပါဘူး'

'ဒဏ်ရာကရော နာသေးလား'

'မနာသလောက်ပါပဲ၊ ခေါင်းကိုလှုပ်မှ နည်းနည်းပဲ နာပါတယ်'

ဆရာဝန်က ခင်ရင်တင်ကိုလှည့်ကြည့်ပြီး အခြေအနေကောင်းသားပဲဆိုသော အမူအရာလုပ်ပြသည်။ ခင်ရင်တင်ကတော့ နေမင်းမောင်ကို မျက်ခြည်မပြတ် အကဲခတ်နေဆဲ။

ဆရာဝန်က ဆက်မေးသည်။

'ခင်ဗျား… ကျွန်တော့်ကို သိတယ်နော်'

'သိပါတယ် ဆရာ၊ ကျွန်တော် ပထမဆုံးပြန်သတိရတော့ ဆရာ့ကို ပထမဆုံး စမြင်ရတာပဲ'

'စိတ်တော့မရှိနဲ့ဗျာ၊ ကျွန်တော် မေးတာလေးတွေ ဖြေကြည့်စမ်းပါ'

'ဟုတ်ကဲ့'

'ခင်ဗျားနာမည် ဘယ်သူလဲ'

နေမင်းမောင် အနည်းငယ်ပြုံးလိုက်ပြီး…

'နေမင်းမောင်ပါ ဆရာ'

ဆရာဝန်က ခင်ရင်တင်ကို ဘယ့်နှယ့်လဲဆိုပြီး ကြည့်ပြန်၏။ ပြီးတော့ ကျော့်နန္ဒကို လက်ညှိုးထိုးပြရင်း…

'သူ့ကို သိတယ်မဟုတ်လား'

'ဟာ… မသိဘဲ နေပါ့မလား၊ ကျွန်တော့်အချစ်ဆုံးသူငယ်ချင်း ကျော့်နန္ဒပဲဟာ'



ခင်ရင်တင်၏မျက်နှာမှာ အပြုံးရိပ်သန်းလာသည်။

'ဟုတ်ပြီ၊ ဒါဆိုရင် သူကရော'

ခင်ရင်တင်ကို ညွှန်ပြသည်။ နေမင်းမောင် ခင်ရင်တင်ကို စူးစူးစိုက်စိုက်ကြည့်၏။ ခင်ရင်တင်က မျှော်လင့်သောမျက်လုံးများနှင့် ပြန်ကြည့်ပြီး ပြုံးယောင်ယောင်နှုတ်ဆက်ဟန်ပြသည်။ နေမင်းမောင် သက်ပြင်းချပြီး ခေါင်းခါလိုက်သည်။

'ကျွန်တော် မသိဘူး ဆရာ'

ခင်ရင်တင်က ပါးစပ်ကလေး ဟသွား၏။ ဆရာဝန်က…

'ဟာ… မဟုတ်သေးပါဘူး၊ အားလုံးသိနေပြီး ဒီတစ်ယောက်ကျမှ…'

'ဟုတ်ပါတယ် ဆရာ၊ ကျန်တဲ့သူအားလုံးကို ကျွန်တော် မှတ်မိပါတယ်၊ သူတစ်ယောက်တည်းကိုသာ မမှတ်မိတာပါ'

'ဒါ… ဒါ မဖြစ်နိုင်ဘူး'

ခင်ရင်တင်က အလောတကြီးဝင်ပြောသည်။ နေမင်းမောင်က တစ်ချက်မော့ပြီး…

'ဖြစ်နိုင်ပါတယ်၊ ဒီရောဂါက ကမ္ဘာပေါ်မှာကျွန်တော်တစ်ယောက်တည်းဖြစ်တဲ့ ရောဂါပါ၊ သီးသန့်အတိတ်မေ့ရောဂါလေ၊ အင်ဒီဗီဂျူအယ် အမ်နီးရှားဆိုပါတော့'

ခင်ရင်တင့်မျက်နှာ ရှက်ခနဲပျက်သွား၏။ ဆရာဝန်က သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်သည်။ အခြေအနေကို သဘောပေါက်သွားဟန် ခေါင်းတစ်ချက်ညိတ်သည်။ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ဟာကိုယ်သာ ကြည့်ရှင်းကြပေတော့ဆိုသော သဘောဖြင့် ပြန်ထွက်သွား၏။

ခင်ရင်တင် တစ်စုံတစ်ခုပြောမည်ပြုစဉ်မှာ နေမင်းမောင် မျက်စိကိုမှိတ်လိုက်၏။ ကျော်နန္ဒက ခင်ရင်တင်ကို လှောင်ပြုံးဖြင့် ကြည့်သည်။ ခင်ရင်တင် နေမင်းမောင်ကို တစ်ချက်စိုက်ကြည့်ပြီး ထွက်မည်ပြုသည်။ နေမင်းမောင် မျက်စိတစ်ဖက်တည်းဖွင့်ပြီး…

'သြော်… ဒီမှာ'

ခင်ရင်တင် ဆတ်ခနဲလှည့်ကြည့်သည်။

'ခင်ဗျားကို မြင်ဖူးသလိုလိုတော့ ရှိသားဗျ'

ခင်ရင်တင် နှုတ်ခမ်းကို ကိုက်လိုက်၏။ မျက်လုံးက တစ်ချက် လက်ခနဲဖြစ်သွားသည်။ ချာခနဲလှည့်ထွက်သွား၏။

နေမင်းမောင် အသံထွက်အောင် ရယ်မိသည်။ ကျော်နန္ဒ က သူ့လက်ဝါးကို လာပုတ်ပြီး…

'ကောင်းတယ်ကွာ၊ သိပ်ဇွတ်ဒိတယ်၊ ဒီကောင်မ တော်တော်နာသွားပြီကွ၊ မင်းလုပ်လိုက်ပုံကို ငါတောင် အံ့သြသွားတယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်နော်၊ ခင်ရင်တင်က ယောကျ်ားလေးတစ်ယောက်အပေါ် ခုလောက် ဂရုတစိုက်ရှိတာ တစ်ခါမှမတွေ့ဖူးသေးဘူး၊ သူ့မှာ အကြံတစ်ခုခုများ ရှိသလား မသိဘူး၊ မင်းကို တစ်နည်းနည်းနဲ့ လက်စားချေလိမ့်မယ်ထင်တယ်၊ သတိထားသာနေပေတော့'

နေမင်းမောင်က ပြုံးရုံသာ ပြုံးနေလိုက်သည်။

## အခန်း (၁၈)

ခင်ရင်တင် စိတ်မကောင်းဖြစ်ရသည်။ လက်စွပ်ကိစ္စနှင့် ပတ်သက်၍ ဒီလောက်တောင် ဖြစ်သွားမည်ဟု မထင်ခဲ့။ ဆေးရုံမှာ နေမင်းမောင် သတိမရခင် ကျော်နန္ဒပြောပြခဲ့၍ ဖြစ်ပုံကို သိခဲ့ရသည်။

သူသည် နေမင်းမောင် လက်စွပ်လာယူစဉ်က တကယ် အခက်အခဲရှိလို့ပဲဆိုတာ နားလည်နိုင်သည်။ နေမင်းမောင်ကို ပြဿနာရှာလိုသောစိတ် မရှိခဲ့။ သို့တိုင်အောင် နည်းနည်း ကျီစယ်လိုက်ရမှ ကျေနပ်သောဉာဉ်ကြောင့် အတည်ပေါက် ပြောပစ်လိုက်ခြင်းဖြစ်၏။ နောက်နေ့ကျလျှင် နေမင်းမောင် သူ့ဆီ မလာဘဲနေနိုင်မှာမဟုတ်။ ထိုအခါကျမှ သက်သက်နောက်လိုက်တာဖြစ်ကြောင်း ပြောပြမည်ဟု စိတ်ကူးခဲ့သည်။

တကယ်တမ်းကျတော့ မထင်မှတ်တာတွေ ဖြစ်ကုန်သည်။ နေမင်းမောင် အရိုက်ခံရလို့ ဆေးရုံပေါ်ရောက်နေတယ် ကြားတော့ သူ တော်တော်စိုးရိမ်သွားမိ၏။ ဆေးရုံသို့ ချက်ချင်း

www.burmeseclassic.com



လိုက်သွားခဲ့သည်။ သို့ရာတွင် စေတနာသည် အသိအမှတ်ပြု မခံရတော့။ နေမင်းမောင်က သူ့ကို ကောင်းကောင်းပညာပေး လွှတ်လိုက်သည်။

တခြားလူတစ်ယောက်သာဆိုလျှင် ခင်ရင်တင်၏ တုံ့ပြန်လက်စားချေမှုမှာ ကြောက်စရာကောင်းလောက်အောင် ပြင်းထန်လိမ့်မည်။ နေမင်းမောင်အပေါ်ကျတော့ သူ ဒီလိုမလုပ်ရက်။

သူကြုံတွေ့ခဲ့သမျှ လူတွေထဲမှာ နေမင်းမောင်သည် အရိုးသားဆုံးဖြစ်၏။ တချို့လူတွေလို အထင်ကြီးအောင် လုပ်ရင် မိန်းကလေးတွေ ကြိုက်မှာပဲဟု ထင်တတ်သူမဟုတ်။ ရာထူးတွေ၊ ငွေတွေ၊ လက်ဆောင်ပစ္စည်းတွေနှင့် ဖြားယောင်းတတ်သူမျိုးလည်း မဟုတ်။ ဆေးသမား စီးကရက်တောင်းသလို တစာစာ ပူဆာတတ်သူမျိုးလည်း မဟုတ်။

တချို့ပုဂ္ဂိုလ်တွေလို စကားပြောရင်း မိမိ၏ အသားစိုင်များကို တပ်မက်စွာကြည့်တတ်သူမျိုးလည်းမဟုတ်။ သူက ခင်ရင်တင်၏ အချစ်ကိုသာ ရိုးရိုးသားသားလိုချင်နေသူဖြစ်၏။ သူသည် ချမ်းသာကြွယ်ဝသူ မဟုတ်ကြောင်း၊ သစ္စာတရားက လွဲ၍ ထူးထူးခြားခြားပေးနိုင်သူမဟုတ်ကြောင်း ရှင်းရှင်းပင် ကြိုတင်အသိပေးခဲ့သည်။

မိမိနှင့်ပတ်သက်၍လည်း အဆုံးစွန်ထိ အနစ်နာခံနိုင်သူဖြစ်၏။ မိမိဖြစ်စေချင်တာမှန်သမျှ ဖြစ်အောင်လုပ်ပေးနိုင်သည်။ နေမင်းမောင်သည် မိမိအပေါ် တစ်ခါမျှ ထိခိုက်နစ်နာအောင် မလုပ်ခဲ့ဖူးသေး။ မိမိကသာ သူ့အပေါ် နည်းမျိုးစုံနှင့် နိုင်စားခဲ့ခြင်း ဖြစ်၏။



ခုတော့ နေမင်းမောင်က အာခံခဲ့လေပြီ။ မိမိကို တစ်ချက်တည်းနှင့် အလဲထိုးဖို့ ကြိုးစားခဲ့လေပြီ။ ဆရာဝန်နှင့် ကျော်နန္ဒတို့ရှေ့တွင် ရဲခနဲနေအောင် အရှက်ခွဲခဲ့လေပြီ။

ထိုကိစ္စသည် မိမိ၏ဘဝတွင် ပထမဆုံးအကြိမ် အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်၏။ ခုလိုပြုမူခဲ့သည့်အတွက် ဆတ်ဆတ်ခါ နာကြည်းသင့်သော်လည်း နေမင်းမောင်အပေါ် လုံးဝဒေါသသင့်လို့မရဘဲ ဖြစ်နေသည်မှာ ထူးဆန်းလှသည်။

ဒီထက် ပိုထူးဆန်းတာက မိမိကပင် စတင်၍ နေမင်းမောင်ကို ဆက်သွယ်ပြီး တောင်းပန်စကားဆိုချင်သည့်ဆန္ဒ ဖြစ်ပေါ်နေခြင်း။

နေမင်းမောင် ကျောင်းပြန်တက်သောအခါ တွေ့ခွင့်ရဖို့ ကြိုးစားကြည့်သည်။ သို့ရာတွင် နေမင်းမောင်က ရှောင်နေ၏။ ခင်ရင်တင် လာနေတာမြင်လျှင် တစ်ဖက်လမ်းက ကွေ့ရှောင်ထွက်သွားတတ်၏။

တစ်ရက်မှာ နေမင်းမောင် ရှောင်လို့မရအောင် ဖြစ်သွားသည်။ စင်္ကြံလမ်းမှာ ဆုံခြင်းဖြစ်၏။ ခင်ရင်တင် နှုတ်ဆက်သည်။ နေမင်းမောင်က…

'ခင်ဗျား လူမှားနေပြီထင်တယ်၊ ခင်ဗျားကို ကျွန်တော် မသိဘူး'

ဟု အကြောင်းရိုက်ပြလိုက်သည်။

'မဟုတ်သေးပါဘူး ကိုနေမင်းမောင်၊ တို့လေ … ယူ့ကို'

'ဆောရီးပဲဗျာ၊ ကျွန်တော့်ဦးနှောက်ထဲက မကောင်းတော့ဘူး၊ ဘာကိုမှ မမှတ်မိတော့ဘူး၊ ကျွန်တော် သွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



နေမင်းမောင်က ဆက်လျှောက်ရန် ပြင်သည်။ ခင်ရင်တင်က ရှေ့မှပိတ်၍ တားဆီးထား၏။ ထိုအခါ နေမင်းမောင်သည် စကြံအုတ်ခုံကိုကျော်လွှားပြီး ခုန်ဆင်းထွက်ပြေးသွားလေသည်။

လူတစ်ယောက်၏ ဥပေက္ခာပြုခံရခြင်းသည် ဘယ်လောက် အနေရခက်ကြောင်း နမူးတွေ့၊ ဒူးတွေ့ ကြုံရပြီ။ နေမင်းမောင်ကို တွေ့ချင်သည်။ စကားတွေ ပြောချင်သည်။ သို့ရာတွင် အခွင့်အရေးမရ။ ထိုအခါ အထီးကျန်ဆန့်ခြင်း အကြောင်း ကို နားလည်လာသည်။ ထို့အတူ အလွမ်းဆိုသော ပညာကိုလည်း တတ်မြောက်လာသည်။

ထိုအလွမ်းကြောင့် တမြေ့မြေ့ဖြစ်ရသည်ကိုပင် အသစ်အဆန်းခံစားမှုတစ်ခုသဖွယ် အရသာတွေ့ချင်နေမိသည်မှာလည်း ထူးဆန်းသည်။

သို့ရာတွင် အလွမ်းဆိုသည်မှာ ကြာကြာလှောင်ထားလို့ ကောင်းသောအရာမျိုး မဟုတ်။

# အခန်း (၁၉)

နေမင်းမောင်သည် အင်းလျားအလယ်ကျွန်းကို ငေးကြည့်နေသည်။ တစ်ခါက ခင်ရင်တင်လိုချင်သည့် ကျောက်ခဲတစ်လုံးကို အသွားအပြန်လက်ပစ်ကူး၍ သွားယူပေးခဲ့ဖူးသည်။ ထိုကိစ္စသည် အဓိပ္ပာယ်ရှိသလား၊ မရှိဘူးလား အခုချိန်မှာ မဆန်းစစ်ချင်တော့။

ခင်ရင်တင့်အတွက်ဆို ဘာမဆိုဖြစ်အောင် လုပ်ပေးခဲ့သည်ဆိုခြင်းသာ မှတ်ထားဖို့လိုသည်။ ထိုအတွက် ကိုယ့်ကိုယ်ကိုယ် မှားသည်ဟု အပြစ်မမြင်ချင်။ အချစ်ကြီးခဲ့လို့ ခုလိုဖြစ်ရတာဟူ၍သာ ယူဆသည်။

ကိုယ်က အချစ်ကြီးချစ်ခဲ့ပါလျက် ခင်ရင်တင် မညှာတာ။ ကိုယ့်အပေါ် နည်းနည်းမျှအတိမ်းအစောင်းမခံခဲ့။ ကျောက်စွပ်သွားပြန်တောင်းသည့်နေ့က အလှျုခံတစ်ယောက်ကို မောင်းထုတ်သလို ဆက်ဆံခဲ့သည်။ သူ ရက်စက်၏။

www.burmeseclassic.com



ဆေးရုံပေါ်မှာတုန်းက ပညာပေးလိုက်ရတာကိုတော့ ကျေနပ်သည်။ ကြိုတင်စိတ်ကူးမထားဘဲ ရုတ်တရက်ခေါင်းထဲ ပေါ်လာသည့်အတိုင်း ပြောဖြစ်သွားခြင်းဖြစ်၏။

ခင်ရင်တင် တော်တော်ထိသွားပုံရသည်။ ထို့အတွက် လက်တုံ့ပြန်လာလိမ့်မည်၊ သတိထားဟု ကျော်နနကပြောသည်။

တုံ့ပြန်မှာဖြင့်လည်း မြန်မြန်တုံ့ပြန်စေချင်သည်။ ဒီလိုဆိုပြန်တော့လည်း လက်တုံ့ပြန်ခံရမှာကိုပင် ဆုလာဘ်တစ်ခုသဖွယ် မျှော်လင့်သလိုဖြစ်နေ၏။

ခုရက်ပိုင်းတွင် ခင်ရင်တင်ကို သူ ရှောင်နေခဲ့သည်။ ဒီလိုရှောင်နေတာကပင် လက်စားချေခံရမှာကို ကြောက်သည့်သဘောဆောင်နေမလား။ သတ္တိနည်းရာကျနေမလား။

ထိုသို့တွေးနေသည့်အခိုက်မှာပင် ကြက်သီးတစ်ချက်ဖြန်းခနဲ ထသွားပြန်၏။ သူ့နောက်မှာ တစ်စုံတစ်ယောက် လာရပ်နေပြီဖြစ်ကြောင်း အလိုလိုသိလိုက်ပြီ။

'ကိုနေမင်းမောင်'

ခင်ရင်တင်၏ အသံ။ ကျောထဲက တစ်ချက်စိမ့်သွားသည်။

'ကိုနေမင်းမောင်'

ခေါ်ခေါ်သည်။ သူ လှည့်မကြည့်ဘဲနေ၏။ ခင်ရင်တင်သည် နောက်ကနေ ဓားနှင့်ထိုးခြင်း၊ အုတ်ခဲကို တုတ်နှင့်ရိုက်ခြင်းတို့ ပြုလုပ်မည်မဟုတ်မှန်းသိပါလျက် ကျောမလုံဘဲဖြစ်နေမိ၏။

'တို့ကို စိတ်နာနေတာလားဟင်'



နှုတ်ဆိတ်မြဲ ဆိတ်နေလိုက်သည်။ ရဲဆေးတင်သည့်အနေဖြင့် အလယ်ကျွန်းကို စိုက်ငေးကြည့်နေလိုက်၏။

'ယူ တို့ကို ဘာဖြစ်လို့ ရှောင်နေရတာလဲ'

'ကြောက်လို့'

စကားတစ်လုံး စထွက်သွားသည်။

'တော်သေးတာပေါ့ကွယ်'

'ဘာပြောတယ်'

လှည့်ကြည့်လိုက်မိသလိုဖြစ်သွားသည်။

'မုန်းလို့လို့များ ပြောလိုက်မလားလို့ တို့က စိုးရိမ်နေတာ'

'ကြောက်တယ်ဆိုတာ မုန်းတယ်ဆိုတာထက် ပိုပြီးအဓိပ္ပာယ် ကျယ်ဝန်းပါတယ်ဗျာ'

'ဘာပဲဖြစ်ဖြစ် တို့ တောင်းပန်ပါတယ်၊ တို့ကြောင့်ယူ့ကိုယ်စိတ်နှစ်ပါးမှာ ထိခိုက်နစ်နာခဲ့ရတယ်ဆိုရင် တို့ အနူးအညွတ်တောင်းပန်ပါတယ်'

'တော်ပါတော့ဗျာ၊ ရပ်တန်းက ရပ်ပါတော့၊ ခင်ဗျားက ကျုပ်အသားကို ဓားကလေးနဲ့ ထိုးဆွလိုက်၊ သွေးထွက်လာတော့ နာသွားသလားဟင်ဆိုပြီး ဂွမ်းစလေးနဲ့ သုတ်ပေးလိုက်၊ ဒဏ်ရာကျလောက်တဲ့အခါကျတော့ တစ်ခါ ဓားဦးချွန်လေးနဲ့ထိုးဆွလိုက်၊ ပြီးတော့ ဆေးရိုးပဲနော်ဆိုပြီး ဆေးလေးထည့်၊ ပလတ်စတာလေးကပ်ပေးလိုက်၊ ကျုပ်တစ်ကိုယ်လုံးမှာ ခင်ဗျားပေးထားတဲ့ဒဏ်ရာတွေ မွမွကြေနေပြီဗျ၊ ကျုပ်ဆက်ပြီး မခံနိုင်တော့ဘူး၊ ကျုပ်ကို ချမ်းသာပေးပါဗျာ၊ လွတ်ရာကျွတ်ရာကိုသွားပါရစေတော့'

www.burmeseclassic.com

www.burmeseclassic.com



'မောင်'

ခင်ရင်တင်က ခေါ်လိုက်၏။ လက်နှင့် ဖမ်းဆွဲထားလိုက်တာ မဟုတ်ပါဘဲနှင့် တုံ့ခနဲဖြစ်သွား၏။

'ခင်ဗျား ကျုပ်ကို အဲဒီလိုမခေါ်နဲ့'

'ခေါ်ပါရစေ မောင်၊ မောင့်အချစ်ကို လက်ခံဖို့ တို့ဆုံးဖြတ်ပြီးပါပြီ'

နေမင်းမောင် မဲ့ပြုံးပြုံး၍…

'ကျွန်တော်ကလည်း ကျွန်တော့်ရဲ့ကမ်းလှမ်းချက်ကို တိတ်တဆိတ် ရုပ်သိမ်းခဲ့ပြီးပါပြီ'

'ဒါဆိုလည်း တို့ကပဲပြန်စပြီးကမ်းလှမ်းပါရစေ၊ မောင့်ကို တို့ချစ်တယ်၊ တို့အချစ်ကို လက်ခံပါ'

ထိုအခါကျမှ နေမင်းမောင် ခင်ရင်တင်ဘက်လှည့်ပြီး မျက်နှာချင်းဆိုင်လိုက်သည်။ ခင်ရင်တင်က ပြုံးပြသည်။ သူ့မျက်နှာတည်တည်ဖြင့်…

'ချစ်တယ်ဆိုတာကို ဘာနဲ့တိုင်းတာမလဲဟင်၊ ခင်ဗျားအလှည့်တုန်းကတော့ ဘယ်လောက်ထိ ချစ်သလဲဆိုတာကို ဘယ်လောက်ထိ အညှဉ်းဆဲခံနိုင်သလဲဆိုတာနဲ့ တိုင်းတာခဲ့တယ် မဟုတ်လား၊ ကျွန်တော်ကရော ဘာနဲ့တိုင်းတာသင့်သလဲ'

ခင်ရင်တင်က မျက်လွှာချလိုက်ပြီး…

'ဥပေက္ခာပြုခံရတာထက်စာရင် မုန်းတယ်လို့အပြောခံရတာက ဖြေသာပါတယ်၊ ဒီလိုပါပဲ မုန်းတယ်လို့ အပြောခံရတာထက်စာရင် အညှဉ်းဆဲခံရတာက ပိုသက်သာရာ ရသေးတယ်လို့ ထင်ပါတယ်၊ ဒါကြောင့် အညှဉ်းဆဲခံရရင်တောင် တို့ကို အသက်ညှာဆုံး တုံ့ပြန်လိုက်တာပဲလို့ မှတ်ယူပါ့မယ်'



ခင်ရင်တင်၏နှုတ်မှ တစ်ခါမျှ ထွက်မလာခဲ့ဖူးသော စကားများ အောက်ကျို့သည့်လေသံ၊ ကျိုးနွံသည့် အမူအရာဒါ တကယ်ဖြစ်နေတာလား။ ဒါဟာ ခင်ရင်တင်အစစ်ပဲလား။

'ကောင်းပြီလေ၊ အလှည့်ကျရင် မနွဲ့စတမ်းပေါ့'

နေမင်းမောင်က ခပ်လှမ်းလှမ်းမှာ ထိုင်ပြီး ငွေစက္ကူလေးများကို ရေတွက်နေသော ဖရဲသီးစိတ်သည်မိန်းမကြီးကို လှမ်းခေါ်လိုက်သည်။

'ဖရဲသီးစိတ်သည် လာပါဦး'

မိန်းမကြီးက သူတို့ဆီ လျှောက်လာသည်။

'ဖရဲသီးတစ်စိတ် ဘယ်လောက်လဲ'

'ငါးကျပ်ပါ'

'အားလုံး ယူမယ်၊ ဘယ်နှစ်စိတ်လဲ'

'ဆယ့်ငါးစိတ်ထားပါတော့၊ ခုနစ်ဆယ့်ငါးကျပ် အဲဒီဗန်းပါ ယူမယ်ဗျာ၊ ဗန်းဖိုး ဘယ်လောက်ပေးရမလဲ'

'ရှင်…'

'ဗန်းပါ အားလုံး ယူမယ်ဗျာ၊ ဗန်းအတွက် တစ်ရာပေးမယ်၊ ကဲဗျာ… အားလုံး နှစ်ရာယူလိုက်'

မိန်းမကြီးက နောက်နေတာမှတ်၍ ရယ်ကျဲကျဲလုပ်နေ၏။ နေမင်းမောင်က နှစ်ရာတန်တစ်ရွက် ထုတ်ပေးတော့မှ အံ့ဩသွားသည်။

'ကဲ… အဲဒီဗန်း ကျွန်တော့်ပေး'

နေမင်းမောင်က ငွေနှစ်ရာပေးပြီး ဖရဲသီးဗန်းကို ယူလိုက်သည်။ မိန်းမကြီးမှာ ကြောင်တောင်တောင်ရပ်နေသေးသည်။ နေမင်းမောင်က သားတောလေဆိုသော သဘောဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မေးဆတ်ပြမှ လှည့်ကြည့်လှည့်ကြည့်လုပ်ရင်း ထွက်သွားသည်။ ခင်ရင်တင်ကလည်း နေမင်းမောင်လုပ်ပုံကို ကြောင်ငေးငေး ကြည့်နေ၏။ နေမင်းမောင်က…

'ဒီလိုဗျာ၊ ကျွန်တော် ခင်ဗျားရဲ့လုပ်အားနဲ့ ရတဲ့ငွေနဲ့ လက်ဖက်ရည်သောက်ချင်တယ်၊ ဒီတော့ ခင်ဗျားက ဒီဖရဲသီး စိတ်ဗန်းကိုရွက်ပြီး လျှောက်ရောင်းရမယ်၊ ရောင်းလို့ရတဲ့ငွေနဲ့ ကျွန်တော့်ကို လက်ဖက်ရည်တိုက်ပေါ့'

ခင်ရင်တင်က ဖရဲသီးစိတ်ဗန်းကို ကြည့်လိုက်၏။ ပြီးတော့ နေမင်းမောင်ကိုကြည့်သည်။ နေမင်းမောင်က ခင်ရင်တင် တစ်ခုခုနိုင်းခါနီးတိုင်း လုပ်လေ့ရှိသလို နှုတ်ခမ်းစူ မျက်လုံးမှေးပြီး ဘယ့်နှယ်လဲဆိုသောအမူအရာလုပ်ပြသည်။ ခင်ရင်တင်က အနည်ငယ်ပြုံးပြီး ခေါင်းညိတ်ပြသည်။

နေမင်းမောင်က လွယ်အိတ်ကိုယူထားလိုက်ပြီး ဖရဲသီး ဗန်းကို ခင်ရင်တင့်ခေါင်းပေါ် တင်ပေးလိုက်သည်။

'ဖရဲသီးပေါ်တဲ့ရာသီမို့ အလွယ်တကူရတာ သိပ်ကံ ကောင်းတယ်နော်၊ ဘာပဲဖြစ်ဖြစ် ချစ်သူကို လုပ်ကျွေးရတာ ကုသိုလ်ရပါတယ်၊ ကဲ… သွားပေတော့'

'ဖရဲသီးစိတ်ချိုချိုလေးလို့လည်း အော်ဦးနော်'

ခင်ရင်တင်က နေမင်းမောင်ကို တစ်ချက်ကြည့်ပြီး နောက် ဖရဲသီးဗန်းကိုရွက်ပြီး ထွက်သွားသည်။ ခပ်လှမ်းလှမ်း အရောက်တွင် 'ဖရဲသီးစိတ် ချိုချိုလေး' ဟု အော်လိုက်၏။

နေမင်းမောင် ပြုံးလိုက်၏။

ခင်ရင်တင်သည် အင်းလျားကန်စပ်ရှိ စားသောက်ဆိုင် ထ ဝင်သွားသည်။ ဖရဲသီးစိတ်ချိုချိုလေးဟု အဆက်မပြတ်



အော်သွားသည်။ ကျောင်းသားကျောင်းသူအများစုသည် ခင်ရင် တင်ကို သိနေကြ၏။ တချို့က အံ့ဩသွားကြသည်။ တချို့က ဝိုင်းဟားကြသည်။ တချို့ကတော့…

'ဘာထွင်ပြန်ပြီလဲ မသိဘူး၊ မျက်နှာတော့ တော်တော် ပြောင်တာပဲနော်'

ဟု မကြားတကြားပြောကြသည်။ ခင်ရင်တင်ကတော့ ဘာမှ ဂရုမစိုက်ဘဲ ဣန္ဒြေရရပင် လျှောက်သွားနေ၏။

တချို့က ခင်ရင်တင် အကြောင်းရိုက်တတ်ကြောင်း သိသဖြင့် အကဲခတ်ရုံသာ ကြည့်နေကြသည်။ တချို့မသိသူတွေ က ဝယ်စားကြသည်။ တချို့ကတော့ ဘာကြောင့်လဲဆိုတာ သိချင်သဖြင့် ခင်ရင်တင်ကိုခေါ်ပြီး…

'ဘာဖြစ်လို့ ဖရဲသီးစိတ်လိုက်ရောင်းနေတာလဲ၊ လောင်း ကြေးစားကြေးလုပ်တာ မဟုတ်လား'

ဟု မေးသည်။ ခင်ရင်တင်က မျက်လွှာကလေးချ၍…

'ဝမ်းရေးအတွက် လုပ်ရတာပါရှင်'

ဟု ပြန်ဖြေသည်။ ကျောင်းသားအုပ်စုတစ်စုကတော့ လှမ်းခေါ်ပြီး…

'တစ်စိတ် ဘယ်လောက်လဲ'

'ခြောက်ကျပ်ပါ'

'ဟာ… စောစောက မိန်းမကြီးတစ်ယောက် ရောင်း နေတာ ငါးကျပ်ပါ'

'မရပါဘူးရှင်၊ ကျွန်မအရင်းတောင် ငါးကျပ်ရှိပါ တယ်'

ဟု တကယ်စျေးသည်တစ်ယောက်ဟန်ဖြင့် ပြန်ပြော

www.burmeseclassic.com



သည်။ ခင်ရင်တင် မှင်သေပုံကတော့အံ့ဩလောက်သည်။ဘာပဲ ဖြစ်ဖြစ် မကြာခင်မှာပင် ဖရဲသီးစိတ်အားလုံးကုန်သွားသည်။

ခင်ရင်တင်က နေမင်းမောင်ရှိရာသို့ ပြန်လာပြီး ရောင်း ရငွေများကို ပေးလိုက်သည်။ နေမင်းမောင်က ရေတွက်ကြည့်ရာ ကိုးဆယ်ရသည်။

'ငွေတွေ ပိုနေပါလား၊ တစ်စိတ် ဘယ်လောက်ရောင်း တာလဲ'

'ခြောက်ကျပ်'

ကျဉ်းထဲကျပ်ထဲမှာတောင် အမြတ်ရအောင် လုပ်နိုင် သည့်အတွက် ကျိတ်၍ချီးကျူးမိ၏။

'မောင် ကျေနပ်ပြီလား'

ခင်ရင်တင်က မေးသည်။ နေမင်းမောင်က စီးကရက် တစ်လိပ် မီးညှိရှိုက်ဖွာရင်း စဉ်းစားနေသည်။ ပြီးမှ…

'အင်း… အရောင်းအဝယ်တော့ မဆိုးပါဘူး၊ ဒါပေမဲ့ တစ်ခု ရှိသေးတယ်ဗျ၊ ကျွန်တော့်ကို ဒီရက်အတွင်း လူတစ် ယောက်ရဲ့ လှည့်စားတာခံရနိုင်တယ်လို့ ဗေဒင်က ဟောထား တယ်၊ အဲဒါ ယကြာချေရမယ်တဲ့၊ တခြား မဟုတ်ပါဘူး၊ ရေ ခြားမြေခြားက ကျောက်ခဲတစ်လုံးကို ရအောင်ယူပေးဖို့ပါပဲ၊ ဘယ့်နှယ်လဲ၊ ယူပေးနိုင်မလား'

ပြောပြီး အင်းလျားအလယ်ကျွန်းဘက်ကို ကြည့်လိုက် သည်။ ခင်ရင်တင် တွေသွားလိမ့်မည်ဟု ထင်သော်လည်း…

'မောင် စိတ်ချမ်းသာမယ်ဆိုရင် တို့ ရအောင် ယူပေးပါ့ မယ်'

နေမင်းမောင် ပြုံးလိုက်မိသည်။



'ကျေးဇူးပဲ၊ ခင်ရင်တင်က ကျွန်တော့်ကို သိပ်ဂရုစိုက် တာပဲနော်'

ခင်ရင်တင်က ပြုံး၍ခေါင်းညိတ်ပြသည်။ ပြီးတော့ အင်းလျားကန်စပ်ဘက်သို့ လျှောက်သွား၏။ ရေထဲသို့ဆင်း သည်။ တဖြည်းဖြည်းလျှောက်သွားသည်။ ခါးလယ်လောက် မြုပ်သည်အထိ မကူးသေး။

'ဟော့… ကူးတော့လေ၊ ဘာလုပ်နေတာလဲ'

နေမင်းမောင်က လှမ်းပြောသည်။ ခင်ရင်တင်က လှည့် ကြည့်ပြီး…

'တို့မှ ရေမကူးတတ်ပဲ'

'ဘာ… ရေမကူးတတ်ဘူး၊ မကူးတတ်ဘဲနဲ့ ဟိုဘက် ကို ဘယ်လိုသွားမလဲ'

'ရပါတယ်၊ ရေအောက်ကနေ လမ်းလျှောက်သွားမှာ ပေါ့၊ မောင့်အတွက်ဆို ဘာမဆိုလုပ်ပေးရမှာပဲလေ'

'ဟင်'

နေမင်းမောင် မျက်လုံးပြူးသွားသည်။ ခင်ရင်တင်က ပြုံးကြည့်ပြီး…

'သွားမယ် မောင်'

ဟု ဆို၍ ဆက်လျှောက်သွားသည်။ နေမင်းမောင် ပြူးပြူးပျာပျာဖြစ်ပြီး…

'ဟာ… ဒီလိုဘယ်လိုရမလဲ၊ ဟော့… မသွားနဲ့တော့၊ ပြန်လာခဲ့'

ခင်ရင်တင် လှည့်မကြည့်ဘဲ ဆက်လျှောက်သွား၏။ ရေက ရင်စို့လောက် ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'မသွားနဲ့၊ မသွားနဲ့ ရပ်လိုက်'

ခင်ရင်တင်က မနားခဲ့။ လည်ပင်းအထိ နစ်သွားပြီ။ နေမင်းမောင် စဉ်းစားချိန်မရတော့။ ဖိနပ်ကို ချွတ်လိုက်သည်။ ကန်စပ်ဆီ ပြေးသွားပြီး ရေထဲသို့ ဒိုင်ဗင်ထိုးချလိုက်သည်။ ခင်ရင်တင်ရှိရာသို့ အမြန်ကူးခတ်သွားသည်။ ကူးနေရင်းကပင် 'ခင်… မသွားပါနဲ့၊ ရပ်လိုက်ပါ၊ မသွားပါနဲ့' ဟု အော်နေသည်။ ခင်ရင်တင်သည် ခေါင်းကလေးသာ ပေါ်တော့သည်။ နေမင်းမောင် အရှိန်မြှင့်၍ အားကုန်ကူးခတ်သည်။ ခင်ရင်တင် ရှိရာသို့ ရောက်ရန် နှစ်ကိုက်လောက်အလိုတွင် ခင်ရင်တင်၏ ကိုယ်အထက်ပိုင်းသည် ရေပေါ်သို့ ထိုးတက်လာ၏။

ထို့နောက် သူ့ဆီကူးခတ်လာနေသော နေမင်းမောင်ကို ကြည့်၍ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

နေမင်းမောင် ကြောင်သွား၏။ ကူးခတ်ခြင်းကိုရပ်ပြီး ခြေထောက် ထောက်ကြည့်သည်။ ရေက တိမ်တိမ်ကလေး။ ခါးလယ်လောက်သာ ရှိသည်။ တကယ်တော့ ခင်ရင်တင်သည် ရေထဲမှာ ဒူးထောက်ထိုင်နေခဲ့ခြင်းသာ ဖြစ်လေ၏။

'တတ်လည်းတတ်နိုင်ပါပေရဲ့ ခင်ရယ်'

ခင်ရင်တင်က ပြုံးပြီး လက်ကမ်းပေးသည်။

နေမင်းမောင်က ခင်ရင်တင်၏လက်ကို ဆုပ်ကိုင်လိုက်၏။

နောက်ဆုံးပွဲစဉ်သည် သရေပွဲဖြစ်သွား၏။

စိတ်မကျေပွဲ ထပ်နွှဲဖို့ အစီအစဉ်လည်း မရှိတော့ပါ။

မင်းလူ

၃၁-၈-၉၇

www.burmeseclassic.com